

www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၇၅၁၀၇၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၈၈၉၀၈၁၀ |
| ထုတ်ဝေသူ | ဦးကျော်ဆန်း (ရဲအောင်စာပေ) |
| | အမှတ် (၂)၊ ချွန်း-၁လမ်း၊ |
| | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| အတွင်းနှင့် အဖုံးပုံနှိပ်သူ | ဦးကျင်ရင် (၀၅၄၁၇) |
| | ရွှေခြင်္သေ့ပုံနှိပ်တိုက် |
| | ၂၂၅၊ အခန်း(၂)၊ ၃၁-လ |
| | ပန်းဘဲတန်းမြို့နယ်၊ ရန် |
| ထုတ်ဝေခြင်း | ပထမအကြိမ် |
| | ၂၀၁၀၊ အောက်တိုဘာလ။ |
| အုပ်ရေ | ၅၀၀အုပ်။ |
| တန်ဖိုး | ၅၀၀ကျပ်။ |


BURMESE CLASSIC .com


၈၉၅ . ၈၇

ဆလိုင်းကိုခ

မနောဝိဇ္ဇာဉ်လိပ်ပြာ ဆလိုင်းကိုခ ။ -ရန်ကုန်၊

ရဲအောင်စာပေ၊ ၂၀၁၀။

၂၀၀-စာ၊ ၁၂x၁၇ . ၅စင်တီ။

(၁) မနောဝိဇ္ဇာဉ်လိပ်ပြာ




" အမှန်စကားထွက်တဲ့အရက်သမားပါးစပ် "

တစ်နေ့သ၌ မြန်မာပြည်၏ မြေလတ်ပိုင်းမြို့လေးတစ်မြို့၏ ဈေးလေးတစ်ခုအတွင်း၌ များစွာသော ဈေးဝယ်သူ၊ ရောင်းချသူများဖြင့် လှုပ်ရှားစည်ကားလျက် ကြက်ပျံမကျဆိုသည့် စကားကဲ့သို့ တိုးမပေါက်အောင် ရှိနေလေ၏။ မြို့လေး၏တည်နေရာမှာ ဧရာဝတီမြစ်ကြီးနှင့် မနီးမဝေးနေရာတွင် ရှိနေသည်ဖြစ်သဖြင့် ကုန်သည်လှေသားများပါ ရောင်းဝယ်ဖောက်ကားရန် လာရောက်ကြသည်ဖြစ်သည့်အပြင် မြို့လေး၏ အလယ်ဗဟိုမှဖြတ်၍ ဖောက်လုပ်ထားသော အဝေးပြေးလမ်းမကြီး တည်ရှိနေခြင်းကြောင့် ဖြတ်သန်းသွားလာသော ကုန်တင်ကားကြီးများနှင့် ညအိပ်ရပ်နားကြသော ခရီးသွားဧည့်သည်များပါ ထိုမြို့လေး၏ ဈေးကားမှုကို အထောက်အကူပြုနေသည့်အလား ရှိနေလေတော့၏။

သူရဲကောင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဈေးအတွင်း မိမိတို့ကုန်ပစ္စည်းများအား ဝယ်ယူစေရန် ခေါ်ငင်ရောင်းချကြသံများ၊ ဝယ်သူတို့၏ဈေးဆစ်သံများနှင့် စီညံစွာထွက်ပေါ်လျက် ရှိကြလေ၏။

ထိုသို့ အသီးသီး အသက်သက်ဝင်လှုပ်ရှားနေကြခိုက် ဈေးအရှေ့တောင်ဖက်ထောင့်အရပ်ရှိ ထမင်းဆိုင်လေးတစ်ဆိုင်သည်လည်း နံနက်အစားအသောက်တစ်ခုဖြစ်သော ပဲပြုတ်၊ ထမင်းကျော်၊ ဝက်သား၊ ကြက်သား၊ ဘဲဥ၊ ငါးကြော်နှင့် အစရှိသည့် ဟင်းလျာများဖြင့် ဖွယ်ဖွယ်ရာရာရောင်းချနေသည်ဖြစ်လေရာ စားသောက်သူများ ပြည့်နှက်စွာ အားပါးတရ ဝင်ရောက်စားသောက်နေကြသည်ကို တွေ့ရ၏။ ထမင်းဆိုင်လေး၏အမည်မှာ အဖြူခံအောက်ခံပေါ်၌ အနီရောင်စာလုံးကြီးဖြင့် 'လှဆန်းယဉ်' ထမင်းဆိုင်ဟူ၍ ရေးဆွဲထားလေတော့ရာ အဝေးမှပင် ထင်ရှားစွာမြင်နိုင်ကြပြီး လက်ရာကောင်းမွန်ခြင်း၊ ဆက်ဆံရေးချိုသာဖော်ရွေခြင်း အစရှိသည်တို့နှင့် ပြည့်စုံသဖြင့် လှဆန်းယဉ်ဆိုင်လေးမှာ ထိုမြို့လေး၌ ရောင်းအကောင်းဆုံး ဆိုင်လေးတစ်ဆိုင် ဖြစ်လေတော့၏။ ဆိုင်လေး၏ပိုင်ရှင် လှဆန်းယဉ်မှာလည်း အသားအရည်ဖြူဝင်း၍ ဖင်ရော်တောင်မျက်ခုံး၊ သမင်မ၏မျက်ဝန်းကဲ့သို့ ပိုင်းစက်ရှန်းလဲ့သော မျက်ဝန်းအစုံ သေးသွယ်ဖြောင့်စင်းသော နှာတံပေါ်ပေါ်လေးနှင့်အတူ လေးကိုင်းသဏ္ဍာန် နှုတ်ခမ်းပါးလေးကို ပိုင်ဆိုင်ထားသည့်အပြင် သေးကျဉ်သောခါး၊ ဖွင့်ကားသောတင်အစုံတို့ကိုပါ ပေါင်းစပ်ထားပြီး (၂၀)ဟူသော အသက်အရွယ်ကြောင့် မြို့ခံကာလသားများပါမက ထိုမြို့





လေးသို့ ရောက်ရှိလာကြကုန်သော ကုန်သည်ပွဲစား ညှိသည်များပါ လှဆန်းယဉ်၏မေတ္တာကို ဆင်မြန်းနိုင်ခွင့်ဆုလာဘ်အား အလုအယက်လိုလားမှုကြီးမားစွာ ရှိကြကုန်လေ၏။

လှဆန်းယဉ်၏ဆိုင်မှာ စားသူမပြတ်စည်ကားပြီး လက်မလည်အောင် ရောင်းချနေရသော်လည်း ဘေးကပ်လျက် 'မပွံ့ပွံ့' ထမင်းဆိုင်မှာကား စားသောက်သူပါးရှားကာ ကျိုးတိုးကျဲတဲ ခြောက်ကပ်စွာရှိနေလေသည်ဖြစ်ရာ ပွံ့ပွံ့ဆိုသူမိန်းကလေးနှင့် အဒေါ်ဖြစ်သူ မပုဆိုသော အမျိုးသမီးကြီးတို့မှာ လောက၏ထုံးစံအတိုင်း ချမ်းသာမြင်ပျင်း၊ ဆင်းရဲအားရ၊ ကြွယ်ဝမနာလို စကားကဲ့သို့ လှဆန်းယဉ်၏ဆိုင် စည်ကားစွာရောင်းအားသွက်နေမှုအပေါ်ကြည့်ကာ ဒေါ်ပုက မဲ့ရွဲ့ရင်း . . .

" ဒီကောင်မ ရောင်းရမှာပေါ့ ပွံ့ပွံ့ရဲ့ . . . ကြည့်ပါလား သူ့ဆိုင်ထဲကိုလူဝင်တာနဲ့ မျက်ခုံးရောမျက်လုံးပါ ကြာပစ်ပြီး တစ်ခါတည်း မြူဆွယ်လိုက်တာ . . .ဒါကြောင့် ငါတို့မထက် ဒီကောင်မဖောင်းထက်နေတာပေါ့ "

ဟု ပစ်ပစ်နှစ်နှစ် ပြောဆိုလိုက်လေ၏။ ပွံ့ပွံ့လည်း ဒေါ်ပု၏စကားကို နှစ်သက်သဘောကျသွားသည်ဖြစ်ရာ . . .

" ဟုတ်ပ ဒေါ်လေးရယ် . . .ပွံ့ပွံ့ကတော့ မရောင်းရလည်း နေပါစေ . . .ဒင်းလိုတော့ လာသမျှယောက်ျားတကာကို ကြာပစ်မပမ်းနိုင်ပါဘူး . . . .ထမင်းမရောင်းပဲ လူရောင်းဖို့ပိုကောင်းတယ် "

ဟူ၍ ပြန်လည်ပြောဆိုပြန်တော့ရာ ၄င်းတို့၏ဆိုင်အတွင်း

www.burmeseclassic.com



တောင့်၌ တစ်ဦးတည်းသာ စားသောက်နေသော စံရွှေဆိုသူ အရက်သမားက ပုံပုံတို့တူဝရီးစကားကို ရှုံ့မဲ့ပြီး . . .

“ ကြာကြောင့်မဟုတ်ဘူးဟ . . . သဒ္ဒါကြောင့် သဒ္ဒါကြောင့်၊ လာစားတဲ့လူတွေကို စေတနာထားပြီး ကြည်လင်တဲ့အပြုံးနဲ့ မိသားစု တစ်ယောက်ကို ကြိုဆိုသလို ကြိုတဲ့စိတ်ရင်းကြောင့် ခုလိုအကျိုးပေးနေတာ . . . နင်တို့လိုမျက်နှာက ရွှေရောင်သလိုမျက်နှာထား ပါးစပ်က ငါးရောင်းသလို ငါးစိမ်းသည်လေသံ ထွက်နေသရွေ့ကတော့ မကြာခင် ဆိုင်တောင်ပိတ်ပစ်ရလိမ့်မယ် ”

ဟု စံရွှေက ပြောဆိုလိုက်လေ၏။ စံရွှေ၏ပြောဆိုမှုကြောင့် ဒေါ်ပုနှင့်တူမဖြစ်သူ ပုံပုံတို့မှာ အနာပေါ်သံတုတ်ကျသွားသည့်အလား မခံမရပ်နိုင်အောင် ဖြစ်သွားလေတော့၏။ ဒေါ်ပုက . . .

“ ဟဲ့ . . . ကဖော်သမား မူးမူးရူးရူးနဲ့ ဘာတွေပြောတောင်ပြော ပြောနေတာလဲ . . . မျိုစရာရှိတာကို အေးအေးဆေးဆေးမျိုစမ်း . . . ပါးစပ်စည်းကမ်းမရှိရင် နောင်ငါတို့ဆိုင်မလာနဲ့ ”

ဟု ဒေါ်ပုက စံရွှေအား ဒေါသတကြီးဖြင့် ပြောဆိုလိုက်လေရာ စံရွှေမှာ စားနေလက်စထမင်းပန်းကန်အား ရပ်လိုက်ပြီး လက်ဆေးဖလုံ ထဲသို့ လက်နှိုက်ဆေးရင်း . . .

“ မလာချင်တာတော့ကြာပြီ . . . အမျိုးတော်တဲ့ နင်တို့ဆိုင်မှာပဲ အားပေးရမယ်လို့ ပြောထားလို့ . . . ကြီးသိန်းအောင် ကြိမ်လုံးကြောက်ပြီး ဒီမှာလာစားခဲ့ရတာ၊ ခုတော့ နင်တို့စကားအတိုင်း ငါလည်း ဝိနည်း





လွတ်သွားပြီ . . . ဆိုင်နာမည်ကိုက ပုံပုံတဲ့ ဗမာစကားမှာ ဈေးရောင်း ကုန်ရောင်းလုပ်ရင် မရောင်းရပဲ ပုတ္တည်းတိုင်းနေပြီဆိုတာနဲ့ ဒီပုတ္တည်းတွေ ကလည်း မထွက်နိုင်တော့ဘူး တပုံပုံနဲ့ဖြစ်နေပြီလို့ ပြောကြတယ် . . . ဆိုင်နာမည်ကိုက မရောင်းရသေးခင် နာမည်ဖတ်ကြည့်တာနဲ့ လာဘ် လာဘမရှိတော့ဘူး . . . ပြီးတော့ ဆိုင်ထဲဝင်တာနဲ့ ဟင်းထည့်ထမင်းထည့် ပေးတဲ့သူက ဒေါ်ပုတဲ့ နာမည်နဲ့ ပုညတ်သွားရာ ခတ်သက်ပါတယ်။ ဘာနဲ့စားမှာလဲ . . . ဝက်သားပဲ အဆီတုံးပါမှာပေါ့ အသားချည်းပဲစားချင် ကိုယ့်အသားကိုယ်လှီးစားလို့ အမြဲပူပူလောင်လောင် ဆက်ဆံတယ် . . . ကျက်သရေမရှိဘူး . . . ဆိုင်ရောင်းကောင်းအောင် ငါတို့တယ်လိုမြှုပြင် ကြရင် ဟန်ကျမလဲလို့ မစဉ်းစားကြဘူး . . . သူများကို ချိုးဖဲ့အတင်းတုတ် ကြဖို့ပဲ လုပ်နေကြတယ် . . . ကြာရင် ပုံပုံကနေ ပြုတ်ပြုတ်ဖြစ်မှာပဲ ”

ဟူ၍ စံရွှေကပြောဆိုကာ ဆိုင်အပြင်သို့ထွက်ခွာသွားလေတော့၏။ ပုံပုံနှင့်ဒေါ်ပုမှာ စံရွှေ၏ပြောဆိုသွားခြင်းကြောင့် ယမ်းပုံမီးကျ ဖြစ်သွားကြပြီး ဒေါ်ပုက . . .

“ အရည်သောက်ပြီး ပါးစပ်ပုပ်ကြီးနဲ့ ခွေးပါးစပ်က နတ်စကား ထွက်တဲ့ကောင် . . . မြွေပွေးမြွေဟောက် ကိုက်ပါစေတော် ”

ဟု ကျိန်ဆဲရင်း မျက်စိပျက်မျက်နှာပျက်ဖြင့် ပြောဆိုကျန်ရစ် ကြလေ၏။

www.burmeseclassic.com



## " မိန်းဗေဒါနှင့်စကားပြန်ဘိုကြီးတို့ရောက်လာခြင်း "

BURMESE CLASSIC .com

အချိန်ကာလကား (၁၉၄၃)ခုနှစ် ဖက်ဆစ်ဂျပန်များ ကြီးစိုးအုပ်ချုပ်နေစဉ်ကာလဖြစ်လေရာ မြို့လေးတစ်မြို့လုံး ဂျပန်တို့၏ အမိန့်ဟူခေါ်သော ကင်ပေတိုင်တို့၏ နှိပ်စက်ညှင်းပန်းကာ ဖိနှိပ်ရက်စက်ခြင်းဒဏ်ကို အလူးအလဲခံစားနေရသောအချိန်လည်း ဖြစ်လေ၏။

ထိုကာလ၌ မြို့လေးနှင့်အနီးပတ်ဝန်းကျင် ရွာငယ်ရွာသိမ်များအထိ ဂျပန်မာစတာတို့နှင့်အတူ တန်ခိုးကြီးမားနေသူကား ဘိုကြီးဆိုသည့် မြို့ခံကင်ပေတိုင်တို့၏ စကားပြန်ပင်ဖြစ်၏။ ဘိုကြီးမှာ မြို့ထဲရှိ မကျေနပ်သူများကို အင်္ဂလိပ်သူလျှိုဟု ဂျပန်မာစတာများကို လက်ညှိုးထိုးပြ၍ နှိပ်စက်ညှင်းပန်းစေ၏။ ဗမာမိန်းမပျိုလေးများကိုလည်း သူ့ဆရာများဖြစ်သော ဂျပန်မာစတာကြီးများ သဘောကျပါက အတင်းအဓမ္မ





ဆောင်ကျဉ်းပန်းတော်ဆက်၏။ မိန်းမပျိုလေးများ၏ မိဘမောင်ဘွားများက မကျေမနပ်ဖြစ်ကြပါက တော်လှန်ရေးလုပ်မည့် မျိုးချစ်များဟု တံဆိပ်တပ်ကာ ကင်ပေတိုင်အကူအညီဖြင့် အစတုံးစေခဲ့၏။ ဘိုကြီး ကင်ပေတိုင်စကားပြန်ဖြစ်ခြင်းအတွက် ဖွတ်မိချောင်းဖြစ် မြစ်မင်းမချမ်းသာ ဆိုစကားကဲ့သို့ တစ်မြို့လုံး နာကျင်စွာခံစားကြရလေ၏။ ဂျပန်မာစတာကြီးများ၏ မျက်စေ့ကျသမျှ အချောအလှလေးများအား အလွတ်မပေးဘဲ မျက်နှာရအောင် ကြိုးစားကြဲစည်ပေးခဲ့သော်လည်း ဘိုကြီးအတွက် မာစတာကြီးများရင်ခွင်သို့ အရောက်မဆက်သနိုင်သော ပန်းလေးတစ်ပွင့်တော့ ရှိခဲ့လေ၏။ ထိုပန်းပွင့်လှလှလေးကား လှဆန်းယဉ်ဆိုသော အမည်ရှင်ကလေးပင်ဖြစ်၏။ လှဆန်းယဉ်အား တပ်မက်စွာ အရှင်သခင်များကိုပင် တစ်ကွက်ချိန်ရင်း လှဆန်းယဉ်နှင့် ပတ်သက်လိုသော ပုရိသနှစ်ဦးအား အင်္ဂလိပ်သူလျှိုစာတမ်းခွဲကာ မပြန်လမ်းသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်၏။

ယခုလည်း ဘိုကြီးစိန်ဗေဒါဟု ဗမာများနာမည်ပြည့် ကင်ပွန်းတပ်ပေးထားသော ဂျပန်စစ်ဗိုလ်နာမူတာနှင့်အတူ လှဆန်းယဉ်၏ဆိုင်လေးသို့ ထမင်းလာစား၏။ ထို့နောက် လှဆန်းယဉ်အား ပြုံးမြဲထုံးစံအတိုင်း ပိုင်စိုးပိုင်နက် ထိကပါးရိကပါးလုပ်လေ၏။ အနီးသို့ရောက်ရှိလာသော လှဆန်းယဉ်၏မျက်နှာလေးနှင့် တစ်ကိုယ်လုံးအား မီးတောက်မည့်အလား ကြည့်၏။ ပြီးမှ . . .

" လှကျတာလည်း ကျတာပေါ့ ယဉ်လေးရယ် . . . ဒီဘိုကြီးနဲ့ ယောဒီကမာစတာကြီးက ဒီတစ်မြို့လုံးမှာ အရေးအပါဆုံးပဲ ဟုတ်တယ်မဟုတ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကိုဘိုကြီးတို့ကို အရင်ဦးစားပေးမှပေါ့ကွယ် ”

ဟူ၍ ပြုံးစေ့စေ့မျက်နှာဖြင့် မထိတထိပြောဆိုလေသဖြင့် လှဆန်းယဉ်မှာ ခေါင်းလေးငုံ့ကာ မျက်လွှာချထားပြီး ကျိုးနွံဟန်ပြု၍

“ ဟုတ်ကဲ့ရှင့် . . . လူကအရမ်းကျနေလေတော့ ကိုဘိုကြီးတို့ကို ဂရုမပြုလိုက်မိတာ ခွင့်လွှတ်ပါ . . . ဘာဟင်းနဲ့များ သုံးဆောင်ချင်ပါသလဲရှင့် ”

ဟု လှဆန်းယဉ်က ချစ်ဖွယ်အပြုံးလေးဖြင့် ချိုသာစွာ မေးမြန်းလိုက်လေ၏။ ဘိုကြီးမှာ လှဆန်းယဉ်၏ ကြည့်မဝနိုင်သောမျက်နှာလေးကို အာသာငမ်းငမ်းဖြင့် မျက်တောင်မခတ်တမ်းကြည့်ကာ . . .

“ မာစတာကြီးအတွက်ကတော့ အချိုပေါင်းနဲ့ ပုဇွန်ထုပ်ကြော်ပြီးတော့ မြုပ်သီးမပါတဲ့ ဟင်းချိုတစ်ခွက်စီစဉ်ပေး . . . ကိုဘိုကြီးအတွက်ကတော့ လှဆန်းယဉ်သိတယ်မဟုတ်လား . . . အသဲအမြစ်ပဲစားချင်တာ ဟဲ ဟဲ ဟဲ ”

ဟူ၍ ရိသဲ့သဲ့လုပ်ကာ ရသရွှေ့ အသားယူပြောဆိုလေ၏။ လှဆန်းယဉ်မှာကား မလွန်ဆန်ရဲရှာပဲ ပညာရှိပီသစွာဖြင့် ဘိုကြီးအား

“ အို . . . စိတ်မရှိပါနဲ့ရှင် . . . အသည်းအမြစ်ဟင်းက ဒီနေ့ မချက်ဖြစ်ပါဘူး . . . တစ်ခြားဘာဟင်းနဲ့များ သုံးဆောင်ချင် . . . ”

“ ဟာ . . . အဲဒါမှငကျုတာပဲ ကိုဘိုကြီးက ယဉ်လေးရဲ့ အသည်းအမြစ်ဟင်းလေးနဲ့မှ ထမင်းမြိန်မှာမို့ ခါတိုင်းထက်စောပြီးတော့တောင် ထွက်လာတာ . . . ကောင်းပြီလေ သူများဦးသွားလို့ ကုန်သွားတာ





မဟုတ်တာ တော်သေးတာပေါ့ . . . ကိုင်း ကိုဘိုကြီးအတွက် ယဉ်လေးပဲကြိုက်တဲ့ဟင်းသာထည့်ပေး . . . ယဉ်လေးထည့်ပေးတဲ့ဟင်းနဲ့ပဲ ကိုဘိုကြီးစားမယ် ”

“ ကျွန် . . . ကျွန်မ ဘယ်ဟင်းကိုစီစဉ်ပေးရမလဲရှင် ”

ဟု လှဆန်းယဉ်က စိတ်ရှုပ်ကာ ထစ်ထစ်ငေါ့ငေါ့လေးဖြစ်ရင်း ပြန်လည်မေးမြန်းမိလေ၏။

“ ယဉ်လေးရယ် . . . ခက်ပါကောကွယ်၊ ယဉ်လေး ကိုဘိုကြီးကို စားစေချင်တဲ့ဟင်းပဲ ထည့်ပေးပါလို့ဆို . . . ယဉ်လေးထည့်ပေးတာ ငပိရည်ပဲဖြစ်ပါစေ ကိုဘိုကြီးစားမယ် ရှင်းပြီလား ”

ဟူ၍ ကိုဘိုကြီးက ကျားပိန်တွယ်တွယ်ကာ ပြောဆိုလေတော့သဖြင့် လှဆန်းယဉ်မှာ စိတ်ပျက်လက်ပျက်ဖြင့် လှည့်ထွက်ခဲ့လေ၏။ လှဆန်းယဉ်၏ ကြော့ရှင်းလှပလှန်းသော နောက်ကျောဖက် ကိုယ်လုံးလေးအား စားမတတ်ဝါးမတတ်ဖြင့် လိုက်လံကြည့်ရင်း နာမူတာက . . .

“ ဘိုရှမာ မိန်းကလေးနော် သိပ်လှသိပ်ကောင်းတယ်ရှိတယ်၊ ဘိုကြီးနော် မာစတာ့ကို လာတွေ့ပါလို့ပြောပါ ”

ဟု ပြောဆိုလိုက်လေရာ ဘိုကြီးမှာ မျက်ပြူးဆန်ပြာဖြစ်သွားရပြီး နာမူတာအား မျက်နှာချိုသွေးကာ ဂျပန်ရိုးရာအစဉ်လာအတိုင်း ခေါင်းငုံ့အရိုအသေပြုလိုက်ရင်း . . .

“ ဟိုက် . . . မာစတာ ဒီမိန်းကလေးဟာ ကျွန်တော်နဲ့ မကြာခင်မှာလက်ထပ်ဖို့အတွက် စီစဉ်ထားသူပါ အဲဒီအတွက် မာစတာ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်စေချင်ပါတယ် ”

ဟူ၍ ပြောဆိုလေ၏။ နာမူတာမှာလည်း ဘိုကြီး၏ မကြုံစဖူး ငြင်းဆန်တောင်းပန်မှုကြောင့် စိတ်လျော့လိုက်ပြီး . . .

“ ယောရောရှိ . . . ယော့စ်ကောင်းဒယ်ကား ”

ဟု ပြောဆိုလိုက်လေတော့၏။ ထိုအဖြစ်ကို ငွေသိမ်းစားပွဲ လေးနောက်မှ ကြည့်နေသော လှဆန်းယဉ်၏ဖခင်ကြီး ဦးကောင်း မြင်တွေ့သည်ဖြစ်ရာ . . .

သူ၏သမီးပျိုလေးအတွက် လွန်စွာရတက်မအေးနိုင်ရှာ ဦးခေါင်းကို မသိမသာ ဖြည်းညှင်းစွာခါယမ်းလိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်မိလေ၏။ ပန်းကန်ဆေးကြောပေးနေသော ဆိုင်အကူ ဒေါ်ဆွဲမိက လှဆန်းယဉ်အား . . .

“ အင်း . . . ငါ့တူမတော့ ဒီတဏှာကောင်တွေရဲ့လက်ကို မသက်ဆင်းမိစေဘို့ ရှေ့လျှောက်သတိထားရလိမ့်မယ် . . . ဒင်းတို့ သူယုတ်မာတွေနဲ့ ငါ့တူမလေးလို သူတော်ကောင်းမလေးနဲ့ ဘယ်လို မအမ်စပ်ဖူး . . . ခွေးက လမင်းဟောင်နေသလိုတော့ ဖြစ်နေပါပြီ ”

ဟူ၍ ညည်းတွားပြောဆိုလိုက်လေတော့၏။

♛ ♛ ♛





## “ ဘိုကြီး ဆင်ကြံကြံပြီ ”

နောက်နှစ်ရက်ခန့်အကြာ ညနေအချိန်၌ လှဆန်းယဉ်သည် ဆိုင်အကူအဒေါ်ကြီး ဒေါ်ဆွဲမိနှင့်အတူ မြို့ဦးဘုန်းကြီးကျောင်းသို့ ဇရပ် ဆောက်ရန်အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းခဲ့ကြပြီးနောက် အိမ်သို့ပြန်လာခဲ့ရာ မြို့အဝင်ဂိတ်၌ သူ့အားစောင့်ဆိုင်းနေသော ဘိုကြီး အား ဂျပန်စစ်သားနှစ်ဦးနှင့်အတူ တွေ့လိုက်ရလေ၏။ ဘိုကြီးမှာ မြို့အဝင် စစ်ဆေးရန်အကြောင်းရှာကာ လှဆန်းယဉ်အား ပြင်ပတစ်နေရာတွင် လွတ်လပ်စွာတွေ့ဆုံနိုင်ရန် ချောင်းမြောင်းနေခဲ့ခြင်းဖြစ်လေရာ ယခုကဲ့သို့ လှဆန်းယဉ်အား စကားပြောဆိုနိုင်ခွင့် ရရှိသွားခဲ့ခြင်းဖြစ်လေ၏။

ဘိုကြီးက လှဆန်းယဉ်အား တွေ့မြင်လိုက်သည်နှင့် နွားမဲ့ နိုင်းနွားကြီးတစ်ကော် ~လား သွားများအကုန်ပေါ်အောင် ပြုံးဖြဲလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး . . .

"အလို . . . ယဉ်လေးပါလား ဘယ်ကိုသွားပြီး ပြန်လာတာလဲ"

ဟု စပ်ဖြီးဖြီးမျက်နှာဖြင့် မေးမြန်းလိုက်လေ၏။ လှဆန်းယဉ်မှာ ဘိုကြီးအား နှစ်လိုဖွယ်မရှိသော်လည်း လိမ္မာသူလေးပီပီ အတတ်နိုင်ဆုံး စိတ်ချုပ်တီးကာ ပြန်ပြောရလေ၏။

" အဘ မြို့ဦးကျောင်းအတွက်လှူတဲ့ အလှူငွေကို သွားလှူပြီးပြန်လာတာပါ "

လှဝေန်းယဉ်၏ အဖြေစကားကိုကြားရသော ဘိုကြီးမှာ အကွက်ချောင်းနေသူပီပီ မတွဲဆိုင်းပဲ . . .

" ယဉ်လေးရယ် ဒီအလှူလှူမဲ့အကြောင်း ကိုဘိုကြီးကို ပြောရောပေါ့ . . . ယဉ်လေးနဲ့အတူ နောင်ဘဝအထိဆုံနိုင်ဖို့အတွက် ကိုဘိုကြီးလည်း လှူမှာပေါ့ကွာ၊ တောက် . . . အချိန်မီမသိလိုက်ရတာ နာလိုက်တာ "

ဟု ကိုဘိုကြီးက ပြောဆိုလိုက်လေ၏။ လှဆန်းယဉ်မှာကား ဘိုကြီး၏ အေးကလီဆန်စရာကောင်းလှသော မျက်နှာပေးနှင့်စကားတို့ကြောင့် လှန်စွာမချုပ်တီးနိုင်တော့ရှာပဲ . . .

" ဒီမှာ ကိုဘိုကြီး ကျွန်မနဲ့အဘ လှူချင်လို့လှူတာကို ဘာအတွက်အသိပေးရမှာလဲ . . . ကိုယ့်ဖာသာလှူချင်သွားလှူပေါ့၊ ကျွန်မ ကို ယဉ်လေး ယဉ်လေးနဲ့လည်း အဖျားဆွတ်မခေါ်ပါနဲ့ ကျွန်မ မကြိုက် ဘူး"





ဟူ၍ ဒုတ်ထိုးအိုးပေါက် ပြောချလိုက်လေတော့ရာ ဘိုကြီးမှာ မရှုသာမရှိုက်သာ ဖြစ်သွားပြီး . . .

" ဘယ်လိုပြောလိုက်တာလဲကွယ် . . . ယဉ်လေးအပေါ် ကိုဘိုကြီး ဘယ်လိုသဘောထားတယ်ဆိုတာ သိသားနဲ့ . . . သစ်စိမ်းချိုးစကားတွေ မပြောပါနဲ့ ယဉ်လေးရယ် "

ဘိုကြီးမှာ ကြိုက်မရှက် တော်မရှက်ဆိုသကဲ့သို့ လှဆန်းယဉ်အား အနုနည်းဖြင့် ကျားပိန်တွယ်တွယ်နေပြန်လေ၏။ လှဆန်းယဉ်မှာ ဘိုကြီး၏ ရွံစရာကောင်းလှသော ပိုင်စိုးပိုင်နက်ပြောဆိုမှုကြောင့် ဒေါသထွက်လာရပြီ ဖြစ်တော့လေရာ . . .

" သစ်စိမ်းချိုးချိုးတယ်ဆိုရအောင် ကျွန်မနဲ့ရှင်က ဘယ်လိုပတ်သက်ဖူးခဲ့လို့လဲ၊ ဖဲ . . . ကျွန်မကုန်ကုန်ပြောမယ် နောက်ကို ကျွန်မကို ဒီလိုမဆက်ဆံပါနဲ့ . . . လာ ဒေါ်ဆွဲမိသွားမယ် "

ဟု လှဆန်းယဉ်က ပြန်လှန်၍ တင်းမာစွာပြောဆိုကာ ဒေါ်ဆွဲမိလက်ကိုဆွဲလျက် ပြန်ရန်ပြင်လိုက်လေတော့ရာ ဘိုကြီးမှာ အသည်းကွဲခတ်ခံရသည့်သို့ နာကျင်သွားရပြီး လှဆန်းယဉ်၏လမ်းကို ပိတ်တားထားလိုက်ရင်း . . .

" နေ . . . နေပါဦးကွယ် ကိုဘိုကြီးကို ဒီလိုရက်ရက်စက်စက် ပြောပြီး မင်းမပြန်ရဘူး . . . ကိုဘိုကြီးကို ချိုချိုသာသာလေး စကားပြင်ပြောမှ ဒီနေရာကသွားလို့ရမယ် . . . ဖဲ ဘယ်နှယ့်လဲ "

လှဆန်းယဉ်မှာ ဘိုကြီး၏တားဆီးထားသောလက်အား



www.burmeseclassic.com

www.burmeseclassic.com



တွန်းဖယ်ရင်း ကပျာကယာ ထိုနေရာမှထွက်ခွာရန် ကြိုးစားလေ၏။ သို့ရာတွင် ဘိုကြီး၏ အတင်းအဓမ္မတားဆီးရာမှ လှဆန်းယဉ်၏ လက်အစုံအား ချုပ်ကိုင်မိတော့လေရာ . . .

“ ကျွန်မလက်ကိုလွှတ်နော်. . .ဗမာမိန်းကလေးတစ်ယောက်ကို ခုလိုရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံတာ ရှင်ကော ဗမာမဟုတ်ဘူးလား ကျွန်မကိုလွှတ်ပါ ”

ဟု လှဆန်းယဉ်က ပြောဆိုရုန်းကန်လေ၏။ ဘိုကြီးအဖို့ကား သူမျှော်မှန်းခဲ့မိသော လှဆန်းယဉ်၏ တုံ့ပြန်မှုကြောင့် သွေးရူးသွေးတန်းဖြစ်လျှက် ပို၍ဆုတ်ကိုင်ချုပ်နှောင်ရင်း . . .

“ မလွှတ်ဖူး . . . မင်းငါ့ကို ရင့်ရင့်သီးသီးဆက်ဆံတာကို ငါကျေနပ်အောင် ပြန်တောင်းပန်မှ မင်းကိုသွားခွင့်ပေးနိုင်မယ် ”

ထိုအခိုက် ဘိုကြီးနှင့်လှဆန်းယဉ်တို့၏နောက်မှ ဟန့်တားသံတစ်ခု ထွက်ပေါ်လာလေတော့၏။

“ ဟေ့ကောင် . . .ငါ့သမီးကိုလွှတ်လိုက် ”

ရုတ်ခြည်းပေါ်ထွက်လာသော ဒေါသသံကြီးကြောင့် ဘိုကြီးမှာ ယောင်ရမ်းကာ လှဆန်းယဉ်၏လက်အား လွှတ်ချလိုက်မိပြီး ဖြတ်ကနဲ အသံပေါ်ထွက်လာရာအရပ်သို့ လှည့်ကြည့်မိလေ၏။ အသံရှင်မှာ လှဆန်းယဉ်၏ဖခင် ဦးကောင်းဖံ ဖြစ်နေ၏။

“ အဘ ”

လှဝေန်းယဉ်မှာ ဘိုကြီးလက်မှလွတ်လွတ်ချင်း ဖခင်ရှိရာသို့





လျှင်မြန်စွာပြေးသွားပြီး ဖခင်၏ရင်ခွင်ထဲသို့ တိုးဝင်ကာ ငိုကြွေးမိရှာလေတော့၏။

“ မင်းမှာမဟုတ်လား . . .ခုအချိန်မျိုးမှာ ကိုယ့်အမျိုးသားချင်းစောင့်ရှောက်ရမယ့်အစား . . . အနိုင်ကျင့်စောကားဖို့ကြံတာ မင်းမှာလူစိတ်ကော ရှိသေးရဲ့လား ”

ဟု၍ ဦးကောင်းဖံက ဘိုကြီးအား ဒေါသပြင်းစွာ လက်ညှိုးငေါက်ငေါက်ထိုးလျက် ပြောဆိုလိုက်လေ၏။ ဘိုကြီးအား ယခုကဲ့သို့ မည်သည့်လူစားကမျှ မဆက်ဆံဖူးသည်ဖြစ်လေရာ နံဘေး၌ရှိနေသော ဂျပန်စစ်သားနှစ်ဦးက ဘက်နက်တပ်လုံ့ချွပ်များဖြင့် ဦးကောင်းဖံအား ထိုးချိန်လိုက်လေ၏။ လှဆန်းယဉ်လည်း ဖခင်၏ရှေ့မှ လက်တား၍ ကာဆီးမိလေ၏။

ဘိုကြီးမှာ လှဆန်းယဉ်နှင့် ဦးကောင်းဖံတို့အား ဂျပန်စစ်သားများ၏ လက်ချက်ဖြင့် သုတ်သင်လိုခြင်းမရှိဘဲ လှဆန်းယဉ်အား ပိုင်ဆိုင်လိုခွင့်ကို ရလိုရငြား တွေးတောမိသည်ဖြစ်ကာ . . .

“ ဟိုက် . . .မာစတာ ဒါ . . .ကျွန်တော့်ဦးလေးပါ၊ သူက ကျွန်တော့်ကို သူ့စကားနားမထောင်လို့ ဆူနေတာပါ မလုပ်ပါနဲ့ ”

ဟု၍ ဟန့်တားကာပြောဆိုလိုက်ပြီး ဦးကောင်းဖံဘက်သို့ လှည့်ကာ လွန်စွာကောက်ကျစ်သောအပြုံးကို ပြုံးလိုက်ပြီး . . .

“ ကျွန်တော် မထင်မှတ်ပဲ ရိုင်းသလိုဖြစ်သွားမိတာ ခွင့်လွှတ်ပါဦးလေး . . . တကယ်တော့ ခုလိုဖြစ်ရတာ လှဆန်းယဉ်အပေါ်စွဲလန်း



www.burmeseclassic.com

www.burmeseclassic.com



မိတဲ့စိတ်ကြောင့် ဖြစ်မိတာပါ။ ကျွန်တော့်အနေနဲ့ ဒီလိုလုပ်မဲ့အစား တကယ်ဆို ဦးလေးဆီကိုလာပြီး မြန်းရမှာပေါ့ . . . ကျွန်တော့်ကို ခွင့်လွှတ်ပါ ''

ဟု ဘိုကြီးက လေသံပြောင်းကာ ဦးကောင်းဖံအား နားဖောက်စကားဖြင့် အချိုသက်ပြောဆိုလေ၏။ ဦးကောင်းဖံကား ဘိုကြီးအား စေ့စေ့ကြည့်၍ . . .

'' အေး . . . ငါ့ဆီကို မင်းလိုကောင်မျိုးက ငါ့သမီးကို လာမြန်း ရင်လည်း အပိုပဲကွ . . . ငါအသက်ရှင်နေသရွေ့ ငါ့သမီးကို မင်းနဲ့ ဘယ်တော့မှသဘောမတူဘူး ''

ဟူ၍ ဦးကောင်းဖံက ရဲ့ပြတ်သားစွာပြောကာ လုဆန်းယဉ်အား လက်ဆွဲလျက် ဘိုကြီးဘေးမှ ထွက်ခွာသွားလေတော့၏။ ဘိုကြီးမှာကား ဦးကောင်းဖံနှင့် သူတစ်မက်စွဲလန်းသော လုဆန်းယဉ်တို့၏ ပြတ်သားသော သဘောဆန္ဒကို သိရှိလိုက်ရသည်ဖြစ်တော့ရာ လွန်စွာမခံချိမခံသာဖြင့် ဒေါက်တည်ရာမရဖြစ်သွားရပြီး ထွက်ခွာသွားသော သားအဖ၏ နောက်ကျောအား လှမ်းငေးစိုက်ကြည့်လိုက်ကာ . . .

'' တောက် . . . ကျုပ်လိုကောင်ကို ကလန်ကဆန် လုပ်ငုံပြောဝံ့တာ ဒီတစ်နယ်လုံးမှာ ခင်ဗျားပဲ ရှားရှားပါးပါးပေါ်လာတယ် ဦးကောင်းဖံ ဟုတ်ပြီလေ . . . ကျုပ်ကို ဒီလိုသဘောထားတဲ့အတွက် ခင်ဗျားကြီး ပြန်ပေးဆပ်ရလိမ့်မယ် . . . အဲဒီအခါကျရင်သာ မောင်ဘိုကြီးရယ် ဦးလေး ကို ကယ်ပါလို့ မတ,လေနဲ့ ''





ဟူ၍ အံကြိတ်ကာ ပြောဆိုလိုက်လေတော့၏။

## '' လုဆန်းယဉ်တို့ ကြိမ်မကြော်မိကြခြင်း ''

ထိုကဲ့သို့ဖြစ်ပျက်ခဲ့ပြီးနောက် တစ်ပတ်မျှအကြာတွင် နေလည်ထမင်းစားချိန်၌ လွန်စွာစုတ်ပြဲနေသော အဝတ်အစားများဖြင့် အသက် (၇၀)ခန့် အဘိုးကြီးတစ်ဦးသည် ဈေးတွင်းသို့လှည့်လည်ကာ ၎င်း၏ လက်တွင်း၌ကိုင်ထားသော ကြိမ်လုံးတစ်ချောင်းဖြင့် စိတ်မထင်သူများကို လိုက်လံရိုက်နှက်နေလေ၏။ ဈေးဝယ်ရန် ပျဉ်းမရွာမှလာသော ဒေါ်စိန်မြ ဆိုသည့် မိန်းမကြီးအား . . .

'' ဟဲ့ . . . နာမည်က စိန်ဈေပြူးနေအောင် ဝတ်ရမယ်ဆိုတဲ့ အတိတ်နိမိတ်နဲ့ပေးထားပြီး ဖန်ကွဲပုလင်းကွဲတောင်မရှိတဲ့ကောင်မ . . . အလှူးရာတွေပဲပြူးနေအောင် ငါ့ကြိမ်စကြာနဲ့ တစ်ခါနှံပေးလိုက်မယ် လောလေရှောဟယ် ''



www.burmeseclassic.com

www.burmeseclassic.com



" ရှမ်း . . ."

" အမယ်လေး လုပ်ကြပါဦး . . .ကျုပ်ကို အရူးကြီးရိုက်နေ ပါတယ်တော့ "

ဒေါ်စိန်ပြုံးမှာ နာကျင်စွာအော်ဟစ်အကူအညီတောင်း၍ ဈေးခြင်းတောင်းကြီးချကာ ထွက်ပြေးလေ၏။ ထိုကဲ့သို့ ရေပြာရှာသား ဖိုးမောင်အားလည်း . . .

" အောင်မယ် . . .ဒီကောင့်ကို သိဒ္ဓိတင်ပေးရမှာပါကလား ကဲ . . .သိဒ္ဓိပေါက် သုခရောက်ကွာ "

" ရှမ်း . . .ရှမ်း "

" အား . . .ဒီအရူးကြီးကတော့ ပြန်တွယ်ရရင် သေတော့မှာပဲ အောင်မယ်လေးဗျ "

ဟု အော်ဟစ်ကာ ဖိုးမောင်လည်း စားလက်စမုန့်ဟင်းခါး ပန်းကန်အားထားလျက် ပြေးရပြန်၏။ ဤသို့ဖြင့် အဘိုးကြီးနှင့် ဝေးနိုင် သမျှဝေးရာသို့ လှည့်ပတ်ပြေးလွှားနေကြတော့ရာ ဈေးဆိုင်ပေါ်မှ ဈေးသည်များလည်း ဆိုင်ပေါ်မှ အလျင်အမြန်ဆင်း၍ ဆိုင်ပစ်ပြေးကြ ပြန်လေ၏။ ဈေးခေါင်းဖြစ်သူ ဦးဆွန်နာမြားက အဘိုးကြီးရှိရာသို့ ရောက်လာပြီး လေသံတင်းတင်းဖြင့် . . .

" အဘိုးကြီး ဘာဖြစ်လို့ ဒီလိုလိုက်လုပ်နေသလဲ . . . လူတွေကို အပြစ်မရှိဖူး လိုက်ရိုက်တာကောင်းသလား . . . လက်ထဲကကြိမ်လုံးနော် ပေးပါ "





ဟူ၍ ပြောဆိုကာ အဘိုးကြီးအား ညြဖာသံအပြည့်ဖြင့် မာန်ဟန်ပါပါ ကြိမ်လုံးအားတောင်းလိုက်လေ၏။ အဘိုးကြီးလည်း ဦးဆွန်နာမြားအား စေ့စေ့စပ်စပ် ရှုးစိုက်စွာကြည့်လိုက်ပြီး . . .

" အေး . . .မင်းပြောသလိုဆို အပြစ်ရှိတဲ့လူဆို ရိုက်လို့ရသပေါ့ ဟုတ်စ . . .ဒါဆို ဈေးကောက်ကို မေ့သလိုလိုနဲ့ နှစ်ခါထပ်တောင်း၊ ဈေးထဲကဆိုင်တွေမှာ ပိုက်ဆံမပေးဘဲနဲ့ အမြဲစား . . .ဗမာမငယ်ငယ် လေးကို ပိုက်ဆံပေးပြီး မယားငယ်ထားတဲ့မင်းကိုပဲ ရိုက်ရတော့မှာပေါ့"

ဟု ပြောဆိုကာ ကြိမ်လုံးဖြင့်အဆက်မပြတ် အချက်ပေါင်း များစွာ လွှဲရိုက်လေတော့၏။

" ရှမ်း . . .ရှမ်း . . .ရှမ်း "

" အားရှီးရှီး . . .အား ဘုရားကယ်ပါ "

ဟု ဈေးကောက် ဦးဆွန်နာမြားလည်း အော်ဟစ်ရင်း ပြေးရ ပြန်လေတော့၏။ အဘိုးကြီးလည်း ထွက်ပြေးသွားသော ဦးဆွန်နာမြား၏ ကျောပြင်အားကြည့်ရင်း . . .

" ဟား . . .ဟား . . .ဟားဟား လူမိုက်တစ်ကောင်တော့ လူလိမ္မာဖြစ်အောင် ဆုံးမပေးတာလက်မခံဘူး . . .ပြေးလိုက်တာမှ အမြီးကိုထောင်ပြီး တန်းနေတာပဲ၊ ဒါပဲကွ . . .သိကြားသာသနာဆိုတာ မင်းတို့ကိုဆုံးမရတာ ငါတောင်မိုက်ဆာလာပြီ ထမင်းစားဦးမှပါပဲ "

ဟူ၍ ရယ်မောပြောဆိုကာ ၎င်း၏လက်ထဲမှ ကြိမ်လုံးကို တဝင့်ဝင့်လုပ်ရင်း ပုံပုံထမင်းဆိုင်အတွင်းသို့ ဝင်ရောက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



" ဟေ့ . . . အဘကို ထမင်းတစ်ပွဲပြင်ပေးစမ်း . . . အမ်
ဟင်းကတော့ ဘာနဲ့စားရရင်ကောင်းမလဲ . . . ဟုတ်ပြီ သာသနာတစ်က်
ဝက်သားနာနာနှက်တဲ့ ဝက်သားဟင်းပဲပေး "

ဟု ဆိုင်အတွင်းဝင်ထိုင်ကာ ပုံပုံရှိရာ ငွေသိမ်းစားပွဲသို့
လှမ်းကာမှာယူလေ၏။ ပုံပုံမှာ အဘိုးကြီး၏ စုတ်ချာလှသောပုံပန်းကို
ကြည့်ရင်း နံဘေးမှဒေါ်ပူကို မေးငေါ့ပြကာ . . .

" ဒေါ်ပူ ဒီအဘိုးကြီးပုံကြည့်ရတာ စားပြီးတာနဲ့ ခဲမှုစေတော်
ပေးနိုင်မဲ့ပုံမပေါ်ဘူး . . . ကြည့်ရတာ စိတ်မနှံ့တဲ့အရူးကြီးပဲဖြစ်ရမယ်
ဒေါ်ပူပဲ ကြည့်ကျက်နှင်ထုတ်လိုက်စမ်းပါ "

ဒေါ်ပူလည်း ပုံပုံနိုင်းစေချက်အတိုင်း အဘိုးကြီးထိုင်နေရာ
စားပွဲသို့ သွားရောက်ကာ . . .

" ထမင်းတော ဟင်းတော ကုန်သွားပြီ . . . ဘာမှမရှိတော့ဘူ
ဆိုင်ပိတ်တော့မှာ အဘပြန်တော့ "

ဟူ၍ ပြောဆိုလိုက်လေ၏။ အဘိုးကြီးက ဒေါ်ပူ၏စကားကို
မြူးပြူးကြီးလုပ်ကာ နားထောင်နေပြီးနောက် သူ၏ကြိမ်လုံးဖြင့် ရှေ့
စားပွဲခုံအား ရိုက်ချလိုက်လေရာ . . .

" ဖြန်း . . . "

" မှဲ့ . . . ကုလား "

မထင်မှတ်ပဲ ဒေါ်ပူမှာ လန့်ဖျန့်သွားပြီး ယောင်ရမ်းက
အော်ဟစ်ခဲ့လေ၏။ အဘိုးကြီးကား ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်





ပြီး ဒေါ်ပူအား . . .

" လန့်တာတောင် ကိုယ်ဖွဲလမ်းတာအော်တဲ့ကောင်မရေ . .
. နင်တို့ဘာမှမရှိတော့ဘဲ ဆိုင်ပိတ်တော့မှာကို ငါသိပါတယ် . . . နင်တို့
ရင်ထဲ စေတနာလေးများရှိသေးလားလို့ ဝင်လာတာ . . . ဟား . . .
ဟား ကဲကဲ ဆိုင်ပိတ်ဖို့လုပ်လေ . . . ငါသွားပြီ "

ဟု ရယ်မောပြောဆိုကာ ထွက်ခွာသွားလေ၏။ ထို့နောက်
အဘိုးကြီးမှာ ဘေးချင်းကပ်ဆိုင်ဖြစ်သော လှဆန်းယဉ်၏ ထမင်းဆိုင်
တွင်းသို့ ဝင်ရောက်ခဲ့ပြန်လေ၏။ ထမင်းစားချိန်ဖြစ်သောကြောင့်
လှဆန်းယဉ်၏ဆိုင်မှာ လူများစွာဖြင့် ပြည့်ကျပ်နေသည်ဖြစ်လေရာ
အဘိုးကြီးဝင်ရောက်ထိုင်ရန်ပင် နေရာလွတ်မရှိတော့ချေ။

လှဆန်းယဉ်မှာ အဘိုးကြီး ဆိုင်တွင်းသို့ဝင်လာသည်ကို
မြင်သည်နှင့် ဒေါ်ဆွဲမီအား . . .

" ကြီးကြီး . . . ဟိုအဘတော့ ထိုင်စရာနေရာမရှိဘူး . . .
ကြည့်ရတာ နွမ်းနွမ်းပါးပါးနဲ့ အရမ်းဆာလာတဲ့ပုံပဲ . . . သွားခေါ်ပြီး
ကျွန်မစားပွဲမှာပဲ ထမင်းကျွေးကြရအောင် "

ဟု ပြောဆိုလိုက်သဖြင့် ဒေါ်ဆွဲမီမှာ လှဆန်းယဉ်နိုင်းစေချက်
အတိုင်း အဘိုးကြီးအနီးသို့ သွားရောက်ကာ . . .

" ဘကြီး . . . ထမင်းစားမလို့လား "

" အိမ်း . . . ဟုတ်တယ် ဒါပေမဲ့ . . . ငါထိုင်ဖို့က နေရာမှ
မရှိတာ . . . ဘယ်မှာထိုင်ပြီးစားရမှာလဲ "



www.burmeseclassic.com

www.burmeseclassic.com



" မပူပါနဲ့ ဘကြီးရယ် . . . ဟောဟိုက ငွေသိမ်းတဲ့စားပွဲ

စားပေါ့ . . . လာပါ "

ဟူ၍ ပြောကာ အဘိုးကြီးအား ခေါ်ဆောင်လာလေ၏။ အဘိုး

ကြီးအား လှဝေန်းယဉ်က နေရာဖယ်ကာ ခရိုးဦးကြိုပြုကာ ပြုံးရွှင်သေ

မျက်နှာလေးဖြင့် . . .

"ဒီမှာထိုင်ပါ အဘ . . . အဘဘာဟင်းနဲ့စားချင်ပါသလဲရှင့်

" အိမ်း . . . ထမင်းစားတာတော့စားတာပေါ့ . . . မစား

ငါ့သမီးကို ကြိမ်စကြာနဲ့နှံပေးရဦးမယ် . . . ကဲ လက်ဝါးဖြန့်လိုက်စမ်း

ဟု အဘိုးကြီးက ပြောဆိုကာ ၎င်း၏လက်ထဲမှ ကြိမ်လုံးအ

ကိုင်လျက် လက်ဖြင့်ဆ,၍ လှဆန်းယဉ်အားရိုက်နှက်ရန် အသင့်ပြင်

လေ၏။ လှဆန်းယဉ်မှာ ရုတ်တရက် အဘိုးကြီးစကားကြောင့် ကြေ

ငေးငေးဖြစ်သွားရကာ မျက်လုံးအဝိုင်းသားဖြင့် မျက်နှာလေးညှိုးသွ

ရရှာ၏။ အဘိုးကြီးက . . .

" ဖြန့်ပါသမီးရဲ့ . . . ပိတ်နေတဲ့ခေတ်တွေ ပွင့်သွားအော

ဘကရိုက်မှာ အနာခံရင် အသာစံရမှာပေါ့ကွဲ့ "

ဟူ၍ ပြောဆိုလေ၏။ လှဆန်းယဉ်မှာ အဘိုးကြီး၏ မျက်နှာ

ကြည့်ရင်း စိတ်ထဲမှ အလိုလိုယုံကြည်လာစိတ်ပေါ်လာကာ သူ၏လက်

နှစ်ဖက်အား ဖြန့်ပေးလိုက်မိလေတော့၏။

" ဒီလိုမှပေါ့ကွဲ့ . . . ကဲ ဗုဒ္ဓဟူးမ ရှေ့ဖြစ်မဲ့ဒဏ်မှန်သ

ဒီလက်ပေါ်မှာ တစ်ခါတည်းခံပေရော့ "





" ရွှမ်း . . . ရွှမ်း . . . ရွှမ်း "

လှဆန်းယဉ်မှာ နာကျင်မှုကြောင့် မျက်ရည်ဥများပင် တွဲခိုကာ

ကျလာလေ၏။ ဆိုင်အတွင်းမှ ထမင်းစားနေသော လူများမှာလည်း

ထူးဆန်းလှသောမြင်ကွင်းကောင့် တအံ့တသြဧကော ကြည့်နေကြလေ

၏။ ဒေါ်ခွဲမိမှာကား လှဆန်းယဉ်၏အဖြစ်ကြောင့် စိတ်မထိန်းနိုင်တော့

ဘဲ ထမိတိုတိုပြင်ဝတ်ကာ . . .

" ဟဲ့ . . . လှဆန်းယဉ်ရဲ့ ထမင်းလည်း ကိုယ့်စားပွဲပေါ်တောင်

ခေါ်ကျွေးဖို့ နလုံးကောင်းရသေး . . . ကျေးဇူးမတင်တဲ့အပြင် ညည်းကိုပါ

လူသူတွေရှေ့မှာ ရိုက်နှက်နေပါပေါ့လား . . . ညည်းဘာဖြစ်လို့ ငြိမ်ခံနေ

တာလဲ . . . ဒီမှာဘကြီး ကျုပ်တူမလေးကို ဘာအပြစ်ရှိလို့

ရလိုရိုက်ရတာလဲ ထမင်းလည်းမကျွေးနိုင်တော့ဘူး ခုပဲ ကြွပါတော့ "

ဟု ခပ်ထန်ထန် ရန်တွေ့ပြောဆိုကာ အဘိုးကြီးအား ဆိုင်မှ

နှင်ထုတ်လေ၏။ အဘိုးကြီးမှာ ဒေါ်ခွဲမိ၏စကားကြောင့် စိတ်ဆိုးရမည့်

အစား ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေ၏။

" ဟား . . . ဟား . . . ဟား . . . ဟား အကောင်းနဲ့အဆိုးကို

သိရှာတဲ့အင်္ဂါမ ဗလာနံပါလား . . . ငါ့ကို ဘာမသိညာမသိ နှင်တောင်

ထုတ်လိုက်သေးရဲ့ . . . တစ်လက်စထဲ နှင့်ကိုပါဓာက်ဖွင့်လာဘ်ဖွင့်

လုပ်ပေး ခဲ့မှပဲ "

ဟူ၍ ပြောဆိုကာ အနားသို့ရောက်လာသော ဒေါ်ခွဲမိကို

နောက်ခြေသလုံးအား ကြိမ်ဖြင့်ရိုက်လိုက်ပြန်ရာ ဒေါ်ခွဲမိမှာ ဒေါ်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



ရင်းငိုကြွေးရလေတော့၏။

“ ရွှမ်း . . . ရွှမ်း ”

“ အမယ်လေး သေပါပြီတော့ . . . ကယ်ကြပါဦး ”

“ ဣဲ . . . အသံပြဲကြီးနဲ့ အာခေါင်ခြစ်အော်မနေနဲ့ . . . နင့်ကို ဖေပြုံစေချင်လို့ ကြောင်ရုပ်ထိုးပေးတယ်လို့မှတ် . . . ကိုင်း နင့်အတွက် သိဒ္ဓိတင်ပေးပြီးပြီ ငါ့ကို ဝက်သားဟင်းနဲ့ဟင်းရွက်ကြော်ပါ ယူလာချပေး”

ဟု အဘိုးကြီးက ပြောဆိုလိုက်တော့ရာ ဒေါ်ဆွဲမိက လှဆန်းယဉ်အား . . .

“ ဟဲ့တူမ . . . နင့်ကောင်ကိုပါ ဆိုင်လာပြီးအကြောင်းမဲ့ရိုက်တဲ့ ဒီအရူးကြီးကို ထမင်းကျွေးချင်သေးလို့လား . . . ငါတော့ ဈေးကူလီ မောင်ဝင်းတို့ကိုသွားခေါ်ပြီး ဆွဲထုတ်လိုက်ချင်တယ် ”

ဟူ၍ ဒေါ်ဆွဲမိက မကျေမချမ်းဖြင့် ပြောဆိုတိုက်တွန်းလိုက်လေ၏။ လှဆန်းယဉ်က ဒေါ်ဆွဲမိ၏စကားကို သဘောတူဟန်မပြဘဲ ခေါင်း အသာယမ်းပြလေ၏။ ထို့နောက် . . .

“ မလုပ်ပါနဲ့ ကြီးကြီးရယ် . . . စိတ်မနှံ့လို့ လုပ်တာဖြစ်မှာပါ။ ကျွန်မတော့ ဒီအဘကိုကြည့်ပြီး စိတ်မဆိုးနိုင်တဲ့အပြင် ကိုယ့်ရဲ့အဘိုး တစ်ယောက် ကိုယ့်ကိုဆုံးမသလိုခံစားရတယ် . . . ကဲပါ ကြီးကြီးရယ် အဘအတွက် သူမှာတဲ့အတိုင်း ပြင်ဆင်ပေးလိုက်ပါ ”

“ အံ့ပါရဲ့ လှဆန်းယဉ်ရယ် . . . ဒီလောက် ခန္ဓာစားနေနိုင်





တာ ငါတော့မကြုံဖူးပါဘူးဟယ် ”

ဟူ၍ ဒေါ်ဆွဲမိက အံ့သြစွာပြောဆိုလိုက်ပြီး ချစ်တောက်ဖျစ် တောက်ဖြင့် ဆီမန်းမန်းသကဲ့သို့ပြောကာ ထွက်သွားပြီး အဘိုးကြီးစားရန် အတွက် ပြင်ဆင်ပေးရလေ၏။ အဘိုးကြီးမှာ လှဆန်းယဉ်၏စားပွဲတွင် သူ့အားတည်ခင်းပေးသော ဝက်သားဟင်း၊ ကန်စွန်းရွက်ကြော်၊ ငါးရံ့ ခေါင်းနှင့် ဒန့်ဒလွန်သီးချဉ်ရေ ရှိုင်ငပိထောင်းတို့ဖြင့် အားပါးတရ မြိန်ယှက်စွာ စားသောက်လေတော့၏။ ထိုသို့ အဘိုးကြီး စားသောက်နေ သည်ကို လှဆန်းယဉ်မှာ ပြုံးရွှင်ကြည်နူးစွာကြည့်လျက် လိုအပ်သော လိုက်ပွဲဟင်းနှင့်ထမင်းများပါ ကိုယ်တိုင်ကိုယ်ကျ ထည့်ပေးလေ၏။ အဘိုးကြီးမှာ ဝလင်စွာစားသောက်ပြီးသောအခါ၌ လက်ဆေးပြီး . . .

“ အိမ်း . . . အရမ်းကောင်း အရမ်းအစဉ်ပြေလိုက်တာ . . . အဲဒီအတွက် ပေးသင့်တာလည်း ပေးခဲ့ရတော့မှာပဲ ရော ”

ဟု ပြောပြောဆိုဆိုဖြင့် ညစ်ပေစုတ်ပြဲနေသော သူ၏အကျႌ အိတ်ကပ်ထဲမှ တစ်စုံတစ်ခုအား နှိုက်ယူကာ လှဆန်းယဉ်အား လှမ်းပေး လေရာ လှဆန်းယဉ်က . . .

“ မဟုတ်တာ အဘရယ် . . . မပေးပါနဲ့ သမီးမယူပါဘူး။ အဘကို စေတနာပေါက်လွန်းလို့ ကျွေးတာပါ မယူပါရစေနဲ့ ”

ဟူ၍ ငြင်းဆန်ပြောကြားလေ၏။ အဘိုးကြီးလည်း လှဆန်းယဉ် ၏စကားကို ပြုံးရွှင်စွာဖြင့် ခေါင်းတယမ်းယမ်းခါပြပြီး လှဆန်းယဉ်၏ လက်ထဲသို့ ဆုပ်ကိုင်လျက်ထည့်ပေးပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



“ စေတနာကြီးမားတဲ့ ငါ့သမီးအတွက် အဘပေးချင်လို့ ပေးခဲ့တာပါကွယ်. . .ပိုက်ဆံမဟုတ်ပါဘူး ပိုက်ဆံဆိုတာ သုံးရင်ကုန်တဲ့ အမျိုး၊ ဒီပစ္စည်းလေးက ရတနာသုံးပါဦးထိပ်ထားပြီး အနန္တောအနန္တငါးပါးကို အမြဲကိုင်းရှိုင်းလို့ လောဘရမက်မကြီးမားရင် တစ်သက်လုံး သုံးလို့မကုန်ပါဘူးကွယ် ”

ဟု အဘိုးကြီးက ပြောဆိုသဖြင့် လှဆန်းယဉ်မှာ လက်ခံလိုက်ပြီး လက်ဝါးဖြန့်ကြည့်လိုက်လေရာ လက်စွပ်တစ်ကွင်းဖြစ်နေသည်ကို တွေ့ရလေ၏။ လက်စွပ်၏အလယ်ဗဟိုတွင် ပြာလဲ့လဲ့အရောင်ပြေးနေသော အဖြူရောင်ကျောက်တစ်လုံး တပ်ဆင်ထားသည်ကို တွေ့ရ၏။

ထို့နောက် လှဆန်းယဉ်အား ပြုံးပြုံးကြီးဖြင့်ကြည့်လျက်နေသော အဘိုးကြီးက သူ၏လက်ထဲမှ ကြိမ်လုံးကြီးအား လှဆန်းယဉ်၏ဆိုင်အပြင်ဘက်သို့ လွှင့်ပစ်လိုက်ကာ. . .

“ ကိုင်း. . .အဘလည်းပြန်မယ် ငါ့သမီးကို ကြိမ်နဲ့ရိုက်တာနာလို့ အဘကိုစိတ်ဆိုးမိသေးလား ”

ဟူ၍ လှဆန်းယဉ်အား မေးမြန်းလိုက်လေ၏။ လှဆန်းယဉ်က

“ မဆိုးပါဘူး အဘရယ်. . .ဒါပေမဲ့ ဘာဖြစ်လို့ သမီးကို ရိုက်ရတာလဲလို့ပဲ သိချင်မိပါတယ်. . .အဲဒီအကြောင်းရင်းကို ပြောပြစေချင်ပါတယ်အဘ ”

အဘိုးကြီးက လှဆန်းယဉ်၏မေးမြန်းမှုအား ခေါင်းခါယမ်းလိုက်ပြီး. . .





“ မသိချင်ပါနဲ့တော့ကွယ်. . .သမီးအတွက် ပေးဆပ်စရာရှိတဲ့အတွက် အဘကကြိုယူလိုက်တာလို့ပဲ သိထားပါ ”

“ အဘ. . .နောက်နေ့တွေလည်း သမီးဆိုင်မှာ ထမင်းလာစားနိုင်ပါတယ် အဘ၊ သြော်. . .အဘနာမည်ကိုလည်း သမီးသိပါရစေ”

ဟု လှဆန်းယဉ်က အဘိုးကြီးအား ဖိတ်မန္တကပြုရင်း မေးမြန်းလိုက်လေ၏။ အဘိုးကြီးက ဝှင်းဖဲဦးခေါင်းခြုံပတ်ထားသော တဘက်အားဆွဲဖြည်လိုက်ရာ လွန်စွာဖြူဖွေးနေသော ငွေရောင်ဆံကေသာများအား သျှောင်ထုံးထုံးထားသည်ကို တွေ့ရလေ၏။ ထို့နောက် တဘက်ဖြင့်မျက်နှာအားသုတ်လိုက်ပြီး. . .

“ အဘနာမည်က အဘငွေတောင်လို့ခေါ်တယ်. . .ငါ့သမီးဆိုင်မှာ ကြုံရင်တော့ အဘလာစားပါဦးမယ်. . .အနန္တောအနန္တငါးပါးကို မမေ့လေနဲ့. . . ခင်ပွန်းကြီးဆယ်ပါးကိုလည်း မပြစ်မှားနဲ့ ငါ့သမီးအဘ ပြောတာနားထောင်. . .ကိုင်း အဘပြန်ဦးမယ်၊ ဟော့. . .ဟိုအိုးတွေ နောက်က ငါ့ကိုမကျေမချမ်းနဲ့ ချောင်းကြည့်နေတဲ့အဂါမ. . .နင်လည်း ဘုရားမှန်မှန်ရှိခိုး ကြားလား. . .ဆွဲမိဆိုတဲ့အတိုင်း ဆွဲမိရမှာပေါ့ ”

ဟူ၍ ပြောကာ အဘငွေတောင်ဆိုသည့် အဘိုးကြီးသည် ထူးဆန်းလှစွာသော အပြုအမူများပြုလုပ်ခဲ့ပြီးနောက် ထွက်ခွာသွားလေတော့၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## “ အနာခံပြီး အသာစံရသည်သည်ဦး ”

ဦးငွေတောင်ဟူသော အဘိုးကြီး ထွက်သွားပြီးနောက် တစ်မြို့

လုံး အရိုက်ခံရသူများအကြောင်း ပြောကြားကြပြီး အရှုးအရိုက်ခံမထိ

တာ တော်မါ့သေးရဲ့ဟု ရယ်မောမိကြသည်မှာ တစ်ပတ်တိတိတိုင်ခဲ့လေ

ပြီဖြစ်၏။

ထိုကာစ်ပတ်ပြည့်သည့်နေ့တွင် ဈေးအတွင်းသို့ တစ်ဆင့်စကား

တစ်ဆင့်ပြောဆိုကြသော သတင်းတစ်ခုထွက်ပေါ်လာလေ၏။ ထိုသတင်း

ကား ပျဉ်းမရှားသူ ဒေါ်စိန်ပြုံးတစ်ယောက် သူ၏ခြံတွင်း၌ ရေတွင်းတူးရာမှ

မြေအိုးတစ်အိုး တူးဖော်ရရှိသွားပြီး မြေအိုးအတွင်း လွှန်စွာအဖိုးကြီးမား

သော ရွှေဒင်္ဂါးပြားများ ရရှိသွားသည်ဆိုသည့် သတင်းပင်ဖြစ်လေရာ

တစ်ဈေးလုံးတစ်မြို့လုံး အုတ်အော်သောင်းနင်း ပြောဆိုပျံ့နှံ့သွားလေ





တော့၏။

နောက်တစ်နေ့ မြို့လေး၌ လွှန်စွာထူးဆန်းလှသော သတင်း

တစ်ခု ဖြစ်ပေါ်လာပြန်လေ၏။ သတင်းမှာ ပျောက်ရှသွားသော ဖိုးမောင်

မျှော်လင့်ဘဲ အမွေရရှိသွားသည့်သတင်းပင်ဖြစ်လေ၏။

ရက်မကြာမီအချိန်၌ ထပ်မံစိတ်ဝင်စားစရာကောင်းသော

သတင်း ကြားသိကြရပြန်လေတော့၏။ ဈေးခေါင်းဦးဆွန်နာမြား

တစ်ယောက် သာသနာ့ဘောင်သို့ ဖြူန်းစားကြီး ရောက်ရှိသွားခြင်းပင်

ဖြစ်ပြန်၏။ ဈေးအတွင်းသို့ ဒေါ်စိန်ပြုံးရောက်ရှိလာရာ လူအားလုံး

သောင်းသောင်းဖျဖျဖြင့် ဝိုင်းဝန်းမေးမြန်းကြလေ၏။

“ တော်တို့ကြားတဲ့သတင်း အမှန်ပါပဲတော်. . .ကျုပ်ရေတွင်း

တူးခင်ညတ ဒိဗ်မက်မက်တာ ဖြူဖြူစင်စင်ကြယ်နဲ့အဘိုးကြီးတစ်ယောက်

တစ်ခေါင်းလုံးဆွတ်ဆွတ်ဖြူပြီး ဆေျာင်ထုံးကြီးထုံးလို့ လက်ထဲမှာလည်း

တောင်ဝှေးတစ်ချောင်းနဲ့ ကျုပ်ကို ‘ဟဲ့. . .စိန်ပြုံး နင့်အတိတ်ကံတော့

ပေါ်လာပြီ နင့်အိမ်တောင်ဘက်က မကျည်းပင်အောက်ကိုသာ ရေတွင်း

တူးလိုက်. . .ဒီပြင့်နေရာမတူးနဲ့ ကြားလားလို့ ” ပြောပြီး ကျုပ်လည်း

သန္နိးရော အရုဏ်တက်စပြုနေပြီ၊ ဒါနဲ့ ကျုပ်တူ့ဖိုးကတုံးကို မကျည်းပင်

အောက်ပဲ တူးဖို့ခိုင်းလိုက်တာ၊ မြေအိုးတစ်လုံးပေါ်လာတာနဲ့ အဖုံးဖွင့်

ကြည့်လိုက်တော့ ရွှေဒင်္ဂါးပြားတွေ အပြည့်တွေ့ရတာပဲ. . .ခုလည်း

ဒီအတွက် အလှူလုပ်မလို့ ဈေးလာဝယ်တာတော့ ”

ဟု ဒေါ်စိန်ပြုံးက ရှင်းပြလေ၏။ နားထောင်နေသူ ကုန်စိမ်း



www.burmeseclassic.com

www.burmeseclassic.com



သည့် ဒေါ်ခွေးမက . . .

" ဝမ်းသာလိုက်တာ ကောင်မရယ်. . .ညည်းအဖို့ ခုမှနာ

နဲ့လိုက်အောင် စိန့်တွေပြုံးနေအောင် ဝတ်နိုင်ပြီပေါ့ "

ဟူ၍ ဝမ်းသာအားရ ပြောဆိုလေ၏။

ထိုအခိုက် လွန်စွာသန့်ရှင်းလှပသော ရုပ်အင်္ကျီအဖြူ လည်

တုံးအား ရွှေကြယ်သီးတပ်ထားပြီး ဝတ်ဆင်ကာ ကျေးတစ်ရာ ပုဆိုးအ

ဆင်မြန်းထားသော လူရွယ်တစ်ဦး အဖော်တစ်စုနှင့်အတူ ဈေးအတွင်း

ဝင်ရောက်လာလေ၏။ ထိုလူရွယ်မှာ 'ရေပြာရွာသား ဖိုးမောင်ဖြစ်

တစ်ဈေးလုံး အံ့ဩမင်သက်မိကာ ငေးစိုက်ကြည့်ရှုနေ ကြမိလေ

ဖိုးမောင်က . . .

" မအံ့ဩကြပါနဲ့ဗျာ. . .ကျုပ်မိမ့ဲဖမဲ့နဲ့ ရေပြာရွာမှာ လက်ကြ

လက်ကြား ကြီးပြင်းလာရတာ အားလုံးသိရဲ့မဟုတ်လား. . . .ဒီဈေးမှ

ကြံ့ရာကျဘမ်းဈေးရောင်းလာခဲ့ရတာ ဟိုတစ်နေ့ကအဖွားကြီးတစ်ယော

ကျုပ်အိမ်ရောက်လာတယ်. . .အသက်က ရှစ်ဆယ်လောက်တော

ရှိနေပြီ၊ သူက တစ်ခြားလူမဟုတ်ဘူးဗျ. . .ကျုပ်အဖေရဲ့အမေ ကျ

အဖွားအရင်းပဲ၊ ရေပြာရွာသူအမေ့ကိုယူမိလို့ ကျုပ်အဖေခမျာ စွန့်ပ

ထားတာခံရှာတာ. . .ခုမှ အဖွားက အဖေ့ကို အိပ်မက်ခဏခဏမက်

မာန်မာနကိုခဝါချပြီး လိုက်လာတာဗျ. . .ဒီရောက်တော့ အဖေကော

အမေကော မရှိတော့တာသိပြီး သူလည်းအသက်ကြီးနေပြီ သားသ

ကလည်း အဖေတစ်ယောက်တည်းမွေးထားတော့ သူပိုင်တဲ့ပစ္စည်းဥစ္စ





တွေကို မြေးဖြစ်တဲ့ကျုပ်ကို လွှဲသွားခဲ့တာပါပဲဗျာ . . . အဖွားက

ကျုပ်ကို အားလုံးပေးပြီး တရားစခန်းကို ထာဝရဝင်သွားပြီ "

ဟူ၍ ရှည်လျားစွာရှင်းပြလိုက်လေရာ ကုန်ခြောက်ဆိုင်ပိုင်ရှင်

တရုတ်လူမျိုး ဦးကောက်က . . .

" အဲလာပေါ့ကွ. . .လံထမ်းလာတာကိုမြင်လယ်၊ ကံထမ်းလာ

တာ မိမြင်ဖူးဆိုလာလုကတော့ ဒီစကားအိတိုင်းပဲ. . .စိဋ္ဌေး လောပန်

ဖြစ်သွားပြီ ဟဲ. . .ဟဲ "

ဟု ဝင်ရောက်ပြောဆိုလိုက်သဖြင့် လူအားလုံးက. . .

"ပေါက်ဖော်ပြောတာမှန်တယ် ဒေါ်စိန့်ပြုံးကော မောင်ဖိုးမောင်

ကော စိုင်ကော်လို့ ခြုံပေါ်ရောက်သွားကြပြီ "

ဟူ၍ တစ်ညီတစ်ညွတ်တည်း ထောက်ခံပြောဆိုလိုက်ကြလေ၏၊

ဦးကောက်က ထိုစကားကိုအလိုမကျပဲ သူ၏ရွှေသွားများပေါ်အောင်

နှုတ်ခမ်းစူလိုက်ကာ . . .

" လုတို့ပြောတာ မဟုတ်သေးဖူး. . .ကံထလာ စိဋ္ဌေးဖြစ်တာ

မှန်တယ်. . .စိုင်ကော်လာတော့မိဟုတ်ဖူး စိုင်ကော်ရင် စိဋ္ဌေးဘယ်ဖြစ်

မလဲ စီးရှုံရောက်နေမှာပေါ့ "

ဟု ပြောဆိုလိုက်လေတော့ရာ တစ်အုပ်စုလုံး မျက်ရည်ကျ

အောင် ရယ်မောမိကြလေတော့၏။

ထိုအခိုက်တွင် သံဃာတော်တစ်ပါးသည် သပိတ်ပိုက်လျက်

ဈေးအတွင်းသို့ ဆွမ်းခံကြွလာလေ၏။ ထိုဦးပဉ္စင်းအား အားလုံးဝတ်ပြု



www.burmeseclassic.com

www.burmeseclassic.com



ကန့်တော့လိုက်ကြရင်း မျက်နှာတော်ကို သေချာဖူးမြော်လိုက်မိလေ…
အားလုံးအံ့အားသင့်သွားမြင် အာမေဍိတ်သံများ ထွက်ပေါ်လာကြလေ…

“ မာ . . .”

“ ဟင် . . .”

“ ဟယ် . . .”

“ အို . . .”

သံဃာတော်ဦးပဥ္စင်းကား အခြားသူမဟုတ်ဘဲ ဈေးခေါင်း… ဦးခွန်မြားပင် ဖြစ်ပေတော့၏။ ဦးပဥ္စင်းကြီးက . . .

“ အံ့သြနေကြပြီလား ဒကာတို့ဒကာမကြီးတို့ လည်ပတ်နေ… သံသရာစက်ဝန်းကြီးထဲမှာ ချာလည်လည်မျောခါနေလိုက်တာ ဘယ်အ… ဘယ်ကာလအထိ ဘဝတွေမရေတွက်နိုင်လောက်အောင် ကြာမယ်… မသိတဲ့အခြေအနေကနေ ရုန်းထွက်ပြီး အဆက်ဖြတ်ဖို့ အသိတရားရဲ့… ခုလိုဘုရားသက်နန်းကို စည်းခဲ့ရတာပါပဲ ဦးဖင်ဘွဲ့တော်က ရှင်စန္ဒောဘာ… ဖြစ်ပါတယ် ”

ဟူ၍ ဦးဖင်းစန္ဒောဘာသက မိန့်ကြားလိုက်လေ၏၊ ဈေးကု… အပ္ပနားက . . .

“ ဘုန်းကြီးဖြစ်သွားပြီနော် . . . အရမ်းကောင်းတယ် ဈေ… မှာနော် ပိုက်ဆံလိုက်မတောင်းရတော့ဘူး . . . တွေ့တဲ့လူနော် လျှ…

ဟု ပြောဆိုလိုက်လေ၏။ ဆန်ရောင်းသော ဒေါ်ခင်မာ… ကလည်း . . .





“ တဲ့ . . . အပ္ပနားရဲ့ ဘာတွေလျှောက်ပြောနေတာလဲ . . . ဒါနဲ့ ဦးဖင်းဘယ်လိုအကျွတ်တရားရပြီး သာသနာ့ဘောင်ဝင်သွားရတာလဲ ဘုရားတပည့်တော်မတို့ကို မိန့်တော်မူပါဦး ”

ဟူ၍ လျှောက်တင်လိုက်လေရာ ဦးဖင်းကြီးက . . .

“ အိမ်း . . . ဦးဖင်းလည်း ဟိုကြိမ်လုံးနဲ့အဘိုးကြီး အရိုက်ခံရတာ တစ်ဈေးလုံးရှေ့မှာဆိုတော့ ရှက်လွန်းလို့ တစ်ခါတည်းအိမ်ပြန်သွားပြီး အိမ်ပြင်မထွက်ဝံ့တော့ဘဲ အခန်းအောင်းနေမိတယ် . . . နောက် အဲဒီ အရူးလိုလိုအဘိုးကြီးပြောသွားတာတွေဟာ မှန်နေတော့ . . . သူတောင် ငါဘယ်သူမှမသိကြဘူးလို့ထင်ထားတာ သိနေရင် နတ်တွေသိကြားတွေဆို ပိုတောင်သိနေမှာပဲ . . . ပြီးတော့ တစ်ဈေးလုံးတစ်မြို့လုံး သိကုန်ကြပြီဆိုပြီး ညဘက် အိပ်လို့တောင်မပျော်တော့ဘူး . . . ဒါကြောင့် မနက်မိုးလင်းတော့ ဈေးကိုမလာဘဲ မိန်းမရဲ့မောင် ယောက်ဖကိုပဲလွှတ်လိုက်တော့တယ် အဲဒီနေ့မှာပဲ အင်း . . . အို ဒီဘုရားသက်နန်းကြီးရှိတာပြီး မဖုံးကွယ်တော့ပါဘူး။ ဦးဖင်းလူ့ဘဝကအမြှောင်ထားခဲ့တဲ့ မြို့မြောက်ဖက်က မိန်းကလေးရဲ့အစ်ကိုနှစ်ယောက်က ဓားကိုယ်စီနဲ့အိမ်ပေါ်တက်လာပြီး သတ်ဖို့မယ်လုပ်လို့ ခုတင်အောက်မှာ ဝင်ပုန်းနေခဲ့ရတယ်။ ညရောက်တော့ တော်တော်နဲ့အိပ်မပျော်ဘူး . . . အသက်သေမှာကြောက်တဲ့စိတ်၊ ရှက်တဲ့စိတ်တွေနဲ့ပေါ့ . . . မနက်မိုးမသောက်ခင်လေး အိပ်ပျော်သွားမိတာ အိပ်မက်မက်တော့တာပဲ . . . အဘိုးကြီးတစ်ယောက် ဦးဖင်းဆီရောက်လာတယ်၊ တကယ့်အပြင်မှာလိုပဲ ငွေရောင်တောက်နေတဲ့ သျှောင်ထုံးကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဖြူစင်ကြယ်ဝတ်လို့ လက်ထဲမှာလည်း တောင်ဝှေးကြီးနဲ့ ဦးဖင်းကို ပြုံးပြုံးကြီးကြည့်ပြီး

"ကဲ . . . မင်းအခုဘာဖြစ်နေပြီလဲကွ . . . ဒီအတိုင်းဆိုလို့ကတော့ မကြာခင်မှာ ဘေးဆိုးသင့်ရတော့မှာ အမှန်ပဲ" လို့ ပြောတော့တာပဲ . . .ဦးဖင်းလည်း လန့်ဖြန့်ပြီး "ဒါဆို တပည့်တော်ကို ကယ်ပါဦး ဘုရား" လို့ တောင်းပန်လျှောက်ထားမိတယ်။ အဘိုးကြီးက "အိမ်ပါကယ်လို့လည်းမလွတ်ဖူးကွ . . .ဘုရားကယ်မှ မင်းတစ်သက်လုံးလွတ်မှာ ဘုရားဆီသာ မင်းသွားနေပါကွာ" လို့ ပြောပြီး ဦးဖင်းနားက ကျောခိုင်းထွက်သွားတော့တာပဲ . . .ဒါနဲ့ အိမ်ရာကနိုးတော့ ဦးဖင်းလည်း ငါ့ကို အဘိုးကြီးပြောသွားတာ ဘာအဓိပ္ပါယ်ပါလိမ့်လို့ တစ်နေ့ကုန်စဉ်းစားပြီးမှ အဖြေရခဲ့တာပဲကွဲ့ . . .ဒါကြောင့် ဘုရားဆီသွားနေပါဆိုတာ ခုလိုဘုရားရဲ့အရိပ်တော်အောက်မှာ ရဟန်းဘဝနဲ့နေဖို့ ပြောခဲ့တာဆိုပြီး လူဝတ်ကြောင်ကို အပြီးစွန့်ခဲ့တာပါပဲ ဒကာတို့ "

ဟူ၍ ရှည်လျားစွာရှင်းပြပြောဆိုလိုက်လေ၏။ ဦးဖင်းကြီး၏ မိန့်မှုအဆုံး၌ လူစုကြီးသည် မတိုင်ပင်ဘဲ တစ်ညီတစ်ညွတ်တည်း သာဓု ခေါ်ကြလေ၏။

" သာဓု . . . သာဓု . . . သာဓု "

သာဓုခေါ်ဆိုကြပြီးနောက် မှန်ဟင်းခါးသည် မတင်ပုက . . .

" ကျွန်မတစ်ခုတွေးမိတယ်ရှင့် . . .ခုဦးဖင်းနဲ့ ဒေါ်စိန်ပြုံးရော ဖိုးမောင်ရော နေ့ချင်းညချင်း ဘဝတွေပြောင်းသွားကြတာ ဟိုအရူးလိုလို





အဘိုးကြီးက ကြိမ်လုံးနဲ့ရိုက်သွားလို့များလား မသိဘူး။ "

ဟု ဝင်ရောက်ပြောဆိုလိုက်လေရာ အားလုံးက သတိဝင်သွားကြပြီး . . .

" ဟာ . . .ဟုတ်တယ်ဟေ့ ဖြစ်နိုင်တယ် "

" အဟုတ်ပဲဟ . . .သူ အဲဒီနေ့ကရိုက်သွားတာ ဒီသုံးယောက်စလုံးပဲ "

" မဟုတ်မှလွဲရော . . .ဒါမြေလျှောက်စိဖွားကြီးပဲ ဖြစ်ရမယ်"

ဟု တစ်ယောက်တစ်ပေါက်ဖြင့် လက်ပံပင်ဆက်ရက်ကျသည့်အလား ဆူညံစွာဝေဖန်ပြောဆိုကြလေ၏။ ဒေါ်စိန်ပြုံးက . . .

" အယ် . . .ဟုတ်မယ် ဟုတ်မယ် . . .ကျုပ်ကိုအိပ်မက်ပေးတဲ့ အဘိုးကြီးက သူနဲ့ခပ်ဆင်ဆင်ပဲ သူပဲဖြစ်လိမ့်မယ် "

ဟူ၍ တွေးတောပြောဆိုလိုက်သဖြင့် ပဲပြုတ်သည် မခင်ရီကလည်း . . .

" မစိန်ပြုံးကို ကြိမ်နဲ့ခေါက်တာမြင်တော့ ငါကိုလည်း ခေါ်ရင်ဒုက္ခပဲဆိုပြီး ပဲပြုတ်ဗန်းပစ်ပြေးခဲ့မိတာ . . .ဒီလိုမှန်းသာသိရင် အသက်မသေရင်တော်ပါပြီတော် . . .ကျိုးကျိုးကန်းကန်း အရိုက်ခံလိုက်ပါရဲ့"

ဟု ညည်းညူပြောဆိုလိုက်လေတော့ရာ ကျန်လူများကလည်း ပဲပြုတ်သည်မခင်ရီပြောဆိုသကဲ့သို့ပင် အရိုက်ခံလိုကြောင်း ပြောဆိုကြလေတော့ရာ တစ်ဈေးလုံးပွက်လောရိုက်ကာ ဆူညံသွားကြလေတော့၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## " နောက်ထပ်ပေါ်တဲ့ပေါက်ကောင်များ "

ထိုအဖြစ်အပျက်များဖြစ်ပွားပြီးနောက် လေးရက်ခန့်အကြာ ရောက်သော် ဈေးအတွင်း၌ သတင်းတစ်ခု ထပ်မံထွက်ပေါ်လာပြန်လေ၏။ ထိုသတင်းမှာ ပုံပုံထမင်းဆိုင် ပြုတ်သွားပြီး ပိတ်ပစ်လိုက်ရခြင်းနှင့် ဆိုင်ရှင်ပုံပုံ၏အကူ ဒေါ်ပုတစ်ယောက် အိမ်ထောင်ကျသွားသည့်သတင်းပင် ဖြစ်လေ၏။ ၎င်းသတင်းအား တီကျူးစွာသယ်ဆောင်လာသူ ဈေးကူလီ မောင်ဝင်းက . . .

" သိပ်ဟုတ်တာပေါ့ဗျ . . .ကျုပ်က နေ့တိုင်းသူတို့ဆိုင်အတွက် ဆန်အိတ်၊ ဇီပုံးနဲ့ရေနံဆီပုံးတွေပါ အမြဲသယ်ပို့ပေးရတာ . . .ပြီးတော့ ဈေးကွဲတာနဲ့ ပုံပုံက ခေါ်ပြီး ရေထမ်း၊ တံမြက်လှည်း အရှုပ်အသီးတိုင်းနှင့် နဲ့ လုပ်ပေးနေရတာ . . .သူတို့နဲ့ပတ်သက်ရင် လေလည်တာကအစ





သိပါတယ်ဗျ "

ဟု ပြောဆိုလိုက်လေ၏။ ဘဲဥကြက်ဥဆိုင်ရှင် မသောင်းစိန်က

" အေးပါ . . .ဝင်းရယ် နင်ပြောတာကို မယုံလို့မဟုတ်ပါဘူး ဟယ် . . .သေချာကယ်နကျာသိရအောင် ပြောစေချင်လို့ပါ . . .မိပုံဆိုင် ဘယ်လိုပြုပြီး ဒေါ်ပုကြီး ဘယ်လိုလုပ်ပြီး ဘယ်သူနဲ့ညားသွားတယ်ဆိုတာ သာ ငါတို့ကိုပြောပြစမ်းပါ "

ဟူ၍ ပြောဆိုမေးမြန်းလေရာ ကုန်ရှေးသည့် ဈေးဝယ်မိန်းမများ ပါ စိတ်ဝင်စားခြင်းကြီးမားစွာဖြင့် ဝိုင်းအုံနားထောင်ကြလေ၏။ မောင်ဝင်း မှာလည်း နှုတ်မှာရခြင်းကို ဝါသနာထုံသောလူတစ်ယောက်ဖြစ်ရာ ထိုကဲ့သို့ သူနှုတ်မလုံတဲ ဖွင့်ချရခြင်းအတွက် လွန်စွာဂုဏ်ယူသည့်အလေး

" ပုံပုံဆိုင်ပိတ်လိုက်ရတာတော့ ဘာထူးဆန်းလို့လည်း မမ သောင်းစိန်ရယ် . . .ဟင်းချက်ကလည်းညံ့ ဆက်ဆံရေးကလည်းကရုလာ ဒီကြားထဲ ထိုင်ခုံတွေစားပွဲတွေနဲ့ ပန်းကန်တွေကလည်း ပြောင်အောင် မဆေးပဲ ညစ်ပတ်နေတော့ ဘယ်လိုလုပ်ရောင်းရမှာလဲ . . .လူဆန်းယဉ်ကိုပြိုင်ပြီး မလိုမိတ်ကများတော့ အရင်းပြုတ်လေ . . .ငွေတိုးနဲ့ချေးရလေနဲ့ နောက်ဆုံးတော့ ခုလိုပိတ်ပစ်လိုက်ရတဲ့ဘဝကို ရောက်ရတော့တာပဲ၊ ဆိုင်ပိတ်လိုက်လို့ သူ့ဒုက္ခက ငြိမ်းတယ်မထင်နဲ့ ငွေတိုးပေးထားတဲ့ ဒေါ်တူးက သူ့ပိုက်ဆံပြန်မဆပ်နိုင်ရင် အိမ်နဲ့ခြံပါသိမ်းမယ်လို့ ရာဇဝတ် ပေးထားပြီးပြီဗျ "

" ဟယ် . . .ဟုတ်လား ဒီလောက်ထိဖြစ်နေတာတော့

www.burmeseclassic.com



ဒို့မသိကြဘူး. . .လက်စသတ်တော့ မိပွံ့ဈေးဖက်တောင်မလာတော့တာ ဒါကြောင့် ကိုး ပြောမှသတိရတယ်. . .ငါ့ဆီကဘဲဥဖိုး ငါးကျပ်ခွဲတောင် မပေးသေးဖူး။ ဒီလိုဖြစ်တာ နည်းတောင်နည်းသေးတယ် ''

ဟု မသောင်းစိန်က သူ၏ဘဲဥကြွေးကိုပါ အမှတ်ရကာ ပြောဆိုလေ၏။ ငပိသည် မသန်းခင်က . . .

'' ကဲပါ. . .သောင်းစိန်ရယ် အရေးထဲကျမှ ညည်းဘဲဥကြွေးက ပေါ်လာပြန်ပြီ. . .ဒီမှာ မောင်ဝင်းက ဒေါ်ပူလင်ရသွားတဲ့အကြောင်း ပြောနေ့မဲ့ဟာကို အဲ. . .မောင်ဝင်း မိပွံ့အကြောင်းထားလိုက်တော့ သူ့ဟာသာ အိမ်နဲ့ခြံသိမ်းသွားလည်း မယ်သီလရှင်ကျောင်းသွားလိမ့်မယ် ဒေါ်ပူ ဘယ်လိုဖြစ်သွားတယ်ဆိုတာသာ ပြောစမ်းပါဟယ် ''

ဟူ၍ မသန်းခင်က လောဆော်မေးမြန်းလေရာ မောင်ဝင်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီးမှ . . .

'' မသန်းခင် သိချင်မယ်ဆိုလည်း သိချင်စရာပဲဗျ . . . ဒေါ်ပူ အဖြစ်က ခုတ်ရာတစ်ခြား ရှရာတစ်လွဲဆိုသလို ဖြစ်သွားတာ ''

မောင်းဝင်းက ဒေါ်ပူ၏ဇာတ်လမ်းအား မိန်းမတစ်သိုက် စိတ်ဝင်စားလာစေရန် ပလ္လင်ခံ၍ စကားစကိုဖြတ်ထားလိုက်ပြီး မုန့်ဟင်းခါးသည် မတင်ပုဆိုင်မှ မောင်းတောင်ချိုင့်ထဲရှိ သောက်ရေအား ဟန်ပါပါ ခပ်သောက်နေလေ၏။

'' အေ့ရေးထဲ သူက အဆုတ်ခြောက်နေရသေးတယ်တော်. . .ပြောမဲ့ဥစ္စာ မြန်မြန်ပြောရောပေါ့၊ တော်ကြာဝယ်သူလာလို့ ဒေါ်ပူ





ဇာတ်လမ်း မကြားလိုက်ရဘဲနေဦးမယ်. . .ကဲ ပြော့မှာကိုပြောစမ်းပါ ဝင်းရယ် ''

ဟူ၍ ဘဲဥသည် မသောင်းစိန်က စိတ်မရှည်နိုင်တော့ဘဲ ပြောလိုက်လေ၏။

ဆန်သည်ခင်မာကြည်ကလည်း မောင်ဝင်းအား. .

'' အေးလေ. . .စကားပြောဖို့အရေး ဘိုင်းစကုတ်မင်းသားခင်မောင်ရင်ပုံဖမ်းနေတာ သောက်မြင်ကပ်စရာ ဒေါ်ပူကိစ္စ ပြောမှာသာ ပြော ဦးအန့်ကျိတ်ဆိုင်က ဘီလပ်ရည်ဝယ်တိုက်မယ်. . .နင့်စကားနားထောင်ရတာ အပျိုကြီး ဆီးအောင့်သလိုဖြစ်နေပြီ ''

ခင်မာကြည်က ဝင်ရောက်ပြောဆိုလေတော့ရာ မောင်းဝင်းက နားမလည်စွာဖြင့် ပြန်လည်မေးမြန်းပြန်လေ၏။

'' နေပါဦး မခင်မာကြည်ရဲ့. . . အပျိုကြီးဆီးအောင့်တာ ဘယ်နှယ့်ကျုပ်ပြောတာနဲ့ ဆိုင်လို့လဲဗျ ''

'' ဆိုင်တာပေါ့ ဝင်းရယ်. . .နင်ခုပြောနေသလိုပဲ အပျိုကြီး ဆီးအောင်တော့ တစ်စက်တစ်စက်နဲ့ ခြားခြားပြီးထွက်နေရတာ ဖြောင့်ဖြောင့်တန်းတန်း တစ်ခါထဲမရှိဘူး ''

'' ဟာဗျာ. . .အပျိုကြီးမှမဟုတ်ပါဘူးဗျာ ကျုပ်ဆီးအောင့်တုံးကလည်း ဒီလိုပါပဲ ''

ဟု မောင်ဝင်းက ပြန်လည်ပြောဆိုလိုက်သဖြင့် မိန်းမတစ်သိုက်လုံး အုံးအုံးထထ ရယ်မောမိကြလေ၏။ ငပိသည်မသန်းခင်က ရယ်မော



www.burmeseclassic.com

www.burmeseclassic.com



ရလွန်း၍ ကျလာသောမျက်ရည်များကို သုတ်လိုက်ပြီး . . .

" ကဲပါဟယ် . . . နင့်စကားကိုဆက်စမ်းပါဦး ဒေါ်ပု...
ဘယ်သူနဲ့ ညားသွားရတာလဲ "

" ဒေါ်ပုနဲ့ညားတဲ့လူက တစ်ခြားလူတော့မဟုတ်ဘူးဗျ. . .
မြို့အနောက်ပိုင်းက ဆိတ်မွေးတဲ့ ဂေါ်ရယားနဲ့ပဲ "

ဟု ပြောဆိုလိုက်ရာ အားလုံးမှာ . . .

" ဟယ် . . . "

" အို . . . "

" ဘုရား . . . ဘုရား "

" ဟဲ့ဝေဝင်း . . . နင့်ဟာက ဟုတ်မှဟုတ်ရဲ့လားဟယ် "

ဟူ၍ အသီးသီးအံ့ဩကာ အာမေဋိတ်ထွက်ပေါ်သွားကြ...
ယုံရန်ခက်ဖြစ်သွားရလေတော့၏။

" ဝေဝင်းရယ် နင့်ဟာက ပေါက်တက်ကရတော့မပြောပါနဲ့ဟ...
ဒေါ်ပုက ဒီဆိတ်မွေးတဲ့ဂေါ်ရယားဆိုတဲ့ ကုလားနဲ့ ဘယ်လိုလုပ်ညားရ...
လဲ . . . သူနဲ့အခင်ပြေနေတာ မြို့လယ်စာသင်ကျောင်းဘေးနားအိမ်...
ကျောက်ထိုးဆရာ ဦးတာတွတ်နဲ့မဟုတ်လားဟဲ့ "

ဟု ဘဲဥသည် မသောင်းစိန်က ပြောလိုက်လေ၏။ မောင်ဝင်း...
မျက်နှာစပ်ဖြဲဖြဲလုပ်လျက် မသောင်းစိန်ကို ခေါင်းခါပြလိုက်ကာ . . .

" ကျုပ်ပြောခဲ့သားပဲဗျ . . . ဒါကြောင့် ကျော်တော့လေ့သို...
ညားတော့လေ့ထိုးသားဆိုတာ ကျောက်ထိုးဆရာဦးတာတွတ်နဲ့ ဒေါ်...





ငြိနေတာ အမှန်ပါပဲ . . . သူတို့ကြိုက်နေတာ ကြာလှပြေ၊ ဒါပေမဲ့ ဦးတာတွတ်အမေကြီး ဒေါ်အုန်းကျင်က ဒေါ်ပုကို နာမည်ကြားရုံနဲ့ ကျက်သရေမင်္ဂလာမရှိဘူးဆိုပြီး သဘောမတူလို့ ခုသောက်ထိ သူတို့ အခက်တွေ့နေခဲ့ရတာဗျ . . . ဒါပေမဲ့ ဦးတာတွတ်ကို ဒေါ်ပုက နားပူအောင် တစ်ဂျီဂျီပူလိုက်တော့ ဟိုလူကြီးခမျာလည်း မနေသာ တော့ဘူးလေ။ ဒါနဲ့ လကွယ်အဖိတ်နေ့မှာ သူလာခိုးဖို့ ဒေါ်ပုကိုချိန်း လိုက်တော့တာပဲ . . . အဲဒီအကြောင်းစာရေးပြီး သူ့အိမ်ဘေးက သံလုံးဆိုတဲ့ကလေးနဲ့ မုန့်ဖိုး တစ်ပဲပေးပြီး ပို့ခိုင်းတာ . . . သူ့အရိပ်အကဲကို အလစ်မပေးပဲကြည့်နေတဲ့ ဒေါ်အုန်းကျင်ကသိသွားပြီး အဲဒီနေ့မ တိုင်ခင်တစ်ရက်မှာ မူးလဲချင်ယောင်ဆောင်ပြီး ရှေ့ပြာက ဆေးဆရာ ဦးဖိုးကံဆီ လိုက်ပို့ခိုင်းတော့တယ်။ အဖွားကြီးက သူ့အစီအစဉ်ပျက်အောင် ကွက်တိချိန်ဆပြီးတော့ ကြံစည်ထားတာ ကိုးဗျ . . . ရှေ့ပြာတင် ထပ်အနေဆိုးသလိုလုပ်လိုက်တာ . . . ညပါအိပ်ပြီး ဆေးဆက်ကု ရပါလေရော . . . မအေမို့လို့ စိတ်အရမ်းပူပြီး ဦးတာတွတ်ဟာ လိုက်ပို့ရပေမယ့် လကွယ်လမိုက်ကလည်းဖြစ် ချိန်းထားကဲ့နေရာကလည်း ထနောင်းပင်နှစ်ပင်ရှိတဲ့ ရွှေအုံတော် စေတီတော်နား ဖြစ်နေလေတော့ ဒေါ်ပု့အတွက် သူ့ရင်ထဲမှာလည်း တစ်ထိတ်ထိတ်နဲ့ပဲ တစ်ခြားရွာက ဆုတောင်းနေရတော့တယ်လေ။ ဒါနဲ့ အဲဒီညမှာ . . . ခဏဗျာ ကျုပ် အာခြောက်လို့ ရေတစ်ခွက်သောက်ဦးမယ် "

ဟု စကားအရှိန်တက်နေစဉ် မောင်ဝင်းက စကားဖြတ်၍



www.burmeseclassic.com

www.burmeseclassic.com



ရေတစ်ခွက်ခပ်သောက်လိုက်လေ၏။

ထို့နောက် အိတ်ကပ်ထဲမှ ဆေးပေါ့လိပ်တိုကိုထုတ်ယူကာ ယမ်းမီးခြစ်ဖြင့် ညှိ၍ဖွာရှိုက်လေပြန်၏။ မိန်းမသားတစ်သိုက်က မောင်ဝင်း၏လုပ်ကိုင်နေပုံကြောင့် စိတ်မရှည်နိုင်တော့ပဲ . . .

" အမယ်လေး ဝင်းရယ် . . .နင့်ဟာကလည်း တစ်ကယ့်ကောင်းခန်းရောက်မှ ရေသောက်ချင်ရတာနဲ့ ဆေးလိပ်ဖွာချင်ရတာနဲ့ ဒါနင်တမင်လုပ်နေတာမို့လား သေနာကျ "

ဟု မသောင်းစိန်က ပြောဆိုလိုက်လေရာ မောင်ဝင်းက ဆေးပေါ့လိပ်ကို နှုတ်ခမ်းမှ ကပျာကသီချွတ်လိုက်ရင်း . . .

" မဟုတ်ပါဘူး အစ်မသောင်းစိန်ရယ် . . .အာလည်းခြောက် ခံတွင်းကလည်း ချဉ်လာလို့ပါ . . .ပြောပါ့မယ်ဗျ . . .အဟမ်း အဲ အဲ့ဒီညမှာ ဒေါ်ပုပုဟာ ဦးတာတွတ်ချိန်းထားတဲ့အတိုင်း ညဆယ်နာရီခွဲမှာ အညာစောင်ကြီးကို ခေါင်းမြီးခြုံလို့ မီးပုံဆိုင်နောက်ဖေးက အသာလေး ထွက်လာပြီး ထနောင်းပင်ညီနောင်နားကို အရောက်သွားတာပါပဲ။ လကလည်းမိုက် အချိန်ကလည်း သန်းခေါင်နားနီးနီးဖြစ်လေတော့ ပတ်ဝန်းကျင်တစ်ခုလုံး လူသူအရိပ်အယောင် ကင်းမဲ့လို့နေတာပေါ့ . . . မြူတွေကလည်းဆိုင်းပြီး ဝါးတစ်ပြန်လောက်ကိုတောင် သဲသဲကွဲကွဲ မမြင်ရဘူးဗျ . . .သူ့ခမျာ ချမ်းကချမ်း၊ ကြောက်ကလည်းကြောက်ပေမဲ့ အချစ်စိတ်ကြောင့် ဖွတ်မိုက်ပြီး သတ္တိမွေးရင်း စောင့်နေတာပေါ့၊ ဒါပေမဲ့ ချိန်းထားတဲ့အချိန်ကျော်ပြီး တော်တော်ကြာတဲ့အထိ ရောက်မလာတော့





စိတ်ထဲမှာ သူဘာဖြစ်လို့များလည်းပေါ့၊ မလာရင်တော့ ငါတော့ ဒုက္ခ၊ သူနဲ့လိုက်သွားပြီဆိုတဲ့အကြောင်း စာတောင်ရေးထားခဲ့ပြီးပြီ . . .အဲဒီအချိန်မှာ မြို့အစွန်ကခွေးတွေကလည်း ဘာကြောင်းမှန်းမသိနိုင်ဘူး တစ်ခါထဲအူလိုက်ကြတာ ဒေါ်ပုပုလည်း ကျောရိုးထဲအထိ စိမ့်တက်ပြီး ကြောက်လန့်လာမိတယ်။ " ဖျပ် . . .ဖျပ် . . .ရှပ်ရှပ်နဲ့ ခြေသံတစ်ခု သူ့ဆီကို လျှောက်လာတဲ့အသံကို ကြားလိုက်ရတော့ ကြောက်စိတ်နည်းနည်းပြေပြီး ဝမ်းသာအားရလှမ်းကြည့်လိုက်မိတာ . . .နှင်းတွေကလည်းကျနေတော့ သဲသဲကွဲကွဲမမြင်ရဘဲ မဲမဲသဏ္ဌာန်တစ်ခု သူ့အနားကိုတိုးလာတာ တွေ့ရတယ်၊ ဒါနဲ့ ကိုတွတ်ဆိုပြီး အသံတိုးတိုးလေးပေးလိုက်ရင်း အဲဒီသဏ္ဌာန်ရှေ့ကို နီးသထက်နီးအောင် ကပ်သွားပြီး ကြည့်လည်းကြည့်မိရော အင်မတန်ကြောက်စရာကောင်းတဲ့ မဲမဲအမွေးအမျှင်တွေနဲ့ သတ္တဝါတစ်ကောင်ကို တွေ့လိုက်ရတော့တယ်။ မြင်ရတဲ့မြင်ကွင်းကြောင့် ဒေါ်ပုပုဟာ နေရာမှာတင် အော်တောင်မအော်ဖြစ်တော့ဘဲ သတိလစ်မေ့မျောသွားတယ်။ အမှန်က ဒီမဲမဲကြီးဟာ ဂေါ်ရယားပါပဲ။ သူ့ခြံထဲက ဆိတ်တစ်ကောင်ပျောက်နေလို့ လိုက်ရှာရင်း နှင်းကြားထဲမှာ ဒေါ်ပုပုနဲ့ထိပ်တိုက်တိုးပြီး ခုလိုဖြစ်သွားခဲ့တာပါ။ ဂေါ်ရယားလည်း လဲကျသွားတဲ့ဒေါ်ပုပုကို မှေ့ထူလိုက်တော့ မိန်းမသားဖြစ်နေတာကိုသိလိုက်လို့ လမ်းမှာထားခဲ့လို့ကလည်း မဖြစ်တာကြောင့် သူ့အိမ် မြို့နောက်ဘက်ကို ထမ်းခေါ်သွားရတော့တယ် . . .မှောင်ကလည်းမှောင် နှင်းကလည်းပိတ်နေတော့ မျက်နှာကို သေချာမမြင်ရတာနဲ့ ဒေါ်ပုပုမှန်းလည်းမသိဘူးတဲ့ . . .ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်က ၊သူ့အခန်းထဲရောက်ပြီး ဒေါ်ပူဆိုတာ သိလိုက်ရတယ်၊ ဒါကြောင့် မနက်မိုးလင်းမှ ဒေါ်ပူသတိရတာနဲ့ အကျိုးအကြောင်းမေးပြီး ပြန်လွှတ်ရမယ်လို့ကျွေးပြီး ဒေါ်ပူကိုသိပ်ထားတဲ့ ခြင်ထောင်အောက်မှာ အရက်ထိုင်သောက်နေတယ် . . .နေဦးဗျာ ရေတစ်ခွက်သောက်ဦးမယ် ”

ဟူ၍ ရှည်လျားစွာပြောဆိုရှင်းပြနေရာမှ အာခေါင်ခြောက်လာသည်ဖြစ်ရာ မောင်ဝင်းက ရေတစ်ခွက်သောက်လိုက်ပြန်၏။ ထိုအခိုက်ဆန်သည်ခင်မာကြည်က မိန်းမအုပ်စုအား . . .

“ ဒီလောက်ဆို ဇာတ်လမ်းကရှင်းနေပြီ ’ဂေါ်ရယားက အရက်သောက်ပြီး မူးလာ၊ ဒေါ်ပူကလည်းသတိရလာတာနဲ့ ဟီဟိ. . . မရှောင်သာတဲ့အမှောင်ကြား မယ်နဲ့မောင်နှသွားဆိုသလို ဖြစ်သွားတာပေါ့”

ဟု ပြောဆိုလိုက်လေ၏။ မိန်းမအုပ်စုလည်း ရယ်မောကြလေ၏။ မောင်ဝင်းက . . .

“ ထွတ်. . ဘယ်ကအဲဒီလိုဖြစ်ရမှာလဲ ဂေါ်ရယားက မူးမူးနဲ့ ခြင်ထောင်အပြင်မှာ အိပ်တယ်၊ ဒေါ်ပူက ခြင်ထောင်ထဲမှာ မနက်မိုးလင်းတော့ မြို့ထဲကဆိတ်နို့လာယူတဲ့ ကာကာလွှက်ရှည်ဆိုင်က မန်းနီးရဲ့ သောအိမ်ကအိမ်နီးနားချင်းတွေ တွေ့သွားကြတော့တာပဲ. . .တစ်ညလုံး ဘာမှမဖြစ်ခဲ့ကြပူးလို့ ကျိန်တွယ်ပြောလည်း ဘယ်သူယုံနိုင်ကြမှာလည်း ဒါနဲ့ ဂေါ်ရယားလည်း လူလွတ်ဖြစ်လေတော့ ဒေါ်ပူလည်း ပေါက်တဲ့နဖူးမထူးတော့ဘူးဆိုသလို ဆုံးဖြတ်လိုက်ရတော့တာပဲ. . .ရှင်းပြီလား ”

“ ဟယ် . . .ဟား . . .ဟား . . .ဟား . . .ဟား ”





စသည့် မိန်းမအုပ်စုရယ်မောသံက ဆူညံပုံးလွှမ်းသွားလေတော့၏။

♛ ♛ ♛

“ လှဆန်းယဉ် ထောင်ချောက်မိပြီ ”

နောက်တစ်နေ့ညနေအချိန် ဆယ်နာရီအချိန်ခန့်တွင် ဘိုကြီးနှင့်ဂျပန်စစ်သားများ လှဆန်းယဉ်၏အိမ်သို့ ပြူးစားကြီးရောက်ရှိလာပြီး ဦးကောင်းဖံအား ကင်ပေတိုင်မှသတင်းအရ စစ်မေးရန်ဟူ၍ဆိုကာ ဖမ်းဆီးခေါ်ဆောင်သွားလေ၏။ လှဆန်းယဉ်မှာ ဖခင်ဖြစ်သူ၏အဖြစ်ကြောင့် မြို့လယ်ကင်ပေတိုင်ဌာနချုပ်သို့ ညချင်းလိုက်လံသွားခဲ့ရလေ၏။

လှဆန်းယဉ်နှင့်ဒေါ်ဆွဲမိ သောအိမ်မှဦးကံစိန်တို့ သုံးဦးသားမှာ သွတ်ဆူးကြိုးခတ်ကာ ကာရံထားသော ကင်ပေတိုင်ဝင်းအတွင်းသို့ ဝင်ခွင့်မရဘဲ အပြင်ဘက်မှရပ်လျက် စိတ်ပူပင်စွာ စောမျှော်ကြည့်နေရှာလေ၏။

ဂျပန်ကင်ပေတိုင်ဂိတ်အနီး မလှမ်းမကမ်းနေရာ၌ ရောက်သား



www.burmeseclassic.com

www.burmeseclassic.com



ဆင်းတုတော်သုံးဆူကို မိုခနောက်လုပ်၍ ဗိပါတိုင်ကိုပြတ်ကြီးနှင့် ရေနွေးအိုးတည်ထားသည်ကို စိတ်မချမ်းမြေ့စွာ တွေ့ရှိရလေတော့ရာ ဦးကံစိန်က စိတ်မကောင်းစွာဖြင့် . . .

“ အင်း . . . ပြောတော့ အာရှသာတူညီမျှကောင်းစားရေး အတွက် လာတာပါတဲ့ . . . ခုတော့ တွေ့ကရာ စိတ်မထင်ရင်မထင်သလို ပါး ရိုက်နှိပ်စက်၊ သာသနာတော်ကိုလည်း အလေးမထား၊ ဘုန်းတော်ကြီးတွေကိုလည်း ကားတွန်းခိုင်းလိုခိုင်း သူတို့ရာရှင်ရိက္ခာဆန်အိတ် ထမ်းခိုင်းလိုနိုင်းနဲ့ ဒုက္ခပေးနေကြလိုက်တာ . . . ခုလည်း ကိုကောင်းဖေကို ဘာအပြစ်ရှိလို့ ခေါ်နှိပ်စက်အုံးမယ်မသိပြန်ဘူး ”

ဟူ၍ ညည်းတွားပြောဆိုလေ၏။ တစ်ခဏမျှအကြာတွင် ကင်ပေတိုင်အတွင်းမှ ဂျပန်စစ်သားတစ်ဦးထွက်လာ၍ လှဆန်းယဉ် တစ်ဦးတည်းသာ ဝင်ခဲ့ရန်ပြောဆိုလျက် ခေါ်ဆောင်သွားလေ၏။ လှဆန်းယဉ်မှာ ဖခင်၏ဖောကြောင့် ဒေါ်ဆွဲမိနှင့်ဦးကံစိန်အား ဂိတ်ဝ၌ ထားရစ်ခဲ့ကာ ဂျပန်စစ်သားခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားရလေ၏။ ကင်ပေတိုင်စခန်းအတွင်းသို့ ရောက်ရှိသွားချိန်တွင် ဖခင်ဖြစ်သူအား ကုလားထိုင်တစ်လုံးပေါ်တွင် ကြိုးဖြင့်တုတ်နှောင်ထားသည်ကို တွေ့ရ၏။ ဖခင်နှင့်မလှမ်းမကမ်း ဖေးဘက်စားပွဲတစ်လုံးတွင် ဘိုးကြီးနှင့်အတူ ဂျပန်အမ်ပီ(ထောက်လှမ်းရေး) ဗိုလ်နာမူတာကိုပါ တွေ့ရှိရ၏။ ဘိုးကြီးက နာမူတာအား ဂျပန်အာသာဖြင့် . . .

“ ဟိုက် မာစတာ . . . သူတို့ကို ကျွန်တော်ပဲ အသေးစိတ်





စစ်ဆေးပါ့မယ် မာစတာ အနားယူပါ ”

ဟု ပြောဆိုလေရာ နာမူတာက . . .

“ ယော့ရှိ ကောင်းတယ်ကား ”

ဟူ၍ ပြောပြီး အပြင်ဖက်သို့ထွက်သွားလေ၏။

ဖခင်ဦးကောင်းဖေ၏မျက်နှာပေါ်တွင် ရိုက်နှက်ထိုးကြိတ်ခံထားရပုံ ပေါ်သော အညိုအမည်းများကို တွေ့လိုက်ရသည်ဖြစ်တော့ရာ လှဆန်းယဉ်မှာ စိတ်ထောင်းကနဲဖြစ်သွားရလေကာ . . .

“ ရှင်ဟာ တော်တော်ယုတ်မာတဲ့လူပဲ ကျွန်မအဖေဟာ ကောင်းရောင်းကောင်းဝယ်လုပ်စားတဲ့ ရိုးရိုးသားသားလူ . . . ကျွန်မကို ပိုင်ဆိုင်ချင်တဲ့စိတ်နဲ့ ခုလိုအညှိုးထားပြီး အဖေ့ကိုပြဿနာရှာတာ မဟုတ်လား ”

ဟု ဘိုးကြီးအား ဒေါသတကြီးပြောဆိုလိုက်လေ၏။ ဘိုးကြီးက လှဆန်းယဉ်၏ စွပ်စွဲချက်အား ပမာမခန့်စိုက်ကြည့်ရင်း ဟားတိုက် ရယ်မောလိုက်လေ၏။

“ ဟားဟား . . . ဟားဟား ဟုတ်သပေါ့ ယဉ်လေးရယ် . . . ချက်ဆိုနားခွက်က မီးတောက်သွားပဲ၊ ကိုတိုကြီးက ဦးလေးကို မနာစေ မကျင်စေချင်ပါဘူးကွယ် . . . ဒါက ဦးလေးအတွက် ယဉ်လေးစကား တစ်ခွန်းပဲ ပြောလိုက်ရုံပါပဲ . . . ဒါကတော့ ကိုတိုကြီးကို လက်ထပ်ပါ့မယ် ဆိုတဲ့ စကားလေးပါပဲ . . . ကဲ ပြောမယ်မဟုတ်လား ”

“ ထွီ . . . အမဲရိုးက ဟင်းအိုးမှအားမနာ သမီး ဒီကောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဘဝပဲ အနေရောက်ရောက် အလျှော့မပေးနဲ့ ”

ဟူ၍ ဦးကောင်းဖဲက ရဲရဲပြတ်သားစွာ တားဆီးပြောဆိုလိုက်လေ၏။ ဘိုကြီးက ဦးကောင်းဖဲဖက်သို့ မထိတထိဖြင့် လှည့်ကြည့်လိုက်ရင်း

“ ရှဦးကိုဖမ်းထားတဲ့အမှုဟာ ပေါ့သေးသေးတော့မဟုတ်ဘူး ဦးရဲ့. . .ဦးရဲ့ဦးကောင်းပုံဟာ ကျွန်တော်တို့မာစတာကြီးတွေရဲ့ နေဘုရင်နိုင်ငံတော်ကြီးကို ပုန်ကန်ခဲ့တဲ့ အင်္ဂလိပ်ဘက်တော်သား သူလျှိုဆိုတာ မမေ့နဲ့လေ. . .ဒီအမှုဟာ သေဒဏ်ကလွဲလို့ တစ်ခြားရွေးချယ်စရာမရှိတဲ့အမှုပဲ . . .ကျွန်တော်က ယဉ်လေးနဲ့ဦး သဘောမတူရအောင်ကလေကချေကောင်စားမဟုတ်ပါဘူး ဦးရယ်. . .နီပွန်မာစတာကြီးတွေရဲ့အားထားရတဲ့လက်ရုံးတစ်ဆူပါ ”

“ ဒီမှာ ကိုဘိုကြီး. . .ရှင်မယုတ်မာနဲ့နော် ရှင်ဒီလိုလုပ်လို့ကျမကိုရလည်း ရှင့်ဘဝအတွက် စိတ်ချမ်းသာရမယ်လို့ ရှင်တွက်ထားလား. . .ကျွန်မအဖေအသက်အတွက် ကျွန်မခန္ဓာကိုယ်ကို လဲလှယ်ရင်လဲလှယ်မယ်. . .ကျွန်မရဲ့ရင်ထဲက လိုလားတဲ့မေတ္တာတရားကိုတော့ရှင်သေတဲ့နေ့အထိ ရမှာမဟုတ်ဘူး ”

ဟု လှဆန်းယဉ်က ပြောလိုက်လေရာ. . .ဘိုကြီး၏ အဆီပြန်နေသော မျက်နှာကြီးမှာ ဝင်းလက်ပြုံးရွှင်သွားရပြီး. . .

“ ဒီလိုမှပေါ့ ယဉ်လေးရယ်. . .ကိုဘိုကြီးက ယဉ်လေးကိုရင်ခွင်ထဲပိုက်ထားရရင် ကျန်တာတွေ ဘာတွေမှမလိုတော့ဘူး. . .ဟဲဟဲ ဒါဆို ကိုဘိုကြီးကို လက်ခံပြီပေါ့နော် ”





“ သမီး. . .ဒီလိုချွေးမျိုးကို အရှုံးမပေးပါနဲ့သမီးရယ်. . .အဖေ အဲဒီအတွက် ဖြစ်ချင်တာဖြစ်စမ်းပါစေ၊ လူဟာ တစ်ခါပဲသေတာနှစ်ခါမသေရပါဘူးကွယ်. . .အဖေ့ကိုငဲ့ပြီး ငါ့သမီးဒီချွေးကောင်လက်ထဲမှာတစ်ဘဝလုံးသေနေရလိမ့်မယ် လက်မခံနဲ့သမီး ”

ဟူ၍ ဦးကောင်းဖဲက အံကြိတ်ကာ ရင်ခေါင်းသံကြီးဖြင့်အော်ဟစ်ဟန့်တားလေ၏။ လှဆန်းယဉ်ကမူ. . .

“ အဖေရယ် မတရားသဖြင့် အဖေ့အသက်ကို အဆုံးရှုံးမခံနိုင်လို့ သမီးဆုံးဖြတ်လိုက်တာပါ. . .သမီးကိုခွင့်လွှတ်ပါ အဖေ ”

ဟု ပြန်လည်ပြောကြားရင်း ငိုကြွေးရှာလေ၏။

“ ကဲပါ ယဉ်လေးရယ် ဦးအတွက် ဘာမှမပူနဲ့တော့. . .ဒါပေမဲ့ ဦးကို ညတွင်းချင်းပြန်လွှတ်ပေးလို့တော့ မဖြစ်ဘူး. . .မနက်ကျမှ ယဉ်လေးလာခဲ့ပေါ့၊ ဦးကိုလည်း ပြန်လွှတ်ပေးမယ်၊ ပြီးတော့ယဉ်လေးနဲ့ ကိုဘိုကြီးကိစ္စလည်း တစ်ခါတည်းစီစဉ်ကြတာပေါ့ ဟုတ်လား. . .ကဲ ညလည်းနက်နေပြီ ယဉ်လေးပြန်တော့ ”

ဟူ၍ ဘိုကြီးက ဝမ်းသာအားရဖြင့် ပြောလေ၏။ ဦးကောင်းဖဲမှာကား ဦးခေါင်းကြီးစိုက်လျက်ငုံ့ကာ မည်သို့မျှမပြောတော့ဘဲ မတုန်မလှုပ် ကျောက်ရုပ်ပမာ မလှုပ်မယှက်ရှိနေလေ၏။ လှဆန်းယဉ်ကစီးကျနေသောမျက်ရည်စများကို စိတ်တင်းကာသုတ်လိုက်ပြီး. . .

“ ကောင်းပြီလေ ကျွန်မ မနက်ကျလာခဲ့မယ်. . .ဒါပေမဲ့ကျွန်မအဖေကို တစ်ညလုံး ဒီပုံစံအတိုင်း ကြိုးနဲ့တုပ်မထားပါနဲ့ ”



www.burmeseclassic.com

www.burmeseclassic.com



ဟု လှဆန်းယဉ်က ပြောဆိုလေ၏။ ဘိုကြီးမှာ လှဆန်းယဉ်၏ စကားအတိုင်း လိုက်လျောစွာဖြင့် . . .

" စိတ်ချပါ ယဉ်လေးရယ် . . . ဦးက ကိုဘိုကြီးအတွက် မိတ်ဆွေတော်ရမယ့်သူပဲ . . . ဒီလိုမထားရက်ပါဘူး ကြိုးဖြေပေးပြီး ကိုဘိုကြီး အိပ်ခန်းထဲမှာ ကောင်းကောင်းအနားယူနိုင်းထားပါ့မယ် "

ဟူ၍ ပြောကြားသဖြင့် လှဆန်းယဉ်မှာ သက်ပြင်းတစ်ချက် ချကာ ထွက်ခွာသွားလေတော့၏။

♛ ♛ ♛





## " အစားထိုးမရသော ဆုံးရှုံးခြင်း "

နောက်တစ်နေ့နံနက် ကိုးနာရီခန့်အချိန်တွင် လှဆန်းယဉ်သည် ဒေါ်ဆွဲမိအား ထမင်းဆိုင်တွင်ထားရှိကာ ဂျပန်ကင်ပေတိုင်စခန်းသို့ တစ်ဦးတည်းထွက်လာခဲ့လေတော့၏။ ဖခင်ဖြစ်သူအား အသက်ကယ် ကျေးဇူးဆပ်ခွင့်အတွက် မိမိလုံးဝမျက်နှာမကြည့်ချင်သော မျက်နှာရှုံ ကားပြန် ဘိုကြီးအား မိမိ၏ခန္ဓာကိုယ်အား အပ်နှင်းရတော့မည်ဖြစ် လေ၏။ ယူကျုံးမရစိတ်ဖြင့် ယိုစီးကျလာသော မျက်ရည်တို့ကို လက်ဖဝါး ဖြင့်သုတ်လိုက်ပြီး မွေးသဖခင်၏မျက်နှာကိုသာ အစားထိုးမြင်ယောင်ရင်း လေးပင်သောခြေလှမ်းများဖြင့် တစ်ရွေ့ရွေ့လှမ်းလာခဲ့လေ၏။

အချိန်အတန်ငယ်ကြာခန့်တွင် လှဆန်းယဉ်မှာ ကင်ပေတိုင် စခန်းရှေ့သို့ ရောက်ရှိလာခဲ့ပြီဖြစ်၏။ ကင်ပေတိုင်စခန်းဝင်းတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်သားများ ရှုတ်ရှုတ်သဲသဲဖြင့် များပန်းခတ်မျှ ရှုံးရှုံးရှုံးရှုံးဖြ
သုတ်သုတ်ပြာပြာဖြစ်နေကြသည်ကို တွေ့ရလေရာ တစ်စုံတစ်ခုသော
အကြောင်းထူး ဖြစ်ပေါ်နေပြီဖြစ်ကြောင်း လှဆန်းယဉ် ခန့်မှန်းသိရှိလိုက်
လေ၏။ စခန်းဂိတ်ဝမှ ဂျပန်စစ်သား ကင်းသမားက လှဆန်းယဉ်အ
မြင်သည်နှင့်တစ်ပြိုင်နက် မတားဆီးတော့ပဲ လက်ဖြင့်ဇော့ယမ်းပြကာ
စခန်းအတွင်းသို့ဝင်သွားရန် အချက်ပြလေ၏။

လှဆန်းယဉ်လည်း နီးကပ်လာသော မိမိအစကဲကြွမှာအတွက်
စိတ်လေးလံစွာတွေးတောရင်း ကင်ပေတိုင်ရုံးအတွင်းသို့ ရောက်ရှိလာ
၏။ ကင်ပေတိုင်ရုံးရှေ့အခန်းတွင်း၌ ဘိုကြီးနှင့်ဂျပန်စစ်ဗိုလ်နာမှုတာ
မျက်နှာချင်းဗိုင်လျက် မျက်နှာမသာမယာဖြင့် ရှိနေကြသည်ကို တွေ့ရ
လှဆန်းယဉ်ကိုမြင်တွေ့လိုက်သည်နှင့် ဘိုကြီး ကပျာကယာထလာပြ
စိတ်မကောင်းသောဟန်ဖြင့် . . .

" ယဉ် . . . ယဉ်လေးရောက်လာပြီနော် . . . ယဉ်လေးအတွက်
ကိုဘိုကြီး စိတ်မကောင်းပါဘူး . . . မနက်အစောကြီးက အရုဏ်တက်
လောက်ကပဲ ဦးလေးဆုံးသွားတယ် "

ဟုရှုံ ဆီးကြိုပြောကြားလိုက်လေရာ . . .

" ရှင် . . . ဖေဖေဆုံးပြီ ဟုတ် . . . ဟုတ်ရဲ့လားဟင် . . .
ကျွ ကျွန်မရှင့်ကို ကတိပေးထားပြီးသားပဲ . . . ခုတော့ ကျွန်မအ
ဘယ်လို ဖြစ်ရတာလည်း အဟင့် . . . ဟင့် "

လှဆန်းယဉ်က ချုံးပွဲချငိုကြွေးရင်း ဘိုကြီးအား ပြစ်တင်ပြော





လေ၏။ ဘိုကြီး၏ ပြန်လည်ရှင်းပြပြောဆိုမှုကြောင့် လှဆန်းယဉ်မှာ
ဖခင်ဦးကောင်းဖုံ၏ ကံကြမ္မာဆိုးကို သိရှိခဲ့ရလေ၏။

ဦးကောင်းဖုံမှာ သမီးဖြစ်သူ၏ မိမိအတွက်အနစ်နာခံကာ
စွန့်လွှတ်မှုကို ဖြေမရနိုင်ပဲ သူ၏အသက်ကိုကယ်တင်လိုခြင်းကြောင့်
သမီးတစ်သက်တာ စိတ်ဆင်းရဲမှုမဖြစ်စေရန် ဘိုကြီး၏အခန်းတွင်း၌
အကြံယူကာစဉ်းစားပြီးနောက် မိုးသောက်အချိန်၌ အခန်းအတွင်း နံရံ
ထက်တွင်ချိတ်ဆွဲထားသော ဂျပန်ကင်ဒိုဓားမြှောင်ဖြင့် ရင်ဝအားထိုးစိုက်၍
မိမိကိုယ်ကို အဆုံးစီရင်သွားခဲ့ခြင်းဖြစ်၏။ လှဆန်းယဉ်မှာ ဖြေမဆည်
နိုင်ပဲ ပူဆွေးခြင်းကြီးစွာငိုကြွေးရင်း ဖခင်၏အလောင်းအား ကင်ပေတိုင်
မှတောင်းခံ၍ ကောင်းမွန်စွာသင်္ဂြိုဟ်လေ၏။ လှဆန်းယဉ်၏ ရင်နင့်ဖွယ်
ကောင်းလှသော အဖြစ်ဆိုးအတွက် ဦးကောင်းဖုံ၏ အသုဘပို့ဆောင်ရာသို့
တစ်မြို့လုံးပင်မကပဲ ရွာနီးချုပ်စပ်ရွာများကပါ လာရောက်ပို့ဆောင်ပေး
လေတော့ရာ ကြက်ပျံမကျဆိုစကားကဲ့သို့ စည်ကားခဲ့လေ၏။ ဦးကောင်းဖုံ
၏ ရက်လည်မတိုင်မီတစ်ရက်အလိုတွင် ဘိုကြီးရောက်လာ၍ လှဆန်းယဉ်
အား ဂျပန်ငွေစက္ကူတစ်ထပ်အား လှမ်းပေးရင်း . . .

" ဦးအတွက် ကောင်းမှုကုသိုလ်ပြုပေးဖို့ ကိုဘိုကြီးရဲ့ငွေကို
လက်ခံပေးပါ ယဉ်လေးရယ် . . . ဒီငွေဟာ ကိုဘိုကြီးရဲ့ သမာအာဇီဝ
ကျကျ ရှာဖွေထားတဲ့ငွေတွေပါ . . . ပြီးတော့ ဦးမရှိတော့ပေမယ့်လည်း
ယဉ်လေး ဘာမှအားမငယ်ပါနဲ့ ကိုဘိုကြီး ယဉ်လေးကို တစ်သက်လုံး
စောင့်ရှောက်သွားမှာပါ . . . ဒါပေမဲ့ ဦးကိစ္စပြီးလို့ အေးအေးဆေးဆေးမှ



www.burmeseclassic.com

www.burmeseclassic.com



ပါကွယ် ''

ဟု ပိုင်ပိုင်နိုင်နိုင်ဖြင့် ရယ်ပြီးတုတ်ပြီးပြောခိုလေ၏။ လုဆန်းယဉ်မှာ ဖခင်အတွက် ပူဆွေးသောကရောက်နေရချိန်ဖြစ်ရကား တွေတွေ ထူးထူး ဖက်ပြိုင်မပြောဆိုတော့ဘဲ ဘိုကြီး၏ငွေစက္ကူများအား ပြန်ပေးကာ . . .

" ကျွန်မစိတ်ထဲမှာ ထိခိုက်နေရတဲ့အချိန်မို့ ကျွန်မကို နားလည်ပေးပါ ကိုဘိုကြီး . . . ပြီးတော့ ကိုဘိုကြီးရဲ့ငွေတွေကို ပြန်ယူသွားပါ။ ဖေဖေ့အတွက်ရည်စူးပြီး ကုသိုလ်ပြုပေးဖို့က ဖေဖေစုဆောင်းထားခဲ့တဲ့ ငွေနဲ့ပဲ လုံလောက်ပါတယ်။ ကျေးဇူးပြုပြီး ကိုဘိုကြီးငွေကို လက်မခံပါရစေနဲ့ ''

ဟူ၍ လုဆန်းယဉ်က အလိမ္မာစကားဖြင့် ငြင်းဆန်လိုက်လေတော့ရာ ဘိုကြီးလည်း မတတ်သာတော့ဘဲ နှုတ်ဆက်ကာ ပြန်သွားလေတော့၏။ ထွက်ခွာသွားသော ဘိုကြီး၏နောက်ကျောပြင်အားကြည့်ရင်း ဆန်သည်ခင်မာကြည်က . . .

" တဏှာကောင်က . . . သူ့အတင်းအဓမ္မ လုဆန်းယဉ်ကို သိမ်းပိုက်ဖို့လုပ်လို့ ဦးလေးခုလိုအဖြစ်ဆိုးနဲ့ ကြုံတွေ့ရတာ ဒါကိုသူ့ပထွေး စက်နဲ့ လှည့်ထုတ်ပေးတဲ့ ပိုက်ဆံကိုပေးပြီး လုဆန်းယဉ်ကို ဖျားရည်နဲ့ ဝမ်းလာချတာ ဘာသမ္မာအာဇီဝလည်း ဟိုလူ့ဒုက္ခပေး ဒီလူ့ဒုက္ခပေးနဲ့ ပထွေးတွေကို ခြေအိတ်ပါလျှော်ပေးမတတ် လုပ်ထားပြီး ရတဲ့ပိုက်ဆံ သူ့ပဲပါးစပ်ကပြောထွက်သေးတယ် ထွီ . . . ကာလနာ သေချင်းဆိုး ''





ဟု မကျေမနပ်ပြောဆိုလိုက်လေ၏။ လုဆန်းယဉ်ကား မျက်နှာလေးညှိုးနွမ်းစွာဖြင့် ဖခင်၏ကိစ္စပြီးစီးသွားပါက ထပ်မံကျရောက်လာဦးမည်ဖြစ်သော ဘိုကြီး၏ဘေးရန်ကို စဉ်းစားကာ ရတက်မအေးနိုင်ရှာပဲ ရှိနေတော့၏။ ဘဲဥသည်မသောင်းစိန်ကလည်း . . .

" စိတ်မကောင်းဖြစ်တာတော့ ဖြစ်တာပေါ့ လုဆန်းယဉ်ရယ်၊ ဒါပေမဲ့ . . . စိတ်ရှုပ်ထွေးပြီး ဒီတိရစ္ဆာန်မျိုးဖျက် ရင်ခွင်ထဲတော့ဝင်ဖို့ စိတ်မကူးပါနဲ့ ညီမလေးရယ် . . . တတ်နိုင်ရင် ဒင်းရန်ကလွတ်အောင် တစ်ခုခုသာစဉ်းစားစမ်းပါ ''

ဟူ၍ လုဆန်းယဉ်အား နှစ်သိမ့်ပြောဆိုသဖြင့် မုန့်ဟင်းခါးသည် မတင်ပုက . . .

" အေး . . . ဟုတ်တယ်ညီမ ညီမမှာကြံထားတာများရှိရင် အစ်မတို့ကိုပြော၊ အတတ်နိုင်ဆုံးဝိုင်းကူညီမယ် . . . မသောင်းစိန်ပြောသလို ဒီလိုအမျိုးယုတ်လက်ထဲတော့ အရောက်မခံနဲ့ ''

စသည်ဖြင့် လုဆန်းယဉ်အား ဝိုင်းဝန်းဂရုဏာဖြင့် တားဆီးပြောဆိုကြလေ၏။ လုဆန်းယဉ်၏စိတ်၌ကား ဖခင်ကြီး မိမိအတွက် အသက်စွန့်သွားရခြင်းအတွက် အချည်းနှီးမဖြစ်ရစေရန် ဘိုကြီး၏ လက်တွင်းသို့ မကျရောက်စေရန် စိတ်ဆုံးဖြတ်ပြီးဖြစ်တော့ရာ . . .

" ကျေးဇူးတင်ပါတယ် အစ်မတို့ရယ် . . . လုဆန်းယဉ်လေး အဖေ့လို အသက်စွန့်ချင်စွန့်သွားမယ် ဒီဘဝတော့အရောက်မခံတော့ပါဘူး။ သူ့ကြောင့် ကျွန်မအဖေသေခဲ့ရတာ ကျွန်မလေ ဆုတောင်းနည်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရလို့ ဒီဘဝမှာ မိန်းမဖြစ်ရတာပါ။ ယောက်ျားလေးဆိုရင်တော့ ခုအချိန် ဆို ဒင်းအသက်ကို ပြန်ယူပြီးလောက်ပါပြီ ''

ဟု ပြန်လည်ပြောဆိုလိုက်လေတော့၏။

မှတ်ချက် – ဂျပန်များအုပ်စိုးသောကာလ၌ ဂျပန်ငွေစက္ကူများ ရိုက်လှည့်ထုတ်သော စက်ပါရှိလာ၍ ဌာနချုပ်အသီး သီး၌ လိုအပ်သလိုငွေစက္ကူအားရိုက်ထုတ်ကြပါသည်။ ထို့အတွက် ငွေစက္ကူတန်ဖိုးမှာ လွန်စွာတန်ဖိုးမဲ့၍ ဟောင်းနွမ်းသောဂျပန်ငွေစက္ကူများကို လက်သင့်မခံ ကြပဲ အသစ်ရိုက်နှိပ်သော ခေါက်ရိုးမကျိုးသေးသည့် ငွေစက္ကူရွက်အသစ်ကိုသာ ထောင်မလဲသဲကော်ပျ၍ တင်စားကာ လက်သင့်ခံရောင်းဝယ်ကြ၏။

♛ ♛ ♛





" ဗညတ်သွားဂျာတာဟ်သဏ်ဍါ . . . ဒေါ်ဆွဲမိ-ဆွဲမိဗြဲ "

ဦးကောင်းဖုံ ရက်မလည်မီညနေစောင်း၌ လူဆန်းယဉ်က မုန့်ဟင်းခါးချက်ရန်အတွက် အလုပ်အကိုင်ကူညီနေသော ဘဲဥသည် မသောင်းစိန်အား . . .

" မမသောင်းရယ် . . .ကျွန်မလည်း စိတ်သောကအရှိန်ရောက် နေတော့ သတိလစ်သွားမိတာ ခုမှသတိရတယ် . . .ဖေဖေ့ကိုသုသာန် ချတဲ့နေ့က အိမ်ကိုလိပ်ပြာခေါ်မထားလိုက်ရဘူး . . .အဲဒါ မနက်ကျ တရားနာဖို့ ဘယ်လိုလုပ်ရင်းကောင်းမလဲဟင် ''

လူဆန်းယဉ်၏စကားကြောင့် ဘဲဥသည်မသောင်းစိန်ပါမကပဲ ကြက်သွန်ခွာ၊ စပါးလင်လှီးနေကြသည့် မုန့်ဟင်းခါးသည်မဒေဝပု ကုန်စိမ်း သည်ဒေါ်ခွေးမ၊ ဆန်သည်မခင်မာကြည် တို့ပါ လွန်စွာအံ့အားသင့်သွား

www.burmeseclassic.com



ကြရလေ၏။

" ဟဲ့...ညီမရယ် ညည်းဟာက ဒုက္ခပါပဲဟယ် အသွား

ကထဲက အဲဒီကသစ်ကိုင်းလေးကို ဦးလေးနာမည်ခေါ်ပြီး အိမ်ကိုပူလာ

တာ...ပူလာတဲ့လူက လမ်းမှာ သုသာန်ဖက်နောက်ပြန်မကြည့်ရဘူ

နောက်လမ်းမှာ ဘယ်သူ့ကိုမှစကားမပြောရဘူး။ အိမ်ရောက်တာ

ခေါင်းရင်းမှာ သူ့ကိုနေရာလေးလုပ်ပြီး သူ့အကြိုက်ချည်ဖြန့်ခင်

အဲဒီပေါ်မှာတင်ထားရတယ်။ ရက်လည်လို့ သံဃာတွေဆွမ်းကပ်

တရားနာအမျှပေးပြီးမှ နေဝင်ဖြိုးဖျအချိန်မှာ ရွာတော်ရှင်မြို့တော်

နတ်ကွန်းမှာ သွားအပ်ပြောဆိုပြီး ထားခဲ့ရတာ...ခုတော့ အဲဒ

မလုပ်မိဖူးလားဟယ် "

ဟု ကုန်စိမ်းသည်ဒေါ်ခွေးမက မေးမြန်းလိုက်လျှော...

လှဆန်းယဥ်က

" ပြောမပြောချင်ပါဘူး ဒေါ်လေးရယ်...အဲဒါလုပ်

အပ္ပနား က့ အရက်ဖိုးပေးပြီးခိုင်းခဲ့ပါတယ်...ကိုယ်တော်ချော

သစ်ကိုင်းနဲ့ ခေါ်လာရင်း မြို့ဝင်က ကိုမြင့်သန်းဘုံဆိုင်မှာ ဝင်မော့

မူးမူးနဲ့ သောက်ဖော်စားဖက်တွေနဲ့ ဖောင်ဖွဲ့ပြီးစကားပြောလိုက်တာ ညှ

တော်တော်ကြာမှ သတိရလာတယ်။ ဒါနဲ့ စကားပြောရင် လိုက်

လာဘူးဆိုပြီး လွှင့်ပစ်လိုက်တယ်တဲ့...ကျွန်မတို့အိမ်ကိုလည်း မလာ

တော့ပဲ သူ့ဆူမှာစိုးလို့ ရှောင်နေလေရဲ့ "

ဟူ၍ လှဆန်းယဥ်က ရှင်းပြလိုက်သဖြင့် ဒေါ်ခွေးမက စိ





ယောက်မသာဖြင့်...

" ဒုက္ခပါပဲတော် မြွေပွေရာကင်းမှောက်ဆိုသလို ဒီလောက်ပူဆွေး

သောကရောက်နေရတဲ့ကြားထဲ ဒီကုလားကာလည်းတစ်ပေါင့်၊ ကဲ...

ဒါဆိုရင် ခုနွားရိုင်းသွင်းချိန်မှာ ဦးလေးမြေပုံပေါ်က ပန်းခြောက်လေး

တစ်ညွှန့်ဖြစ်ဖြစ် တစ်ခက်ဖြစ်ဖြစ်သွားယူပြီး အိမ်ခေါ်လာခဲ့ပေတော့။

အဲဒါတစ်ယောက်တည်း သွားခေါ်ရမယ်နော်...ဘယ်သူ့လွှတ်လိုက်

မလဲ "

ဟု ဒေါ်ခွေးမက အကြံပေးလေ၏။ လှဆန်းယဥ်မှာ စဥ်းစား

လိုက်ပြီး...

" ဘယ်သူ့မှမခိုင်းတော့ပါဘူး ဒေါ်လေးရယ်...ကျွန်မ

ကိုယ်တိုင်ပဲ သွားပါတော့မယ်...မတော်ထပ်အဲသလိုဖြစ်နေရင်

ဖက်နေ ဦးမယ်၊ ခုပဲကျွန်မသွားမယ် "

ဟူ၍ လှဆန်းယဥ်က ပြောဆိုလျက် နေရာမှထလိုက်ကာ

သုသာန်သို့သွားရန် ပြင်ဆင်လေ၏။ ဘဲဥသည်မသောင်းစိန်က...

" ဟဲ့...ညည်းမသွားနဲ့လေ ဒီမှာက အလုပ်အကိုင်အတွက်

ပစ္စည်းကာတွေထုတ်ပေးဖို့တွေရှိရင် ညည်းရှိနေမှဖြစ်မှာပေါ့။ ကဲပါအေ..

မတင်ပု ညည်းလှဆန်းယဥ်အစား သွားခေါ်ပေးလိုက်စမ်းပါလား "

ဟု မသောင်းစိန်က မှန်ဟင်းခါးသည်မတင်ပုအား အကူအညီ

တောင်းရင်း ခိုင်းစေလိုက်လေရာ...

" အမယ်လေး...မမသောင်းစိန်ရယ် အဲဒီကိုလွှတ်မဲ့အစား



www.burmeseclassic.com

www.burmeseclassic.com



ကင်ပေတိုင်းကိုပဲ ပို့လိုက်ပါတော့။ ဟိုရောက်တာနဲ့ ဦးလေးကိုမခေါ်ရသေးခင် ကျွန်မကို သချိုင်းကသရဲတွေက တစ်ခါထဲလိပ်ပြာနှုတ်သွားမှာ. . . အမယ်လေး နတောင်ပြောရင်းကြက်သီးတွေထလာတယ်၊ မ . . . မလုပ် ပါနဲ့ရှင် ”

မအောင်ပုက ကပျာကယာမျက်စိမျက်နှာပျက်ဖြင့် လက်တခါခါခေါင်းတယမ်းယမ်းဖြင့် ငြင်းဆန်လေ၏။ မသောင်းစိန်မှာ မတင်ပုလက်မခံသည့်အတွက် မည်သူ့ကိုနိုင်းရန်းနိုးဖြင့် ဝေ့ဝဲကာကြည့်ရှုရှာဖွေလေရာ ဆန်သည်ခင်မာကြည်က . . .

“ အားလုံးကတော့ မဟာဗန္ဓုလရဲ့မြေးတွေမို့ နိုင်းဖို့မစဉ်းစားပါနဲ့ မမသောင်းစိန်ရယ် . . . ဒီတော့ မမသောင်းစိန်မှာ မျက်လုံးကြီးပြူးသွားပြီး . . .

“ အလိုတော် မသွားရပါစေနဲ့ . . . အိမ်ကဟာကြီးခုံးသွားတုံးကသူ့ဓာတ်ပုံရှိဘဲ ခေါင်းရင်းတောင် မထိုင်ရဲလို့ ဓာလုံးတို့ ကြည်အောင်တို့ပိုကာဝိုင်းနေ။ တစ်ညလုံးကပ်ထိုင်နေရတာ . . . အိပ်ယာထဲလည်း ဝင်မအိပ်ရဘူး။ သူကရောက်နေလို့ ကိုယ့်ကိုခွလိုက်တော့ ဘယ်လိုလုပ်မှာလဲ၊ တခါခါတည်း ကျူပ်ပါအသက်ထွက်သွားမှာ . . . ပြီးတော့ ညသန်းခေါင်လည်းကျော်ရော ဖိုင်းဘေးကနေ အမှတ်တမဲ့ သူ့ဓာတ်ပုံကို အမှတ်တမဲ့လှမ်းကြည့်လိုက်မိတာ . . . လားလား ဖိုင်းထဲကလူတွေကို မကြည့်ဘဲ ကျူပ်တစ်ယောက်တည်းကို ကြည့်နေသလိုပဲ . . . ဒါနဲ့ နေရာ ရွှေ့ပြီး အိမ်အလယ်ခန်းအဝင်အဝကို နေရာပြောင်းထိုင်ပြီး





လှမ်းကြည့် လိုက်တော့လည်း ကျူပ်ကိုပဲလိုက်ကြည့်နေတာတော်၊ ဒါနဲ့ အဲဒီသူ့ပုံကြီး ဖက် မလှည့်ဖြစ်အောင် ဖိုင်းထဲပဲအာရုံစိုက်ပြီး ထိုင်ကြည့်နေရတာ။ ညအိမ်သာတက်ချင်တာတောင် မတက်ဝံ့လို့အောင့်ထားရတာ။ ကြက်သီး တွေထ၊ ပေါင်တွေတင်ပါးတွေတောင် တုန်တက်လာတယ်။ ညတိုင်း မသေခင်က သူမီးခွက်နဲ့လိုက်ပို့နေကျ . . . အိမ်သာရှေ့မှာ မလှမ်းမကမ်း ထိုင်ပြီး မပြီးသေးဘူးလားကွလို့ မေးတတ်တာ . . . အိမ်သာသွားလို့ ရှေ့ကနေ မပြီးသေးဘူးလား လို့များမေးရင် ကျူပ်လည်း အိမ်သာထဲတင် အသက်ပါပါသွားမယ် ထင်တယ် . . . မလုပ်ကြပါနဲ့ဟယ် ငါကကြောက်လို့ပါ ”

ဟု၍ မသောင်းစိန်က ရှင်းပြငြင်းဆန်လေရာ အလုပ်ကူနေသော မိန်းမတစ်စုလုံး ခွက်ထိုးခွက်လန်ရယ်မောကြလေ၏။ မလှဆန်းယဉ်လည်း မနေသာတော့ပဲ ရယ်မိရင်း . . .

“ ကဲပါ . . . ကျွန်မကိစ္စမို့ ကျွန်မပဲသွားပါ့မယ် ”

ဟုပြောရင်း သွားရန်ပြင်စဉ် ဒေါ်ဆွဲမိက . . .

“ နေပါတူမရယ် . . . ဒီမှာက အားလုံးလိုတာရှိလာရင် တူမရှိမှ ဖြစ်မှာ . . . အဒေါ်ဆွဲက မကြောက်တတ်ပါဘူး။ ဒေါ်ဆွဲသွားပါ့မယ် ဝါ့တူမနေခဲ့ ”

ဟု၍ လှဆန်းယဉ်အား တားဆီးကာ ဒေါ်ဆွဲမိသည် သုသာန်ဖက်သို့ ထွက်သွားလေတော့၏။

ထိုသို့ဆွဲမိထွက်သွားပြီး လှဆန်းယဉ်နှင့်ကျန်လူများမှ ပဲပြုတ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ငါးအသားနှင်ခြင်း၊ ဂျင်းနှင့်စပါးလင်ထောင်းခြင်း၊ မြေပဲဆန်ထောင်းခြင်း၊ ကြက်သွန်ဆီသတ်ခြင်း အစရှိသည်တို့ကို လုပ်ကိုင်ကြရင်း ဒေါ်ဆွဲမိအား သတိမေ့လျော့ကာ ရှိကြလေ၏၊ ညအတော်ပင်မှောင်သော အချိန်ကျမှပင် ဒေါ်ဆွဲမိသည် လှဆန်းယဉ်၏အိမ်သို့ ပြန်ရောက်လာလေ၏။ ဒေါ်ဆွဲမိ၏မျက်နှာမှာ လွန်စွာရွှင်ပျလျက် ထူးခြားစွာရှိနေသည်ကို တွေ့ရလေရာ . . .

" ကြီးကြီးရယ် မှောင်နေပါရောလား . . . ဘာဖြစ်လို့ကြာနေတာလဲ "

ဟု လှဆန်းယဉ်က မေးမြန်းလိုက်လေ၏။ ဒေါ်ဆွဲမိမှာသောဘယ်ညာသို့ အကဲခတ်ဝေ့ကြည့်လိုက်ပြီး လှဆန်းယဉ်အနားသို့ ကပ်ခါ တိုးညင်းစွာ လေသံသဲ့သဲ့ဖြင့်ပြောဆိုလေ၏။

" ကဲပါတူမရယ် . . . လုပ်စရာကိုင်စရာရှိတာကို ပြီးပြတ်အောင် လုပ်ကြပါစို့ . . . နောက်ကိစ္စဝိစ္စ မနက်ပြီးစီးတော့မှ အင်မတန်အရေးကြီးတဲ့အကြောင်း ကြီးကြီးပြောပြပါ့မယ် . . . ကဲ ကြီးကြီး ညည်းအဖေကို တရားနိုင်သာမှုခေါ်နိုင်အောင် ခေါ်လာပြီးပြီ . . . သူ့နေရာမှာသွားထားလိုက်ဦးမယ် "

ဟူ၍ သွက်လက်ဖျတ်လတ်စွာ ပြောဆိုကာ ဝင်သွားလေ၏။ နံနက်စောစောအချိန်၌ ဖခင်ကြီးအတွက် သံဃာတော်များအား ဆွမ်းကပ်လှူခြင်း၊ လာရောက်လှူပရိသတ်များအား ဧည့်ခံကျွေးမွေးခြင်း၊ စသည့် အပြင် အိုးများ၊ စားပွဲများ တိုက်ချွတ်ဆေးကြော၍ ပြန်လည်အပ်နှံခြင်း





တပ်ိရက်ကိစ္စများ ပြီးစီးကြပြီးနောက် ညဖက် ညောင်းညာပင်ပန်းကြသည် ဖြစ်ရာ အိမ်ရှေ့ခန်း၌ ဖျာချောခင်းလျက် တုံးလုံးလှဲကြလေ၏။ ဒေါ်ဆွဲမိမှာ လှဆန်းယဉ်အား . . .

" တူမရေ . . . ကြီးကြီးတော့ လူတစ်ကာမသွားဖူးတဲ့သချိုင်းကို သွားခဲ့မိလို့ မရှုယ်ပဲ စော်ကဲမင်းဖြစ်ကိန်းကြုံခဲ့ရပြီ တူမရဲ့ . . . ဘယ်သူမှ မသိစေနဲ့၊ ကြီးကြီးနဲ့ငါ့တူမကြီးတို့ ကံပဲကွဲ့ "

ဟု တီးတိုးပြောဆိုရာ လှဆန်းယဉ်က လွန်စွာအံ့ဩသွားရလေကာ ဒေါ်ဆွဲမိအား စေ့စေ့စိုက်စိုက်ကြည့်ရင်း . . .

" ကြီးကြီး စိတ်မှန်မှန်ထားပါနော် . . . ဘုရားအာရုံပြုလိုက်ပါလား . . . ဘာတွေပြောနေတာလဲ ကြီးကြီးရယ် "

ဟူ၍စိုးရိမ်တကြီးဖြစ်ကာ ပြောလိုက်လေ၏။ ဒေါ်ဆွဲမိက . .

" ကြီးကြီး ဘာမှမဖြစ်ပါဘူး သမီးရယ် . . . ကြီးကြီးတကယ် ပြောတာ . . . နေဦးခဏ "

ပြောပြောဆိုဆိုဖြင့် ဒေါ်ဆွဲမိထိုင်ရာမှထ၍ အိမ်နောက်ဖေးခန်းသို့ ထွက်သွားပြီး ခဏမျှအကြာတွင် ကတ္တီပါအိတ်အနက်ရောင် ပိုးသားအိတ်ရှည်တစ်အိတ်အား လှဆန်းယဉ်၏ရှေ့သို့ ယူဆောင်လာကာ ချပြလိုက်လေ၏။

" ဒီမှာတွေ့လား သမီး . . . ဒီအိတ်ကိုဖွင့်ကြည့်စမ်း၊ အိတ်ထဲမှာ ဘာတွေလဲလို့ "

လှဆန်းယဉ်လည်း ဒေါ်ဆွဲမိပြောဆိုသည့်အတိုင်း အိတ်ရှည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်၍ ကြည့်ရှုလေရာ တစ်ဖိတ်ဖိတ်တောက်နေသော စိန်ပွင့်များအား တွေ့ရလေတော့၏။

" ဟင် . . . စိန် . . . စိန်တွေပါလား ကြီးကြီးရယ်။ ဒီ . . . ဒီဥစ္စာ ကို ဘယ် . . . ဘယ်လိုလုပ်ပြီး "

လှဆန်းယဉ်မှာ တန်ဖိုးထိုက်လှစွာသော စိန်များကိုကြည့်ရင်း ထစ်ငေါ့စွာ စကားပင်ဖြောင့်အောင်မဆိုနိုင်တော့ဘဲ ရှိရလေတော့၏။ ဒေါ်ဆွဲမိက . . .

" ဒီလို သမီးရဲ့ . . . ကြီးကြီးလည်း သမီးကိုယ်စား အစ်ကိုကြီးအတွက် ဆောင်ရွက်ပေးဖို့ မြို့ပြင်ကသင်္ချိုင်းကို သွားရတာပေါ့။ ဟိုရောက်တော့ အစ်ကိုကြီးမြေပုံပေါ်က ပန်းညွှန့်လေးကို အစ်ကိုကြီး နာမည်တခေါ်လိုက်ရင်း အိမ်ကိုကုသိုလ်လုပ်ဖို့ ပြန်လိုက်ခဲ့ဆိုပြီး ခေါ်လို့ ပြန်လှည့်အလာမှာ ဖြုန်းဆို ကြီးကြီးလိပ်ပြာလွင့်သွားပြီလို့တောင် ထင်လိုက်ရတယ် . . . ကြီးကြီးတွေ့လိုက်ရတာကတော့ မျက်လုံးနှစ်လုံးက ရဲရဲကြီးနဲ့ နှာခေါင်းကြီးကလည်းကြီးကြီး မျက်နှာနဲ့လက်တစ်လှမ်းလောက် ပါးစပ်ထဲကအစွယ်ကြီးကလည်း ချွန်ထက်ပြီး အသဲတုန်သွားလောက်အောင်ပါပဲ . . . သူ့ပါးစပ်ထဲက လျှာကလည်းတစ်လစ်တစ်လစ် လုပ်နေတာများ မကြောက်တတ်ပါဘူးဆိုတဲ့ ကြီးကြီးတောင် အသက်ရှူဖို့ မေ့သွားတဲ့အထိပါပဲ . . . သူ့ကိုယ်လုံးပတ်က ဝါးတိုးဝါးထက်တောင် သာနေမလားလို့ထင်ရတယ် . . . နည်းနည်းနောနော ငန်းမြွေကြီးမဟုတ်ဘူး သမီးရဲ့ နှာမှုတ်သံတရှဲရှဲနဲ့ ကြီးကြီးကိုပေါက်တော့မယ်လုပ်နေတာ ကြီးကြီး





လည်း သတိဝင်ဝင်ချင်း သင်္ချိုင်းအစပ်ကြခတ်တောထဲရောက်မှာ ကြီးကြီးပြေးလာရင်း ဟိုက်ကနဲအသဲအေးသွားပြီး မြေကျွံလို့ ကျင်းဟောင်းကြီးထဲရောက်တာနဲ့ ထိုင်ချလိုက်ပြီးတော့ အသက်ကို ပြင်းပြင်းတောင်မရှူဝံ့ဘဲ အသာလေးငြိမ်လို့ ငန်းမြွေကြီးအသံကို နားစွင့်နေမိတယ်။ အပေါ်ဖက်က ဘာသံမှမကြားရတော့မှ ကြီးကြီးလက်ထောက်ထားမိတဲ့ လေးထောင့်တုံးအုတ်ခဲလိုလို ဘာလိုလိုပစ္စည်းကို သတိပြုမိလို့ မြေကြီးတွေဖယ် သေချာသန့်ပြီးကြည့်လိုက်တော့ ကျွန်းနဲ့လုပ်ထားတဲ့ လေးထောင့်ရှည်ရှည် သေတ္တာလေးဖြစ်နေတာကို တွေ့ရတော့တယ်။ ဒါနဲ့ သေတ္တာလေးအပေါ်မှာ တရုတ်စာတွေတွေ့ရတာကြောင့် စိတ်ဝင်စားပြီး သေတ္တာကိုဖွင့်ကြည့်တော့ သော့ခတ်ထားလို့ ဖွင့်မရဘူး။ ကြီးကြီး နင်းထားတဲ့ ခြေထောက်အောက်ကိုကြည့်လိုက်မိတာ . . . တရုတ်တိုက်ပုံ အနွေးကြီးနဲ့ အရိုးစုကြီးတစ်ခု နှုတ်ခမ်းမွေးထဲက ခေါ်ထွက်နေတဲ့ ရွှေသွားကြီးတွေဟာ ပြုံးပြနေသလိုလို စကားပြောတော့မလိုလိုပါပဲ သမီးရယ်။ ဒါဟာ တရုတ်အလောင်းဆိုတာ ခန့်မှန်းမိမိခြင်းပဲ ကြီးကြီး အပျိုဖော်မဝင့်တဝင်အချိန်က ကြီးကြီးအဖွားဒေါ်ဥနဲ့ တရုတ်အသုဘ လိုက်ပို့ဖူးတာကို ချက်ချင်းအမှတ်ရလိုက်မိတယ်။ အဲဒီတုံးက မန္တလေးက အရမ်းချမ်းသာတဲ့ တရုတ်သူဌေးကြီးတစ်ယောက် ရန်ကုန်ကိုဆေးကုဖို့ သွား ကြီးကြီးတို့မြို့လေးနားမှာ ကားမှောက်ပြီးသေသွားနဲ့လို့ သူ့မိန်းမနဲ့ မိသားစုတွေလိုက်လာကြလို့ ဒီမြို့မှာပဲသင်္ဂြိုဟ်သွားကြတာ ကြီးကြီးတို့ တစ်မြို့လုံး လိုက်ပို့ခဲ့ကြတယ်လေ။ တရုတ်သူဌေးကြီးရဲ့ အသုဘမို့လို့လား



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး ကြီးကြီးမှတ်မိသေးတယ်သမီးရဲ့ ဘင်တွေခရောိုင်းတွေ၊ ကားတွေ
နဲ့ခေါ်လာပြီး ငါးကြမ့်မှတ်ကြနဲ့ ပြီးတော့ အရောင်မျိုးစုံအလံတွေ ကုက္က
တွေ ကြက်လျှာတွေလည်း လူတွေအများကြီးကိုင်ထားပြီး အဲဒီလောက်
စည်တဲ့အသုဘကို ကြီးကြီးနအရွယ်ရောက်တဲ့အထိ မမြင်ဖူးတော့ပါဘူ
ကွယ်။ ဒါကို သတိပြန်ရတာနဲ့ ဒီတရုတ်သူဌေးကြီး မြှုပ်ထားတဲ့မြေ
ကျင်းပဲလို့ ကြီးကြီးသိပြီး ကျင်းပေါ်ကို ကျွန်းသေတ္တာကိုပိုက်လို့ အတင်း
တွယ်တက်ခဲ့ရတော့တယ် ''

ဟု ဒေါ်ဆွဲမိက ရှည်လျားစွာပြောဆိုရှင်းပြလေ၏။ ထို့နောက်
ဆက်လက်ပြောဆိုပြန်၏။

'' ဂျင်းပေါ်လည်းတက်မိရော မြေကြီးအခြေအနေကို အကဲ
ခတ်ကြည့်လိုက်တော့ ဘာမှလှုပ်လှုပ်ရှားရှား မတွေ့ရတာကြောင့်
စိတ်အေးသွားရပြီး ခပ်သွက်သွက်သချိုင်းထဲကထွက်လာခဲ့ပြီး ဦးရဲထွန်း
ပန်းပဲဖိုမှာ တူနဲ့ဆောက်ခဏဝင်ငှားပြီး မြို့စွန်ကွင်းစပ်ခြုံထဲမှာ ကျွန်း
သေတ္တာကို ထုနှက်ဖွင့်ခဲ့တာ တော်တော်ဖွင့်ယူရတယ် သမီးရေ။ လက်
လည်းကျ လက်ဆုံတွေလည်းအောင့်တော့မှ ပွင့်သွားတယ်။ သေတ္တာ
တံခါးဖွင့်လိုက်တာနဲ့ ဒီကတ္တီပါအိတ်နဲ့ ဒီပစ္စည်းတွေကို တွေ့ရတော့တာ
ကြီးကြီးလည်း အရမ်းဝမ်းသာပြီး သမီးဆီ ခုလိုတစ်ခါတည်းပြောလာ
တာပါပဲကွယ် ''

ဟူ၍ ပြောဆိုလေ၏။

'' ဒါဆို ကြီးကြီးရယ် . . . ဒီစိန်တွေက ''





လုဆန်းယဉ်က ပြာပြာသလဲမေးမြန်းမိလေတော့ရာ ဒေါ်ဆွဲမိက
လက်ကာပြကာ အပြုံးဖြင့် . . .

'' ဒါဟာ တရုတ်တွေရဲ့ ရှိုးရာထုံးတမ်းစဉ်လာအရ သေသွားတဲ့
သူဌေးကြီး နောက်ဘဝမှာပြည့်စုံပြီး ချမ်းသာတဲ့မှုကင်းအောင် ခုလိုပစ္စည်း
တွေထည့်ပေးလိုက်တဲ့ ပစ္စည်းတွေပေါ့သမီးရယ် ''

ဟု ဒေါ်ဆွဲမိက ရှင်းပြတော့မှ လုဆန်းယဉ်မှာ သဘောပေါက်
သွားရပြီး ဝမ်းသာစွာဖြင့် . . .

'' ဒါဆို ပုံသကူပစ္စည်းတွေပေါ့ ကြီးကြီးရယ်၊ ကြီးကြီးတော့
ဆင်းရဲတော့ဘူး ဝမ်းသာလိုက်တာ ကြီးကြီး . . . သမီးသိပ်ဝမ်းသာ
တယ် ''

ဟူ၍ ပြောဆိုသဖြင့် ဒေါ်ဆွဲမိက လုဆန်းယဉ်အား ပြုံးရွှင်စွာ
ကြည့်ရင်း . . .

'' ကြီးကြီးလည်း ဝမ်းသာတာပေါ့ကွယ် . . . ဒါပေမဲ့ ဒီပစ္စည်း
တွေကို သေဖို့နီးနေတဲ့ကြီးကြီးက ဘာလုပ်ရမှာလဲ၊ ရောင်းချထုခွဲပြီး
ကျွမ်းမယ်တန်းမယ် တစ်ဝက်ကတော့ ခွေမ့်မျိုးမဲ့ကြီးကြီးကို လက်ခံစောင့်
ရှောက်ခဲ့တဲ့ သမီးအတွက်ပါပဲ သမီးရယ် ''

ဟု ဒေါ်ဆွဲမိက ပြောဆိုလိုက်လေတော့၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## " စိန်ဖေဒါလက်စွပ်ပြခြင်း "

ဦးကောင်းဖဲ့ ရက်လည်ပြီးနောက်တစ်နေ့နံနက်အချိန်၌ ဈေးအတွင်း ရောင်းသူဝယ်သူများနှင့် စည်ကားလျက်ရှိနေချိန်၌ စကားပြ ဘိုကြီးသည် ကင်ပေတိုင်စခန်းအဝယ်တော် လှမောင်နှင့်အတူ ဈေးသို့ ရောက်ရှိလာလေ၏။

ဘိုကြီးမှာ အဝယ်တော်လှမောင်နှင့်လိုက်ပါပြီး ဂျပန်စခန်း တစ်ခုလုံး စားသောက်ရန်အတွက် ဈေးဝယ်ကြခြင်းပင်ဖြစ်ပြီး ဈေးရှေ့ရှိ လှဆန်းယဉ်ဆိုင်ပြန်ဖွင့်ပြီမှာ ထင်မှတ်ကာ လှဆန်းယဉ်အား တွေ့ဆုံနိုင် ရန် အကြောင်းရှာလိုက်ပါလာခြင်းပင်ဖြစ်၏။ လှမောင်ဈေးဝယ်နေစဉ် အချိန်၌ ဘိုကြီးမှာ လှဆန်းယဉ်၏ဆိုင်ရှိရာသို့ ရောက်ရှိလာလေ၏ သို့ရာတွင် လှဆန်းယဉ်၏ဆိုင်အတွင်း၌ လှဆန်းယဉ်အားမတွေ့ရှိရဘဲ





လက်တလော ဘဝပြောင်းလဲသွားသော သူဌေးလက်သစ် ဖိုးမောင်အား တွေ့ရှိရလေ၏။ ဘိုကြီးက. . .

" လှဆန်းယဉ်ကော မတွေ့ပါလား. . .ဘယ်ကိုသွားလို့လဲ"

ဟု မေးမြန်းလေရာ ဖိုးမောင်က. . .

" လှဆန်းယဉ်က ဆိုင်မထွက်တော့ဘူး. . .ဒီဆိုင်က ကျုပ် ဆိုင်ဖြစ်သွားပြီ "

ဟု၍ ပြန်လည်ပြောဆိုလိုက်လေ၏။ ဘိုကြီးမှာ ဖိုမောင်စကားကို နားမရှင်းပဲ ထပ်မံမေးမြန်းပြန်လေ၏။

" ဘာပြောတာလည်းကွ. . .ယဉ်လေးဆိုင်မဟုတ်တော့ဘဲ မင်းဆိုင်ဘာလို့ဖြစ်သွားရတာလဲ "

" လှဆန်းယဉ်က ဒီဆိုင်ကိုဆက်ထွက်ဖို့ ကျုပ်ကိုလွှဲပေးခဲ့ပြီးပြီ။ ကျုပ်က ဖောက်သည်တွေမပျက်ဘဲ ဆက်ရောင်းကောင်းအောင် ကျုပ် သူနာမည်နဲ့ပဲ ဆက်ဖွင့်တာ "

ဟု ဖိုးမောင်က ရှင်းပြလိုက်သဖြင့် ဘိုကြီးမှာ လွန်စွာစိတ်ပူပန် လာရလေရာ လှဆန်းယဉ်၏နေအိမ်ရှိရာသို့ သုတ်သုတ်ပျာပျာဖြင့် လျင်မြန် စွာသွားလေ၏။ လှဆန်းယဉ်၏အိမ်သို့ရောက်ရှိသွားရာ၌ အိမ်ခြံတံခါးနှင့် အိမ်တံခါးပေါက်တို့အား လွန်စွာခိုင်ခံ့လှသော အာမခံကြေးသော့ခလောက် ကြီးဖြင့် ခတ်ထားသည်ကိုတွေ့ရပြန်၏။

ဘိုကြီးမှာ ဖွတ်မရ ဓားမ,ဆုံး ဆိုရိုးအလား လှဆန်းယဉ်အား မပိုင်ဆိုင်ရဘဲ ရုတ်တရက် ခြေရာပျောက်သွားသည့်အတွက် ကြိတ်မနိုင်

www.burmeseclassic.com



ခဲမရ ဖြစ်သွားခဲ့မိတော့ရာ ဘေးအိမ်နီးချင်းများကို မေးမြန်းသော်လည်း တိကျစွာမသိရှိသည့်အတွက် လုံလောက်သတင်းအား မရရှိပဲ လမ်းစပျောက်နေရလေ၏။

သို့ရာတွင် ကောက်ကျစ်ပါးနပ်သူပီသစွာ ဂျပန်ဗိုလ်နာမူတာအား အမြန်ဆုံး အပြေးအလွှားသတင်းပို့လေတော့၏။

" ဗိုက်. . .မာစတာ ဟိုတစ်လောက ဆူဆိုက်လုပ်သွားတဲ့ အင်္ဂလိပ်သူလျှိုရဲ့သမီး ဒီမြို့ကထွက်ပြေးသွားပါတယ်. . .ကျွန်တော်သိရသလောက်ကတော့ သူ့အဖေသေတာကို မကျေနပ်လို့ မာစတာတို့ကိုပုန်ကန်ပြီး ဒီမြို့ရဲ့သတင်းတွေပေးနိုင်ဖို့ အင်္ဂလိပ်တပ်ရှိတဲ့ အိန္ဒိယနယ်စပ်က အင်ဖာကိုသွားတာပဲလို့ စုံစမ်းသိရှိခဲ့ရပါတယ်။ သူ့ကိုအချိန်မီလမ်းမှာဖမ်းဆီးနိုင်မှဖြစ်မယ် မာစတာ "

ဟု ဘွန်းတိုက်ကာပြောဆိုသဖြင့် စိန်ပေဒါဟုအမည်တွင်သော နာမူတာလည်း ဘိုကြီးစကားကြောင့် လွန်စွာဒေါသထွက်သွားပြီး ဂျပန်တပ်စိတ်တစ်စိတ်အား ဘိုကြီးနှင့်အတူစေလွှတ်ကာ လှဆန်းယဉ်အားဖမ်းဆီးနိုင်ရန် စီစဉ်လေ၏။

ဘိုကြီး၏ရက်စက်လှသောအကြံကား မစားရသည့်အမဲ သဲနှင့်ပက်ဆိုသည့်အတိုင်း လှဆန်းယဉ်အား မပိုင်ဆိုင်ရသည့်အတူတူ အပြီးကြီးစွာဖြင့် သုတ်သင်ရန်သာဖြစ်လေ၏။ ထို့နောက် ဘိုကြီးနှင့်ဂျပန်တပ်စိတ်တစ်စိတ်သည် မြို့လေးမှ အားချင်းထွက်လာကြကာ လမ်းတစ်လျှောက် တွေ့ရှိသမျှ ယောက်ျားမိန်းမ ကလေးများပါမကျန် ရက်စက်စွာ





ရိုက်နှက်ညှင်းပန်းလျက် လှဆန်းယဉ်ပုံပန်းအား မေးမြန်းစစ်ဆေး သတင်းယူခဲ့လေ၏။ အချို့သောတွေ့မြင်မိလိုက်သူများမှာ ဘိုကြီးဂျပန်တို့၏ နှိပ်စက်မှုဒဏ်ကို မခံစားနိုင်ရှာတော့သည့်အတွက် ထုတ်ဖော်ပြောဆိုလိုက်ရလေတော့၏။

လှဆန်းယဉ်နှင့်အတူ အသက်(၅၀)ကျော်ခန့် အမျိုးသမီးကြီးတစ်ဦးပါ ပါရှိသွားသည်ဟု သိရသဖြင့် ဒေါ်ဆွဲမိပင်ဖြစ်ရလိမ့်မည်ဟု အတပ်တွေးကာ ၄င်းတို့ထွဲပြေးရာ သဲဖြူချောင်းတောင်ကြားလမ်းအတိုင်း ထပ်ချပ်မကွာလိုက်ပါခဲ့ကြလေ၏။

ထိုအချိန်တွင် စိန်ပေဒါဟုခေါ်တွင်သော ကင်ပေတိုင်ဗိုလ်နာမူတာသည် လှဆန်းယဉ်၏ပတ်သက်ရာအဆက်အနွယ်ဟု ယူဆသော ဖိုးမောင်နှင့်လှဆန်းယဉ်၏ အိမ်နီးနားချင်းဖြစ်သော ဦးကံစိန်တို့အား ဖမ်းဆီးလိုက်ပြီဖြစ်လေ၏။ စိန်ပေဒါက. . .

" ဘိုရှမာ. . .မာစတာမေးတာကို ကောင်းကောင်းဖြေပါ၊ လှဆန်းယဉ် အင်္ဂလိပ်သူလျှိုလုပ်တာ သိလား "

ဟူ၍ မေးမြန်းစစ်ဆေးလေ၏။ ဖိုးမောင်နှင့်ဦးကံစိန်မှာ မဟုတ်မှန်ကြောင်းနှင့် မသိကြောင်းဖြေကြလေ၏။ စိန်ပေဒါက ဖိုးမောင်တို့အား ထုတ်တန်းတွင် ကြိုးဖြင့်ဖောက်ထိုးဆွဲကာ တုတ်ဖြင့်အဆက်မပြတ်ရိုက်နှက်လေ၏။ ထို့နောက် ဖိုးမောင်နှင့်ဦးကံစိန်အား ဖါက်ချောင်းများအား ရေနွေးပူလောင်းချပြန်၏။ တစ်ဖန် လက်သည်းများအား ပလာယာဖြင့်ဆွဲနုတ်ပြန်၏။ ဖိုးမောင်နှင့်ဦးကံစိန်မှာ ငယ်သံပါအောင်အော်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခံစားကြရလေ၏။ ထိုမျှမကသေးပဲ ခြေသလုံးဆင်းစေကာ ဝါးမိုးဝါးဖြင့် ခြေသလုံးအရိုးပေါ်သို့ ဒလိမ့်သဖွယ်လိမ့်ပြန်၏။

ဖိုးမောင်နှင့်ဦးကံစိန်တို့မှာ အသက်မြော့မြော့သာ ရှိနေကြတော့ ချိန်၌ ကံကောင်းထောက်မစွာဖြင့် သခင်ဗကွန်းနှင့်မြို့ခံလူကြီးအချို့ ကင်ပေတိုင်သို့ရောက်ရှိလာကြလေ၏။ သခင်ဗကွန်းမှာ ဂျပန်အရေးပိုင် ဦးလှတင်၏ ဘိရုမား ဂရုဠ္ဌနံးဟုခေါ်တွင်သော ဗမာ့အပျော်တမ်းတပ်ကို ဦးစီးပေးရသူဖြစ်လေတော့ရာ ဦးလှတင်၏ ရေးပေးလိုက်သောစာဖြင့် စိန်ပေဒါထံ လာရောက်ခြင်းဖြစ်လေ၏။ သခင်ဗကွန်းက စိန်ပေဒါအား

" ဟိုက်မာစတာ . . . ဒီလူတွေဟာ အပြစ်မရှိပါဘူး။ သူတို့ နှစ်ယောက်လုံး မာစတာတို့ရဲ့တပ်မ(၁၈)က ဗိုလ်ချုပ်ကြီးတာနာကာရဲ့ အမိန့်အရ ကျုပ်တို့ဖွဲ့စည်းထားတဲ့ ဘိရုမာဂရုဠ္ဌနံးတပ်ကို ဝင်ရောက် အမှုထမ်းပေးဖို့ စာရင်းပေးထားခဲ့တဲ့သူတွေပါ "

ဟု သခင်ဗကွန်းက ပြောဆိုလိုက်သဖြင့် စိန်ပေဒါမှာ အတန် ကြာမျှ ငေးငိုင်သွားရပြီးမှ . . .

" ခူးရား . . . လုဆန်းယဉ်ဆိုတဲ့ ဘိရုမာမ အရမ်းဆိုးတယ်၊ သူ့ကိုဖမ်းနိုင်ဖို့ သူတို့ကရင်းနှီးတဲ့သူတွေဆိုတော့ ခုလိုက်စစ်ဆေးရတာ၊ ကောင်းပြီ သူတို့ကို မင်းတာဝန်ယူရင် ပြန်ခေါ်သွားပါ "

စိန်ပေဒါက ပြောဆိုခွင့်ပြုလိုက်သဖြင့် သခင်ဗကွန်းမှာ အသက် ယဲ့ယဲ့သာရှိတော့သော ဖိုးမောင်တို့ကိုချီပွေ့ကာ ပြန်လည်ခေါ်ဆောင်ခဲ့ ရလေ၏။





သခင်ဗကွန်းကယ်တင်လာခြင်းမှာ အရာရောက်ခဲ့သော်လည်း ကံစိန်မှာ စိန်ပေဒါ၏နှိပ်စက်ညှင်းပန်းမှုဒဏ်ကြောင့် မကြာမီရက် တွင်းမှာပင် အသက်ဆုံးပါးသွားခဲ့ရလေသည်။ ထိုနည်းတူ ငှင်းအဖြစ် ပျက်နှင့် မရှေးမနှောင်းအချိန်၌ မြို့ပြင်ထန်းတောတော၌နေရာတွင် မာလူငယ်တစ်စု ဈောက်ပန်းလှုန်နေကြစဉ် ဂျပန်စစ်သားတစ်ဦး ရောက်ရှိသွားပြီး ဝင်ရောက်ဆော့ကစားရာမှ ရှုံးနိမ့်သွားရသည်ဖြစ်သဖြင့် မမဲ၍ ဗမာတို့အား ရန်ရှာပါးရိုက်လေ၏။ ဂျပန်တို့၏ပါးရိုက်ပုံမှာ ကဲဖြန့်ရိုက်သည်ဟုထင်ရပြီး ရိုက်ရန်လက်ရွှေ့လိုက်သည်နှင့်တစ်ပြိုင်နက် က်သီးဆုပ်ကာရိုက်ခြင်းဖြစ်သောကြောင့် ဗမာလူငယ်တစ်ဦးဖြစ်သော တ်ပေါ်ဆိုသူမှာ သွားများကျိုးကုန်သည်အထိ ခံစားလိုက်ရလေ၏။ တ်ပေါ်၏အဖြစ်ကို မခံမရပ်နိုင်သော ကျော့မောင်က ဝါးဆစ်ပိတ်ဆွဲ က ဂျပန်စစ်သားအား ရိုက်လိုက်လေတော့၏။

ကျော့မောင်ကား ဗမာပီသစွာ အရေးကြီးသွေးနိုးဟူသည့် ဆိုင်း ဂျပန်စစ်သား၏ မိမိမြို့သားအပေါ် နှိပ်စက်အနိုင်ကျင့်မှုအား က်တုံ့ပြန်ပြုမူခဲ့သည့်အတွက် ဂျပန်ကင်ပေတိုင်စခန်းသို့ ဖမ်းဆီးခေါ် ဆောင်ခြင်းခံခဲ့ရပြီး သုံးရက်တာလုံးလုံး ညှင်းပန်းနှိပ်စက်ခြင်းကို အလူး လဲခံစားရကာ စိန်ပေဒါခေါ်နာမှတာ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရလေ တော့၏။

ကျော့မောင်သေဆုံးသွားခဲ့ပြီး မကြာမီ၌ပင် စိန်ပေဒါမှာ ဈောက်ပန်းဝိုင်းတွင်ပါရှိခဲ့သော လူငယ်များအားဖမ်းဆီးလုက် ဈေးနွေးမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်လောင်းခြင်း၊ ဝါယာကြိုးနှစ်စအားပူး၍ ကျင်စက်ဖြင့်တို့ခြင်း အစရှိသည့် ညှင်းပန်းခြင်းနည်းပေါင်းစုံကိုသုံးကာ နှိပ်စက်ခဲ့ပြန်လေ၏။ ထိုလူစုထဲမှ မောင်ဖြစ်သူအားလွတ်မြောက်စေရန် လာရောက်တိုးဝင်သော ခင်မိုးဟူသည့် မိန်းမပျိုလေးမှာ အနိုင်အထက်ပြုကျင့်လိုက်ခြင်းကို ကြေကွဲဖွယ်ရာ ခံလိုက်ရလေ၏။

စိန်ပေဒါ၏ လက်စွမ်းနှင့်နာမည်မှာ မြို့လေးတစ်တစ်ခုလုံး၌ လွန်စွာပြောစမှတ်တွင်ရခဲ့ပြီး မြို့တွင်းသို့ စိန်ပေဒါလှည့်လည်လာပါက အိမ်တိုင်းလိုလို အိမ်တံခါးများပါ ပိတ်ထားသည်အထိပင် ကြောက်ရွံ့ကြလေတော့၏။





" တောကြီးခေါင်ခေါင်ထဲမှ ကရင်သီကြားမင်း "

လူဆန်းယဉ်နှင့်ဒေါ်မိဆွဲတို့မှာလည်း ထိုအချိန်၌ မြို့လေးမှ ရာသို့ ထွက်ခွာရှောင်ပြေးလာကြရင်း ခေါင်းဖြူတောတန်းအတွင်းသို့ ရောက်ရှိနေကြပြီဖြစ်၏။ လွန်စွာတောထူထပ်သော ခေါင်းဖြူတောတန်း တွင်းသို့ နှစ်ဦးသားရောက်လာကြလေ၏။

" အူးဟူး . . . ကွီ "

ရုတ်တရက်ထွက်ပေါ်လာသော ဆင်အော်သံကြောင့် ဆန်းယဉ်နှင့်ဒေါ်ဆွဲမိမှာ အသည်းပျက်မတတ် ထိတ်လန့်သွားရလေ၏။

" အမယ်လေး တောဆင်ရိုင်းအုပ်များလားမသိဘူး သမီးရေ ယ်ကျိုးတော့နည်းကြပြီထင်ပါရဲ့ "

ဟု ဒေါ်ဆွဲမိက ကြောက်ရွံ့စွာပြောဆိုလိုက်လေ၏။ လူဆန်းယဉ်



www.burmeseclassic.com

www.burmeseclassic.com



မှာကား ဒေါ်ဆွဲမိအား အသံမထွက်စေရန် လက်ညှိုးဖြင့်နှုတ်ခမ်းအော ပိတ်ပြလိုက်ပြီး ကျွန်းပင်ကြီးတစ်ပင်၏နောက်သို့ ကပ်လိုက်ရင်း လေ သဲ့သဲ့ဖြင့် . . .

" ကြီးကြီး အသံမပေးနဲ့ . . . လူသံကြားတာနဲ့ သမီးတို့ရှိ နေရာကို ရောက်လာလိမ့်မယ် . . . အခြေအနေကြည့်ပြီးမှ ပြေးသင့်လည် ပြေးကြတာပေါ့ "

နှမ်ဦးသား ကျွန်းပင်ကြီးနောက်၌ အသာကပ်၍ တိတ်ဆိတ် စွာ ဆင်အောင်သံကြားရာနေရာဖက်သို့ နားစွင့်ရင်းနေကြ၏။ တခဏ အကြာတွင် ကိုင်းပင်များ၊ သစ်ရွက်ခြောက်များအား တရှဲရှဲတိုးလာသေ အသံကို ပြက်ပြတ်သားသားကြားလိုက်ရတော့လေရာ ဒေါ်ဆွဲမိသည် လုံဆန်းယဉ်အား ပူးကပ်ထားသောခန္ဓာကိုယ်မှာ တောင့်ကာနဲ့ဖြစ်သွ လေ၏။ လှဆန်းယဉ်၏မျက်နှာပေါ်တွင် မျက်မှောင်ကြုံ့သွားပြီး စိုးရိ စိတ်အနည်းငယ် ပြေလျော့သွားသည်ကို တွေ့ရလေ၏၊ ဒေါ်ဆွဲမိမှာက မျက်စိစုံမှိတ်လျက် ဘုရားစာရွတ်ဖတ်နေလေတော့၏။

" ဟော့ . . . ရှေ့ကဘယ်သူတွေလဲ "

ဟု၊ အောင်မြင်သော့အသံဝါဝါကြီးဖြင့် ခပ်ဝဲဝဲမေးမြန်းလို သံပေါ်လာလေရာ လှဆန်းယဉ်မှာ လွန်စွာဝမ်းသာသွားရပြီး မဆို မတွေပင် . . .

" ကျွန်မတို့ပါ . . . ဒုက္ခရောက်လာတဲ့ ဒုက္ခသည်တွေပါရှင် ဟု၍ လှဆန်းယဉ်က သွက်လက်စွာဖြေကြားလိုက်လေ၏။





လှဆန်းယဉ်၏ဖြေသံအဆုံးနှင့် မရှေးမနှောင်း၌ပင် အသံရှင်မှာ အနီးသို့ ရောက်ရှိလာလေ၏။ အသံရှင်မှာ အသက်(၅၀)ကျော် ကရင်အမျိုးသား ကြီးတစ်ဦးဖြစ်၍ ၎င်း၏လက်ထဲ၌ ချွန်းတစ်လက်အားကိုင်ဆောင်ထား သည်ကို တွေ့ရ၏။ အသံရှင်ကရင်ကြီးက . . .

" မိန်းမနှစ်ယောက်ထဲပါလားဝေ့ ဘယ်ကနေဘယ်လိုဖြစ်လာ ကြလို့ ဒီတောကြီးမျက်မည်းထဲကို ရောက်လာကြရတာလဲ "

ဟု ကရင်ကြီးက ပြောဆိုမေးမြန်းလိုက်၏။ လှဆန်းယဉ်မှာ ယခုကဲ့သို့ လူနေမနီးသောတောကြီးအတွင်း၌ ကရင်အမျိုးသားကြီးကို တိုက်တိုက်ဆိုင်ဆိုင် တွေ့ရသဖြင့် စိုးရိမ်ကြောက်ရွံ့နေမိခဲ့သောစိတ်များ ပြေပျောက်ကာ အားတက်ဝမ်းမြောက်စိတ် ဖြစ်ပေါ်လာမိလေ၏။

" ဒီ . . . ဒီနေရာမှာ ဟို . . . ဟိုဂျပန်တွေတော့ မရှိပါဘူးနော် ဖထီး "

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် စုံစမ်းမေးမြန်းလိုက်၏။ ဖထီးကလည်း လှဆန်းယဉ်၏မေးခွန်းကြောင့် ရိပ်စားသိရှိသွားရလေသဖြင့် ပြုံးရွှင်စွာ လှဆန်းယဉ်အား . . .

" အော် . . . ဂျပန်တွေရန်ကြောင့် ထွက်ပြေးလာကြတာမဟုတ် လားဝေ့၊ အေး . . . ဘာမှမပူကြနဲ့ ဒီတောထဲမှာ ဖထီးတို့ဆင်သမား သုံးယောက်နဲ့ ဆင်(၃)ကောင်ကလွဲလို့ ဘယ်သူမှ ဒီနေရာအထိ မလာတတ် ကြဘူး၊ ကဲ . . . ကဲ နင်တို့ ထမင်းစားချိန်လည်းလွန်နေပြီ ထမင်းစားကြ ဦးမလား "

www.burmeseclassic.com



" မစားရသေးပါဘူး ဖထီးရယ် . . . ကျွန်မတို့ ဂျပန်တွေနဲ့ မျိုးမစပ်တဲ့ စကားပြန်ဒုက္ခပေးလို့ ထွက်ပြေးလာကြရတာ (၂)ရက်ရှိပါပြီ"

ဟူ၍ လှဆန်းယဉ်က ပွင့်ပွင့်လင်းလင်းပြောလိုက်သဖြင့် ဖထီးက

" အိုး . . . ဒါဆို နင်တို့မတရားဆာနေကြပြီပေါ့ . . . လာ ငါ့စခန်းမှာ ထမင်းလိုက်စားကြ . . . ဟိုရောက်လို့စားသောက်ပြီးတော့မှပဲ နင်တို့ဘာဖြစ်လာလဲဆိုတာ ပြောကြပေါ့ "

ဟု ဖထီးက ပြောဆိုလျက် လှဆန်းယဉ်တို့အား ရှေ့မှဦးဆောင်ခေါ်သွားလေ၏။ လှဆန်းယဉ်သာမကပဲ ဒေါ်ဆွဲမိပါ ထမင်းစားရတော့မည့်အတွက် လွန်စွာဝမ်းမြောက်ကြရင်း ခပ်သွက်သွက်ခြေလှမ်းများဖြင့် လိုက်ပါခဲ့ကြလေ၏။

နာရီဝက်သာသာမျှ လျှောက်ခဲ့ကြသည့်နောက် လျှိုလေးတစ်ခုအား ဖြတ်ကျော်ခဲ့ပြီး ဝါးတိုင်လေးများထိုးစိုက်၍ တောင်ထန်းရွက်များမိုးထားသော တစ်ဖက်ရပ်တဲလေး(၃)ခုအား တောင်ခြေအနီး၌ တွေ့ရှိရလေ၏။ ဖထီးက ကရင်ဘာသာစကားဖြင့် ပြောဆိုလိုက်လေရာ ဆင်ဦးစီး(၂)ဦး ထွက်သွားကြ၏။ ဖထီးက လှဆန်းယဉ်တို့အား တစ်ဖက်ရပ်တဲလေးအတွင်းသို့ ထိုင်စေ၏။ တအောင့်မျှအကြာတွင် ဆင်ဦးစီး(၂)ဦး ပြန်လည်ရောက်ရှိလာကြ၏။ ထို့နောက် ၎င်းတို့ယူလာသော ထမင်းနှင့်ဟင်းများဖြင့် လှဆန်းယဉ်တို့အား တည်ခင်းကျွေးမွေးလေ၏။ ဆင်ဦးစီးများကျွေးမွေးသော ဟင်းလျာများကား ငှက်ပျောဖူးဟင်း၊ စိမ်းစားငပိဖုတ်၊ ငရုတ်သီးစိမ်းတောင့်များနှင့် ရှိသ၍ကြုံရာစီစဉ်





ထားသော ဟင်းဖြစ်သော်လည်း လှဆန်းယဉ်နှင့်ဒေါ်ဆွဲမိတို့မှာ ဆာလောင်နေခဲ့ရသူများဖြစ်သဖြင့် မြိန်ယှက်စွာစားသောက်ခဲ့ကြလေ၏။

စားသောက်ပြီးစီး၍ ခဏတာမျှအကြာတွင် ဖထီးပြန်ရောက်ရှိလာသဖြင့် လှဆန်းယဉ်က သူ၏တွေ့ကြုံခဲ့ရသော အဖြစ်တို့အား မချွင်းမချန် ခရေစေ့တွင်းကျ ပြန်လည်ပြောဆိုခဲ့လေ၏။ လှဆန်းယဉ်၏ ဒုက္ခဇာတ်ကြောင်းအား နားထောင်သိရှိပြီးနောက် ဖထီးက ခေါင်းတဆတ်ဆတ်ညိတ်ကာဖြင့် ဝါးဆေးတံအား ဖွာရှိုက်လိုက်ရင်း . . .

" အေးလေ ခုလိုအချိန်မှာ အမျိုးချင်းစောင့်ရှောက်ရမဲ့အစား ကိုယ့်ရဲ့ရယူပိုင်ဆိုင်ချင်တဲ့စိတ်နဲ့ ဒုက္ခပေးရက်တဲ့ကောင် ဖဟာဒီ ဝါးခုတ်ဓားမနဲ့ ခုတ်သတ်ဖို့ကောင်းတယ်။ ကဲ . . . ခုဒီကနေ ဘယ်ကိုသွားကြမလို့လဲ၊ ဖထီး ဒီဒေါင်းဖြူတောထဲကနေ လမ်းမကြီးပေါ်ထိ လိုက်ပို့ပေးပါ့မယ် "

ဟု ပြောဆိုရင်း . . .

" ကဲ . . . စောသာထွန်းနဲ့စောမြတ်ထွန်းရေ နင်တို့ဆင်တွေ လှန်ထားရင်း ဒီဖလံစခန်းကပဲစောင့်နေ၊ ငါဖိုးမူတို့ကို ကျောက်အုပ်တန်းအလွန်အထိ လိုက်ပို့လိုက်မယ် "

ဟူ၍ ဆင်ဦးစီး(၂)ဦးအား မှာကြားလေ၏။ လှဆန်းယဉ်နှင့်ဒေါ်ဆွဲမိတို့မှာကား မိုးပေါ်မှသိကြားမင်းနှင့် တွေ့ရသကဲ့သို့ လွန်စွာဝမ်းမြောက်မိကြလျက် ဖထီးအား အထပ်ထပ်ကျေးဇူးတင်မိကြလေ၏။ ဖထီးက . . .



www.burmeseclassic.com

www.burmeseclassic.com



" ဖထီးတို့က တူအရိုးတွေတော်တယ် . . . ဖထီးနာမည်က စောဒက်ကော်လို့ခေါ်တယ်။ ဒီဆင်တွေက အင်္ဂလိပ်ဘုံဘောဒ်အားမား သစ်ကုမ္ပဏီကပိုင်တာ၊ ဂျပန်တွေကြောင့် သူတို့ထွက်ပြေးသွားတော့ ဖထီးတို့ဆီမှာ ကျန်ခဲ့တာပေါ့ . . . သူတို့ပြန်လာယူရင် ပြန်ပေးဖို့ ဖထီး လည်းစောင့်နေတာ . . . ခုထိပြန်မလာကြလို့ ခုဒီဆင်တွေနဲ့ ကျွန်း လာတိုက်တာ "

ဟု ကရင်အမျိုးသားပီသစွာ ရိုးသားသောစိတ်ဖြင့် ပြောဆို ရှင်းပြလေ၏။ လူဆန်းယဉ်အား ဒေါ်ဆွဲမိက လက်တို့၍ လေသံသဲ့သဲ့ဖြင့်

" ကြားလား တူမ . . . အင်္ဂလိပ်တွေရဲ့ကျန်ခဲ့တဲ့ပစ္စည်းကို ပြန်ပေးရအောင်တဲ့၊ တို့ဆီက ဘိုကြီးတို့ ဂျပန်အဝယ်တော်လှမောင်တို့ နဲ့ကွာပ . . . အလာလူးအချိန်တစ်ဆယ်အိတ်ကို ဆယ့်ငါးလို့ သူ့အမေ ဂျပန်တွေကိုပြောလို့ပြော ဆန်တစ်အိတ်ကို ကြိုးဖြည်ပြီး (၃)ပြည်လောက် ထုတ်ပြန်ချုပ်၊ အိတ်တစ်လုံးလောက်ရတော့ ပြန်သွပ်ပြီးပြန်ချုပ်ရောနှော ပိုက်ဆံရအောင်ယူတာ၊ ဒီတောကြီးမျက်မည်းထဲက ဖထီးနဲ့တော့ တစ်ခြားစီပဲ "

ဟူ၍ ပြောဆိုလိုက်လေရာ လူဆန်းယဉ်မှာ ဒုက္ခကြားမှ ရယ်မော မိရပြန်လေတော့၏။ ထို့နောက် ဒေါ်ဆွဲမိက . . .

" ညည်းကလည်း ရယ်နေသေးတယ်၊ ကျုပ်ပြောတာမှန်တာ ပါနေလို့လား ခုလည်း ဒီအမျိုးယုတ်တွေကြောင့် ဒုက္ခစေပြေးလွှားလာ ခဲ့ရတာ၊ တော်သေးတာပေါ့ သိကြားမင်းနဲ့တွေ့လို့ . . . သိကြားမင်းတော်





မှာသိကြားမင်းမဟုတ်ဘဲ ကရင်သိကြားမင်းနဲ့တွေ့တာ "

ဟု ထပ်မံပြောဆိုလိုက်သဖြင့် လူဆန်းယဉ်မှာ မအောင့်အည်း နိုင်တော့ဘဲ မျက်ရည်ကျသည်အထိ ရယ်မောမိလေ၏။

"ပေါက်ပေါက်ရှာရှာ ကြီးကြီးရယ် . . . ကရင်သိကြားမင်း ရယ်လို့ "

ဟူ၍ ပြောဆိုကာ အူလှိုက်သည်းလှိုက် ရယ်မောမိလေတော့ ၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



" မကောသကပြားသွားရတဲ့ ဂျပန်တွေနဲ့ ဘိုကြီးဇာတ်သိမ်း "

ဖယ်းစောဒက်ကော်က သူ၏ဆင်ကြီး မုန့်တိုင်းအား ဒူးထောက်ပေးရန် ကရင်စကားဖြင့် အမိန့်ပေးလိုက်လေရာ ဆင်ကြီးမှာ လှဆန်းယဉ်နှင့် ဒေါ်ဆွဲမိကိုတက်ရန်အတွက် ဒူးညွှတ်ပေးလိုက်၏။ လှဆန်းယဉ်တို့လည်း ဆင်ကြီး၏ကျော်ပေါ်သို့ တက်လိုက်ကြ၏။

" ကဲ. . .ဖိုးနွား ဖထီးတို့ကို လိုက်ပို့လိုက်မယ်၊ နင်တို့ဆင်တွေကို မြောင်ကျရေတံခွန်မှာ ရေသွားချိုးပေးပြီး စခန်းမှာပဲ ငါ့ကိုစောင့်၊ ငါပြန်လာမှ ဒေါင်းဖြူတောင်ကိုတက်တာပေါ့ "

ဟု ဖထီးက ပြောဆိုမှာကြားရင်း လှဆန်းယဉ်တို့အား ခေါ်ဆောင်ထွက်ခွာလာလေ၏။ ဆင်ကြီးမှာ တောင်ပတ်လမ်းအတိုင်း ပတ်၍ ဖြည်းညင်းစွာတက်နေလေ၏။ ဒေါ်ဆွဲမိမှာ အသည်းငယ်သူပီ





" ကြည့်လည်းလုပ်ပါဦး ကရင်သိကြားမင်းရယ်. . .ဆင်ကလည်း နည်းနည်းနောနော အလေးချိန်မဟုတ်ဘူးနော်၊ တော်ကြာကျွံမဲ့နေရာကိုနင်းမိလို့ ကျွန်မတို့တွေ ဒုက္ခများနေပါဦးမယ် "

ဟု ထိတ်လန့်တကြားပြောလိုက်လေ၏။ ဖထီးက ဒေါ်ဆွဲမိ၏ စကားကြောင့် ရယ်မောလိုက်ပြီး. . .

" ဟား. . .ဟား မကြောက်ပါနဲ့ဟယ်၊ အေးလေ. . .ဆင်အကြောင်းမသိတော့လည်း ဒီလိုပဲတွေးမှာပေါ့၊ ဆင်က တောင်ပဲတက်တက် လျှိုထဲပင်ဆင်းဆင်း သူ့နှာမောင်းနဲ့ရှေ့ကမြေကို ထောက်ထောက်ပြီး သူ့အလေးချိန်ကို ခံနိုင်မခံနိုင်စမ်းပြီးမှ တက်တာဆင်းတာ၊ နင်ပြောသလို မြေကျွံတာတို့ ကမ်းပါးပဲကျတာတို့ မဖြစ်ပါဘူးဟဲ့ယ် "

ဟု၍ ပြန်လည်ရှင်းပြလိုက်လေ၏။ လှဆန်းယဉ်မှာ ဒေါ်ဆွဲမိ၏ အကြောက်ပိုနေပုံအတွက် မနေသာနိုင်ပဲ ပြောဆိုရလေ၏။

" ကြီးကြီးကလည်း ဖထီးပြောသလို ဘာမှမဖြစ်နိုင်ပါဘူး။ ကြီးကြီးတစ်ယောက်တည်း အသက်ပါတာကျနေတာပဲ "

ဟု ပြောဆိုလိုက်တော့မှ ဒေါ်ဆွဲမိမှာ မည်သို့မှမပြောဆိုတော့ဘဲ လိုက်ပါလာလေ၏။ လှဆန်းယဉ်ကား ဖွတ်တွင်း၌ ကွယ်လွန်သွားရှာသော ဖခင်ကြီးကို လွတ်ဆွတ်စွာ ပြန်လည်မြင်ယောင်ရင်း မိမိ၏ဦးလေးအရင်းရှိသော မြစ်ကြီးနားမြို့သို့ စိတ်စောလျက်ရှိလေတော့၏။ ထိုသို့ ခရီး(၂)မိုင်ကျော်ကျော်ခန့် ခရီးတွင်ခဲ့ကြရာ ဖလံကြောဖက်မှ သေနတ်သံများ ထွက်ပေါ်လာသည်ကို သဲ့သဲ့ကြားရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



" ဒိုင်း . . . ဒိုင်း . . . ဒိုင်း "

သေနတ်သံများကြောင့် ဖထီးနှင့်လှဆန်းယဉ်တို့မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားရလေ၏။ ဖထီးက ဆင်ကြီးမှန်တိုင်းကို ချွန်းသပ်၍ ရပ်တန့်လိုက်ပြီး . . .

" ဖိုးမူရေ . . . နင်ပြောတဲ့ကောင်တော့ နင့်နောက်လိုက်လာပြီ ငါတူတွေနဲ့တွေ့ပြီး ပစ်ကြခတ်ကြလုပ်ကြတာပဲဖြစ်မယ် "

ဟု ဖထီးက ပြောဆိုလိုက်၏။ လှဆန်းယဉ်မှာ မည်သို့မျှမပြောတတ်တော့ပဲ ဖထီးပြောစကားကိုသည် တွေးတောရင်း ဝေခွဲမရဖြစ်နေလေတော့၏။

" မြေကြီးကိုလက်နဲ့ပုတ်ရင် လွဲချင်လွဲသွားလိမ့်မယ်ဧ . . . ငါတို့ဒီတောထဲမှာ တစ်သက်လုံးနေလာတာ ဒီအဖြစ်မျိုးမရှိခဲ့ဖူးဘူးကွဲ၊ ဒါကြောင့် ငါလည်းအတတ်ပြောနိုင်တာပဲ "

ဟူ၍ ပြောဆိုလိုက်၏။ လှဆန်းယဉ်မှာ မိမိအတွက်ကြောင့် ကျေးဇူးပြုတေးသော ကျေးဇူးရှင်နှင့်သားချင်းများ ဒုက္ခတွေ့ရလေပြီဟု စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိလေ၏။

" ကျွီ . . . ကျွီ . . . ဝူး "

ဝဲ့သို့ရှိနေစဉ် ဆင်အော်သံများပါ သဲ့သဲ့ကြားလိုက်ရပြန်တော့ရာ လှဆန်းယဉ်မှာ ပို၍စိုးရိမ်စွာဖြစ်သွားရပြီး . . .

" ဒီလိုဖြစ်ရတာဟာ ကျွန်မကြောင့်ပါ . . . ကျွန်မကို ခွင့်လွှတ်ပါ ဖထီးရယ် ဟင့် . . . ဟင့် "





လှဆန်းယဉ်မှာ မချိတင်ကဲဖြစ်လျက် ငိုကြွေးပြီးတောင်းပန်စကားဆိုလိုက်လေ၏။ ဖထီးမှာကား ရိုးသားသောသူပီပီ လှဆန်းယဉ်အား မချိပြုံးပြုံးပြလိုက်ပြီး . . .

" ကိစ္စမရှိပါဘူး ဖိုးမူရယ် . . . ဒါဟာ ဖိုးမူတို့အပြစ်လုပ်လို့ဖြစ်ရတာမှမဟုတ်ပဲ ဒီကောင် မတရားအပြစ်ရှာလို့ ဖြစ်ရတဲ့ပြဿနာပဲ၊ ဖထီးတို့က မတရားလုပ်တာမှန်ရင် ကြည့်မနေတတ်ပါဘူး။ ဘာမှ ဖထီးတို့အားမနာပါနဲ့။ ဖြစ်လာတာကိုရင်ဆိုင်ကြတာပေါ့ . . . လောလောဆယ်ခရီးဆက်ဖို့ ခဏရပ်ပြီး ငါ့တူတွေအခြေအနေကို သွားကြည့်ရလိမ့်မယ်၊ နင်တို့ဒီမှာပဲနေခဲ့ . . . ငါသွားလိုက်မယ် "

" မဟုတ်တာပဲ ဖထီးရယ်၊ ကျွန်မတို့လည်း လိုက်ခဲ့ပါ့မယ်၊ အရေးရှိရင် တစ်ခုခုတော့ ကူညီလို့ရတာပေါ့ ဒါကိုတော့ခွင့်ပြုပါ "

ဟု လှဆန်းယဉ်က ပြောဆိုသဖြင့် ဖထီးမှာ မည်သို့မျှ မပြောသာတော့ဘဲ ဆင်ကြီးမှန်တိုင်းကို ဦးလှည့်လျက် လာရာလမ်းအတိုင်း ဖလံစခန်းသို့ ထွက်လာခဲ့ကြလေ၏။ အတန်ကြာမျှရှိသောအချိန်၌ ဖလံစခန်းနှင့် လွန်စွာမကွာဝေးသောနေရာသို့ အရောက်တွင် တောတိုးသံနှင့်အတူ ရေ့တူရူမြင်ကွင်းမှ ကိုင်းပင်သစ်ပင်များ လှုပ်ယမ်းသွားပြီးလေသံဖြင့် ဆင်ကြီးမှန်တိုင်းကို ချွန်းတို့ရပ်လိုက်ရင်း ကျောဘွဲ့လွယ်ထားသော ခေါင်းခါးကို ဖုန်းမှချွတ်လိုက်၍ ဖထီးက တိုက်ခိုက်ရန် အသင့်ပြင်ဆင်လိုက်လေ၏။ ထိုနေရာတွင် ချုံကြားမှတိုးထွက်လာသူမှာ ဘိုကြီးနှင့်အဖွဲ့မဟုတ်ဘဲ ဆင်ကြီးညိုမောင်နှင့်အတူ စောမြတ်ထွန်းကို တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလေ၏။

" ဟော့. . .မြတ်ထွန်း ဘာဖြစ်သွားသေးလဲ သာထွန်းကော"

ဟု ဖထီးက အဆောတလျင် မေးမြန်းလိုက်လေ၏။ စောမြတ်ထွန်းက ဖထီးကိုမြင်လိုက်ရသဖြင့် လွန်စွာဝမ်းမြောက်သွားကာ. . .

" ဖထီး ငါတို့ကို ဟိုဂျပန်တွေနဲ့ဗမာတစ်ယောက် လာပြီး ဟောဒီကမိန်းမတွေကိုမေးတယ်၊ မသိဖူးလို့ တို့လည်းပြောတာပေ့ါ၊ အဲဒါကို သာထွန်းနဲ့ငါ့ကို ပါးတွေလည်းရိုက်၊ သေနတ်နဲ့လည်းထုတယ်၊ ဒီမှာတင် သာထွန်းက ကရင်လို သူ့ဆင်ကြီးမဲလုံးကို လှမ်းပြောလိုက်လို့ မဲလုံးက သူ့ရှေ့ကဂျပန်ကောင်ကို နှာမောင်းနဲ့ဆွဲပေါက်လိုက်ပြီး နင်းချလိုက်တယ်။ ဂျပန်လည်း မဲလုံးကြောင့် ခေါ်တစ်ခုလုံး စကောပြားသလိုပြားသွားတာပဲဝေ့. . .သူတို့ကောင် အဖြစ်လည်းတွေ့ကော မဲလုံးကို သေနတ်နဲ့ဝိုင်းပစ်ကြတယ်၊ ငါ့ဆင်ကြီးညိုမောင်လည်း သေနတ်နဲ့ပစ်တဲ့ကောင်တွေကို လိုက်နင်းတော့တာပဲ၊ နောက်ထပ်သုံးကောင်လည်း ညိုမောင်ကြောင့် ခေါင်းထပ်ပြားသွားပြီး ဒီကောင်တွေ တစ်ချိုးထဲပြန်ပြေးသွားကြတယ်၊ မဲလုံးကတော့ သေနတ်မှန်လို့လဲပြီး အသက်တော့ရှူသေးတယ်၊ သာထွန်းက သူ့ဆင်ကြီးဘေးမှာ ငိုနေတယ်ဝေ့ "

ဟူ၍ ရှင်းပြပြောဆိုလိုက်သဖြင့် ဖထီးနှင့်လှဆန်းယဉ်တို့မှာ စောသာထွန်းနှင့် ဆင်ကြီးမဲလုံးရှိရာသို့ လျင်မြန်စွာသွားရောက်ခဲ့ကြလေ၏။ ဆင်ကြီးမဲလုံးကား ဘေးစောင်းလျက်လဲကျနေရင်း မျက်ရည်များယိုစီးကာ အသက်ကို အားယူရှူရှိုက်၍ သေအံ့မူးမူးဖြစ်နေပြီကိုတွေ့ရ၏။





စောသာထွန်းကား ဆင်ကြီးမဲလုံး၏ဘေးနား၌ ဆောင့်ကြောင့်ထိုင်ကာ ပါးပြင်နှင့်နှာမောင်းကို ယုယစွာပွတ်သပ်ပေးရင်း တရှုံ့ရှုံ့ငိုကြွေးနေရှာလေ၏။ ဖထီးက စောသာထွန်း၏ပခုံးအား ဆုတ်ကိုင်လိုက်ရင်း. . .

" နင်မငိုပါနဲ့တော့ဝေ့ . . . ဒီလိုဖြစ်ခဲ့ရတာ ငါ့အပြစ်ပဲ ငါနင်တို့ကို ခေါ်သွားရမဲ့အစား ထားရစ်ခဲ့လို့ ခုလိုဖြစ်ရတာ၊ ကဲ. . . ထိတ်တော့ မဲလုံးအစား မုန်တိုင်းကို ငါနင့်ပေးမယ် "

ဟု ဖထီးက ပြောဆိုဖျောင့်ဖျလိုက်၏။ စောသာထွန်းမှာ ခေါင်းတစ်ချက်သာ ညိတ်ပြပြီး မဲလုံး၏နောက်ဆုံးအချိန်အား မျက်ရည်အဝိုင်းသားဖြင့် ငေးစိုက်ကြည့်နေရှာ၏။ တစ်အောင့်မျှအကြာတွင် ဆင်ကြီးမဲလုံးမှာ အသက်တစ်ချက်ပြင်းပြင်းရှူလိုက်ပြီး လုံးဝငြိမ်သက်သွားလေပြီဖြစ်၏။ ဖထီးက. . .

" ကဲ. . .သာထွန်းရယ် ဖြစ်ပြီးတာလည်းမတတ်နိုင်တော့ဘူး ကွဲ့. . .နင်ထပ်ငိုနေလည်း မဲလုံးကပြန်ရှင်မှာမှ မဟုတ်တာ ထပါကွယ်၊ ဖိုးမှုတို့ကိုလိုက်ပို့ကြရအောင် "

ဟူ၍ပြောသဖြင့် စောသာထွန်းမှာ ဖြည်းလေးစွာဖြင့်ထရပ်လိုက်ပြီး အသက်ကင်းမဲ့သွားသော ဆင်ကြီးမဲလုံးအား တစ်ချက်မျှစိုက်ကြည့်လိုက်ကာ ကိုယ်ကိုလှည့်၍ မျက်ရည်များကိုသုတ်လိုက်လေတော့၏။

ထိုအချိန်နှင့်တစ်ချိန်တည်း ဒေါင်းဖြူတောကြီး၏ တောင်မယ်ပင်ကြီးအောက်၌ ဂျပန်စစ်သား(၂)ဦး အချီအချဖြစ်ကာ စကားများနေလေ၏။ ဂျပန်စစ်သား တာကာကူရာက. . .



www.burmeseclassic.com

www.burmeseclassic.com



“ ခွေးရူးဘိုရှမှာ ငါတို့စစ်သားနော် မင်းလုပ်လို့သေပြီ. . . မင်းအသုံးမကျဘူး ဘာတ်ကဲရိုး ”

ဟု ပြောဆိုကာ ဓါးသတကြီးဖြင့် ဘိုကြီး၏ပါးအား မာန်ခဲကာ ရိုက်ချလိုက်လေ၏။

“ ဖြန်း . . . ဖြန်း ”

“ အား . . . ”

ဘိုကြီးမှာ တာကာကူရာ၏ရိုက်နှက်ခြင်းကို ခံလိုက်ရသည်သာ မကဘဲ နောက်ထပ်ဂျပန်စစ်သားဖြစ်သော ယာအီး၏ဝင်ရောက်ရိုက်နှက် ခြင်းပါ ခံရလေ၏။ ဘိုကြီးက လက်ဖြင့်မျက်နှာကိုကာထားရင်း. . .

“ ဟိုက်မာစတာ. . .ကျွန်တော်က မာစတာတို့ကိုတိုက်ခိုက်မဲ့ အင်္ဂလိပ်တွေရဲ့သတင်းကို ရနိုင်ဖို့အတွက် ဒီကောင်မကိုလိုက်ဖမ်းခဲ့ရတာ ပါ။ ကျွန်တော့်ကိုခွင့်လွှတ်ပါ တောင်းပန်ပါတယ် မာစတာ ”

ဟုဆို၍ သွေးများယိုစီးနေသည့်မျက်နှာဖြင့် ဦးခေါင်းညွှတ်ကာ ကိုယ်ကိုရှေ့သို့ကိုင်းလိုက်ပြီး ဂျပန်ထုံးစံအတိုင်း အလေးပြုကာ တစ်တွတ် တွတ်တောင်းပန်လေ၏။ အတန်ကြာရိုက်နှက်ခံရခြင်းကြောင့် ဘိုကြီး၏ ပါးစပ်အတွင်းမှ သွားများပင်ကျိုးကာ မျက်နှာတစ်ခုလုံးဖောင်းရမ်းလျက် သပြေသီးမှည့်သကဲ့သို့ အညိုအမည်းစွဲနေပြီဖြစ်၏။ တာကာကူရာလည်း ယာအီးအား မျက်နှာရိပ်မျက်နှာကဲဖြင့် အချက်ပြလိုက်ပြီးနောက် ရိုက်နှက် ခြင်းမပြုတော့ဘဲ ဘိုကြီးအား လျှိုကြီးတစ်ခု၏ကမ်းပါးထိပ်သို့ ခေါ်ဆောင် သွားပြီး ဘိုကြီးအား မည်သို့မျှမပြောမဆိုပဲ နောက်မှဂျပန်ကင်ဒိုဓားရှည်





ဖြင့် ခုတ်ပိုင်းချလိုက်လေ၏။

“ ရွှတ် . . . ”

“ အ . . . ”

ရုတ်တရက်ဖြစ်ပေါ်လာသော အချင်းအရာကြောင့် ဘိုကြီးမှာ အော်သံပင်ကျယ်ကျယ်မထွက်နိုင်တော့ပဲ ဘိုကြီး၏ဦးခေါင်းမှာ ခန္ဓာကိုယ် မှဖြတ်ထွက်သွားပြီး လျှိုအောက်သို့ လွင့်စင်ကျသွားလေ၏။ ဦးခေါင်းမဲ့ သွားသော လည်ပင်းမှသွေးများကား ရေပန်းသဖွယ် ချိုင်းချိုင်းရဲစွာ ပန်းထွက်နေလျက် ဘိုကြီး၏ ဦးခေါင်းမဲ့ခန္ဓာကိုယ်ကြီးမှာရပ်လျက် ခေတ္တမျှ ဆတ်ဆတ်တုန်ကာရှိနေ၏။ တာကာကူရာက ဓါးကို ဘောင်းဘီသားအိတ် ထဲမှထုတ်ယူကာ သွေးသုတ်လိုက်ပြီး ယိမ်းထိုးကာလှုပ်ခါအကြောဆွဲနေ သော ဘိုကြီး၏ခန္ဓာကိုယ်ကြီးအား စစ်ဖိနပ်ဖြင့် နောက်မှဆောင့်ကန်လိုက် လေ၏။ ဘိုကြီး၏ခန္ဓာကိုယ်ကြီးမှာ လျှိုကြီးအောက်သို့ ဖွဲ့အိတ်တစ်အိတ် ပမာ ကျသွားရလေ၏။ လူဆန်းယဉ်၏အချစ်အား အဓမ္မနည်းဖြင့် ရယူ ပိုင်ဆိုင်လိုသော ဂျပန်တို့၏လက်စွဲတော် ဘိုကြီးကား သူအားကိုးလွန်းသော ဂျပန်မာစတာတို့၏လက်ချက်ဖြင့် အဖြစ်ဆိုးစွာ အဆုံးသတ်သွားရလေ တော့၏။



www.burmeseclassic.com

www.burmeseclassic.com



## " မမျှော်လင့်သောပြောင်းလဲမှုကြီး "

လှဝန်းယဉ်တို့မှာကား ရက်စက်ယုတ်မာလှသည့် စကားပြန်အိုကြီး၏အဖြစ်ဆိုးအား လုံးဝမသိရှိနိုင်တော့ပဲ မြစ်ကြီးနားဘက်သို့ ဆောလျင်စွာရောက်ရှိနိုင်မည့် ကားလမ်းမကြီးရှိရာသို့ အပြင်းခရီးနှင်လာလျက်ရှိ၏။ ထိုသို့လာခဲ့ကြရာ နှစ်ရက်တာမျှကြာညောင်းခဲ့ပြီး လမ်းခရီး၌ (၁၅)အိမ်မျှသာရှိသော တဲစုဟူသည့် ရွာငယ်လေးတစ်ခု၌ ဖထီး၏မိတ်ဆွေ ရွာခံ၏တဲတွင် ဝင်ရောက်အိပ်စက်တည်းခိုခဲ့ကြရ၏။ နောက်တစ်နေ့ နံနက်စောစောအချိန်၌ ထိုတဲစုရွာကလေးမှ ဆက်လက်ထွက်ခွာလာခဲ့ကြရာ တစ်နေ့တာလုံး ကျွဲခေါင်းတောင်ကြီးကို ဖြတ်ကျော်ခဲ့ကြပြီး ညနေစောင်း မှောင်ရိပျိုးစအချိန်တွင် ကားလမ်းမကြီးရှိရာနှင့် အတန် အသင့်သာကွာဝေးသော လိပ်ခွံဟူသော မြို့မကျတောမကျရပ်သို့





ရောက်ရှိလာခဲ့ကြပြီး ညအိပ်နားရန်အတွက် ပန်းမာလာဟူသည့် ထမင်းဆိုင်လေး၌ စားသောက်တည်းခိုခဲ့ကြလေ၏။

ပန်းမာလာထမင်းဆိုင်လေး၏ ပိုင်ရှင်မှာ ဦးစိန်ကတုံးဟုခေါ်သော အသားညိုညို ပုဆိုးစားပွဲခင်းကွက်ကြီးကို အမြဲတမ်းဝတ်ဆင်ထားပြီး အမည်နှင့်လိုက်အောင် ကတုံးပြောင်ပြောင်ကြီးနှင့် အသက်(၅၀)ခန့်မှာအမျိုးသားကြီးတစ်ဦးဖြစ်၏။ လှဆန်းယဉ်တို့အား ဖော်ရွေစွာ ခရီးဦးကြိုပြုပြီး. . .

" ကျုပ်ဆိုင်ကို အခုလို အဝေးခရီးသွားတွေ ရောက်လာလိမ့်မယ်ဆိုတာ ညကတည်းကအိပ်မက်မက်လို့ ဟုတ်သော်ရှိမဟုတ်သော်ရှိ ရွာထဲကမုဆိုးထွန်းဖုံဆီမှာ ချေသားသွားဝယ်လိုက်တယ်၊ ပြီးတော့ မုဆိုးမ ဒေါ်ပန်းမြဆီက ဟင်းရွက်သွားဝယ်ပြီး ချေသားဆီပြန်လေးကို ဂေါ်ရခါးသီးလေးအုပ်ချက်တယ်၊ လဲလှူရွက်လေးကို ဟင်းချိုသောက်ချက်ပြီး တို့စရာ မယ်ညိုရွက်လေးကို ငပိရည်ငရုတ်သီးစိမ်းထောင်းဖျော်ပြီး ပြင်ထားမိတာ. . .ခုတော့ အခန့်သင့်ပဲ၊ ဒါပေမဲ့. . .ကျုပ်အိပ်မက်ထဲမှာက လူပဲပါတယ်၊ ဆင်မပါဘူး။ အဲဒီအတွက်တော့ ဟောဟိုကျုပ်ပိုင်းအားတဲက မောင်ရှောမွှေးကိုပဲ ဆင်စာရှာခိုင်းကြပေတော့ "

ဟု ဦးစိန်ကတုံးကပြောဆိုကာ လှဆန်းယဉ်တို့လူစုအား ချေသားဆီပြန်ဟင်း၊ လဲလှူရွက်ဟင်းချို၊ ငပိရည်တို့စရာစုံလင်စွာဖြင့် တည်ခင်းကျွေးမွေးလေတော့ရာ လှဆန်းယဉ်တို့အားလုံး ခေါင်းမဖော်နိုင်အောင် မြိန်ယှက်စွာစားသောက်ကြလေ၏။ ဦးစိန်ကတုံးက ရှောမွှေးဆိုသူအား



www.burmeseclassic.com

www.burmeseclassic.com



ဆင်စာငှက်ပျောပင်ရိုင်းများ ခေါ်ထွက်ခုတ်ခိုင်းလေ၏။ ထို့နောက် မုန့်တို့
နှင့်ညှို့မောင်တို့အား ငှက်ပျောတုံးများကျွေးလေ၏။ ညှို့မောင်မှာ ဂျပ်
တို့၏သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် လက်ပြင်သားဖက်တွင် ဒဏ်ရာရ
သည်ကိုလည်း ဆေးရွက်များကြိတ်၍ ကုသပေးပြန်၏။

" ကျုပ်က ထမင်းဆိုင်ကို ပိုက်ဆံမြတ်ဖို့ဖွင့်တာမဟုတ်ဘူး
ခုလိုကာလပျက်ကြီးထဲမှာ စစ်ကြောင့် ဟိုပြေးဒီပြေးနဲ့ ဒုက္ခရောက်လာ
ကြတဲ့ ခရီးသွားတွေကို ကျွေးချင်မွေးချင် ဒါနပြုချင်လို့ဖွင့်ထားတာ
ကျုပ်တို့ရွာဦးဘုန်းကြီးက မိန့်ဖူးတယ် . . . မလှူတတ်ရင်ဈေးရောင်းတဲ့
လေ၊ ဟဲ . . . ဟဲ ခင်ဗျားတို့လည်း စစ်ကြောင့်ဒုက္ခကြုံလာတဲ့ပုံပဲ
ပိုက်ဆံမပါရင်လည်း စားသာစားသွား . . . အိပ်သာသွား။ ပိုက်ဆံအတွက်
ပူမထားနဲ့၊ အေး . . . ဒါပေမဲ့တစ်ခုတော့ရှိတယ် စားပြီးတဲ့အခါ
အိပ်ပြီး တဲ့အခါတိုင်း ကျုပ်ပြုတဲ့ကုသိုလ်အတွက် ကျုပ်နဲ့(၃၁)ဘုံသား
အားလုံးကို မေတ္တာပို့ကြပါ "

ဟူ၍ ပြောလိုက်သဖြင့် လူဆန်းယဉ်တို့မှာ မကြုံဖူးသော
ထမင်းဆိုင်ရှင် ဦးစိန်ကတုံးအား အံ့သြမိကြလေ၏။

ထိုနေ့ညဖက်၌ လူဆန်းယဉ်၊ ဖထီး၊ ဒေါ်ဆွဲမိ၊ စောမြတ်ထွန်း
စောသာထွန်းတို့အား လှက်၊ ပဲလှော်၊ ထန်းလျက်၊ ရေနွေးကြမ်းများဖြင့်
ဧည့်ခံကျွေးမွေးရင်း ဦးစိန်ကတုံးနှင့် စကားလက်ဆုံကျကြကာ လူဆန်းယဉ်
၏ဖြစ်ပျက်ပုံ ဘဝဇာတ်ကြောင်းအား ပြောဆိုမိကြလေ၏။ ဦးစိန်ကတုံး
ကား လူဆန်းယဉ်အပေါ် လွန်စွာကရုဏာသက်ကာ စိတ်မကောင်းစွာ





လေ၏။

" ဖြစ်မှဖြစ်ရလေ သမီးရယ် . . . ဒီလို လူကိုရချင်တာနဲ့
ယနာဇာဖန်တီးပြီး ယုတ်မာတဲ့ယောက်ျားမျိုးကြောင့် ဖအေလည်း
သက်ဆုံး၊ ပြီးတော့ နှလုံးအဝေးကြီး တစ်နယ်တစ်ကျေးကို ထွက်ပြေး
တာခဲ့ရတယ်။ ဦးကြီးအနေနဲ့ ကူညီနိုင်တာမှန်သမျှ ကူညီမယ်၊ တတ်နိုင်
ဦးကြီးရဲ့အိမ်မှာပဲ တစ်သက်လုံး သမီးအဖြစ်နေလို့ရပါတယ်၊ ဦးကြီး
က သားသမီးလည်း မထွန်းကားဘူး။ ဦးကြီးဇနီး မမယ်ကြင်ကလည်း
ပါးသွားခဲ့တာ (၇)နှစ်ကျော်တောင်ရှိခဲ့ပါပြီ၊ ဒီအိမ်မှာ ဦးကြီးနဲ့အတူ
တာဆိုလို့ ဦးကြီးရဲ့နှမ ခင်ကြွေနဲ့ဦးကြီး (၂)ယောက်တည်းရှိတယ်။
ကြီးနှမခင်ကြွေက တသိုက်ကုန်းရွာက အမျိုးတွေဆီသွားလို့ အိမ်မှာ
ရှိတာ . . . သူလည်း သမီးကိုမြင်ရင် ချစ်မှာအမှန်ပဲ "

ဟူ၍ ဦးစိန်ကတုံးက ပြောဆိုလေ၏။ လူဆန်းယဉ်မှာ
စိန်ကတုံး၏ဖိတ်ခေါ်မှုကို မငြင်းဆန်လိုသော်လည်း မိမိ၏ဦးလေးအရင်း
သာဖန်ရှိသော မြစ်ကြီးနားမြို့သို့သာ သွားရောက်လိုစိတ်များပြားနေ
တော့ရာ . . .

" ဦးကြီးရဲ့ ကျွန်မအပေါ်ထားတဲ့ စေတနာကိုတော့ ပစ်ပယ်တာ
ဟုတ်ရပါဘူးရှင်၊ ဒါပေမဲ့ . . . ဖေဖေရှိစဉ်က သူမရှိတော့ရင် သူညီရင်း
တဲ့ မြစ်ကြီးနားမြို့ကို ရောက်အောင်သွားဖို့ မှာထားခဲ့လို့ပါ၊ ဒီအတွက်
နှမ်ကိုခွင့်လွှတ်ပါ "

ဟု လူဆန်းယဉ်က တောင်းပန်လိုက်သဖြင့် ဦးစိန်ကတုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှေ့မတိုးသာတော့ပဲ ဖထီးတို့တစ်ရိုး(၃)ယောက်ကိုသာ သူ့ထံ ရောက်ပါက အချိန်မရွေးဝင်လာနိုင်ကြောင်း ဖိတ်မန္တကပြုလေ၏။

ထိုအခိုက်ဝယ် . . .

" ဝေါ . . . ဝေါ "

ဟူသော အသံကြီးများ ကောင်းကင်ယံမှကြားလိုက်ရလေ၏ ဦးစိန်ကတုံးက ရုတ်တရက် သွက်လက်လျင်မြန်စွာထပြီး . . .

" လိန်ပုံတွေ . . . လိန်ပုံတွေ ဗုံးချတော့မယ် ပြေးကြ "

ဟု အော်ဟစ်ရင်း ရှေ့မှဦးဆောင်ကာ ထွက်ပြေးသွားတော့ လေရာ လုဆန်းယဉ်တို့မှာ ကမန်းကတန်းထ၍ပြေးလိုက်သွားရလေ၏ ဦးစိန်ကတုံးမှာ သူ၏အိမ်ခြံဝင်းအနောက်ဘက်၌ ကျင်းကြီးတစ်ခုတူးထား ပြီး လုဆန်းယဉ်တို့အား ခေါ်ဆောင်ရင်း မြေကျင်းကြီးအောက်သို့ မြေ ဝင်ခဲ့ကြ၏။

" ဝုန်း . . . ဝုန်း "

မြေကြီးများတုန်ဟီးသွားလျက် တော်လဲသံကြီးပေါ်လာသကဲ့ ကြောထိမက်ဖွယ်ရာပေါက်ကွဲမှုကြီးများ ဆက်တိုက်ပေါ်ပေါက်လာ တော့၏။ လုဆန်းယဉ်မှာ ပုန်းခိုလျက်ရှိသော မြေကျင်း၏အပေါ်ဖက် လစ်ဟနေသော အပေါက်ကြားမှ အသာကြည့်မိလေ၏။ ကောင်းကင် ထက်၌ လေယာဉ်(၂)စင်း ဝဲပျံရင်း မဲမဲသဏ္ဌာန်အရှည်လေးများကို ကျ သွားသည်ကို တိမ်ကင်းနေသော ကောင်းကင်ပြင်နောက်ခံဖြင့် တွေ့လိုက် ရပြီး . . .





" ဝုန်း . . . ဒိုး "

ဟူသော ပေါက်ကွဲသံကြီးများနှင့် မီးခိုးမီးလျှံကြီးများ အလုံး လိုက်တက်သွားကာ ဗုံးဆံများနီးရာ ဘေးပတ်လည်သို့ လွင့်စင်ပြေးမှန် သွားလေ၏။

" သမီး သွားမကြည့်နဲ့ ဗုံးဆံတွေမှန်လိမ့်မယ် ငုံ့နေ "

ဟူ၍ ဦးစိန်ကတုံးက သတိပေးလေ၏။ ခေါ်ဆွမကား ဘုရားစာ ဗျာန်းတော်များကို အသံထွက်သည်အထိရွတ်၍ မြေကျင်းကြီးထောင့် တစ်နေရာ၌ ကွေးကွေးလေး ခေါင်းငုံ့ကာရှိနေ၏။ စောမြတ်ထွန်းက

" ဖထီး . . . မုန်တိုင်းနဲ့သို့မောင်တို့ ဘာဖြစ်သွားပြီလဲမသိဘူး ဝါအပြင်ထွက်မှဖြစ်မယ် "

ဟုပြောကာ မြေကျင်းအပြင်ဖက်သို့ ထ,ထွက်ရန်ပြင်လေ၏။ ဦးစိန်ကတုံးမှာ မနေသာပဲ . . .

" လူလေး မထွက်ပါနဲ့ကွာ၊ ဒီထဲမှာပဲ လုံလုံခြုံခြုံနေပါ သတ္တဝါ တစ်ခုကံတစ်ခုလို့ပဲ သဘောထားလိုက်ပါတော့ . . သူတို့လည်း အသိဉာဏ် ရှိတဲ့သတ္တဝါပဲ၊ လွတ်ရာလွတ်ကြောင်းတော့ ပြေးကြပါလိမ့်မယ်၊ ခဏနေလို့ ဒီလိန်ပုံတွေပြန်လှည့်သွားမှ ထွက်ကြည့်ပါ"

ဟူ၍ ပြောဆိုဟန့်တားတော့သည့်အတွက် စောမြတ်ထွန်းမှာ ဦးစိန်ကတုံးပြောသည့်အတိုင်း နားထောင်၍ ဗုံးခိုကျင်းအတွင်း ထိုင်ချ လိုက်ကာ သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်လေ၏။ ဗုံးပေါက်ကွဲ သံကြီးများ မြေကြီးတုန်ခါအောင် တစ်လစပ်ထွက်ပေါ်လာခဲ့ပြီး (၅)မိနစ်



www.burmeseclassic.com

www.burmeseclassic.com



အကြာတွင် လေယာဉ်ပုံ(၂)စင်းလည်း နောက်ပြန်လှည့်သွားပြီဖြစ်သဖြင့် ဦးစိန်ကတုံး၏ ဦးဆောင်ခေါ်ရာ မြေကျင်းအပေါ်သို့ ပြန်တက်လာခဲ့ကြလေ၏။

ဦးစိန်ကတုံးက ဖထီးနှင့်လှဆန်းယဉ်အား . . .

" ကိုင်း ဖထီးရေ . . . အင်္ဂလိပ်လိန်ပုံတွေကတော့ ခုခင်ဗျားတို့တွေ့တဲ့အတိုင်းပဲ ရက်ခြားဆိုသလို ဂျပန်တပ်တွေက ကားလမ်းမကြီးနဲ့ ဒီရွာဘေးလမ်းကနေ ဖြတ်သွားတတ်ကြတော့ အမြဲပုံးလာကျဲတော့တာပဲဗျ။ ဒီတော့ ဟောဒီကသမီးတို့ကိုဆက်ပို့ဖို့ ခင်ဗျားတာဝန်မယူပါနဲ့တော့ ကျုပ်တာဝန်ပဲထားလိုက်ပါ . . . ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့တူအမိုးတွေက အရေးအကြောင်းဆို ဆင်ကြီးတွေနဲ့ ပြေးရလွှားရ ပုန်းအောင်းရတာ မလွယ်ပေဘူး။ ဒါကြောင့် သမီးလှဆန်းယဉ်ကိုထားခဲ့ပြီး မနက်စောစောသာ ပြန်ကြရင်ကောင်းမယ်။ သမီးလှဆန်းယဉ်ကို ကားလမ်းကြီးဆီရောက်ပြီး သူသွားချင်တဲ့မြို့ကြီးနားကိုရောက်အောင် ကျုပ်တာဝန်ယူပါတယ် "

ဟူ၍ ပြောဆိုလိုက်သဖြင့် ဖထီးမှာ ဦးစိန်ကတုံး၏စကားအား မငြင်းဆန်တော့ပဲ ခေါင်းညိတ်ကာ သဘောတူလိုက်လေတော့၏။

နောက်တစ်နေ့ နံနက်စောစောအချိန်၌ ဖထီးနှင့်စောမြတ်ထွန်း စောသာထွန်းတို့လည်း ၎င်းတို့၏ဖလံစခန်းသို့ပြန်ရန် ပြင်ဆင်ကြလေ၏

" ကဲ . . . ဖိုးမှူ ဖထီးတို့ပြန်တော့မယ်၊ ကားလမ်းမကြီးအထိ လိုက်ပို့ဖို့ပါပဲ၊ ဒါပေမဲ့ . . . ဦးစိန်ကတုံးက တာဝန်ယူတယ်ဆိုတော့





ဖထီးစိတ်ချလက်ချနဲ့ ဖိုးမှူကိုထားခဲ့မယ်ဝေ့ . . . ကဲ ကဲ ဖထီးတို့ပြန်မယ်ဝေ့ ဦးစိန်ကတုံး ငါတို့ကိုကျွေးမွေးတဲ့အတွက် ကျေးဇူးတင်တယ်ကွာ၊ ငါတို့နှုတ်သက်ပြီး အကူအညီရှိလည်း ဖလံစခန်းကိုလာခဲ့ဝေ့ "

ဟု ကျေးဇူးတင်စကားပြောကြားကာ ဆင်ကြီးနှံတိုင်းပေါ်သို့ တက်လိုက်လေ၏။ လှဆန်းယဉ်မှာ မျက်ရည်လည်လည်လာပြီး စိတ်မကောင်းစွာဖြင့် မြေကြီးပေါ်ပုဆစ်တုပ်ထိုင်ချလိုက်ပြီး . . .

" သမီးအပေါ် ခုလိုရေစိမ်းတစ်ပေါက် ရေကြည်တစ်ပေါက်မျှ မစင်ရအောင် စောင့်ရှောက်ပေးခဲ့တဲ့အတွက် သမီးဖထီးကို ကန်တော့ပါရစေ "

ဟူ၍ပြောဆိုကာ ကန်တော့လေ၏။ ဖထီးမှာလည်း လှဆန်းယဉ်၏ ဂါရဝတရားကို မျက်ရည်များဝဲလာသည်အထိ ပီတိဖြစ်ရလေတော့ရာ

" အေးပါဝေ့ . . . ငါလည်းနင့်အပေါ်မှာ သမီးအရင်းလေး တစ်ယောက်လိုပဲ မှတ်ပါတယ်ကွယ် . . . နောက်လည်း ၎င်းသမီးလာနိုင်ဦးမယ်ဆိုရင် လာခဲ့ဦးပေါ့ . . . ဖထီးတို့က ဖလံစခန်းမှာနေတာ၊ အဲဒီ စခန်းကနေ အရှေ့တောင်ဘက်ကိုသွားရင် ဆင်ပုံရွာဆိုတာရှိတယ်၊ အဲဒီ ဆင်ပုံရွာမှာ ဖထီးအိမ်ရှိတယ် ဖိုးမှူ၊ ကဲ . . . ကဲ ဖထီးတို့သွားပြီ ဖိုးမှူ ချမ်းသာပါစေကွယ် ဦးစိန်ကတုံးရေ ငါတို့သွားပြီဝေ့ "

ဟု လက်ပြနှုတ်ဆက်ကာ ထွက်ခွာသွားကြလေတော့၏။

ဖထီးတို့ ထွက်သွားပြီးနောက် ဦးစိန်ကတုံးက လှဆန်းယဉ်အား

" သမီးလှဆန်းယဉ် တစ်ရက်နှစ်ရက်တော့ အဘအိမ်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



နေဦးပေါ့ကွယ် . . . ခုရက်ပိုင်းအတွင်း လိနပ်ျတွေဖုံးလာချဦးမယ်၊ လေကြောင်းရန်ကြည့်ပြီးမှ အဘာလိုက်ပို့ပေးမယ် ဟုတ်လား ”

လှဆန်းယဉ်က ဦးစိန်ကတုံး၏ပြောဆိုမှုမှာ နည်းလမ်းကျကာ စေတနာပါသည်ဖြစ်သောကြောင့် ခေါင်းညိတ်ကာ သဘောတူလိုက်လေ၏။ ထိုနေ့ည လှဆန်းယဉ်သည် လွန်စွာထူးခြားလှသော အိပ်မက်တစ်ခုအား မြင်မက်လေ၏။

ထိုအိပ်မက်ကား မှောင်မိုက်လှသော တောအုပ်ကြီးတစ်ခုအတွင်း၌ လှဆန်းယဉ်မှာ ရောက်ရှိနေကာ လျှောက်သွားနေ၏။ အမှောင်အတွင်းမှ အလင်းရှိရာတောအုပ်အပြင်ဘက်သို့ လမ်းပေါက်ရှာဖွေရင်း ထွက်ရန်လိုက်လံရှာဖွေနေမိ၏။ မည်သို့ပင်ရှာဖွေသော်လည်း လှဆန်းယဉ်၏တစ်ကိုယ်လုံး ချွေးတဒီးဒီးကျလာကာ တောအုပ်အတွင်း လမ်းရှာမရနိုင်ဘဲ တစ်လည်လည်ဖြစ်နေရင်း လှဆန်းယဉ် မအောင့်အည်းနိုင်တော့ဘဲ အော်ဟစ်ငိုကြွေးမိလေတော့၏။ လှဆန်းယဉ်မှာ ငိုကြွေးခြင်းကြောင့် မောပန်းနွမ်းနယ်လာရပြီး မျက်ရည်များစွာတို့သည်လည်း အဆက်မပြတ် စီးဆင်းလာလေ၏။ မျက်ရည်စီးကြောင်းများသည် လက်ခုံပေါ်သို့ မိုးစက်များကျလာသည့်သဖွယ် ကျဆင်းနေသည်ကို တွေ့ရ၏။ မကြာမီအချိန်၌ပင် မျက်ရည်များသည် သွေးများသို့ နီရဲကာ ပြောင်းလဲသွားသည်ကို မြင်တွေ့ရပြန်လေရာ လှဆန်းယဉ်သည် အူပြတ်မတတ် ထိတ်လန့်စွာဖြင့် အသံကုန်ဟစ်အော်လိုက်မိလေ၏။

“ အား . . . ”





လှဆန်းယဉ်၏အော်သံနှင့် မရှေးမနှောင်း၌ ရှေ့တည့်တည့်အရပ်မှ လင်းကနဲလက်ဖြာသော အလင်းတစ်ခုအား တွေ့မြင်လိုက်ရလေ၏။ အလင်းတန်းမှာ ဝင်း၍ရှုရှုရှစွာဖြာထွက်နေပြီး အလင်းအဝန်း၏ အလယ်ခေါင်၌ ဖြူဖွေးသောသင်္ကန်းတစ်ခုအား ရပ်လျက်တွေ့လိုက်ရလေရာ . . . လှဆန်းယဉ်မှာ ၄င်းအရာရှိရာသို့ အလိုလိုတိုးကပ်သွားမိလေ၏။

တဖြည်းဖြည်းနီးကပ်လာသောအခါတွင် ထိုဖြူဖြူသဏ္ဍာန်မှာ လူတစ်ဦးပုံပန်းသဏ္ဍာန်ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

“ ဒီကိုလာ သမီး . . . သမီးထွက်ဖို့လမ်းက ဒီတစ်လမ်းပဲရှိတာ၊ အဘနားကိုရောက်အောင်လာခဲ့ ”

ဟူသော လွန်စွာသြဇာပါ၍ ကြည်လင်ပြတ်သားလှသော အသံကိုကြားရကာ အသက်(၇၀)ကျော်ခန့်ရှိသော ဝတ်ဖြူစင်ကြယ်ဝတ်ထားသော ငွေရောင်ဆံပင်သျှောင်ထုံးကြီးနှင့် ခန့်ငြားသောဥပဓိရုပ်ရှိသူ အဘိုးကြီးတစ်ယောက်ကို မြင်တွေ့ရလေ၏။ အဘိုးအိုအား လှဆန်းယဉ်မှာ ရင်းရင်းနှီးနှီး မြင်တွေ့ဖူးသကဲ့သို့ စိတ်ထဲ၌သိရှိခံစားရ၏။ လှဆန်းယဉ်အား ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ် အဘိုးအိုက ပြုံးရွှင်စွာကြည့်ရင်း . . .

“ အဘကိုမှတ်မိပြီလား သမီး . . . အဘနဲ့ငါ့သမီးဆုံဖူးပါတယ်ကွဲ့၊ ပဋ္ဌာန်းဆက်ရှိလို့ အဘငါ့သမီးဆီ ဒုတိယအကြိမ်လာခဲ့ရတာပဲ။ သမီးဆီမှာရှိတဲ့လက်စွပ်ကို သူ့ပိုင်ရှင်အစစ်နဲ့တွေ့ရင် ပေးလိုက်ပါကွယ်။ ဒီလက်စွပ်ထဲက မှော်ဝင်ကျောက်ကြောင့် လူ့အသက်တွေ သေကြေပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



ကွဲ. . . မကြာခင်မှာ ငါ့သမီးနဲ့လည်း ကိစ္စပိုင်ရှင်အစစ် ပြန်တွေ့ပါလိမ့်မယ်"

ဟု အဘိုးအိုက ပြောဆိုလိုက်လေ၏။ လူဆန်းယဉ်မှာ အဘိုးအိုအား အသာအယာခေါင်းညိတ်ပြလိုက်လေ၏။

" ဟုတ်ကဲ့ပါအဘ. . . သမီးပြန်ပေးလိုက်ပါ့မယ် "

" အိမ်း. . . ကောင်းပကွယ် ငါ့သမီးမှာဖြစ်နေတဲ့ဘေးဒုက္ခတွေဟာ မကြာခင်မှာ ချုပ်ငြိမ်းသွားစေဖို့ ရတနာသုံးပါးနဲ့ အနန္တောအနန္တ ငါးပါးကို မမေ့လေနဲ့ အမှောင်ကိုခွင်းတာ အလင်းကွဲ၊ ငါ့သမီး အလင်းရလာပါလိမ့်မယ်. . . သာသနာပြုရလိမ့်မယ် ရှေ့တိုး "

ဟူ၍ အဘိုးအိုကပြောဆိုကာ ၄င်း၏လက်ထဲ၌ရှိသော နဂါးရုပ်တောင်ဝှေးဖြင့် လူဆန်းယဉ်၏ဦးခေါင်းအား တို့ထိလိုက်လေ၏။ လူဆန်းယဉ်မှာ ဦးခေါင်းတစ်ခုလုံး ဖြိုးဖြိုးဖျဉ်းဖျဉ်းကဲ့သို့ ဖြစ်သွားရပြီး မျက်လုံးထဲ၌ ဝင်းကနဲဖြစ်ကာ အိပ်မက်မှလန့်နိုးခဲ့လေ၏။

လူဆန်းယဉ် နိုးသောအချိန်၌ အရုဏ်တက်၍ ဦးစိန်ကတုံးပင် မီးမွှေးကာ ရေနွေးအိုးတည်နေလေပြီဖြစ်၏။ ဒေါ်ဆွဲမိမှာလည်း ဦးစိန်ကတုံးအနီး၌ ငါးခြောက်များဖုတ်လျက် ရှိနေသည်ကိုတွေ့ရလေ၏။

ထိုရက်ပိုင်းအတွင်း၌ အင်္ဂလိပ်လေယာဉ်များလာရောက်၍ တလစပ်ဗုံးကြဲခြင်းကို ခံကြရ၍ ဦးစိန်ကတုံး၏ပြောစကားမှာ လွန်စွာ မှန်ကန်နေသည်ကို သိရှိရလေ၏။ ဗုံးဒဏ်ကြောင့် ဦးစိန်ကတုံး၏ ပန်းမာလာထမင်းဆိုင်လေးနှင့်အိမ်မှာ မီးလောင်၍ပျက်ဆီးသွားရလေတော့ရာ လူဆန်းယဉ်မှာ မြစ်ကြီးနားသို့ မသွားမဖြစ်သေးဘဲ ဦးစိန်





ကတုံး၏ အိမ်ပြန်လည်ဆောက်ခြင်းအား ဝိုင်းဝန်းကူညီရ၏။ ဒေါ်ဆွဲမိနှင့်ဦးစိန်ကတုံးတို့နှစ်ဦးလည်း တစ်ပူပူတစ်တွဲတွဲ ရှိကြလေ၏။ (၁၀)ရက်ခန့်ကြာသောအချိန်တွင် ဦးစိန်ကတုံး၏အိမ်မှာ ပြီးစီးသွားခဲ့ရပြီး. . . ပန်းမာလာထမင်းဆိုင်နာမည်အစား အနီရောင်အောက်ခံပေါ်သုတ်၍ အဝါရောင်စာလုံးအဝိုင်းကြီးဖြင့် စိန်ဆွဲမိထမင်းဆိုင်ဟူသော နာမည်သစ်တပ်ကာ ပြန်ဖွင့်လိုက်လေ၏။ လူဆန်းယဉ်က. . .

" ဟင်. . . ဆိုင်နာမည်က ပန်းမာလာမဟုတ်တော့ဘူးလား ဦးကြီး "

ဟု တအံ့တသြဖြင့် မေးမြန်းလိုက်လေရာ ဦးစိန်ကတုံးက သူ၏ပြောင်နေသောကတုံးကြီးအား ပွတ်သပ်ရင်း ရှက်ပြုံးပြုံးကာ. . .

" ဟဲ. . . ဟဲ ပန်းမာလာလို့မပေးတော့ပါဘူး သမီးရယ်၊ ဒီနာမည်နဲ့ပဲ ဆိုင်ဖွင့်မယ် "

ဟူ၍ ရှက်စနိုးဖြင့် ရယ်ကျဲကျဲလုပ်ကာ ပြန်ဖြေလိုက်လေ၏။ လူဆန်းယဉ်က. . .

" မဟုတ်တာပဲ ဦးကြီးရယ်. . . ကြီးကြီးဒေါ်ဆွဲမိနာမည်ကြီးလည်း ပါနေပါလား "

" ဒါကတော့ ဟဲ ဟဲ. . . ကဲ မိဆွဲရယ် ဒါကတော့ မဆွဲပဲဖြေလိုက်ပါတော့ "

ဟု ဦးစိန်ကတုံးက စပ်ဖြဲဖြဲလုပ်ကာပြောဆို၍ မြို့ရှေ့သို့ထွက်သွားလေ၏။ လူဆန်းယဉ်အား ဒေါ်ဆွဲမိက ရှက်ရွံ့နေသောမျက်နှာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ဟို . . .ဟိုလေ တူမရဲ့ ကို . . .ကိုစိန်ကတုံးနဲ့ကြီးကြီး ဒီဘဝအတွက် ကံစပ်ကြဖို့ သဘောတူထားကြပြီလေ၊ ဒါကြောင့် . . . ငါ့တူမကို ရက်ရက်နဲ့ပဲ ကြီးကြီးပြောတော့မယ် . . .ကြီးကြီး သူနဲ့အိမ်ယာထောင်ဖို့ ဆုံးဖြတ်လိုက်ပြီ "

ဟူ၍ ဒေါ်ဆွဲမိက ထုတ်ဖော်ပြောဆိုလိုက်လေတော့၏။

နောက်များမကြာမီရက်၌ ဦးစိန်ကတုံးနှင့် ဒေါ်ဆွဲမိတို့မှာ မင်္ဂလာဆွမ်းကျွေးကြပြီး အကြင်လင်မယားအဖြစ်သို့ ရောက်ရှိသွားကြကာ လုဆန်းယဉ်အား ကားလမ်းမကြီးရှိရာသို့ လိုက်လံပို့ဆောင်ပေးကြလေ၏။ တစ်နေ့ခရီးမျှ ပြင်းပြင်းခရီးနှင်လာကြပြီးနောက် မြစ်ကြီးနားဘက်သို့သွားသည့် ကားလမ်းမကြီးရှိရာသို့ ရောက်ရှိခဲ့ကြလေ၏။ ဦးစိန်ကတုံးနှင့်မိတ်ဆွေဖြစ်သော ဦးဖုန်းကျော်ဆိုသူ၏တဲ၌ နောက်တစ်ရက်မျှ တည်းခိုစောင့်ဆိုင်းကြရလေကာ မြစ်ကြီးနားသို့ ဆန်အိတ်များပို့ရန် ထွက်လာသော မန္တလေးမှ ချက်ပလက်လော်လီကုန်ကားကြီးတစ်စင်းနှင့် လုဆန်းယဉ်အား အပ်နှံကာ ထည့်ပေးလိုက်ကြလေ၏။ ဦးစိန်ကတုံးနှင့် ဒေါ်ဆွဲမိမှာ မျက်ရည်လည်လာသည်အထိ စိတ်မကောင်းဖြစ်ကာ လက်ပြကျန်ရစ်ခဲ့ကြလေတော့၏။

လုဆန်းယဉ်အား နောက်ပိုင်း၌ဆန်အိတ်များဖြင့်ပြည့်နေသည့်အတွက် ခေါင်းရှေ့ခန်းတွင် တက်ရောက်လိုက်ပါခွင့်ရရှိလေ၏။

" ဟော့ . . .မုတ်ကြီး မင်းနောက်ကပဲတက်လိုက်ခဲ့ကွာ ဒီမိန်း ကလေးကို ခေါင်းခန်းမှာပဲ ပေးထိုင်ရမှာ "





ဟု ဒရိုင်ဘာက ပြောဆိုအမိန့်ပေးလိုက်လေရာ စပယ်ယာ မုတ်ကြီးမှာ ဆရာဖြစ်သူ၏အမိန့်အတိုင်း ကားနောက်ခန်းသို့ တွဲလွဲခိုကာ တက်သွားလေ၏။ လုဆန်းယဉ်မှာ ဒရိုင်ဘာအား လွန်စွာကျေးဇူးတင်မိရလေတော့သဖြင့် . . .

" ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်၊ ကျွန်မလည်း အစ်ကိုကြီးလို သူတော်ကောင်းမျိုးနဲ့တွေ့ရတာ အရမ်းကံထူးလို့ပါပဲရှင်။ ဒါထက် ကျေးဇူးရဲ့အစ်ကိုကြီးရဲ့နာမည်ကို သိပါရစေလား "

ဟူ၍ လုဆန်းယဉ်က မေးမြန်းလိုက်လေ၏။

" အစ်ကိုကြီးနာမည်က စိုးလှိုင်လို့ခေါ်တယ်။ အဖော်မပါဘာမပါနဲ့ မြစ်ကြီးနားအထိပဲသွားမှာလား၊ ကားကမြစ်ကြီးနားအထိပဲရောက်မယ်။ ဒါပေမဲ့ ဘာမှမပူပါနဲ့ ဟိုမှာကုန်ချနေတုန်း ညီမလေးသွားချင်တဲ့နေရာအထိ အစ်ကိုကြီးလိုက်ပို့မှာပါ "

ဟု ဒရိုင်ဘာစိုးလှိုင်က ပြောဆိုလိုက်သဖြင့် လုဆန်းယဉ်မှာ အားတက်သွားရပြီး ကျေးဇူးတင်မဆုံး ဖြစ်မိလေ၏။ ထိုနေ့တစ်ညလုံး မောင်းနှင်လာခဲ့ကြပြီး နောက်တစ်နေ့နေ့လည်အချိန်တွင် လမ်းမကြီးဘေးရှိ ရွာကလေးတစ်ရွာသို့ ရောက်ခဲ့ကြပြီး ကားရပ်နားကာ ကချင်ထမင်းဆိုင်လေးတစ်ဆိုင်တွင် ထမင်းဝင်ရောက်စားသောက်ကြလေ၏။ ထမင်းစားသောက်ပြီးကြ၍ ပိုက်ဆံရှင်းသောအခါတွင် လုဆန်းယဉ်က

" ကျွန်မပဲရှင်းလိုက်ပါရစေ အစ်ကိုကြီးရယ် . . .အစ်ကိုကြီးက စောင့်ရှောက်ပြီးတော့ ကားနဲ့လည်းခေါ်ရသေးတယ်၊ ထမင်းဖိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပေးဦးမယ်ဆိုတော့ မဟုတ်သေးပါဘူးရှင်၊ ကျေးဇူးရှင်ကို ကျွန်မ ကျေးဇူးဆပ်ခွင့်တော့ပြုပါ ''

'' နေပါစေကွယ် အစ်ကိုကြီးက ညီမလေးကို စေတနာရှိလွန်းလို့ပါ။ အစ်ကိုကြီးရဲ့မေတ္တာစေတနာကို တန်ဖိုးထားတယ်ဆိုရင် မငြင်းပါနဲ့ကွယ် ''

ဟူ၍ စိုးလှိုင်ကပြောသဖြင့် လှဆန်းယဉ်မှာ မပြောသာတော့ပဲ ရှိရလေတော့၏။ မုတ်ကြီးမှာ စားသောက်ပြီးစီးသည်နှင့် ကားရေထည့်ခြင်း၊ ဘီးနှင့်နတ်များအားစစ်ဆေးခြင်း၊ ဓာတ်ဆီများကို ဆီတိုင်ကီသို့ဖြည့်ခြင်း အစရှိသည်တို့ကို ဖယ်ဆက်သကဲ့သို့လုပ်ဆောင်နေ၏။ စိုးလှိုင်မှာကား အရက်ပုလင်း (၅)လုံး(၆)လုံးခန့်အား ဝယ်ယူ၍ ခေးလိပ်ယမ်းမီးခြစ်၊ အမဲခြောက်၊ ဆိတ်သားခြောက်များကိုလည်း ထပ်မံဝယ်ပြန်လေ၏။

နေ့းင်း(၂)နာရီခန့်တွင် လှဆန်းယဉ်တို့လည်း ထိုရွာငယ်လေးမှ ဆက်ထွက်လာခဲ့ကြရာ ည(၉)နာရီခန့်တွင် လမ်းမကြီးတစ်နေရာ၌ ကားရပ်လိုက်ပြီး စိုးလှိုင်နှင့်မုတ်ကြီးမှာ ကားခေါင်းရှေ့မီးလုံးကြီးအား မီးထိုးလျက် ကားလမ်းမပေါ်တွင် တာလပတ်စခင်းကာ ဆိတ်သားခြောက်များဖြင့်မြည်းရင်း ဝိုင်းဖွဲ့အရက်သောက်လေ၏။ လှဆန်းယဉ်မှာ ကားခေါင်းခန်းထဲ၌ထိုင်ရင်း သမ္မဒွေဂါထာတော်ကြီးအား ရွတ်ဖတ်သရဇ္ဈာယ်နေမိလေ၏။ အတန်ကြာကြာ (၂)နာရီခန့်ကြာမြင့်ပြီးနောက်ဝယ် အရက်ဝိုင်းမှ စိုးလှိုင်ထလာပြီး စပယ်ယာမုတ်ကြီးမှာ ကားလမ်းမဘေးသစ်ပင်





…ကြား အမှောင်ထဲသို့ ဒယီးဒယိုင်ဖြင့်ထွက်ခွာသွားလေ၏။ စိုးလှိုင်မှာ …ိုင်းကွက်နင်းပြီး လှဆန်းယဉ်ရှိရာ ကားခေါင်းတွင်းသို့ ဝင်ရောက်လာ …လေ၏။

'' အစ်ကိုကြီးရယ် သောက်စားထားပြီးမှ ဆက်မမောင်းပါနဲ့ …လား ''

ဟု လှဆန်းယဉ်က ဖျောင်းဖျတားဆီးလိုက်လေရာ စိုးလှိုင်က …ယ်မောလိုက်ပြီး . . .

'' ဘယ်မောင်းပါ့မလဲ ညီမရယ် . . . ခုလိုအချိန်မှာ အပန်းဖြေ …အကောင်းဆုံးအခြေအနေမဟုတ်လား . . . ဟောဒီကနုတ်မီမယ်လေးနဲ့ …ပန်းဖြေရမှာဆိုတော့ အတိုင်းထက်အလွန်ပဲပေါ့ ဟား . . . ဟား . . . ဟား . . . ဟား ''

ဟူ၍ ပြောဆိုလိုက်လေ၏။ လှဆန်းယဉ်မှာ လေးစားအထင်ကြီး …ထားသော စိုးလှိုင်၏ မထင်မှတ်ထားသောစိတ်ရိုင်းကြောင့် လွန်စွာ …အားသင့်ကြောက်ရွံ့သွားရတော့ရာ . . .

'' အစ်ကိုကြီးရယ် . . . ခုလိုဒုက္ခတွေနဲ့ဝိုင်းနေရတဲ့အချိန်မှာ …ျွန်မအပေါ် ညီမအရင်းတစ်ယောက်လိုပဲ စောင့်ရှောက်ပါလားရှင်၊ …ကြံစည်အပ်မကြံစည်ကောင်းတာတွေကို မကြံစည်ပါနဲ့လား ''

'' ဘာမကြံစည်ကောင်းလဲ . . . မင်းလည်းတစ်ယောက်တည်း …အဖော်မပါထွက်လာတာ၊ ငါလည်း ဟိုကောင်မုတ်ကြီးကို ဝေးဝေးသွား …ရှောင်ဖို့တောင် နိုင်းလိုက်ပြီ . . . နှစ်ကိုယ်ထဲပဲ၍ ငြင်းမနေပါနဲ့တော့ကွာ



www.burmeseclassic.com

www.burmeseclassic.com



ဟဲ . . . ဟဲ . . . ဟဲ ''

စိုးလှိုင်က လှဆန်းယဉ်၏ ချော့မော့ဖျောင်းဖျသောစကားကို နားမဝင်တော့ဘဲ အရက်ရှိန်၊ ကာမဂုဏ်ဇောအရှိန်ဖြင့် လှဆန်းယဉ်၏ ကိုယ်လုံးလေးအား အဓမ္မပွေ့ဖက်ကာ အနိုင်ကျင့်ရန် ကြိုးစားလုံးထွေး လေတော့၏။ လှဆန်းယဉ်မှာ ရှိသမျှအားအင်ဖြင့် ပြန်လည်တွန်းဖယ် ရုန်းကန်ရင်း . . .

'' ရှင် . . . မယုတ်မာနဲ့နော် ဒုက္ခကြုံလို့ ရှင့်ကိုလူတော်ကောင်း အမှတ်နဲ့ လိုက်လာမိတာ . . . ကျွန်မကိုလွှတ် ''

လှဆန်းယဉ်၏စကားမှာ ဝံပုလွေနှင့်ဆုံမိရသော သိုးငယ်ပမာ အရာမထင်ပဲ ရမ္မက်ပူးကပ်ကာ လူ့စိတ်ကင်းကွာနေသော စိုးလှိုင်အား တားဆီးနိုင်ခြင်းမရှိတော့ပေ။

'' ဟဲ . . . ဟဲ . . . မင်းအသံကုန်အော်ချင်သလိုအော် တောင်းပန် ချင်သလောက်တောင်းပန် ဒီနားမှာ ရွာလည်းမရှိဘူး လူလည်းမရှိဘူး၊ မရုန်းပါနဲ့ကွာ အသာတကြည်နဲ့ အစ်ကိုကြီးဆန္ဒကို လိုက်လျောပေး စမ်းပါ ''

'' ခွေးကျင့်ခွေးကြံမကြံနဲ့နော် မိန်းကလေးဆိုပြီး အနိုင်မကျင့် နဲ့ . . . လွှတ်နော် . . . လွှတ် ကဲဟယ် ''

လှဆန်းယဉ်မှာ စိုးလှိုင်၏ချုပ်နှောင်ထားသော လက်ဖျံအား ကြံရာမရသည့်အဆုံး သွားဖြင့်နစ်မြုပ်ဝင်သွားသည်အထိ ကိုက်ချလိုက် လေတော့၏။





'' အား . . . အမယ်လေးဗျ ''

နာကျင်လွန်းလှသောကြောင့် စိုးလှိုင်မှာ အော်ဟစ်လိုက်ပြီး လှဆန်းယဉ်အား ပွေ့ဖက်ချုပ်ကိုင်ထားသော လက်အစုံမှ၊ လွှတ်ချလိုက် ပြီး သွေးစို့သည်အထိ ပေါက်ပြဲသွားသော သူ၏ညာလက်မောင်းအား ဘယ်လက်ဖြင့် ဖိအုပ်ကိုင်လိုက်လေ၏။ လှဆန်းယဉ်မှာ အခွင့်အရေးကို လက်လွှတ်မခံဘဲ စိုးလှိုင်အား ဆောင့်တွန်းလိုက်၍ တဲခါးတစ်ဖက်ခြမ်းမှ ဖွင့်ကာ ထွက်ပြေးလေ၏။ အသားနာကျင်မှုနှင့်အတူ စားရအံ့ဆဲဆဲ လွတ်ကျသွားသကဲ့သို့ ခံစားရသောစိုးလှိုင်မှာ ကားပေါ်မှခုန်ဆင်းလိုက်ပြီး လှဆန်းယဉ်၏နောက်သို့ တစ်ဟုန်ထိုးပြေးကာ လိုက်ခဲ့လေ၏။

'' ဟိတ် . . . မပြေးနဲ့ မင်းငါ့လက်ကလွတ်မယ်ထင်လို့လား အခုရပ်လိုက်စမ်း ''

လှဆန်းယဉ်မှာ လွန်စွာမှောင်မိုက်နေသော လမ်းဘေးသစ်ပင် များကြားသို့ ပြေးဝင်ရင်း မရပ်မနားပဲ ရှေ့တူရှုအရပ်သို့ တရကြမ်း ပြေးလေတော့ရာ . . .

'' ဟား . . . ဟား ဒီလိုလုပ်လို့ရရိုးလား ဆရာစိုးရေမိပြီဗျ ''

လှဆန်းယဉ်၏ကိုယ်လုံးလေးအား အမှောင်ထဲတွင် ရုတ်တရက် ပွေ့ဖက်ချုပ်ကိုင်ခြင်းကို ခံလိုက်ရပြီး သူ့ဆရာစိုးလှိုင်အား စပယ်ယာ မုတ်ကြီးက အော်ခေါ်လိုက်လေ၏။ လှဆန်းယဉ်မှာ တွန်းဖယ်ရုန်းကန် သော်လည်း ခွန်အားကြီးမားလှသော မုတ်ကြီး၏လက်မှ မလွတ်သာဘဲ ရှိနေ၏။ စိုးလှိုင်မှာ မကြာမီ လှဆန်းယဉ်၏အနားသို့ ရောက်ရှိလာပြီး

www.burmeseclassic.com



" ဖြန်း . . . ဖြန်း "

အားပါလှသောလက်ဝါးဖြင့် လှဆန်းယဉ်၏မျက်နှာပေါ်သို့ ရိုက်ချလိုက်လေ၏။ လှဆန်းယဉ်မှာ ရိုက်နှက်ခံရမှုကြောင့် မြေကြီးပေါ်သို့ လဲကျသွားရလေပြီး စိုးလှိုင်မှာ လှဆန်းယဉ်၏ကိုယ်ပေါ်သို့မိုးကာ တက်ဖိလိုက်ပြီး . . .

" မင်းနှဘာတတ်နိုင်သေးလဲ . . . မင်းကငါ့ကို ဒီလိုလုပ်ရဲမှတော့ ငါကလည်းမင်းကို . . . "

" ဝေါ . . . ဝေါ . . . ဝေါ "

ရုတ်တရက်ထွက်ပေါ်လာသော ကောင်းကင်ယံမှအသံများကြောင့် စိုးလှိုင်မှာ ကောင်းကင်ထဲသို့ မော့ကြည့်လိုက်ကာ . . .

" ဟာ . . . အင်္ဂလိပ်လေယာဉ်တွေကွ "

စိုးလှိုင် အံ့သြစွာမော့ကြည့်နေဆဲ၌ပင် လေယာဉ်မှကြဲချလိုက်သော ဗုံးခံများမှာ အတန်းလိုက်ကျလာသည်ကို ကောင်းကင်ပြင်နောက်ခံဖြင့် မြင်တွေ့ရလေ၏။ စိုးလှိုင်က . . .

" မှတ်ကြီးရေ . . . ပြေး . . . ပြေး ဗုံးတွေကျလာပြီ "

" ဝုန်း . . . ဝုန်း . . . ဝုန်း "

" အား . . . "

" အမယ်လေး "

စိုးလှိုင်နှင့်မှတ်ကြီးတို့ ဘေးလွတ်ရာသို့ ထွက်ပြေးရန်အပြင် မလွတ်တော့ဘဲ ဗုံးခံများမှာ တရစပ်နေရာအနှံ့ ကျရောက်ပေါက်ကွဲကာ





လှဆန်းယဉ်၏ခေါင်းနားထင်စပ်သို့ သံစကြီးတစ်ခုလာမှန်ပြီး ပူကနဲ ကျင်စွာခံစားရကာ လှဆန်းယဉ်မှာ သတိလစ်လျက် အမှောင်ထု လွှမ်းသွားရလေတော့၏။

♛ ♛ ♛

" ဟော . . . သတိရလာပြီ သမီး မထနဲ့ဦး "

" အား . . . ကျွတ် . . . ကျွတ် "

လှဆန်းယဉ် သတိဝင်ဝင်လာချင်း လွန်စွာစိုးရိမ်နေသော အသံတစ်ခုကို ကြားလိုက်ရပြီး ဦးခေါင်းမှ မခံမရပ်နိုင်အောင် နာကျင်နေသောဒဏ်ကြောင့် ညည်းညူမိလိုက်လေ၏။ မျက်လုံးအစုံအား ဖြေးကနဲ ဖွင့်နိုင်သေးပဲ အလင်းဒဏ်ကြောင့် တဖြည်းဖြည်းဖွင့်ကြည့်လိုက်မိလေရာ မိမိအား စိုးရိမ်ကြီးစွာငုံ့ကြည့်နေသော မျက်နှာတစ်ခုအား တွေ့လိုက်ရ လေ၏။

မျက်နှာပိုင်ရှင်မှာ အသားဖြူဖြူ မျက်လုံးမျက်ခုံးများပါ ဖြူဖွေးနေပြီဖြစ်သော အသက်(၆၀)ခန့် ရသေ့ကြီးတစ်ဦးပင်ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



" သမီးသတိရပြီမဟုတ်လား။ အိမ်း. . .တော်သေးတာပေါ့ကွယ်၊ ဒေါ်ဘောက် အချိန်မီကယ်လိုက်ပေလို့ပဲ. . .သိပ်လှုပ်လှုပ်ရှားရှား မလုပ်နဲ့နော်. . .သမီးခေါင်းမှာ ဒဏ်ရာရှိတယ် "

ဟု လှဆန်းယဉ်အား ကြင်နာစွာပြောဆို၍ ပြုံးရွှင်သောမျက်နှာဖြင့် ကြည့်နေလေ၏။

" ကျွန်. . .ကျွန်မ ဘယ်ရောက်နေတာလဲ ဟင် "

လှဆန်းယဉ်က မိမိရောက်ရှိနေသောနေရာအား အလျင်စလို မေးမြန်းလိုက်သဖြင့် ရသေ့ကြီးက. . .

" ဘာမှမပူပါနဲ့ကွယ် သမီး အခုဘေးကင်းလုံခြုံတဲ့ ဘုရသေ့ရဲ့ကျောင်းကို ရောက်နေတာပါ။ သူတော်ကောင်းမို့ နတ်ကောင်းမတာပဲ ဖြစ်မယ်. . .သမီး ဒဏ်ရာတွေနဲ့လဲပြီး သတိလစ်နေတာကို ဘုရသေ့ကျောင်းကိုလာတဲ့ ဒကာမကြီးဒေါ်အေးညွန့်တို့ တွေ့လို့ခေါ်လာခဲ့ကြတာ။ သွေးတွေကလည်း ခေါင်းတစ်ခုလုံး ရွှဲနစ်နေတာပဲ၊ ဒေါ်ဘောက်လို ဂျပန်ဆေးတပ်ဆွယ်ကသူနာပြု အခန့်သင့်ရှိနေခဲ့လို့ပေါ့ကွယ်၊ ကဲ. . .သိချင်တာရှိရင် နောက်မှမေးပေတော့၊ လေလောဆယ် ဆန်ပြုတ်လေးသောက်လိုက်ဦး။ ဒကာမလေး ဆန်ပြုတ်ရပြီမဟုတ်လား "

ဟု ရသေ့ကြီးက လှမ်းမေးလိုက်ပြီး ခပ်လှမ်းလှမ်းမှ မိန်းမရွယ်တစ်ဦး၏ ပြေလိုက်သံကို ကြားလိုက်ရလေ၏။

" ရပါပြီဘုရား "

" အေး. . .ဒါဆို ခပ်မြန်မြန်ဆာနေရှာပေါ့ကွယ် ဆန်ပြုတ်တိုက်





လိုက်ပါ "

ဟူ၍ပြောကာ ရသေ့ကြီးမှာ လှဆန်းယဉ်အပါးမှ ထွက်ခွာသွားလေ၏။ ထိုခဏ၌ပင် လှဆန်းယဉ်ရှိရာ ခုတင်အနီးသို့ ဆန်ပြုတ်ပန်းကန်နှင့်အတူ အသက်(၂၈)နှစ်ခန့်ရှိ အသားလတ်လတ် မျက်လုံးမျက်ဖန်ကောင်းကောင်း မိန်းတစ်ဦး ရောက်ရှိလာ၏။

" ကဲ. . .ညီမ ဆန်ပြုတ်လေးသောက်ရအောင်၊ ဒါမှအားရှိသွားမှာ အစ်မထူပေးမယ်နော် ဖြည်းဖြည်းလေးခေါင်းကြွ "

မိန်းမရွယ်က ပြောပြောဆိုဆိုဖြင့် လှဆန်းယဉ်အား ကျောအောက်မှ အသာအယာသိုင်းပွေ့ပြီး ထိုင်နိုင်ရန်အတွက် ပေးလိုက်၏။ လှဆန်းယဉ်၏ ကျောမှီနိုင်ရန် ခေါင်းအုံးအားလည်း နေရာပြင်ကာခုပေး၏။ လှဆန်းယဉ်မှာ လွန်စွာဆာလောင်မိလေ၏။ ဆန်ပြုပန်းကန် ကုန်သွားတော့မှ. . .

" ညီမ. . .ဝ,ပြီလား ထပ်ယူဦးမလား "

ဟု ယုယကြင်နာစွာ မေးမြန်းလေ၏။

" တော်ပါပြီ အစ်မရယ်. . .သိပ်ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ကျွန်မကိုကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်များ တွေ့လို့ရနိုင်မလားရှင် "

" တွေ့ရမှာပေါ့ကွယ် . . . ခဏနေရင် ကျောင်းပေါ်ကို ထမင်း စားဖို့ လာကြပါလိမ့်မယ် အခု ဘုရားတည်တဲ့ကျောင်းရှေ့က ကုန်းတော် မှာ အုတ်သယ်ပေးနေလေရဲ့ "

ဟူ၍ ပြောဆိုသဖြင့် လှဆန်းယဉ်မှာ ပြန်လှဲချလိုက်ပြီး အသာ



www.burmeseclassic.com

www.burmeseclassic.com



မှိန်းနေလိုက်လေ၏။

လှဆန်းယဉ် မျက်လုံးအစုံအား မှေးစင်းထားပြီး မိမိ၏ဖြစ်
သောအဖြစ်အပျက်အား ပြန်လည်စဉ်းစားတွေးတောနေမိလေ၏
လမ်းကြုံခေါ်ဆောင်လာ၍ မိမိအား အနိုင်ထက်စော်ကားရန် ကြံစည်
သော ဒရိုင်ဘာမိုးလှိုင်နှင့် တပည့်ဖြစ်သောမှတ်ကြီးတို့ မည်ကဲ့သို့ ဖြစ်ပျက်
ခဲ့သည်ကိုလည်း တွေးတောရင်း မိမိ၏ဆိုးဝါးလှသော ဘဝအချိုးအကွေ့
အား စဉ်းစားဆင်ခြင်မိလေ၏။

" ကဲ . . . လာကြလာကြ အားလုံးဆာနေကြရောပေါ့ . .
ဒီမှာ ထမင်းပြင်ပြီးပါပြီ တစ်ခါတည်း ဝိုင်းလိုက်ကြပါ "

ဟု လှဆန်းယဉ်အား ဆန်ပြုတ်လာတိုက်သော မိန်းမရွယ်
ထမင်းစားဖိတ်မန္တကပြုသံနှင့်အတူ ယောက်ျားမိန်းမများစွာ လူတစ်အု
ကျောင်းပေါ်သို့ တက်လာလေ၏။ လှဆန်းယဉ်မှာ အိပ်ယာပေါ်မှ ခေါင်း
အသာအယာဖြည်းညင်းစွာ ငဲ့စောင်း၍ကြည့်လိုက်လေ၏။ ဟင်းရွက်
ဟင်းသီးများဖြင့် ဖွယ်ဖွယ်ရာရာချက်ပြုတ်ပြင်ဆင်ထားသော သက်သ
လွတ်ထမင်းဟင်းများဖြင့် အားလုံးပျော်ရွှင်မြိန်ယှက်စွာ စားသောက်
သည်ကို စိတ်ပျော်ရွှင်ဖွယ်မြင်တွေ့ရလေ၏။

ထမင်းစားသောက်ပြီးစီးကြပြီးနောက် အသက်(၅၀)နီးပါး
အမျိုးသမီးကြီးတစ်ဦးနှင့် မိန်းမငယ်ယောက်ျားငယ်လေးများတစ်စုသည်
ခေါင်း၌ပေါင်းထားသော တဘက်မျက်နှာသုတ်ပုဝါ ထန်းဖက်ဦးထုပ်
အား အသီးသီး ဦးခေါင်း၌ပေါင်းကြပြီး ပြန်ရန်ပြင်ဆင်ကြလေ၏





ဆန်ပြုတ်တိုက်သူမိန်းမရွယ်က အမျိုးသမီးကြီးအား စကားသွားရောက်
ပြောဆိုသဖြင့် အမျိုးသမီးကြီးမှာ လှဆန်းယဉ်ရှိရာသို့ လှမ်းကြည့်လိုက်
ပြီး တစ်လှမ်းချင်းလျှောက်လာလေ၏။ လှဆန်းယဉ်အနီးသို့ ရောက်လာပြီး
လှဆန်းယဉ်အား ကြည်လင်အေးမြသောအပြုံးဖြင့် ပြုံးပြလိုက်ကာ . .

" သက်သာသွားပြီလား . . . ခေါ်ကြီးနာမည်က ဒေါ်အေးညွှန့်
ပါကွယ် "

ဟု ပြောဆိုလိုက်သဖြင့် . . .

" ကျွန် . . . ကျွန်မကိုတွေ့လို့ကယ်ခဲ့တာ ဒေါ်ကြီးဟုတ်ပါ
တယ်နော် ".

" ဟုတ်ပါတယ် သမီးရယ် . . . တစ်နေ့က မနက်အစောကြီး
ဘုရားဆောင်ဘုရားတည်ဖို့အတွက် အုတ်တွေကိုလှည်းနဲ့တိုက်ပြီး လာပို့ရင်း
လမ်းမှာ အင်္ဂလိပ်လေယာဉ်တွေဗုံးချတာနဲ့ကြုံရလို့ လှည်းပေါ်ကဆင်းပြီး
ပုန်းရကွယ်ရတာပဲ။ နောက်လေယာဉ်တွေပြန်လှည့်သွားတော့မှ လှည်းပြန်
ကောက်ပြီး ဆက်ထွက်လာတာ . . . သမီးလည်းကျနေတာကိုတွေ့ရတော့
ခုလို ဘုရားဆောင်ကျောင်းကို ခေါ်လာခဲ့ရတာပဲကွယ် "

ဟူ၍ ဒေါ်အေးညွှန့်က ပြောပြလေ၏။ လှဆန်းယဉ်မှာ အသက်
ကယ်ခဲ့သော ကျေးဇူးရှင်ဒေါ်အေးညွှန့်အား ပက်လက်ကလေးမှ လက်အုပ်
ချီရင်း . . .

" ကျွန်မအသက်ကို ကယ်တင်ခဲ့တဲ့ဒေါ်ကြီးကို ကန်တော့
ပါရစေရှင် . . . ဒေါ်ကြီးသာ ကျွန်မကိုအချိန်မီခေါ်မလာရင် ဒီလောက်ဆို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အသက်ရှင်ဖို့မလွယ်တော့ပါဘူး ''

ဟု လှဆန်းယဉ်က ပြောဆိုလေရာ ဒေါ်အေးညွန့်က ပြုံးပြလိုက်လျက် . . .

'' ရပါတယ်သမီးရယ် . . . ဒေါ်ကြီးလည်း တွေ့တွေ့ချင်း အသက်မရှိတော့ဘူးလို့တောင် ထင်သွားမိသေးတယ် . . . နောက်မှ ဒေါ်ကြီးနဲ့အတူပါလာတဲ့ ဟောဒီကလေးတွေက အသက်တော့ မှျင်းမှျင်း ရှူနေသေးတယ် . . . မသေသေးဖူးအရိုးလို့ ပြောတာကြောင့် သမီးကို ဝိုင်းပွေ့ပြီး လှည်းပေါ်တင်လာခဲ့ရတာ သမီးကံကလည်းရှိသေးတော့ ဘုရားသေ့တာပည့် သူနာပြုဒေါ်ဘောက် ရွာကိုပြန်ရောက်နေတဲ့အချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်လို့ . . . သူလည်း ကြိုးစားပမ်းစားကုပေးခဲ့ရှာပါတယ် ''

ဟူ၍ ဒေါ်အေးညွန့်က ရှင်းပြလိုက်၏။

'' ဒါနဲ့ ကျွန်မတစ်ခုတော့ သိချင်တာလေးမေးပါရစေ ဒေါ်ကြီးရယ် . . . ကျွန်မကိုတွေ့တဲ့ပတ်ဝန်းကျင်မှာ ဒီပြင်တစ်ခြားလူတွေကိုကော တွေ့ခဲ့မိသေးလား ''

'' တွေ့တော့တွေ့ခဲ့တယ် သမီးရယ် . . . စိတ်မကောင်းစရာမို့ ဒေါ်ကြီးမပြောပြမိသေးတာပါ . . . သမီးရဲ့အစ်ကိုနဲ့ မောင်တော်တာလား ဘာလားတော့မဆိုနိုင်ဘူး . . . ဟို စိတ်နိုင်ခိုင်ဝဲတော့ထားနော် သမီး နှစ်ယောက်စလုံး ပုံးဆံမုန်ပြီး အသက်မဲ့နေကြပြီ။ ဒါကြောင့် ဒေါ်ကြီးလည်း အသက်ငွေ့ငွေ့ရှိတဲ့ သမီးကိုပဲခေါ်ခဲ့တာပေါ့ ''





ဒေါ်အေးညွန့်၏စကားအဆုံး၌ မိမိအပေါ် မတရားပြုကျင့်ရန် ကြံစည်ခဲ့သော သူယုတ်နှစ်ဦးကား တစ်ဖတ်သိမ်းရှာလေပြီဟု လှဆန်းယဉ် သိလိုက်ရလေ၏။

မိမိအား ကယ်တင်ခေါ်ဆောင်လာခဲ့ကြသော ဒေါ်အေးညွန့် တို့လူစုမှာ အင်းကန်ဟူသောရွာမှဖြစ်ကြပြီး မကြာမီ ညနေစောင်းအချိန် ၌ပင် လှဆန်းယဉ်အား ဝိုင်းဝန်းအားပေးနှုတ်ဆက်ခဲ့ပြီး ပြန်သွားကြလေ၏။ ထို့နောက် ညမိုးချုပ်စအချိန်၌ မီးအုပ်ကြီးကိုင်ကာ ကျောင်းသို့ ဒေါ်ဘောက်ရောက်ရှိလာလေ၏ ဒေါ်ဘောက်က ရောက်ရောက်ချင်း လှဆန်းယဉ်အား . . .

'' ဟော . . . ကလေးမ သတိရနေပြီကိုး၊ ကောင်းသွားပါပြီ ကွယ် တော်သေးတာပေါ့ ဒဏ်ရာက သံစတွေကဦးခေါင်းခွံအတွင်းပိုင်းကို ရောက်မသွားလို့ . . . နို့မို့ခုလိုတယ်လွယ်ပါ့မလဲ၊ ခေါင်းထဲက ဘယ့်နှယ့် နေလဲ ''

ဟု မေးမြန်းပြောဆိုလေ၏။ လှဆန်းယဉ်က . . .

'' ခေါင်းက သိပ်မကြည်ဘူးဒေါ်ဒေါ်ရယ် . . . တစ်ချက်တစ်ချက် မူးနောက်နောက်ဖြစ်သွားသလို မိုက်ကနဲမိုက်ကနဲဖြစ်တယ်။ ကျွန်မကို နလိုအသက်ရှင်အောင် ကယ်တင်ကုသပေးခဲ့တဲ့ ဒေါ်ဒေါ်ကို ကျွန်မ ကန်တော့ပါရစေရှင် ''

'' အို . . . ရပါတယ်သမီးရယ် ကိစ္စမရှိပါဘူး၊ သမီးရဲ့အသက်ကို ကယ်ခွင့်ကြုံလို့သာ ကယ်ခဲ့ရတာပါ။ ပြီးတော့ ဟိုအင်းကန်ကအမကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



အချိန်မီခေါ်မလာနိုင်ဘူးဆိုရင်လည်း ဒေါ်ဒေါ်ဘယ်တတ်နိုင်ပါ့မလဲ၊ လူတွေအသက်ရှင်နိုင်သမျှ ရှင်နိုင်အောင်ကုသပေးဖို့က ဒေါ်ဒေါ့်ရဲ့တာဝန်ပါကွယ်. . .မလှကြိုင် ဒီသမီးကိုဆေးတိုက်ဖို့ ရေတစ်ခွက်လောက်ပေးပါလား ”

ဟူ၍ လှဆန်းယဉ်အား ရှင်းပြနစ်သိမ့်ရင်း ဆေးတိုက်ရန်အတွက် စီစဉ်လေ၏။ ထို့နောက် လှဆန်းယဉ်၏သွေးခုန်နှုန်းအားတိုင်းတာရန်အတွက် လှဆန်းယဉ်၏ ညာလက်လေးအားကိုင်လိုက်ပြီး ဆွဲမလိုက်လေ၏။

ထိုခဏ၌ လှဆန်းယဉ်၏မျက်လုံးအစုံတွင် ဝင်းကနဲ အဖြူရောင်တန်းကြီးတစ်ခု ဖြစ်ပေါ်သွားရပြီး မျက်လုံးထဲ၌ ထူးဆန်းလှစွာသောပုံရိပ်မြင်ကွင်းများ ဖြစ်ပျက်နေသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိလိုက်ရလေတော့၏။

လှဆန်းယဉ်၏မျက်လုံးထဲတွင် ခြေတံရှည်အိမ်တစ်လုံး မီးစွဲလောင်စပြုနေပြီဖြစ်သည့်ရုပ်ပုံ၊ ထိုအိမ်၏အခန်းတွင် ပုခက်ပေါ်၌ ငိုကြွေးကာရှိသော သသားအရွယ်ကလေးတစ်ဦး အိမ်၏နံရံထက်မှ သူနာပြုဝတ်စုံနှင့် ဒေါ်သောက်၏ဓါတ်ပုံကြီး အစရှိသည်တို့သည် ဓာတ်ရှင်ကားပြနေသကဲ့သို့ ကွက်ကွက်ကွင်းကွင်း အစီအရီပေါ်လာသည်ကို မြင်ရလေ၏၊ လှဆန်းယဉ်က ဒေါ်သောက်၏လက်ဝါးအား ပြန်ဆုပ်ကိုင်ရင်း တုန်တုန်ရီရီဖြင့် . . .

“ ဒေါ်ဒေါ် ကျွန်မမျက်စိထဲမှာတွေ့တယ် ခြေတံရှည်အိမ်တစ်လုံး





မီးလောင်နေပြီ ပြီးတော့ ပုခက်ထဲမှာ ကလေးလေးတစ်ယောက်တည်းငိုနေတယ်. . .နံ. . .နံရံပေါ်မှာက ဒေါ်ဒေါ်ဓါတ်ပုံကြီးချိတ်ထားတယ်၊ အိမ်ကို ခုပဲမြန်မြန်ပြန်ပါ. . .အခုပဲသွားပါ ကလေးလေးဒုက္ခတွေ့နေပြီ”

ဟု လှဆန်းယဉ်က တစ်ရစပ် ကရားရေလွှတ်သကဲ့သို့ ပြောလိုက်သဖြင့် ဒေါ်သောက်မှာ မျက်လုံးအပြူးသားဖြင့် ကြောင်တက်တက်ကာဖြစ်နေ၏။

“ အိမ်ဒေါ်မှာလည်း နွားလှည်းအိမ်တစ်ခုချထားတယ်၊ အိမ်ရှေ့ပြတင်းပေါက်ဝမှာ ခန်းဆီးအပြာနုရောင်လေးတွေနဲ့ ဒါ. . .ဒါ ဆရာမအိမ်မဟုတ်လား ”

လှဆန်းယဉ်၏ ဒုတိယစကားအဆုံးဝယ် ဒေါ်သောက်မှာ တစ်ရှိန်ထိုးလှည့်ထွက်ကာ ကျောင်းပေါ်မှပြေးဆင်းသွားလေတော့၏။ လှဆန်းယဉ်၏အရိပ်အကဲကို မလှကြိုင်မှာ မယုံနိုင်သေးဘဲ အံပမိုအစိမ်းကပ်နေသည့်အလား ငေးစိုက်ကာကြည့်နေလေ၏၊ ထို့နောက် မလှကြိုင်မှာ အဖြစ်အပျက်အားပြောဆိုရန်အတွက် ဘရင်သေ့ရှိရာ ကျောင်းရှေ့စေတီတော်တည်နေရာ ကုန်းတော်သို့ အပြေးအလွှားထွက်သွားလေ၏။

မလှကြိုင်၏လျှောက်ထားမှုကြောင့် ဘရင်သေ့လည်း လှဆန်းယဉ်၏ထံသို့ ရောက်ရှိလာလေတော့၏။ ဘရင်သေ့က လှဆန်းယဉ်၏မျက်နှာအား စူးစိုက်ကာကြည့်လိုက်ရာ လှဆန်းယဉ်မှာ ဘရင်သေ့အား လက်အုပ်ချီကန်တော့လိုက်ပြီး. . .

“ တပည့်တော်မ ဘယ်လိုဖြစ်သွားသလဲ မသိပါဘုရား၊



www.burmeseclassic.com

www.burmeseclassic.com



ဖြန်းကနဲ မျက်လုံးထဲမှာ ဒေါ်ဘောက်အိမ်မီးလောင်နေတာကို ထင်ထင်ရှားရှားမြင်လိုက်ရပါတယ်။ ဒါကြောင့် မှန်လိုမှန်ငြား ဒေါ်ဘောက်ကို ပြန်လွှတ်လိုက်မိတာပါ ”

ဘရသေ့မှာ လှဆန်းယဉ်စကားကို မည်သို့မျှပြန်မမိန့်တော့ဘဲ တစ်စုံတစ်ရာအဓိပ္ပါယ်ရသော မျက်နှာထားဖြင့်သာ ခေါင်းတဆတ်ဆတ် ညိတ်ကာဖြင့် . . .

“ အိမ်း . . . ဘရသေ့သိပါတယ် ငါ့သမီးဟာ အာရုံတွေပြားပြီး သွေးလေချောက်ချားနေတာမဟုတ်မှန်း ယုံပါတယ်။ ကိုင်း . . ဒေါ်ဘောက်ကော အချိန်မီရောက်ပါ့မလား . . . အင်း . . . ဒုက္ခ . . . ဒုက္ခ . . . ဒုက္ခ”

ဟု မိန့်ကြားရင်း ကျောင်းအပေါ်ထပ်သို့ တက်ရောက်သွားလေ၏။ မလှကြိုင်မှာကား ဘရသေ့၏ထူးခြားလှသော မိန့်ဆိုမှုနှင့်လှဆန်းယဉ်၏အဖြစ်အား ဝေခွဲရခက်သောမျက်နှာလေးဖြင့် အငေးသားကြည့်နေရှာလေ၏။

နောက်တစ်နေ့နံနက်စောစောအချိန်တွင် ဒေါ်ဘောက်နှင့်အတူ ရွာထဲမှလူကြီးလူငယ်တစ်ချို့ လိုက်ပါလာကြပြီး လှဆန်းယဉ်ထံသို့ ရောက်ရှိလာ၏။ လှဆန်းယဉ်အားမြင်မြင်ချင်း ဒေါ်ဘောက်မှာ ပြေး၍ ပွေ့ဖက်လိုက်ကာ . . .

“ အမယ်လေး ငါ့သမီးကယ်ပေလို့ ငါ့မြေးမလေး အချိန်မီ အသက်ချမ်းသာရတာပါပဲ . . . နောက်ပြီး အိမ်ကိုလည်း တစ်ခုလုံး ပြာကျမသွားအောင် ငြိမ်းလိုက်နိုင်တယ်။ ကျေးဇူးတင်လိုက်တာ သမီး





လေးရယ် ”

ဟု ဒေါ်ဘောက်က ဝမ်းသာပီတိမျက်ရည်များကျကာ ပြောလိုက်လေ၏။ ဒေါ်ဘောက်နှင့်ပါလာသော နန်းကြိုင်ရွာသူကြီး ဦးအင်ခွန်းက . . .

“ မဘောက် အပြေးအလွှားနဲ့လာခေါ်လို့ တို့လည်းလိုက်သွားပြီး ငြိမ်းငြိမ်းလိုက်လို့ သူ့အိမ်ကော သားကအိမ်တွေပါ သက်သာရာရသွားရတာ၊ ကလေးအမေကလည်း ရွာထဲမှာ ကလေးအိပ်နေတယ်ဆိုပြီး အကြွေးသွားတောင်းနေတာ . . . နေပါဦး ကလေးမရယ် ဘယ်လိုလုပ်ပြီး ဒီလိုဖြစ်တာကို သိနေရတာလဲ ”

ဟူ၍ လွန်စွာစိတ်ဝင်စားစွာဖြင့် ဝင်ရောက်မေးမြန်းလေ၏။ လှဆန်းယဉ်မှာကား စိတ်ချမ်းမြေ့သွားရသော အပြုံးသဲ့သဲ့လေးတစ်ခု ပြုံးလိုက်ကာ . . .

“ ဘယ်လိုပြောရမယ်မှန်းတောင် မသိပါဘူးဦးရယ် . . . ကျွန်မ မျက်စိထဲမှာ အဲဒီလိုဖြစ်နေတာတွေကို မြင်လာရလို့ စိုးရိမ်မိပြီး ပြောမိ တာပါ။ ကျွန်မမြင်တာတွေဟာ မှန်လို့တော်သေးတာပေါ့ရှင်၊ မဟုတ်ခဲ့ရင် ကျွန်မဟာ ခေါင်းကဒဏ်ရာကြောင့် စိတ်ကယောင် ချောက်ချားဖြစ်ပြီး ပြောချင်ရာပြောတယ်လို့ဖြစ်နေမှာ . . . ခုတော့ ကျွန်မအသက်သခင် ဒေါ်ဒေါ်ဘောက် ခုလိုဒုက္ခမတွေ့ရတာ ကျွန်မဝမ်း သာလို့မဆုံးတော့ပါဘူးရှင်။ ”

ဟု လှဆန်းယဉ်က စိတ်ရင်းအတိုင်း ကြည်နူးစွာပြောဆိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထိုအဖြစ်အပျက်ကြောင့် လှဆန်းယဉ်၏နာမည်သတင်းမှာ နန်းကြိုင်ရွာလေးမှတစ်ဆင့် ရွာနီးချုပ်စပ်များသို့ ပျံ့နှံ့သွားရလေတော့ပြီး လှဆန်းယဉ်အား တွေ့မြင်ဖူးလိုသောလူများ မိမိတို့၏ဘဝရေးရေးအား မေးမြန်းသိရှိလိုသူများ စသည်ဖြင့် တစ်ဖွဲ့ဖွဲ့ နေ့စဉ်လာရောက်ကြလေတော့ရာ ဘရသေ့၏ကျောင်းနေရာ၌ လွန်စွာစည်ကားလျက်ရှိလေတော၏။

လှဆန်းယဉ်မှာ မူလကပင် ရိုးအေးစွာနေထိုင်သောလေ့ရှိသူဖြစ်ရကား ထိုသို့တွေ့ကြုံရသော ထင်ပေါ်ကျော်ကြားမှုကို ရှောင်ရှားကနေလေ၏။ ဘရသေ့က လှဆန်းယဉ်အား . . .

" ဘဝအဆက်ဆက်က ပါရမီရင့်သန်ခဲ့တဲ့ သမီးအဖို့ ခုလိုထူးခြားလှတဲ့အမြင်အာရုံကိုရတာ တကယ်တွေးကြည့်ရင်တော့ မဆန်းလှပါဘူးကွယ် . . . ဒါဟာ အထုံထပ်ဆက်ဖို့ နတ်သိကြားတွေ ပုဂ္ဂိုလ်ထူးတွေက ပေးတဲ့အခွင့်အရေးပဲလို့သာ ယုံပါသမီး . . . ဒီအကျိုးဆက်ကိုအသုံးပြုပြီး သမီးအတွက်ကောင်းကျိုးဖြစ်စေမဲ့ ကိစ္စမျိုးကို ဆင်ခြင်လုပ်ဆောင်သင့်တယ်ကွဲ့ "

ဟူ၍ ပြောဆိုလိုက်လေ၏။ ဘရသေ့၏ တိုက်တွန်းပြောဆိုသော စကားအဓိပ္ပါယ်ကို တစ်ညလုံးတွေးတောစဉ်းစားရင်း လှဆန်းယဉ်မှာ မိုးမလင်းမီအချိန်၌ကြမှ မှေးကနဲအိပ်ပျော်သွားလေတော့ရာ အိပ်မက်တစ်ခုမြင်မက်ပြန်လေတော့၏။ လှဆန်းယဉ်၏အိပ်မက်မှာ လွန်စွာမြင့်မားမက်စောက်သော တောင်ကြီးတစ်ခုပေါ်သို့ တက်ရောက်ရင်း တောင်ထိပ်





သို့ရောက်ရှိသွားပြီး ကြီးမားသောကျောက်ဂူကြီးတစ်ခုကို တွေ့ရလေ၏။ လှဆန်းယဉ်မှာ ငေးစိုက်ကြည့်နေမိစဉ်မှာပင် ဂူကြီး၏အတွင်းမှ ...ကြီးမားလှသော ခြသေ့်ကြီးတစ်ကောင်ထွက်လာ၏။ ထို့နောက် ...ဆန်းယဉ်အား ၎င်း၏နှုတ်ခမ်း၌ ချီယူလာသော အဝါရောင်ပန်းစည်း ...ခုအား ပေးအပ်လေ၏။ လှဆန်းယဉ်က လက်ဖြင့်ဆုပ်ယူကာကိုင် ...ထားသည်နှင့် ခြသေ့်ကြီးမှာ တစ်ချက်ဟိန်းဟောက်လိုက်ပြီး တောင်ကြီး ...ဘက်သို့ လစ်းအတိုင်းပြေးဆင်းသွားလေတော့၏။ လှဆန်းယဉ်မှာ ...စည်းအားကိုင်ဆောင်ရင်း ဂူကြီးအတွင်းသို့ဝင်လိုက်လေရာ လွန်စွာ ...ယ်ကြည်ညိုဖွယ်ရာကောင်းလှသော စေတီတော်လေးတစ်ဆူအား ...ရှိမြော်လိုက်ရပြီး အဝါရောင်ပန်းပွင့်များပါသော ပန်းစည်းအား ...တော်လေးရှေ့ ပန်းအိုးလေးတစ်ခုအတွင်းသို့ ကပ်လှူလိုက်လေ၏။ ...ခိုက် ကြေးမောင်းကြေးစည် ထိုးနှက်တီးခတ်လိုက်သောအသံများ ...ဝေစွာထွက်ပေါ်လာပြီး အော်ဟာစ်ကြီးဝါးသံတစ်ခု ကျယ်လောင်စွာ ...လိုက်ရလေတော့၏။

" ဟော့ . . . အောင်ပြီ . . . အောင်ပြီကွ "

လှဆန်းယဉ် ဖျတ်ကနဲလန့်နိုးသွားရင်း ပြူတင်းပေါက်မှတစ်ဆင့် ...ကောင်းကင်သို့ လှမ်းမျှော်ကြည့်လိုက်မိလေရာ ခပ်လှမ်းလှမ်းကုန်း ...လေးပေါ်မှ စေတီတော်အား ရောင်နီဖြင့်ပြည့်လျှံနေသော ...ကောင်းကင်ပြင်နောက်ခံဖြင့် သပ္ပါယ်စွာဖူးတွေ့လိုက်ရလေ၏။ လှဆန်းယဉ် ...အိပ်ယာပေါ်မှထကာ စေတီတော်လေးရှိရာသို့ လှမ်းလာမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်လေးပေါ်သို့ရောက်သောအခါ၌ မပြီးပြတ်သေးသော
စေတီတော်လေးအား တစ်ဝက်တစ်ပျက်ဖြင့် စိတ်မချမ်းမြေ့ဖွယ် တွေ့
ရလေ၏။ စေတီတော်လေး၏ဘေးဖက်၌ တန်ဆောင်းဆောက်ရန်ရှိသေ
လည်း ရှေ့မဆက်နိုင်ဘဲ ရပ်တန့်ထားရလေတော့ရာ ပန္နက်တူးထားသေ
မြောင်းလေးများကို အထီးကျန်စွာတွေ့ရလေ၏။ ထိုအခိုက် လူဆန်
ယဉ်၏နောက်ကျောဖက်မှ အသံတစ်ခုထွက်ပေါ်လာလေ၏။

" သမီး အစောကြီးနိုးနေပါလား "

ဟု ပြောဆိုလိုက်သဖြင့် လှည့်ကြည့်လိုက်ရာ ဘရသေ့ဖြစ်
၏။ လူဆန်းယဉ်က ဘရသေ့အား ဦးချကန်တော့လိုက်ပြီး . . .

" ဟုတ်ပါတယ် ဘရသေ့ . . . သမီးအိပ်မက်ဆန်းတစ်ခုမက်
နိုးလာတာနဲ့ အရုဏ်ဦးနဲ့ဒီစေတီတော်လေးကို ကြည့်ညှိုလွမ်းလို့ ထ
ဖူးမြော်တာပါ အဘ "

ဟူ၍ လူဆန်းယဉ်က ပြောဆို၍ သူ၏အိပ်မက်အား ပြန်လည်
ပြောပြလေ၏။ ဘရသေ့မှာ မျက်စေ့မှိတ်ကာ စူးစိုက်နားထောင်နေ
အတန်ကြာမှ လူဆန်းယဉ်အား . . .

" အိမ်း . . . ဒါဟာ ငါ့သမီးအတွက် သာသနာပြုဖို့ အရိပ်အ
ပြတဲ့အိပ်မက်ပေပဲ . . . မက်တဲ့အချိန်ကလည်း လင်းဦးပိုင်းအချိန်ဆိုတေ
ဒီအိပ်မက်အတိုင်း အမှန်ဖြစ်လာလိမ့်မယ်ကွဲ့ "

ဟု ဘရသေ့က ပြောဆိုနိမိတ်ဖတ်လိုက်လေ၏။ ဘရသေ့
စကားကြောင့် လူဆန်းယဉ်၏တစ်ကိုယ်လုံးမှာ ကျင်စက်နှင့်တို့ခံလိုက်





ည်အလား ဖြစ်ပေါ်ခံစားလိုက်ရပြီး ကြည်သီးမွေးညင်းများထ,ခြင်း၊
ယ်ချင်ငိုချင်သကဲ့သို့ စိတ်ဖြစ်ပေါ်လာရခြင်း အစရှိသည်တို့ကို တစ်ပြိုင်
က် ခံစားလိုက်ရလေတော့၏။

" ဟုတ်ကဲ့ . . . သမီးသဘောပေါက်သိပါပြီ အဘ၊ သမီး
စေတီတော်လေးပြီးမြောက်အောင်မြင်ဖို့အတွက် ခုဒီနေ့ဒီအချိန်ကစလို့
ဆောင်ရွက်ပါတော့မယ် . . . သမီးကို သာသနာပြုဖို့ ဘရသေ့ ခွင့်ပြုပေး

ဟူ၍ လူဆန်းယဉ်က ဆုံးဖြတ်ချက်ချကာ ဘရသေ့အား
တောင်းလိုက်လေ၏။ ဘရသေ့မှာ လူဆန်းယဉ်၏ဆုံးဖြတ်ချက်ကြောင့်
းလိုက်ပြီး . . .

" ခွင့်ပြုပြီးသားပါသမီးရယ် . . . ဒီလိုသာသနာပြုမဲ့သူမျိုးကို
ရသေ့စောင့်နေခဲ့တာ (၃)နှစ်ရှိပါပြီ၊ ကာလပျက်ကြီးလည်းဖြစ်ပြန်
တွေရဲ့စားဝတ်နေရေးကလည်း ကြပ်တည်းနေပြန်တော့ ဒီစေတီတော်
ည်ထားရေးဟာ ခက်ခဲခဲ့ရတာပဲသမီး "

" ဘာမှမပူပါနဲ့တော့ သမီးရဲ့ရရှိထားတဲ့ မနောစွမ်းအင်နဲ့
တီတော်ကို အောင်မြင်ပြီးမြောက်အောင် သမီးကြိုးစားပါ့မယ် "

ဟု လူဆန်းယဉ်က ပြောဆိုလိုက်လေတော့ရာ ဘရသေ့က
ျက်စွာပြုံးလိုက်ပြီး . . .

" အိမ်း . . . သာဓု . . . သာဓု . . . သာဓုပါကွယ် "

ဘရသေ့က လှိုက်လှိုက်လှဲလှဲ သာဓုခေါ်ဆိုလိုက်လေတော့၏။



BURMESE CLASSIC .com
www.burmeseclassic.com

ထိုနေ့မှစ၍ နန်းကြိုင်ရွာ ဘုရားသခင်၏သာသနာပြုလုပ်ငန်း အတွက် မနေ့အာရုံအမြင်ဖြင့် လှဆန်းယဉ်သည် ဟောပြောခြင်းကို ပြုလုပ်ရင်း နှိုးခဲ့လေ၏။ ထိုသို့ဟောပြောရာမှရရှိသော ဉာဏ်ပူဇော်များကို အောင်ချမ်းသာကပ်ကျော်စေတီတော် ဖြစ်မြောက်ရန်အတွက် ရည်မှန်း ကြိုးစားရှာဖွေခဲ့လေသည်။





## “ လှဆန်းယဉ်အားစိန်ခေါ်ပြီ ”

တစ်နေ့သ၌ လှဆန်းယဉ်ထံသို့ ထန်းရည်လွန်စွာမူးနေကြသော ထန်းရည်သမားတစ်စုသည် ရောက်ရှိလာကြလေ၏။ ထိုလူစု၏ ဦးစီး ခေါင်းဆောင်မှာ နန်းကြိုင်ရွာနှင့် ဒီစကြိုတ်တစ်ကြောလုံး၌ လွန်စွာ ဩဇာညောင်းလျက် ငွေကြေးကျိုကျိုတက်ချမ်းသာလှသော ဆန်စက် ပိုင်ရှင်သားဖြစ်သူ ဘသောင်းဆိုသူပင်ဖြစ်လေရာ ရုပ်ရည်ချောမော ပြေပြစ်ရုံသာမကဘဲ အကြားအမြင်မနောအာရုံကြောင့် ထင်ပေါ်ကျော်ကြား နေသော လှဆန်းယဉ်အား ရိသဲ့သဲ့လုပ်ရင်း ပညာစမ်းလိုသောစိတ်ကြောင့် ရောက်ရှိလာကြခြင်းဖြစ်၏။ ဘသောင်းက လှဆန်းယဉ်၏မျက်နှာအား မျက်တောင်ခတ်ရန်ပင် မေ့လျော့နေသည့်အလား စိုက်ကြည့်ရင်း. . .

“ ကဲ. . .ပေဒင်ဆရာမလေး တစ်ခါမေးရင်ဘယ်လောက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရမှာလဲ ''

ဟု ခပ်ကတ်ကတ်လေသံဖြင့် မေးမြန်းလေတော့ရာ . . .

လုဆန်းယဉ်က . . .

'' ငွေကြေးသတ်မှတ်ထားတာမရှိပါဘူး . . . ဟောဒီက အောင်ချမ်းသာစေတီတော်အတွက် မောင်ကြီးတို့စေတနာရှိတဲ့အတိုင်းသာ အလှူငွေထည့်ခဲ့ပါ ''

ဟူ၍ လုဆန်းယဉ်က ပြန်လည်ပြေပြေပြစ်ပြစ် ပြောဆိုလိုက်လေ၏။ ဘသောင်းနှင့်အတူပါလာသော သာဂေါင်ဆိုသူက . . .

'' ကိုင်း . . . ကိုဘသောင်းရေ ခင်ဗျားဒီကိုလာမိတာတော့ မှန်းတဲ့အတိုင်း ဟန်ကျပြီဗျို့ . . . ဆရာမက စေတနာရှိတဲ့အတိုင်းတဲ့ ခင်ဗျားဆရာမလေးကို စေတနာဘယ်လောက်ရှိလဲ ပြောလိုက်လေ ''

ဟု မူးမူးနှင့် ဝင်ရောက်ပြောဆိုလေသဖြင့် ဘသောင်းက ကျောက်ကျောရေပက်မျက်နှာမျိုးဖြင့် စပ်ဖြဲဖြဲလုပ်ကာ . . .

BURMESE CLASSIC .com

'' ဟ . . . ကျုပ်စေတနာကတော့ အတိုင်းမရှိပါပဲဗျာ၊ ဆရာမ္မ လေးကသာ လက်ခံစမ်းပါ ဟဲ . . . ဟဲ ''

ဟူသော ရီသွဲ့သွဲ့စကားမျိုး ပြောဆိုလေ၏။ လုဆန်းယဉ်အား ထိုကဲ့သို့ပြောဆိုခြင်းကို မလှကြိုင်မှာ မခံမရပ်နိုင်ဖြစ်ရလေတော့သဖြင့်

'' ဟဲ့ . . . ဘသောင်း နင်တို့မူးမူးရူးရူးနဲ့ တောပြောတောင်ပြော တွေ လာမပြောနေနဲ့၊ သူကတို့ရွာဦးစေတီတော် ဖြစ်မြောက်အောင် သာသနာပြုနေတာ . . . နင်တို့ ဗရုတ်သုက္ခတွေလာလုပ်တာဆိုရင်





ပြန်၊ မေးစရာရှိလို့ဆိုရင် မေး၊ ရှုတ်ရှုတ်ရှက်ရှက်လုပ်လို့က ငါ့သူကြီး ဦးစိန်ရှိုးနဲ့ သွားတိုင်မှာနော်။ ''

ဟု ဝင်ရောက်ကာ ခပ်တင်းတင်းပြောလိုက်လေသောကြောင့် ဘသောင်းမှာ မျက်နှာထားတင်းတင်းဖြင့် . . .

'' ငါမေးချင်တာရှိလို့ လာတာပေါ့ဟ . . . အေး တစ်ခုတော့ ရှိတယ်၊ ငါမေးတဲ့မေးခွန်းကို ဟောတာမမှန်ရင်တော့ နင့်ဆရာမ ဒီရွာက ထွက်သွားရမယ် . . . မှန်ရင် ငါငွေ(၅၀)အလှူငွေထည့်မယ်၊ ကိုင်း . . ကျုပ်ပြောတာဘယ်လိုလဲ ဆရာမ ''

ဟူ၍ ဘသောင်းက ညစ်သောစိတ်ဖြင့် လုဆန်းယဉ်အား အလောင်းအစားသဘောဖြင့် စိန်ခေါ်လိုက်လေတော့၏။ လုဆန်းယဉ်မှာ ဘသောင်း၏စိန်ခေါ်မှုအလောင်းအစားကို လက်မခံပဲ ခဏမျှငြိမ်သက်ကာ ခေါင်းငုံ့နေလေ၏။ ထိုသို့ လုဆန်းယဉ်၏အခြေအနေအားကြည့်၍ ဘသောင်းမှာ ပို၍ရောင့်တက်လာပြီး . . .

'' ဘယ့်နှယ့်လဲ ဆရာမ . . . ကျုပ်တို့ကတောသားတွေနော်၊ ပြတ်ပြတ်ပဲကြိုက်တယ် . . . မဟောနိုင်ပါဘူးဆိုရင်လည်း ကျုပ်ကို ပွင့်ပွင့် လင်းလင်းပြော . . . ဆရာမနာမည်မပျက်စေရအောင် ကျုပ်ဖုံးဖိထားပေါ့ မယ် ဟဲ . . . ဟဲ . . . ဟဲ ''

ဟု အပိုင်သဘောဖြင့် ပြောချလေတော့ရာ မလုဆန်းယဉ်မှာ ငြိုးလျက်ကြည့်နေပြီး မလှကြိုင်မှာ ပို၍စိတ်တိုသွားရကာ . . .

'' ဟင် . . . နင့်လိုထန်းရည်သမား လူပေါ်ကြော့တာများ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကို အထင်သေးလို့ လာစော်ကားတာလား၊ ဆရာမ ဒီအကော
တွေကတော့ ဆရာမရဲ့အစွမ်းကိုပြမှ ငြိမ်သွားမဲ့ဟာတွေ ဟောလိုက်
စမ်းပါဆရာမရယ် ”

ဟူ၍ လှဆန်းယဉ်အား တိုက်တွန်းပြောဆိုလိုက်လေတော့
မလှကြိုင်၏တိုက်တွန်းချက်ကို လှဆန်းယဉ်အား အဖော်အလှော်ဖြစ်
လာရောက်နေနေကြသော မိပြား၊ မယ်ငွက်တို့ကပါ. . .

“ ဟုတ်သားပဲ ဆရာမရယ်. . .ဒီလိုကဖော်သမားတွေ
ကျောင်းမှန်းကန်းမှန်းသိအောင် ကြေးစည်ထုပေးလိုက်စမ်းပါ. . .
မှုမှုရှုရှုနဲ့ ဆရာမကို ရွာထဲမှာမတော်မတည်တွေ လျှောက်ပြောကြ
မယ်၊ ဒင်းတို့တည်းမရှိတဲ့ပါးစပ်တွေကြောင့် ဆရာမရဲ့သာသနာပြုလုပ်
တွေ မထိခိုက်ပါစေနဲ့. . .ဟောသာဟောလိုက်စမ်းပါ ”

ဟု အားမလိုအားမရဖြစ်ကာ မခံချင်စိတ်ဖြင့် လှဆန်းယ
အား ဝင်ရောက်တိုက်တွန်းပြောဆိုကြပြန်လေ၏။ လှဆန်းယဉ်
သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် တည်ငြိမ်သောအိန္ဒြေဖြင့် ဘသော
အား. . .

“ ကောင်းပါပြီ ကျွန်မဟောပါ့မယ်. . .ဒါပေမဲ့ ရှင်ပြော
အတိုင်း ကျွန်မဟောတာမမှန်ရင် ကျွန်မဒီရွာကထွက်သွားပါ့မယ်၊ ကျွ
ဟောတာမှန်ရင်တော့ ဒီစေတီတော်တည့်ဖို့ သာသနာပြုလုပ်ငန်းတွေ
ရှင်တို့ထန်းရေအရက်ဖြတ်ပြီး ဝင်လုပ်ပေးရလိမ့်မယ် ”

ဟူ၍ ဘသောင်းနှင့်အဖွဲ့အား တည်ကြည်နိုင်မာလှ





ပြောကြားလိုက်လေ၏။ ဘသောင်းမှာကား လူ့ကတ်တီးကတ်ဖဲ့များဖြစ်
သည့် ဝသီအတိုင်း မစဉ်းစားတော့ပဲ လျှင်မြန်စွာအဖြေပေးလိုက်လေ၏။

“ ကြိုက်တယ် ဆရာမ. . .ကျုပ်သဘောတူတယ် ”

ဘသောင်းက သူ့၏စကားအား အဖော်များဖက်သို့ မေးငေါ့
ပြပြီး ပြောဆိုလိုက်ရာ ကျန်လူများက. . .

“ ဟုတ်တယ်. . .ကျုပ်တို့လည်းသဘောတူတယ် ”

ဟု တခဲနက်ပြောဆိုလိုက်ကြလေ၏။ လှဆန်းယဉ်က ၎င်းတို့
၏စကားအဆုံး၌ ဘသောင်းအား. . .

“ ကဲ. . .ရှင့်ရဲ့လက်ဝါးနှစ်ဖက်ကို ထုတ်ပြန့်ပေးပါ၊ ပြီးတော့
ရှင့်အတွက် အရေးအကြီးဆုံးသိချင်တာကို ပြောပါ ”

ဟူ၍ လှဆန်းယဉ်က ပြောဆိုမေးမြန်းလိုက်လေရာ ဘသောင်း
က လက်ဝါးနှစ်ဖက် လှဆန်းယဉ်ရှေ့ စားပွဲပေါ်သို့ဖြန့်ကာ တင်ပေး
လိုက်ပြီး. . .

“ ကျုပ်. . .ညောင်ကြစ်ရွာမှာ ကြက်သွားတိုက်မယ်၊
လောင်းကြေးက ထောင်ချီလောင်းမှာ အဲဒါ ကျုပ်နိုင်မလားမနိုင်ဘူးလား”

ဟု မေးလိုက်လေတော့ရာ လှဆန်းယဉ်မှာ မသင်မှတ်သော
လောင်းကစားခုစရိုက်ကိုစွဖြစ်နေသည့်အတွက် လွန်စွာအခက်တွေ့သွား
ပြီး ဝေခွဲမရဖြစ်ကာ. . .နှုတ်ဆွံ့သွားရလေတော့၏။

“ ကိုင်း. . .ဆရာမ မဟောနိုင်တော့ဖူးမဟုတ်လား၊ ဒါဆို
ဆရာမရှုံးပြီနော် ”



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်. . .ဟုတ်တယ် "

ဟူသော တစ်ပြိုင်နက်တည်း ပြောင်လှောင်ကြသောအသံများ ဆူညံစွာထွက်ပေါ်လာကြလေ၏။ လှဆန်းယဉ်မှာ မလွှဲသာတော့သည့် အကြပ်အတည်းကြောင့်. . .ဆုံးဖြတ်ချက်ချလိုက်ရပြီးနောက် ဘသောင်း၏လက်ဝါးအား သူ၏လက်ဖြင့်ထိကိုင်လိုက်ပြီး မျက်စိစုံမှိတ်လိုက်လေ၏။

ထိုခဏ၌ပင် လှဆန်းယဉ်၏မျက်လုံးထဲ၌ လွန်စွာထင်ရှားလှသော မြင်ကွင်းပုံရိပ်များသည် ဖြတ်ကနဲဖြတ်ကနဲ မြင်တွေ့ရလေ၏။ ထိုပုံရိပ်များကား ဘသောင်းတို့လူစု ကြက်နိုင်ကာ ခုန်ပေါက်ပျော်ရွှင်သွားပုံများ. . .ဘသောင်း၏လက်ဖြန့်လျက် ငွေတောင်းရာမှ ရွာခံလူမိုက်များနှင့် ထိုးကြိတ်ကာရန်ဖြစ်ကြပုံများနှင့် တစ်စုံတစ်ယောက်အား ရွာခံများမှ ဓားဖြင့်ဝိုင်းခုတ်လိုက်၍ လဲကျသွားပြီး သွေးများမြင်မကောင်းအောင် စွန်းထင်းပေကျံနေပုံများ အစရှိသောပုံရိပ်များပင် ဖြစ်လေတော့သဖြင့် လှဆန်းယဉ်က. . .

" ကျွန်မပြောစကားကို နားထောင်စေချင်ပါတယ်၊ ကျွန်မ စေတနာအပြည့်ထားပြီး ပြောပါရစေ၊ အဲဒီရွာကကြက်ပွဲကို မသွားပါနဲ့တော့. . .သွားရင် ရှင်တို့တွေ တစ်ခုခုဖြစ်ကြလိမ့်မယ်၊ ကျွန်မပြောတာကို ယုံပါ "

ဟု လှဆန်းယဉ်က ပြောဆိုလိုက်လေ၏။ ဘသောင်းမှာ လှဆန်းယဉ်၏ပြောစကားကို ကြားရသည်နှင့်တစ်ပြိုင်နက် မထိန်းနိုင်တော့ဘဲ ကျယ်လောင်စွာလှောင်ပြောင်ရယ်မောလိုက်လေ၏။ ဘသောင်း





နှင့်အတူ ကျန်တစ်စုလုံးကပါ တညီတညွတ်တည်း ဟားတိုက်ရယ်မောကြလေတော့၏။ ဘသောင်းက. . .

" ဆရာမ. . .ဆရာမ တော်တော်တော့ ခေါင်းမနည်းပေဘူး ကြက်နိုင်မယ် မနိုင်ဖူးမပြောနိုင်တာနဲ့ ကျုပ်တို့ကို မဟုတ်တရုတ် ကြောက်အောင်လန့်အောင် ခြောက်တာမဟုတ်လား. . .ကျုပ်ကတော့ တပဲပြောပြော သွားမှာပဲ. . .ကဲ ဆရာမဝန်ခံစမ်းပါ၊ ဘယ်ကြက်နိုင်မလဲဆိုတာ ကြည့်ပေးလို့မရဘူးဆိုတာ "

လှဆန်းယဉ်မှာ ဘသောင်း၏စကားကြောင့် စိတ်တွင်း၌ ဒေါင်းကနဲ ဒေါသမာနစိတ်လေးဖြစ်ပေါ်သွားရသော်လည်း အချိန်မီပင် စိတ်ကိုချုပ်တည်းလိုက်ကာ မထူးတော့သည့်အဆုံး. . .

" ရှင်တို့ကြက်နိုင်လိမ့်မယ်. . .ဒါပေမဲ့ လောင်းကြေးကြောင့် ရန်ပွားကြမယ်၊ ရှင်တို့ထဲကတစ်ယောက် အသက်ဆုံးပါးနိုင်တာကိုပါ ကျွန်မမြင်တယ် "

ဟု ပွင့်လင်းပြတ်သားစွာ ပြောဆိုလိုက်လေ၏။ ဘသောင်းမှာ မူ တစ်ရက် လှဆန်းယဉ်၏ တိတိကျကျအပိုင်ပြောလိုက်ခြင်းကြောင့် သူ့အားသင့်ကာ ငိုင်ကြည့်နေမိလေ၏။ တခဏမျှအကြာတွင် ဘသောင်းမှာ သတိပြန်ဝင်ကာ စပ်ဖြဲဖြဲဖြင့်. . .

"ဟုတ်ပြီလေ . . . ဆရာမပြောတဲ့အတိုင်း ဖြစ်မဖြစ် ဟုတ်မဟုတ် ဆိုတာ ကျုပ်တို့သွားပြီးပြန်လာမှ အဖြေပေါ်မှာ. . .တဲ့ ကျုပ်သွားမယ် "



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာပဲ ကျူပ်တို့ကိုစောင့်နေပါ ”

ဟူ၍ လှဆန်းယဉ်အား ထိမ်ထင်စွာစိုက်ကြည့်လိုက်ကာ ပြောဆိုရင်း သူ၏အဖော်များနှင့်အတူ ကျောခိုင်းကာ ထွက်သွားလေတော့၏။

♛ ♛ ♛

နောက်(၃)ရက်ခန့်မျှအကြာ၌ စက်သူဌေးသား ဘသောင်းတို့လူစုသည် (၅)တိုင်မျှကွာဝေးသော ညောင်ကြွတ်ရွာသို့ ပွဲတိုင်းကျော်ဟူသော ကြက်ကြီးအားပိုက်ကာ ထွက်ခွာသွားကြလေ၏။ လှဆန်းယဉ်မှာကား မတားဆီးနိုင်တော့သဖြင့် စေတီကုန်းတော်လေးပေါ်တွင် မိမိစိတ်ငြိမ်သက်စေရန် ပုတီးစိတ်ရင်းသာ ဘသောင်းနှင့်လူစုအား မေတ္တာပို့လျက်ရှိလေ၏။

လှဆန်းယဉ်၏အဖော်အဖြစ် လာရောက်နေထိုင်သော ရွာခံမိပြား၊ မယ်ဂွက်နှင့် မလှကြိုင်တို့က . . .

“ ဆရာမရယ် . . .ဘသောင်းကိုပောလိုက်တာကို မယုံလို့တော့မဟုတ်ပါဘူး . . .ဒီကောင်က ပိုက်ဆံဝါလားဆိုတော့ ရောက်တဲ့





ရွာတိုင်း အပေါင်းအဖော်မရှားဘူး။ သူ့ကိုလည်း စက်သူဌေးသားဆိုတော့ ဘယ်လူမိုက်ကလည်း ထိပ်တိုက်မှာမဟုတ်ဘူး ဆရာမရဲ . . ,မတော်ဟောတဲ့အတိုင်းမဖြစ်ဘဲ ဒင်းပြန်လာရင်တော့ ဒုက္ခပါပဲ ဆရာမရယ်”

ဟု မလှကြိုင်က ပြောလိုက်လေတော့ရာ မိပြားကလည်း လှဆန်းယဉ်အပေါ် တွယ်တာစိုးရိမ်စိတ်ဖြင့် . . .

“ လှကြိုင်ပြောတာ ဟုတ်တယ်ဆရာမရေ . . .ဒီကောင်က တစ်ဖွတ်ထိုး၊ တစ်ဖောက်ကန်းသမား ဆရာမကို အားနာတာတို့ဘာတို့ ရှိမှာမဟုတ်ဘူး . . .သူ့ဖက်ကပြောအားရှိလို့က နင်းပြောမှာ တော်တော်မိုက်ရိုင်းတာ ”

မိပြားက ဝင်ရောက်ပြောဆိုသကဲ့သို့ မယ်ဂွက်ကလည်း . . .

“ ဟုတ်ပတော် . . .မိဘအရှိန်နဲ့ သောက်စားပြီး ထင်ရာစိုင်းနေတဲ့ကောင်၊ အမြဲမူး အမြဲလေလိုက်နေတာ ဘယ်သူ့ကိုမှ ဂရုတရားလည်းမထားတတ်ဘူး . . . ဆရာမကိုပဲ ဆေလာပြောလို့ကတော့ ကျွန်မ မနေဘူး ဖြစ်ချင်ရာဖြစ် ”

ဟူ၍ အသီးသီးဝင်ရောက်ပြောဆိုကြလေ၏။ လှဆန်းယဉ်မှာကား ၎င်းတို့၏ မိမိအပေါ် ခင်တွယ်စိုးရိမ်စိတ်ဖြင့် ပြောကြခြင်းများအတွက် မည်သို့မျှ ပြန်လည်မပြောဆိုပဲ ပြုံး၍သာကြည့်နေမိလေ၏။

နောက်တစ်နေ့ညနေစောင်းအချိန်တွင် လှဆန်းယဉ်နှင့်နန်းကြိုင်ရွာခံများ လူပျောက်၊ ပစ္စည်းပျောက် လာရောက်မေးကြသော ဧည့်သည်များဖြင့် စည်ကားစွာရှိနေကြလေ၏။ ထိုအခိုက် လှဆန်းယဉ်အသို့

www.burmeseclassic.com



မလှကြိုင် အူယားဖားယားဖြင့် အပြေးရောက်ရှိလာလေ၏။ မလှကြိုင်မှာ ရွာစွန်ဖက် သူ၏အိမ်ဝိုင်းသို့ ခေတ္တပြန်သွားရာမှ မောကြီးပန်းကြီးဖြင့် ဝင်ရောက်လာကာ . . .

" ဟောဟဲ . . . ဟော ဆ . . . ဆရာမရေ ဆရာမဟောတဲ့အတိုင်း မှန်လိုက်တာကွက်တိပဲရှင် . . . စက်သူဌေးသား ဘသောင်းတော့ ညောင်ကြွတ်ရွာအထွက်မှာ ဓားထိုးခံရလို့သေပြီ "

ဟု မလှကြိုင်က ပြောချလိုက်လေတော့ရာ ရွာခံများနှင့် ဧည့်သည်များပါမကျန် လွန်စွာအံ့သြသွားရလေတော့၏။ မလှကြိုင်၊ မိပြား မယ်ဂွက်တို့၏ ဘသောင်း လှဆန်းယဉ်အား လာရောက်စိန်ခေါ်သော အလောင်းအစားကိစ္စအား ဖွင့်ဟပြောပြခြင်းကြောင့် လှဆန်းယဉ်မှာ မျက်နှမထားတတ်အောင် လူများစွာတို့၏ အထင်ကြီးလေးစားချီးကျူးခြင်းကို ခံရလေတော့၏။

ထိုသို့သောအဖြစ်သတင်းမှာ တောမီးပမာ ရက်ပိုင်းအတွင်း ပျံ့နှံ့သွားရကာ လှဆန်းယဉ်၏အမည်မှာ နန်းကြိုင်ရွာကိုလွန်၍ အဝေးခရိုင်များအထိသို့ပင် ရောက်ရှိကျော်ကြားနေတော့လေ၏။

နောက်(၂)ရက်မျှအကြာ၌ ဘသောင်းနှင့်အတူလိုက်ပါသွားကြသော သာဂေါင်၊ မုတ်ကြီး၊ လက်သန်း၊ တုတ်ဖြိုး အစရှိသည့်လူစုသည် ဒဏ်ရာများကိုယ်စီနှင့် လှဆန်းယဉ်ထံသို့ ရောက်ရှိလာခဲ့ကြလေ၏။

" ဆ . . . ဆရာမရယ် ကျွန်တော်တို့ကို ခွင့်လွှတ်ပါဗျာ၊ ဆရာမကို ထန်းရေမူးပြီး မလေးမစားလုပ်ခဲ့မိပါတယ်။ ဆရာမပြောတဲ့





စကား နားမထောင်မိလို့ ဘသောင်းလည်း သေကုန်ခဲ့ပါပြီ၊ ကျွန်တော်တို့လည်း ကံကောင်းလို့ အသက်မသေခဲ့တာပါ။ ဆရာမရှုပြခဲ့တဲ့ကတိအတိုင်း စေတီတော် ဝေယျာဝစ္စတွေကို အရက်ဖြတ်ပြီး ဝိုင်းဝန်းကူညီပါ့မယ်၊ ကျွန်တော်တို့ကို ပေးချင်သာတာဝန်သာပေးပါ "

ဟု သာဂေါင်က ပြောဆိုလိုက်လေ၏။ ကျန်သူများကလည်း

" ဟုတ်ပါတယ် ဆရာမ . . . ကျုပ်တို့ကိုနိုင်းပါ "

ဟူ၍ လိုလိုလားလား ဆန္ဒပြုကြကာ ညီညာစွာပြောဆိုကြလေတော့၏။ လှဆန်းယဉ်မှာ ခွင့်လွှတ်သောအပြုံးဖြင့်သာပြုံးလျက် ခေါင်းညိတ်ပြလိုက်လေ၏။

မလှကြိုင်နှင့်မိပြား မယ်ရွက်တို့လည်း ဘသောင်းနှင့်သာဂေါင်တို့လူစု ကြုံခဲ့ရသောအဖြစ်အပျက်အား စိတ်ဝင်စားစွာဖြင့် ဝိုင်းဝန်းမေးမြန်းကြလေတော့၏။

" ဟဲ့ သာဂေါင်ရဲ့ . . . နင်တို့ကြက်ကြီးကော ဆရာမပြောတဲ့အတိုင်း နိုင်ရဲ့လား . . . ပြီးတော့ ဘယ်လိုဖြစ်ပြီး ဘသောင်းက ဓါးနဲ့ထိုးခံရတာလဲ "

" ငါတို့ရဲ့ဆရာမအပေါ် မယုံကြည်ခဲ့တဲ့စိတ်ရယ် . . . လောင်းကြေးက (၃၀၀၀)တောင် ကြေးပေါက်တာရယ်က ခုလိုဘေးဆိုးအန္တရာယ်တွေ့ခဲ့ရတာပဲ လှကြိုင်ရေ . . . ဒီလိုဟော့ ငါတို့အားလုံး လပြည့်ကျော်(၂)ရက်နေ့က ညောင်ကြွတ်ကိုထွက်သွားကြတာ နင်တို့သိမှာပေါ့။ ငါတို့လည်း ပွဲတိုင်းကျော်ကြီးကိုပိုက်ပြီး ဘသောင်းက (၁၀၀၀) ကျွန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါတို့လူစုက ဝိုင်းစုတာ (၁၀၀)ရတော့ အားလုံး(၁၁၀၀)ငွေသားနဲ့ ညောင်ကြွတ်ရွာကိုသွားကြတာပေါ့. . .ဟိုရောက်တော့ ဘသောင်းနဲ့ ရင်းနှီးတဲ့ချစ်တီးသူဌေးသား ရာဂျူးက ပွဲတိုင်းကျော်ကိုယုံလို့ ငွေ(၁၀၀၀) ထပ်ဖြည့်တယ် အဲဒီမှာတင် သူ့တပည့်ချစ်တီးစာရေးနဲ့ သူ့လူတွေက ထပ်ထည့်ကြလို့ လောင်းကြေး(၃၀၀၀)ဖြစ်သွားတော့တာပဲ. . .အဲဒီမှာတင် ကြက်ပွဲဟာ ကြက်ပုံမကျ ပြောစမှတ်တင်ရမဲ့ပွဲ ဖြစ်သွားတာပဲဟာ”

ဟု သာဂေါင်က ပြောဆိုလိုက်ရာ မလှကြိုင်တို့မှာ စိတ်ပို ဝင်စားသွားကြပြီး အားမလိုအားမရဖြင့် ရှေ့သို့တိုးကာ ဝိုင်းအုံနားထောင်ကြလေ၏။

“ ညောင်ကြွတ်က တွေ့မရှောင်ဆိုတဲ့ကြက်နဲ့ခွပ်ဖို့ အားလုံး သဘောတူစီစဉ်ပြီးတာနဲ့ ညောင်ကြွတ်ရွာပြင်က ထန်းတောမှာ ဝိုင်းလုပ်ကြတယ်။ တွေ့မရှောင်ဘက်ကလောင်းတဲ့ငွေကိုင် စိတ်လှဆိုတဲ့လူကို စတွေ့ကတည်းက ငါ့စိတ်ထဲမှာ သူ့မျက်နှာကို ရင်းရင်းနှီးနှီး မြင်ဖူး သလိုလို ခံစားရလို့ ဘသောင်းကိုပြောပြလိုက်တော့ ဘသောင်းက

“မင်းကလည်း သာဂေါင်ရာ ဒီကောင့်ကိုမြင်ဖူးတာများ ပုံကြီးရှိနေရသေး တယ်၊ တို့ရွာနီးချုပ်စပ်ကလူပဲ မင်းနဲ့ကြုံရင်ကြုံဖူးမှာပေါ့ အရေးထဲ အရာပေါ် အကြောင်းမဟုတ်တာတွေ ဂရုစိုက်မနေနဲ့”လို့တောင် ငါ့ကို ပြန်ငေါက်လိုက်သေးတယ်၊ စိတ်လှဆိုတဲ့လူကတော့ ငွေထုပ်ကိုကိုင်ပြီး ခပ်အေးအေးပါပဲ၊ တို့အုပ်စုကို တစ်ချက်တစ်ချက်လှမ်းကြည့်တာများ သူ့မျက်လုံးဟာ ငါ့ရင်ထဲအထိတောင် ဖောက်ထွက်သွားမလား ထင်ရ





တယ်။ တစ်ခုခုတော့ အဓိပ္ပါယ်ဆောင်နေပြီလို့ ငါခံစားခဲ့မိတယ်၊ ဒါနဲ့ တို့ကြက်ပွဲလေး စတယ်ဆိုပါတော့. . .တို့လက်သပ်မွေးထားတဲ့ ပွဲတိုင်း ကျော်နဲ့ သူတို့ရွာကတွေ့မရှောင် အသေအကြေခွပ်ကြတော့တာပဲ၊ နာရီ က်လောက်ခွပ်ပြီးတဲ့အချိန်မှာ ပွဲတိုင်းကျော်ရဲ့အတက်နဲ့ စုပ်စိုက်ချက် ကြောင့် တွေ့မရှောင်ဟာ မျက်လုံးတစ်ဖက်ကိုထိသွားပြီး သွေးသံအလိမ်း လိမ်းနဲ့ ခွပ်ချက်မမှန်တော့ဘူး။ ဒီမှာတင် ပွဲတိုင်းကျော်က ဆက်တိုက် ခွပ်ချလိုက်တာ တွေ့မရှောင် ဝိုင်းပြင်ထွက်ပြေးပါလေရော. . .တို့တစ်တွေ ဟာ နိုင်ပြီဆိုတဲ့စိတ်နဲ့ အားရပါးရအော်ဟစ်ပြီး အရက်ခလေးကလည်း အရှိန်တက်နေကြတော့. . .ကတဲ့သူက ခုန်တဲ့သူနဲ့ပေါ့။ အဲဒီမှာတင် စိတ်လှဆိုတဲ့ကောင်က တွေ့မရှောင်ကို ခြေထောက်ကဆုံကိုင်လာပြီး “ငါက အနှစ်နှစ်အလလက နိုင်ချင်လို့ မင်းကိုမွေးခဲ့ရတာ မင်းမနိုင်တော့လည်း ငါ့တာဝန်ငါလုပ်ရမှာပဲ၊ ကဲ. . .မင်းလိုညံ့တဲ့ကောင် ဇာတ်သိမ်းပေတော့” လို့ပြောပြီး ငါတို့ရှေ့မှာတင် မြေကြီးပေါ် အားကုန်လွှဲပေါက်ချလိုက်တာ တွေ့မရှောင်လည်း အတောင်တဖျတ်ဖျတ်ခတ်ပြီး မချိမဆန့် အသက် ပျောက်သွားရှာတယ် ”

သာဂေါင်မှာ ရှည်လျားစွာပြောဆိုရသဖြင့် ရေအိုးထဲမှ ရေတစ်ခွက်ကို ခပ်သောက်လိုက်၏။ ထို့နောက် ဗမာ့ခေတ်သေးဖော့ပါလိပ်ကို မီးညှိကာ ဖွာရှိုက်လိုက်ပြန်၏။ ပြီးမှ. . .

“ ဘသောင်းက အဲဒီမှာတင် စိတ်လှအနားကိုသွားပြီး ‘ကဲ ခင်ဗျားကြက် တွေ့မရှောင်အတွက်လည်း စိတ်မကောင်းပါဘူးဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိတ်လောက် ကျုပ်တို့နိုင်တဲ့လောင်းကြေးလေး မ,စပါလား” ဆိုပြီး တောင်းလိုက်တယ်၊ စိတ်လှကာ ဘသောင်းပြောသမျှကို ခပ်စိမ်းစိမ်းကြီး ပေပြီးစိုက်ကြည့်နေတာ အကြာကြီးပဲ၊ ဘသောင်းက စိတ်မရှည်သလိုနဲ့ “ပေးလေဗျာ . . . ကျုပ်တို့နိုင်တဲ့လောင်းကြေး ”ဆိုပြီး ခပ်ထန်ထန် ထပ်တောင်းတော့ စိတ်လှက ပြန်ပြောတယ် . . .“မင်းကို လောင်းကြေး ပေးဖို့တော့မရှိဘူးကွ . . . မင်းဒီကိုရောက်အောင် ခုလိုစီမံခဲ့ရတာ ဟန်ကျ ပြီပေါ့ကွာ ”လို့ပြောရင်း ဘသောင်းနား နီးသထက်နီးအောင် ကပ်လာ တော့တာပဲ၊ ဘသောင်းလည်း စိတ်လှစကားနဲ့အပြုအမူကြောင့် ဘာမှန်း မသိ,ပဲ နောက်ကို မသိမသာဆုတ်လိုက်တာပေါ့ ”

သာဂေါင်က မီးငြိမ်းသွားသော ဗမာ့ခေတ်ဆေးပေါ့လိပ်ကြီးကို ပြာခွက်ထဲထိုးချလိုက်ရင်း တစ်ဖန်ဆက်လက်ပြောဆိုပြန်လေ၏။

“ စိတ်လှက ဘသောင်း ရှုံ့တွန့်တွန့်ဖြစ်သွားတာကိုမြင်ပြီး ဟားတိုက်ရယ်တော့တာပဲ . . .ရယ်လို့အားရလောက်မှ “မင်း ဘန့်ဘော ကုန်းက ခင်လှကိုမေ့နေပြီလား . . .ငါ့မျက်နှာကို သေချာကြည့်စမ်း မင်းပြန်သတိရလာအောင် ခင်လှကို မင်းတင်ထားခဲ့တဲ့အကြွေးက ဒီလောင်းကြေးထက် အဆမတန်များတယ်၊ ကဲ . . .ဒီအကြွေးကို မင်း ဒီနေ့ပဲ ဆပ်ပေတော့ ” လို့ ပြောပြောဆိုဆို သူ့ခါးကြားနောက်မှ အဆင်သင့်ထိုးထည့်ထားတဲ့ ဓါးမြောင်ကိုဆွဲထုတ်ပြီး ဘသောင်းရင်အုံ တည့်တည့်ကို တစ်ခါတည်းထိုးသွင်းလိုက်တာ ဘသောင်းလည်း အသံ တောင်ထွက်ဖို့အချိန်မရဘဲ မျက်လုံးကြီးပြူးပြီး နေရာမှာတင်လဲကျသွား





တယ်။ ဘသောင်းရဲ့ အဖြစ်ဆိုးကိုမြင်လိုက်တာကြောင့် တို့လည်း နီးရာ ဓါးလုံး၊ မြေခဲတွေကောက်ပြီး စိတ်လှကိုလက်တုံ့ပြန်ဖို့ လုပ်ကြတာ၊ ကြက်ဝိုင်းတစ်ဝိုင်းလုံးက စိတ်လှလူတွေက သူတို့အဆင်သင့်ဖွက်ထားတဲ့ ဓါးဆစ်ပိတ်ထုတ်တွေ၊ ဓါးရှည်တွေကို ဖွက်ရာကပြေးယူပြီး တို့အုပ်စုကို ဝိုင်းရိုက်ကြတော့တာ ခံရတယ် ”

သာဂေါင်ကပြောဆိုနေရင်းမှ အနည်းငယ် အာခေါင်ခြောက် လာသဖြင့် ပြောလက်စနားလိုက်ပြီး ရေတစ်ခွက်ခပ်သောက်လိုက်ပြန် ၏။ ပြီးမှ . . .

“ ငါတို့လည်း ကွဲတဲ့သူကွဲ ပြဲတဲ့သူပြဲနဲ့ ဖြစ်နေတုန်း၊ အားလုံးကို စိတ်လှက “ဟေ့ . . .ရပ်လိုက်ကြတော့”လို့ လှမ်းတားလိုက်လို့ သူ့လူ တွေရပ်သွားပြီး “ငါလိုချင်အကြွေးက ဟိုမှာဆပ်သွားပြီ . . .သူတို့နဲ့ ဆိုင်ဘူး၊ ပြန်လွှတ်လိုက်ကြ ”လို့ ပြောတာကြောင့် ငါတို့လည်း သက်သာ ရာရသွားခဲ့ရတာပဲ ”

ဟု သာဂေါင်က ဖြစ်ပျက်ပုံအား လုံးစေ့ပတ်စေ့ ရှင်းလင်းပြော ပြလေ၏။ မိပြားက . . .

“ ဒါ့ထက် ဒီလူက ဘသောင်းကို ဘာကြောင့်လက်စားချေပြီး သတ်လိုက်ရတာလဲဟဲ့ ”

“ အေး . . .ငါလည်း ဒီအကြောင်းကအဓိကဖြစ်နေတာကို ပြောဖို့ကျန်သွားတယ် . . . ဘသောင်းက နင်တို့ဒီကြတဲ့အတိုင်း အသောက် အစားလောင်းကစားတင်မကဘူး မိန်းမလည်းရူးတော့.



www.burmeseclassic.com

www.burmeseclassic.com



. . ဟိုးလွန်ခဲ့ တဲ့(၃)နှစ်လောက်ကပေါ့ . . . ဟာ နင်တို့ ဒေါ်အေးညွန့်နဲ့ သွားကြပါရော လား . . . ဘန့်ဘွေးကုန်းဆရာတော်ကြီး ဘုန်းကြီးပျံလေ အဲဒီဘုန်းကြီးပျံပွဲမှာ ဘသောင်းက ဘန့်ဘွေးကုန်းက ခင်လှဆိုတဲ့ ကောင်မလေးကို အတည်ကြံသလိုလိုနဲ့ စော်ကားခဲ့တယ်ဟာ၊ ကောင်မလေး ခမျာ သူ့ကြောင့် မပေါ့မပါးဖြစ်ပြီး အရှက်တကွဲအကျိုးနည်းနဲ့ သူ့မိဘဆွေမျိုးတွေလည်း မပြောဝံ့ပဲ၊ သူ့ကို လူကြုံစာကြုံပေးပြီး အမျိုးမျိုးခယတောင်းပန်ခဲ့ပေမယ့် ဘသောင်းက ပစ်ပစ်ခါခါ လုပ်တာကြောင့် နောက်ဆုံးကြံရာမရလို့ ဘန့်ဘွေးကုန်းရွာပြင်ဟာ တို့ကြက်ပွဲလုပ်တဲ့နေရာမှာပဲ ကြိုးဆွဲချ သတ်သေသွားရှာတယ် . . . ခင်လှရဲ့အစ်ကိုရင်းဖြစ်တဲ့လူက ကိုစိတ်လှပဲ၊ အဲဒီအချိန်တုန်းက သူရွာမှာမရှိဘူး။ လူသတ်မှုနဲ့ ကသာထောင်မှာ ထောင်(၅)နှစ်ကျနေတာ၊ သူပြန်ထွက်လာတော့ သူ့ညီမအကြောင်းကိုသိလို့ လက်သည် ဘသောင်းကို လက်စားချေဖို့ ဒီကြက်ပွဲကိုဖန်တီးပြီး လက်စတုံးလိုက်တာ ပဲ၊ ”

ဘသောင်း၏အဖြစ်ဆိုးအား သာဂေါင်မှာ ပြောဆိုရှင်းပြလိုက် သဖြင့် အားလုံးရေလည်စွာ သိရှိသွားကြလေတော့၏။ လှဆန်းယဉ်မှာမူ စိတ်မကောင်းသောမျက်နှာဖြင့် . . .

“ မကောင်းတဲ့အကုသိုလ်ဆိုတာ ပြုတဲ့သူဆီကို ပဲ့တင်ရိုက် သလို ပြန်လာမှာအမှန်ပါပဲ။ ဒါကြောင့် ကိုသာဂေါင်တို့လည်း မကောင်း တာမှန်သမျှရှုံ့လွှတ်ပြီး ခုလိုသာသနာ့အကျိုး၊ ဘာသာအကျိုးကို





ဆောင်ရွက်သွားကြပါတော့လို့ တိုက်တွန်းချင်တယ် ”

ဟူ၍ လှဆန်းယဉ်က ပြောဆိုလိုက်လေတော့၏။

♛ ♛ ♛

“ အိမ်ဦးကျောက်ရှိလာခြင်း ”

လှဆန်းယဉ်၏ အံ့ညွှန့်ဖွယ်ကောင်းလှသော အကြားအမြင်အာရုံ ကြောင့် ထိုတစ်နယ်လုံးမှ လူပေါင်းများစွာတို့သည် လှည်းတစ်တန်၊ ချတစ်တန်၊ ကုန်းတစ်တန်ဖြင့် နေရာများစွာမှ အားကိုးတစ်ကြီး လာရောက်မေးမြန်းကြလေတော့ရာ အောင်ချမ်းသာစေတီတော် တည်ဆောက်ခြင်းအတွက် လိုအပ်သောငွေကြေးမှာ ယခုအခါ၌ ပြည့်စုံ သည့်နီးပါးရှိနေပြီဖြစ်၏။

တစ်ခုသောနေ့လည်ခင်းအချိန်၌ ရွာသူကြီးဦးစိန်ရိုးနှင့်အတူ ဂျပန်စစ်ဗိုလ်တစ်ဦး ရောက်ရှိလာလေ၏။ ဂျပန်စစ်သား(၁၅)ဦးခန့်ပါ ရှိလာပြီး ဘုရားဝေကျောင်း၏ ဝင်းအပြင်၌ နေရာယူကျန်ရစ်ခဲ့သည်ကို တွေ့ရ၏။ ဦးစိန်ရိုးက လှဆန်းယဉ်အား . . .



www.burmeseclassic.com

www.burmeseclassic.com



" ကဲ ဆရာမလေးရေ အလုပ်ရှုပ်တယ်တော့ မထင်ပါနဲ့ဗျာ ဟောဒီက ဂျပန်မာစတာက ဆရာမနဲ့တွေ့ချင်တယ်ဆိုပြီး ကျုပ်ဆီ ရောက်လာလို့ ခေါ်လာပေးရတာပါ။ မာစတာက ဂျပန်တပ်ရင်း(၁၈)က အီမိုလို့ခေါ်တယ်။ သူ့တပ်က မြစ်ကြီးနားမှာပါပဲ။ မာစတာ ဟောဒီက ဆရာမလေးက မာစတာတွေ့ချင်နေတဲ့ လှဆန်းယဉ်ဆိုတာပါပဲ "

ဟူ၍ ပြောဆိုမိတ်ဆက်ပေးလိုက်လေ၏။ ဂျပန်စစ်ဗိုလ် အီမို ဆိုသူမှာ အသက်အရွယ်အရ လှဆန်းယဉ်နှင့် မတိမ်းမယိမ်းရှိပြီး မဲမှောင်သောမျက်ခုံးကြီးများ ဖြောင့်စင်းသောနှာတံ သွယ်သွယ်နှင့် လွှမ်းမြွ ဖြူဝင်းသော အသားအရည်တို့ကို ပိုင်ဆိုင်ထားသူဖြစ်၍ ဘွဲ့ကျမျက်လုံး အစုံက ကြင်နာစိတ်ရှိသော အရိပ်အရောင်များနှင့် မှုံးလွှမ်းနေသည်ကို လှဆန်းယဉ် သတိပြုမိလိုက်လေ၏။ လှဆန်းယဉ်က နွေးချမ်းကြည်လင် သောအပြုံးလေးဖြင့် ပြုံးပြရင်း ခေါင်းလေးကိုညိတ်ကာ အသိအမှတ်ပြု သည့်ပုံစံပြုလိုက်လေ၏။ အီမိုလည်း ယဉ်ကျေးသော ဂျပန်လူမျိုးတို့ ထုံးစံအတိုင်း ဦးခေါင်းတစ်ချက်ညွှတ်ပြလိုက်ပြီး လွန်စွာပီသကောင်းမွန် လှသော ဗမာစကားဖြင့် အံ့အားသင့်ဖွယ်ရာ ပြောဆိုလေ၏။

" ဟိုက်. . .ကျွန်တော်က လက်ဖတင်နင်တို့ ရှိယိုအီမိုပါ ခင်ဗျားကိုတွေ့လိုတဲ့ကိစ္စကတော့ ကျုပ်တို့တပ်ရင်းမှာ သိပ်အရေးကြီးတဲ့ လျှို့ဝှက်စစ်ရေးသတင်း စာရွက်စာတမ်းဖိုင်တစ်ခု ပျောက်ဆုံးသွားခဲ့လို့ ပါပဲ၊ ဘယ်လိုမှ အစအနဖော်လို့မရအောင် ပိပိယိယိနိုးသွားတဲ့အတွက် ကျွန်တော်တို့အဝယ်တော်က ဒီကိစ္စကိုဖြေရှင်းပေးနိုင်မယ့် ခင်ဗျားဆီကို





လမ်းညွှန်လိုက်လို့ လိုက်ခဲ့ရတာပါ "

ဟု အီမိုက မြန်မာလိုစေ့စပ်လှသော အသုံးအနှုန်းဖြင့် ပြောဆို လိုက်လေ၏၊ လှဆန်းယဉ်မှာ အီမို၏စကားကြောင့် အတန်ပင်စိတ်မသက် မသာဖြစ်သွားရ၍. . .

" ဟုတ်ကဲ့. . .ကျွန်မက ဒီစေတီနဲ့ပတ်သက်ပြီး ပြီးမြောက် အောင်မြင်အောင် သာသနာပြုနေတာပါ။ ဒီနေရာကိုပစ်ခွာပြီး မာစတာ တို့ဆီ လိုက်ပေးဖို့မဖြစ်နိုင်ပါဘူး ခွင့်လွှတ်ပါ "

ဟူ၍ လှဆန်းယဉ်က ပြန်လည်ပြောကြားလိုက်လေသဖြင့် အီမို မှာ မျက်နှာအနည်းငယ်ပျက်သွားပြီးမှ အိနြေ္ဒပြန်ဆယ်လိုက်ရင်း လှဆန်းယဉ်အား အပြုံးတစ်ခုကို ကြည်လင်စွာပြုံးပြလိုက်ကာ. . .

" အတတ်နိုင်ဆုံး လိုက်ပြီးဖြေရှင်းပေးဖို့အတွက် ကျွန်တော့်ရဲ့ အထက်ဗိုလ်မှူးကြီး တာနာကာကလည်း ဆန္ဒရှိနေပါတယ်၊ ဒါကြောင့် မဖြစ်မနေခေါ်ခဲ့ရမယ်လို့ အမိန့်ရှိထားလို့ ဆရာမလိုက်လျှောစေချင်ပါ တယ် "

ဟု အီမိုက ပြေပြစ်စွာ မဖြစ်မနေတောင်းဆိုလိုက်လေ၏။ လှဆန်းယဉ်မှာ မိမိ၏ဘဝကို တစ်ဆစ်ချိုးပြောင်းလဲစေခဲ့သော စကားပြန် ဘိုကြီးနှင့် စိန်ပေဒါခေါ် ဂျပန်တို့၏ရက်စက်လွန်းလှသော ဖြစ်ရပ်အား ပြန်လည်မြင်ယောင်နေတော့သည် ဖြစ်လေရာ အလျှော့မပေးတော့ပဲ

" ခွင့်လွှတ်ပါ မာစတာအီမို. . .ကျွန်မဟာ သာသနာပြုနေတဲ့ အတွက် ကျွန်မဒီနေရာမှာပဲရှိနေမှ သာသနာလုပ်ငန်း အဆင်ပြေချောမွေ့



www.burmeseclassic.com

www.burmeseclassic.com



မှာပါ . . . တစ်ဦးတစ်ယောက်အတွက် ကျွန်မအချိန်မပေးနိုင်ပါဘူး ”

ဟူ၍ ပြတ်သားစွာငြင်းဆိုလိုက်လေ၏။ အိမိုမှာ လှဆန်းယဉ်၏ ပစ်ပစ်ခါခါငြင်းပယ်ခြင်းကြောင့် မည်ကဲ့သို့လုပ်ဆောင်ရပါအံ့နည်းဟု အကြံအိုက်ကာ စဉ်းစားနေမိလေ၏။ တခဏမျှ တိတ်ဆိတ်စွာစဉ်းစားနေပြီးမှ အကြံပေါ်သွားရဟန်ဖြင့် အားတက်သရောပြောဆိုပြန်၏။

“ ဒါဆို ကျေးဇူးပြုပြီး ဒီလိုလုပ်ကြရအောင် ဆရာမရယ်၊ ဒီဆရာမတို့ရဲ့ဘုရားအတွက် လိုအပ်တဲ့ဘိလပ်မြေ၊ အုတ်၊ ငွေကို ကျွန်တော်တို့ကပဲ ပြည့်စုံအောင်ပံ့ပိုးပါ့မယ်။ ဆရာမကသာ ကျွန်တော်တို့ ကိစ္စအခက်အခဲကို လိုက်ဖြေရှင်းပေးပါ။ ကိစ္စပြီးတာနဲ့ ကျွန်တော်ကိုယ်တိုင် ပြန်ပို့ပေးပါ့မယ်”

ဟု အိမိုက ညှိနှိုင်းပြောဆိုလိုက်လေရာ လှဆန်းယဉ်မှာ ခေါင်း ရခက်ခဲသွားရပြီး စကားအစ,ရှာမရဖြစ်သွားရလေ၏။

“ လိုက်သွားလိုက်ပါ သမီးရယ်၊ ရန်သူမျိုးငါးပါးထဲမှာ မင်းဆိုတာလည်းပါတယ်ကွဲ့ . . . ပစ်ပယ်လိုက်ရင် သမီးအတွက် အခက်အခဲတွေ့နေပါဦးမယ် . . . ဖေဖေ့ဘီတော်အတွက်လည်း သမီးစွမ်းအားနဲ့ ပြည့်စုံ ပြီးသား တစ်ခါတည်းဖြစ်ရောပေါ့ . . . လိုက်သွားလိုက်ပါ ”

အောင်မြင်သောအသံနှင့်အတူ ဘရဲသော့မှာ လှဆန်းယဉ်တို့ အနီးသို့ ပြောပြောဆိုဆို ရောက်ရှိလာလေ၏။ ဘရဲသော့၏ တိုက်တွန်း ပြောဆိုမှုကို မငြင်းသာတော့၍ လှဆန်းယဉ်မှာ သဘောတူလက်ခံလိုက် ရလေတော့၏။





ဂျပန်စစ်ပိုလ်အိမိုနှင့် တပ်သားများမှာ သူကြီးဦးဖိုးရှိနှင့်အတူ ရွာထဲသို့လိုက်ပါသွားကြပြီး နောက်တစ်နေ့ နံနက်(၇)နာရီခန့်တွင် လှဆန်းယဉ်မှာ အိမိုနှင့်ဂျပန်စစ်သားများ၏ စစ်သုံးထရပ်ကားကြီးအား စီးနင်း၍ မြစ်ကြီးနားသို့ ထွက်ခွာခဲ့ကြလေ၏။

ထိုသို့ခရီးနှင်လာကြရာ ညနေစောင်းအချိန်၌ ရွာတစ်ရွာလေး အနီးသို့ ရောက်ရှိလာကြကာ ရပ်နား၍ စားသောက်ရန်စီစဉ်ကြလေ၏။ ဂျပန်လူမျိုးတို့၏ထုံးစံအတိုင်း အသီးအနှံများ ဟင်းရွက်များအား သကြား များဖြင့်ရောမွှေကာ ချက်ပြုတ်လေ၏။ ထို့နောက် ဂျပန်စစ်သားများနှင့် အတူ လှဆန်းယဉ်မှာ လွှမ်းစွာချိုအီနေသော ဟင်းများဖြင့် စားသောက် ရလေ၏။

ထမင်းစားသောက်ပြီးစီးကြ၍ ရွာလေးအစွန်ရှိ တဲလေးတစ်ခု တွင် အိပ်စက်ရန်စီစဉ်လေ၏။ အိမိုမှာ မြင့်မြတ်သောဂျပန်မျိုးရိုးမှ ဆင်းသက်လာပုံရကာ လွှမ်းစွာယဉ်ကျေးသိမ်မွေ့၍ လှဆန်းယဉ်အား တဲအိမ်အခန်းတွင်း၌ အိပ်စက်စေပြီး ၎င်းမှာ အိမ်ရှေ့ခန်းအပြင်ဘက်၌ အိပ်စက်လေ၏။ ဂျပန်စစ်သားများအား တဲအိမ်နှင့်အပြင်ဘက်တစ်ဝိုက် ၌ ကင်းချထားလေ၏။

မအိပ်စက်မီ ညဉ့်ဦးပိုင်း၌ အိမိုက . . .

“ ဆရာမ မအိပ်သေးဘူးဆိုရင် မီးလာလှုံပါလား . . . ဒီမှာ တော်တော်အေးတယ် ”

ဟု လှဆန်းယဉ်အား ဖိတ်ခေါ်လိုက်လေရာ လှဆန်းယဉ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အချမ်းအထဲကြောင့် လုံးဝမအိပ်စက်နိုင်သည်ဖြစ်၍ အိမ့်မို၏ဖိတ်ခေါ်ချက်ကို လက်ခံကာ တဲရှေ့မီးဖိုဆီသို့ ထလာခဲ့လေ၏။

" ဆရာမ ခုလိုလိုက်လာတဲ့အတွက် ကျွန်တော် ကျေးဇူးအများကြီးရှိသွားပြီ၊ ဆရာမကိုရအောင်ခေါ်ခဲ့ဖို့ တပ်ရင်းကဗိုလ်မှူးကြီးက အမိန့်ပေးထားတာ ဆရာမက မလိုက်ဖူးပြောတော့ ကျွန်တော်တော့ တော်တော်စိတ်ပျက်သွားလိုက်တာ ပြောမပြတတ်အောင်ပါပဲ "

ဟူ၍ အိမ့်မိုက ပြောလိုက်လေ၏။ လှဆန်းယဉ်မှာ မိမိတွေးထင်ထားသကဲ့သို့ ဂျပန်လူမျိုးတိုင်း ခက်ထန်ခြင်းမရှိပါလားဟု တွေးတောမိကာ အိမ့်မိုအားလေးစားမိခြင်းဖြင့် ချောင်စွာပြောဆိုဆက်ဆံမိလေ၏။

" ဟုတ်ပါတယ် မာစတာ. . .ကျွန်မမှာ ကျွန်မဘဝတစ်ခုလုံးကိုရော၊ ကျွန်မတိုင်းပြည်အတွက်ပါ မေ့ပစ်လို့မရအောင်ကြုံခဲ့ရတဲ့ မာစတာတို့လူမျိုးတစ်ချို့ကြောင့် ခုလိုခံဖြတ်မိခဲ့ရတာပါ "

ဟု လှဆန်းယဉ်က ရေလည်စွာပြောဆိုလေ၏။

" ကျွန်တော့်ကို ကျေးဇူးပြုပြီး မာစတာလို့မခေါ်ပါနဲ့ဗျာ၊ ကျွန်တော့်နာမည် တိုရှိယိုအိမ့်မိုပါ အိမ့်မိုလို့ပဲ ခေါ်စေချင်ပါတယ် "

အိမ့်မိုက ရင်းနှီးစွာ လှဆန်းယဉ်အား တောင်းပန်လိုက်၏။ လှဆန်းယဉ်မှာ ယဉ်ကျေးပျူငှာသော အိမ့်မိုအား ခင်မင်မှုတိုးပွားရပြီ ဖြစ်၏။

" ဆရာမရဲ့ခံစားချက်နဲ့ ဆရာမတို့ဗမာလူမျိုးတွေ ခံစားရတာတွေကို ကျွန်တော်ကိုယ်ချင်းစာပေးနိုင်ပါတယ်။ ကျွန်တော်တို့တွေဆီမှာ





ဆရာမတို့ခေါင်းဆောင်တွေ လာကြတော့. . .တိုက်တိုပါ။ ကျိုအိကာင်းပေါ့ဗျာ၊ အရှေ့တောင်အာရှနိုင်ငံတွေအားလုံး သာတူညီမျှဖြစ်ကြရမယ်လို့ ကတိပေးဟာစ်ကြွေးပြီးမှ ခုချိန်ထိ ဆရာမတို့လူမျိုးတွေ ဒုက္ခတောက မလွတ်ကြရသေးတာ ကျွန်တော့်လည်း ဝမ်းနည်းပါတယ်၊ ပွင့်ပွင့်လင်းလင်း မရှုံ့မလုက်ရအုန်း အမှန်ကိုပြောရမယ်ဆိုရင် ကျွန်တော်ကိုယ်တိုင်လည်း နေမျိုးနွယ်ရှိမှန်မှတ့်ပ်ရတော်တဲ့ကို စစ်တိုက်ချင်လို့ ဝေးလာပြီး ကြွေးကျော်ငင်လာခဲ့ရတာမဟုတ်ပါဘူး။ ကျွန်တော့်တို့အဆက်အတွက် မဖြစ်မနေလုပ်ဆောင်ရမယ့် တာဝန်တစ်ခုကြောင့်သာ ဗင်လာခဲ့ရတာပါ။ ဆရာမရဲ့အဖြစ်အပျက်တို့ သိခွင့်ရမယ်ဆိုရင်တော့ ပြောပြစေချင်ပါတယ် "

ဟု အိမ့်မိုက လှဆန်းယဉ်အား ပြောဆိုရင်း လှဆန်းယဉ်၏ တွေ့ကြုံခံစားခဲ့ရသော အတိတ်ဖြစ်ရပ်များအား သိရှိလိုသောစိတ်ဖြင့် မေးမြန်းလိုက်လေ၏။ လှဆန်းယဉ်အဖို့ အိမ့်မို၏ လွန်စွာပွင့်လင်းရိုးသားလှသော ဖွင့်ဟပြောဆိုမှုကြောင့် ဂျပန်ကင်ပေတိုင်အဖွဲ့ခေါင်းဆောင် ဗိန်ပေဒါနှင့် စကားပြန်ဘိုကြီးတို့ကြောင့် မိမိဖခင် အသက်ဆုံးရှုံးခဲ့ရပုံမှ မိမိပါ ဇာတိမြို့မှစွန့်ခွာထွက်ပြေးခဲ့ရပုံများအား မချွင်းမချန် စေ့စပ်စွာပြန်လည်ပြောပြလိုက်မိတော့၏။ လှဆန်းယဉ်၏အဖြစ်အပျက်အား စိတ်ဝင်စားစွာ နားထောင်နေပြီးမှ အိမ့်မိုက. . .

" အင်း. . .တော်တော်ဆိုးတော့ခက်တဲ့လူတွေပဲ၊ ကိုယ်ရတဲ့အာဏာနဲ့ တွေ့သမျှလူတွေကို ညှင်းပန်းနှိပ်စက်အနိုင်ကျင့်ကြတယ်၊ ဂျပန်ဗမာစစ်ဆင်ရေးအရာရှိ ဗိုလ်မှူးကြီးဆူဇူကီးက အမိန့်စာထုတ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ဗမာလူမျိုးတွေကို အဝ.ဘ်နိုင်ဆုံး လိုက်လျောဆက်ဆံကြဖို့ နေပါဦးဆရာမရယ် အဲဒီဆရာမတို့မြို့က ကင်ပေတိုင်ဗိုလ်ရဲ့နာမည်ကို သိလား ''

ဟု လှဆန်းယဉ်အား မေးလေ၏။ လှဆန်းယဉ်မှာ ဂျပန် ကင်ပေတိုင်ဗိုလ်၏ ဂျပန်အမည်ကိုမသိရှိဘဲ ဗမာများအားလုံး နာမည် ပေးထားသည့် ဗမာအမည်ကိုသာ သိရှိလေတော့ရာ. . .

" အီမိုတို့ဂျပန်နာမည်တော့ မသိပါဘူးရှင်၊ ကျွန်မတို့တစ်မြို့ လုံးကတော့ အရမ်းရိုက်နှက်ပြီး လက်သံပြောင်းလွန်းလို့ ဗမာနာမည် စိန်ပေဒါလို့ခေါ်တာတော့ သိတယ် ''

အီမိုက လှဆန်းယဉ်၏ပြောစကားကို နားမလည်နိုင်ပဲ. . .

" ပိန် . . . စိန် . . . စိန် . . . ပေဒါ . . . စိန်ပေဒါဆိုတာ ဘာကို ခေါ်တာလဲ ဆရာမပြောပြပေးပါလား ''

ဟူ၍ လှဆန်းယဉ်အား စိတ်ဝင်စားစွာ မေးမြန်းလေ၏။ လှဆန်းယဉ်က ရယ်ချင်စိတ်ပေါ်လာပြီး ရယ်မိလေရာ. . .

" ဘာဖြစ်လို့ရယ်တာလဲ ဆရာမ. . .မကောင်းတဲ့ ဆိုးဆိုးဝါးဝါး အဓိပ္ပါယ်ရှိနေလို့လား၊ ဒါဆိုပြောမပြပါနဲ့တော့ ''

ဟု အီမိုက အားနာစွာဖြင့် ပြောဆိုလေတော့ရာ လှဆန်းယဉ်က

" မဟုတ်ပါဘူး အီမိုရယ်. . .စိန်ပေဒါဆိုတာက ကျွန်မတို့ ဗမာနာမည်ပါပဲ . . . ကျွန်မတို့ဗမာဘုရင်ကို အင်္ဂလိပ်တွေဖမ်းပြီး အိန္ဒိယ မှာရှိတဲ့ ရတနာဂီရိမြို့ကိုပို့လို့ ကျွန်မတို့သီပေါဘုရင်ဟာ





အကျဉ်းစံဘဝနဲ့ မိသားစုပါ အဲဒီမှာနေရတာပဲ အီမို၊ သီပေါဘုရင် ရဲ့သမီးက လေးယောက်ရှိတယ်၊ သမီးတော်တွေ အရွယ်ရောက်လာတော့ ကျွန်မတို့ ဗမာ့ဓလေ့ထုံးစံအတိုင်း နားတွင်းမင်္ဂလာကျင်းပချင်လို့ အင်္ဂလိပ်ဘုရင်ခံကို ခွင့်တောင်းရတာပေါ့။ ဘုရင်ခံကလည်းခွင့်ပြုတော့ သီပေါဘုရင်ဟာ မကြားရတာကြာလို့ ကြားချင်တဲ့အာသီသက ပြင်းပြလေ တော့ သမီးတော်တွေနားသတဲ့မင်္ဂလာပွဲမှာ မြန်မာပြည်က ရိုးရာဆိုင်း အဖွဲ့ကိုပါခေါ်ပြီး တီးခတ်စေခဲ့တယ်၊ အဲဒီဆိုင်းမှာ ဦးစီးပြီးသွား တီးတဲ့လူကတော့ စိန်ပေဒါ လို့ခေါ်တဲ့အမည်ရတဲ့ ဆိုင်းဆရာပါပဲ။ အဲဒီပွဲမှာ ဗမာဘုရင်နှစ်ခြိုက်သဘောကျမဲ့ မင်္ဂလာရှိတဲ့ဆိုင်းတီးလုံးတွေကို သက်သွင်းပြီး မီးကုန်ယမ်းကုန် ဖျော်ဖြေတီးခတ်ပြလိုက်တာ သီပေါဘုရင် နဲ့မိဖုရားမှုးမှုးရားလတ်တို့ဟာ ဗမာပီပီ သဘောကျလွန်းလို့ ဆုတော်လာဘ် တော်တွေပေးဖို့ ပြင်တော့တယ်။ ဒါပေမဲ့. . .အင်္ဂလိပ်ဘုရင်ခံရဲ့လူတွေက စိန်ပေဒါကို ချီးနှိမ်ချင်တာကြောင့် သူတို့အင်္ဂလိပ်ဘင်ခရာအဖွဲ့ကို တီးမှုတ်ပြတော့တယ်၊ ကာနယ်ဘိုကေလို့ အင်္ဂလိပ်စစ်ခရာအဖွဲ့တွေ အသိများတဲ့ သူတို့ရိုးရာ တီးလုံးအမျိုးတစ်ခုပါပဲ။ ဒါကို ဆိုင်းဆရာ ခေါင်းဆောင် စိန်ပေဒါကြီးက သူတို့အကြောကိုနိုပ်မိလို့ သူတို့တီးသွားတာကို နားနဲ့ဦးနှောက်နဲ့လိုက်မှတ် ထားပြီး. . .သူတို့လည်းတီးမှုတ်ပြီးသွားရော ချက်ခြင်းဆိုသလို ပတ်စာကိုပြောင်းကပ်လိုက်ပြီး ကာနယ်ဘိုကေခေါ်တဲ့ ဘိုသံကို တစ်ထပ်တည်း တူအောင် ဗမာ့တူရိယာပတ်လုံးတွေနဲ့ တီးချပြလိုက်တာ အင်္ဂလိပ်အဖွဲ့တွေကော အိန္ဒိယကရှိနေတဲ့လူတွေကော



www.burmeseclassic.com

မအံ့သြပဲမနေနိုင်တော့ဘဲ ပါးစပ်ကထုတ်ချီးကျူးကြရတော့တယ်။ သီပေါဘုရင်နဲ့မိဖုရားကြီးကလည်း စိန်ဗေဒါကြီးရဲ့လက်သံ ပြောင်လွန်းပါရဲ့လို့ ဝမ်းအသာကြီးသာကြလွန်းလို့ ဆုတော်လာဘ်တော်တွေကော နေမျိုးဗလကျော်သူဆိုတဲ့ ဘုရင်ကိုယ်တိုင် ပေးတဲ့ဘွဲ့ကို ရသွားတော့တယ် အီမို။ ဒီအဖြစ်ကိုသိကြတဲ့ မြန်မာတွေက စိန်ဗေဒါဟာ အရမ်းလက်သံ ပြောင်တဲ့သူပဲလို့ ဝိုင်းဝန်းချီးကျူးထောပနာပြုကြတယ်။ ဒါကြောင့် အီမိုတို့ရဲ့ဂျပန်ကင်ပေတိုင်ဗိုလ်ဟာတွေ့တဲ့ မြန်မာတွေကို သူတွေ့တာနဲ့ အလေးမပြုဦးမညွှတ်ရင် ပါးရိုက်၊ ခြေထောက်နဲ့ ကန်လုပ်လွန်းလို့ အရမ်းလက်သံပြောင်တယ်။ ဂျပန်နာမည်ကလည်း မခေါ်တတ်ကြတော့ စိန်ဗေဒါကြီးနဲ့နှိုင်းပြီး စိန်ဗေဒါလို့ ခေါ်ကြတာပါပဲ အီမို။ ”

ဟူ၍ လူဆန်းယဉ်က ကင်ပေတိုင်စိန်ဗေဒါဟု ခေါ်တွင်ရပုံအား အီမိုနားလည်စေရန် ရှည်လျားစွာရှင်းပြလိုက်လေ၏။

လူဆန်းယဉ် ရှင်းပြမှုကြောင့် အီမိုနားလည်ခြင်းနှင့်အတူ မြန်မာတို့၏နာမည်ပေးတတ်ကြပုံအား အူလှိုက်သည်းလှိုက် ရယ်မောမိလေတော့၏။





နောက်တစ်နေ့နံနက်စောစော၌ အီမိုနှင့်လူဆန်းယဉ်တို့မှာ ထိုရွာလေးမှ ခရီးဆက်ထွက်ခဲ့ကြလေ၏။ ညနေစောင်း(၃)နာရီခန့် အချိန်တွင် ကောင်းကင်ယံမှ အင်္ဂလိပ်တို့၏လေယာဉ်ပျံများ အုပ်စုလိုက် ပျံသန်းလာသည်ကို တွေ့ရလေ၏။ အီမိုမှာကား ရှေ့ခန်းမှ ကားကိုရပ်စေပြီး ဂျပန်ဘာသာဖြင့် သူ့တပ်သားများကို နေရာယူစေရန် အော်ဟစ်အမိန့်ပေးလိုက်ပြီး . . .

“ ဆရာမ . . .အင်္ဂလိပ်လေယာဉ်တွေ ကျွန်တော်တို့ကားကို တွေ့သွားပြီထင်တယ် . . .မြန်မြန်ဆင်းပြီး ဟိုကုန်းနောက်ကိုပြေးပါ ”

ဟု ကသောကမျော ပြောဆိုကာ သူကိုယ်တိုင် ဂျပန်စစ်သားများရှိရာသို့ သွက်လက်စွာ ပြေးသွားလေ၏။ အီမိုပြောသည့်အတိုင်းပင်

www.burmeseclassic.com



တခဏာမျှအကြာတွင် အင်္ဂလိပ်လေယာဉ်များသည် လှည့်၍ထိုးစိုက်ကာ ဗုံးဆံများကြဲချလေတော့ရာ . . .

" ဝုန်း . . . ဝုန်း . . . ဝုန်း "

အဆက်မပြတ် မီးတောက်ကြီးများနှင့်ပေါက်ကွဲသံများ ကမ္ဘာ ပျက်သည့်အလား ပေါ်ပေါက်သွားရလေ၏။ အင်္ဂလိပ်လေယာဉ်ပျံများ သည် ဗုံးကြဲရုံမျှမကဘဲ စက်သေနတ်များဖြင့်ပါ တရစပ်ထိုးစိုက်ပစ်သန်း ကာ မီးကုန်ယမ်းကုန် ပစ်ခတ်ကြလေတော့ရာ လှဆန်းယဉ်မှာ မိမိ ပုန်းခိုရာ ချိုင့်ကျဉ်းလေးထဲ၌ ပြားကပ်နေအောင် ဝတ်နေရလေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး ဂျပန်စစ်သားများ၏အော်ဟစ်သံ ဗုံးပေါက်ကွဲသံများ စက်သေနတ်များဖြင့် နားကွဲမတတ်ဆူညံကာ တစ်တောလုံးပွဲတင်ထပ်နေတော့၏။ ဗုံးပေါက်ကွဲမှုကြောင့် အရှိန်ဖြင့် လွင့်စင်ထွက်လာသော သံစခဲများနှင့် စက်သေနတ်ကျည်ဆံများလည်း လှဆန်းယဉ်ပုန်းကွယ်နေရာတစ်ပိုက် အဆက်မပြတ်အော်မြည်ကျရောက် နေလေ၏။ အိမို၏အော်ဟစ်အမိန့်ပေးသံနှင့် ပြန်လည်ပစ်ခတ်သော သေနတ်သံများလည်း နားကွဲမတတ်ပင် ရှိနေလေတော့၏။

အချိန်အတန်ကြာမျှ မြေပြင်တစ်ခုလုံး မြို့ကွဲမတတ် တုန်ဟီး ခဲ့ပြီးနောက် ပေါက်ကွဲသံ၊ ပစ်ခတ်သံများ တိတ်ဆိတ်ငြိမ်သက်သွား သည်ကို တွေ့ရလေတော့ရာ လှဆန်းယဉ်မှာ ဝပ်နေရာမှ မဝံ့မရဲဖြင့် ဦးခေါင်းကိုအသာထောင်၍ အပြင်သို့လှမ်းကြည့်လိုက်လေ၏။ ထိုအခိုက် လှဆန်းယဉ်၏မြေကျင်းအနီးသို့ အိမိုရောက်ရှိလာလေ၏။





" ဆရာမ ဘာမှမဖြစ်ပါဘူးနော် . . . တော်ပါသေးရဲ့ဗျာ။ ကျွန်တော်တော့ တော်တော်စိတ်ပူမိသေးတယ်၊ ဒါပေမဲ့ ဆရာမပြင်တဲ့ အတိုင်းပဲ ဆရာမကို အကာအကွယ်ပေးဖို့မတတ်နိုင်ခဲ့ဘူး။ ကျွန်တော့် ရဲဘော် (၁၁)ယောက်လောက်တော့ ကျသွားပြီ။ အပြင်ထွက်လို့ရပါပြီ ဆရာမ "

ဟု အိမိုက လွန်စွာစိတ်ထိခိုက်နေပုံကြားမှ ပြောဆိုလေ၏။ လှဆန်းယဉ်လည်း ပုန်းခိုရာချိုင့်ကျင်းကြီးထဲမှ အပြင်သို့တက်လာရင်း လှမ်းကြည့်လိုက်လေရာ သွေးသံရဲရဲဖြင့် မြင်မကောင်းအောင် အပိုင်းပိုင်း အတစ်တစ်ဖြစ်နေသော ဂျပန်စစ်သားအလောင်းများနှင့် ဒဏ်ရာရကာ လဲကျနေသော ဂျပန်စစ်သားတစ်ဦးအနီး၌ရပ်လျက်ရှိသော အိမိုအား တွေ့လိုက်ရလေ၏။ အိမိုက လှဆန်းယဉ်အား တစ်ချက်ကြည့်သည် ဆိုရုံမျှ လှည့်၍ကြည့်လိုက်ပြီး ဂျပန်စစ်သားအား ဂျပန်စကားဖြင့် မေးမြန်းပြောဆိုသည်ကို တွေ့ရ၏။ ထို့နောက် ဂျပန်စစ်သားအား ကျောပိုး အိတ်ထဲမှ ဆေးထိုးအပ်ထုတ်ယူလိုက်ကာ "တင်နောဟေကာ" ဟု ဂျပန် စကားဖြင့် ထပ်မံမေးမြန်းလိုက်ပြီး ခွဲမကာ အရှေ့ဘက်သို့ ဦးခေါင်းလှည့် လိုက်လျက် ဆေးထိုးအပ်ဖြင့် လက်မောင်းပေါ်သို့ ထိုးသွင်းလိုက်လေ၏။ ကန့်ပိုင်းအတွင်း၌ပင် ဂျပန်စစ်သားမှာ တွန့်လိမ်ကာ အံကိုတင်းတင်း ကြိတ်ရင်း အသက်ပျောက်သွားသည်ကို တွေ့ရ၏။ ကျန်ဂျပန်စစ်သား ၅ဦးနှင့်အတူ အိမိုမှာ ဂျပန်စစ်သားတို့၏ အလောင်းများအား လွှဖော် မြှုပ်နှံလိုက်လေတော့၏။ လှဆန်းယဉ်ကား အိမို၏ ဒဏ်ရာရဂျပန်စစ်သား



www.burmeseclassic.com

www.burmeseclassic.com



အား ပြုမူပုံကို နားမလည်နိုင်ဘွာ တနုံ့နုံ့ဖြင့်ရှိလေ၏။ လှဆန်းယဉ်တို့
စီးနင်းလိုက်ပါခဲ့သော စစ်သုံးထရပ်ကားမှာလည်း ပုံးထိမှန်၍ မီးလောင်
ပျက်စီးသွားခဲ့ပြီဖြစ်လေ၏။

ဒ်မိုက ဂျပန်စစ်သားများအား လက်ဖြင့်အချက်ပြလိုက်လေရာ
(၃)ဦးစလုံးရှေ့မှ ဦးဆောင်ထွက်သွားကြပြီး အိမိုက လှဆန်းယဉ်အား

“ ဆရာမသွားကြရအောင် ကုန်းကြောင်းပဲ ခရီးဆက်ကြရတာ
အားနာပါတယ်. . .ကားက ဘယ်လိုမှသုံးလို့မရတော့ဘူး ”

ဟုပြောကာ ခေါ်ဆောင်လေ၏။ လှဆန်းယဉ်မှာ အိမိုနှင့်အတူ
ယှဉ်တွဲကာ လိုက်ပါလာရင်း သူ၏စိတ်တွင်း၌ရှိနေသော မကျေနပ်ချက်
ကို ဖွင့်ဟပြောဆိုမိလေ၏။

“ သေသွားတဲ့စစ်သားတွေကတော့ မတတ်နိုင်လို့ထားလိုက်
တော့၊ ဟိုးဏာ်ရာရတဲ့လူကို ဘာဖြစ်လို့ ဆေးထိုးသတ်လိုက်ရတာလဲ
ရှင်းလည်း သေချာအကြောင်းသိတော့မှ တော်တော်ရက်စက်တတ်တာပဲ

ဒ်မိုမှာ လှဆန်းယဉ်၏စကားကြောင့် မျက်နှာညှိုးနွမ်းသွားရ
မျက်လုံးအစုံ၌ မျက်ရည်စများ ဝေ့ဝဲလာရလေ၏။ တစ်လှမ်းနှစ်လှမ်း
လှဆန်းယဉ််အား စကားမပြန်နိုင်ဘဲ စိတ်ကိုချုပ်တည်းလိုက်ပုံဖြင့် သူ
မေးရိုးကြီးကို တင်းနေအောင်အံကြိတ်လိုက်ပြီးမှ . . .

“ ဆရာမ မသိတော့လည်း ဒီလိုပဲအပြစ်တင်တော့မှာပါပဲလေ
ဒီရဲဘော်ရဲ့ဒဏ်ရာဟာ ကုလို့မရနိုင်တော့ပါဘူး ဆရာမ၊ သူ့ဗိုက်ထဲ
ကလီစာတွေတောင် ဗိုက်ပွင့်ပြီးအပြင်ထွက်နေပြီ. . .ဒီအခြေအနေဟာ





သူ့ကိုအသက်မရှင်နိုင်တော့သလို အသက်မရှင်နိုင်တော့တဲ့သူကို ကျန်တဲ့
ရဲဘော်တွေက အပင်ပန်းခံပြီး အကျိုးမဲ့မသယ်နိုင်တော့ပါဘူး ဆရာမ။
ပြီးတော့ ကျွန်တော်တို့လူမျိုးရဲ့ ဓလေ့ထုံးစံအတိုင်း သူ့ဆန္ဒကို ကျွန်တော်
မေးပါတယ်၊ မင်းလိုက်နိုင်ရဲ့လားလို့. . .သူက ဘယ်လိုမှမလိုက်နိုင်တော့
ဘူးလို့ ပြောတယ်၊ နောက်ထပ် သူ့အသက်ရှင်မှာမဟုတ်တော့ဘူးတဲ့၊
သူ့ကို ကျွန်တော်တို့နိပ္ပွန်တပ်မတော်ရဲ့ စည်းကမ်းချက်အတိုင်း ကျွန်တော်
ဆောင်ရွက်ပေးရတာပါ။ ဒါကြောင့် တင်နောပေကာ ဂျပန်ဘုရင်အမိန့်
အတိုင်း လုပ်ရမှာလားလို့ မေးရတာပေါ့. . .သူက သဘောတူပါတယ်လို့
ပြန်ပြောလို့ ကျွန်တော် သူ့နာမည်ကိုယ်ပိုင်နံပါတ်နဲ့ မှတ်တမ်းတွေကို
ယူပြီးတော့မှ ကျွန်တော်တို့ဂျပန်ဘုရင်နဲ့ နိုင်ငံရှိတဲ့အရှေ့ဘက်ကို
မျက်နှာမူပေးပြီး ဆေးထိုးပေးလိုက်ရတာပါ။ သူ့အကြာကြီး ဝေဒနာမခံစား
ရတော့အောင်ပါ ဆရာမ. . .ဟုတ်ပါတယ် ဆရာမရယ်၊ စစ်ပွဲဆိုတဲ့
အရာအတွက် ပေါ်ပေါက်လာရတဲ့စစ်သားဆိုတဲ့ လူသားပေဟာ မရက်
စက်ချင်လည်း ရက်စက်တတ်ရပါတယ်၊ ကျွန်. . .ကျွန်တော့်ရဲ့လုပ်ရပ်ကို
ဆရာမ စိတ်ထဲမထွေ့ရင် ခွင့်. . .ခွင့်လွှတ်ပေးပါ ”

ဟု ပြောဆိုရှင်းပြလိုက်လေ၏။ ထိုစကားကိုပြောနေစဉ် အိမို၏
မျက်နှာပေါ်ဝယ် မျက်ရည်များစီးကာ ကျဆင်းနေသည်ကို အံ့ဩဖွယ်
လှဆန်းယဉ် တွေ့ရှိလိုက်ရလေတော့၏။

ထို့နောက် အိမိုနှင့်လှဆန်းယဉ်တို့မှာ မြစ်ကြီးနားမြို့ရှိရာဘက်သို့
ရှေးရှုထွက်လာကြပြန်လေ၏။ နှစ်နာရီသာသာခန့် ကြာမြင့်ပြီးချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် လှဆန်းယဉ်တို့မှာ လုံးရင်းပုသော ရွာလေးတစ်ရွာသို့ ရောက်ရှိလာကြလေ၏။

ထိုရွာလေး၌ လှဆန်းယဉ်တို့မှာ ကိုရှည်နှင့်မှုပမှုသော ထမင်းဆိုင်လေးတစ်ဆိုင်အား တွေ့ရှိရလေတော့ရာ စားသောက်တည်းခိုနိုင်ရန်အတွက် လှဆန်းယဉ်မှာ ဆိုင်းလေးအတွင်းသို့ ဝင်ရောက်ခဲ့လေ၏။ ဆိုင်လေးမှာ ကျယ်ဝန်းလှပြီး ထမင်းနှင့်ဟင်းများပါမကတဲ့ ပါဟုတ်ဟုခေါ်သော ကချင်ရိုးရာမီးတောက်အရက်ကိုပါ ရောင်းချသည်ကိုတွေ့ရပြီး ဆိုင်၏ငွေသိမ်းစားပွဲ၌ထိုင်နေသော အရပ်ရှည်ရှည် ပိုင်ရှင်အား. . .

“ တစ်ဆိတ်လောက် ကူညီပါလားရှင် ကျွန်မတို့ကခရီးသည်တွေပါ၊ ဒီရွာကိုရောက်တော့ ခရီးဆက်ဖို့လည်း အဆင်မပြေတော့လို့ အဲဒါ အစ်ကိုဆိုင်မှာစားသောက်ပြီး ညအိပ်တည်းချင်လို့ပါရှင် ”

ဟု လှဆန်းယဉ်က ကျိုးနွံစွာအကူအညီတောင်းခံလေရာ လူရှည်ရှည်က. . .

“ ကျုပ်က ဆိုင်ရှင်ကိုရှည်မဟုတ်ဘူးဗျ၊ ကျုပ်ကငွေကိုင်သူ့စာရေး၊ သူက အိမ်ထဲမှာ သူ့ကိုပြော ”

ဟုဆို၍ပြောကာ အတွင်းဘက်အိမ်ထဲသို့လှမ်း၍. . .

“ ကိုရှည်ရေ ဧည့်သည်ဗျို့. . .ခင်ဗျားကိုတွေ့ချင်လို့တဲ့ ”

ဟု အော်ခေါ်လိုက်လေ၏။ ထိုခဏ၌ပင် လွန်စွာအရပ်ပုသော အသက်(၃၀)ကျော်ခန့်ရှိ သက်ကြီးပုတစ်ဦး အိမ်တွင်းမှထွက်လာ၍ လှဆန်းယဉ်တို့အနီး လျှောက်လာ၍. . .





“ ခင်ဗျားတို့က ဘာကိစ္စရှိလို့လဲ ”

ဟုဆို၍ ခပ်ထန်ထန်မေးမြန်းလိုက်လေရာ လှဆန်းယဉ်က ထိုလူပုအား အရေးမစိုက်ပဲ အိမ်အတွင်းဘက်သို့ လှမ်းမျှော်ကြည့်ရင်း. . .

“ ဟို. . .ကျွန်မ ဒီဆိုင်ရှင်ကိုရှည်နဲ့ တွေ့ချင်လို့ပါ. . . သူ့ကို ခေါ်ပေးပါလား ”

ဟု လှဆန်းယဉ်က ပြောဆိုလိုက်လေ၏။ လူပုလေးက လှဆန်းယဉ်၏ စကားကြောင့် လွန်စွာဒေါသထွက်သွားလျက် သူနှင့်လှဆန်းယဉ်ကြားတွင်ရှိသော ထမင်းဆိုင်စားပွဲအား လက်ဝါးဖြင့်ပြင်းထန်စွာ ရိုက်ချလိုက်၏။

“မြန်း”

“ဘာစော်ကားတာလည်း ဆိုင်ရှင်ကိုရှည်ဆိုတာကျုပ်ပဲ”

လှဆန်းယဉ်မှာ ပါးစပ်အဟောင်းသားဖြစ်သွားပြီး ကမန်းကတမ်းဖြင့်. . .

“ဟို. . .ဟို စိတ်မရှိပါနဲ့ရှင်. . .ကျွန်မအစ်ကိုကြီးကို စော်ကားတာမဟုတ်ရပါဘူး ကိုရှည်ဆိုတော့ ကျွန်မက. . .”

ဟုဆို၍ လှဆန်းယဉ်က အားနာစွာဆက်ပြောရန်နီး ထစ်ငေါ့နေလေ၏။

“ဘာလည်း အရပ်မရှည်လို့ ကျုပ်ကို ကိုရှည်လို့မထင်တာမဟုတ်လား. . .လူတွေကတော်တော်ခွကျတာပဲ၊ နာမည်နဲ့လူကိုယှဉ်ထပ် တည်းလို့ရမ်းသမ်းထင်တတ်ကျတယ် တော်တော်ဟာနမကြ



www.burmeseclassic.com

www.burmeseclassic.com



ဘူး ဒီလိုသာ ဆိုရင် အသားဖြူတဲ့လူကို မောင်မည်းလို့မှည့်နဲ့ ဝတဲ့လူကျ တော့ မောင်ပိန်လို့ မခေါ်နဲ့ပေါ့ နာမည်တောင် ကိုယ့်ဟာသာ လွပ်လွပ် လပ်လပ်မမှည့်ရဘူး သူတို့ခေါ်လို့ အဆင်ပြေအောင်ပဲ မှည့်ရမလိုဖြစ် နေပြီ. . .ကျုပ်ကငယ်ငယ်တုံးက မိဘတွေကအဆစ်အမြစ်ကိုကြည့်ပြီး ငါတို့သားတော့ အရပ်ပုမယ် ထင်တယ် ဒီတော့အရပ်မပုရအောင် ခေါ်လိုက် မောင်ရှည်လို့ပေးလိုက်ကြရအောင်ဆိုပြီး ပေးထားတာ အသက် (၃၀) ကျော်လာပြီ အရပ်ကရှည်မလာဘူး နာမည်ကပဲရှည်ကျန်ခဲ့တာ. . . ဘယ့်နှယ့်ဗျာ နာမည်ပေးတဲ့ အတိုင်းလူကလိုက်ဖြစ်ရမယ်လို့ တုံးလိုက် တဲ့အတွေး အခေါ်တွေ ကဲပြော ဘာကိစ္စတုံး''

ဟုလူပုစိတ်တိုပီသစွာသူ၏ ကမောက်ကမကျလှသော အသားမြူပါကတည်ခိုရန်ဖြစ်၍... အမြင်ကို ညည်းညူရင်းခပ်ဆတ်ဆတ်ပြန်လိုက်လေတော့၏။ လှဆန်း ယဉ်မှာ ရယ်မောချင်စိတ်ကို ထိန်းလိုက်ရပြီး

''စိတ်မဆိုးပါနဲ့ရှင် ကျွန်မတို့ခရီးသွားတွေပါ မြစ်ကြီးနားက သွားမလို့ ဒီရွာရောက်တော့ အရမ်းမှောင်နေလို့ ရှေ့ဆက်သွားဖို့မဖြစ်တော့ တာကြောင့် ဒီညအစ်ကိုကြီးဆိုင်မှာပဲ ထမင်းစားပြီးတစ်ညလောက်တည်း ခိုချင်လို့ပါရှင်''

ဟူ၍ လှဆန်းယဉ်ကတောင်းပန်ပြောဆိုလိုက်လေတော့ လူပုလေးက

''ကောင်းပြီလေ. . .ဘယ်နှစ်ယောက်လည်း''

ကျွန်မနဲ့ စုစုပေါင်း(၅)ယောက်ပါရှင် ဒါပေမဲ့ညအိပ်မှာကတော့ ကျွန်မတစ်ယောက်ထဲပါပဲ''





ဟုပြောဆိုလေရာ လူပုလေးက လှဆန်းယဉ်အား အထူးအဆန်း သဖွယ်ကြည့်ရင်း ခေါင်းကို တစ်ချင်းချင်းမြည်အောင်ကုတ်လိုက်ပြီး

''ကဲပါ. . .ဒါဆိုရင်ကျုပ်တဲ့လူတွေက အပြင်မှာမဟုတ်လား ခေါ်လိုက်''

လှဆန်းယဉ်မှာ ထမင်းဆိုင်၏ရှေ့သို့ထွက်လိုက်ပြီးအပြင်၌ စောင့်နေသော အိမိုနှင့်ဂျပန်စစ်သားသုံးဦးတို့ကို ခေါ်ဆောင်ခဲ့လေ၏။ လှဆန်းယဉ်နှင့်အိမိုတို့၏အကြံမှာ ထမင်းဆိုင်၌ တည်းခိုနိုင်ရန်အတွက် အာဏာမသုံးလိုပဲ ဗမာအချင်းချင်းအဆင်ပြေအောင်ပြောဆို၍ အဆင် ပြေပါကတည်းခိုရန်ဖြစ်၍ အိမိုနှင့်တပ်သားများလူလုံးမပြတော့ပဲ အပြင် ဘက်မှစောင့်ဆိုင်းနေကြခြင်းဖြစ်၏။

အိမိုနှင့်လှဆန်းယဉ်တို့ဆိုင်ထဲဝင်မိသည်နှင့် လူပုလေးမှာမျက် လုံးပြူးသွားပြီး အိန္ဒြေပြန်ဆည်ကာ လှဆန်းယဉ်အား. . .

''မင်းကတော့ ဒုက္ခအထုပ်ကြီး ငါ့ဆီသယ်လာတာပဲ အေးရောက် လာမှာတော့မထူတော့ဘူး ထမင်းမရောင်းလည်း ပါးအရိုက်ခံရမယ် ရှေ့နေးဖျောပြီး လက်သည်းခွံခွာမယ် ပြီးတော့ ကြိုးနဲ့ထုတ်တန်းမှာ ဆွဲထားမယ် နေပူလာရင် နေပူထဲမှာ ကျောပြောင်နဲ့နေပူလှမ်းဦးမယ် ရောင်တော့လည်းတစ်ပြားမှမရကဲ ထမင်းနဲ့ဟင်းကုန်မယ်. . .ပုဂံပါသော ပြီးမယ် ဒီတော့မင်းကော ဂျပန်တွေကိုဟင်းရွက်ဟင်းချိုနဲ့ပဲကျွေးမယ်''

ဟုပြောဆိုလိုက်လေ၏ အိမိုမှာလူပုလေး၏ ပြောဆိုပုံကြောင့်

www.burmeseclassic.com



ပြုံးလိုက်မိတော့ရာ လူပုလေးက

"ဟင်း နုပဲကြည့် ဒီဂျပန်ကောင်က ကျုပ်ဟင်းကောင်းကောင်း နဲ့ထည့်ကျွေးမယ်ထင်လို့ ပြုံးတောင်နေသေးရဲ့"

ဟူ၍ပြောဆိုတော့ရာ အိမိုကဘောကျစွာရယ်မောမိပြီး...

"ဇာပါ ကိုရှည်ရယ် ထမင်း(၅)ယောက်စာ ကောင်းကောင်း ပြင်ခဲ့စမ်းပါ ဟင်းလည်းကောင်းတဲ့အသားဟင်းတွေရှိရင် အကုန်ထည့်ခဲ့ ပါးလည်းမရိုက်ဘူး ရေနွေးဖျော်ပြီးလက်သည်းခွံလည်းမခွာဘူး ထုတ်တန်း မှာလည်း ဖောက်ထိုးမဆွဲဘူး နေပူထဲလည်း ကျောချပြောင်နဲ့မလှမ်းပါဘူး စားပြီးတာနဲ့ ကျတဲ့ပိုက်ဆံရှင်းပေးပါ့မယ်"

ဟုပြောလိုက်လေတော့သဖြင့် လူပုလေးမှာ ပါးစပ်အဝိုင်းသား ဖြင့် ထိတ်လန့်ကြောက်ရွံ့သွားကာ

"ဘုရား...ဘုရား ကျုပ်ပြောတာကို အားလုံးနားလည်နေပါ လား...ကိုယ်ကျိုးတော့နည်းပါပြီဗျာ"

ဟူ၍ ကြောက်လန့်တကြားဖြင့် ပြောဆိုလိုက်လေ၏။ အိမိုက ရယ်မောရင်း လက်ကာပြကာ

"ကိုယ်ကျိုးမနည်းပါဘူး ကျုပ်တို့စားဖို့သာ စီစဉ်ပေးပါတော့ ရော့ ကိုရှည်အတွက် ထမင်းဖိုး"

အိမိုကရင်နှီးစွာနောက်ပြောင်ပြောဆိုရင်း လူပုလေးအား ဂျပန် ငွေစက္ကူတစ်အုပ်အားလှမ်းပေးလိုက်လေရာ လူပုလေးမှာ လှမ်းယူပြီ မယုံနိုင်သောမျက်လုံးဖြင့် လှည့်ကြည့်လှည့်ကြည့်လုပ်ရင်း ဆိုနောက်ဘက်





သို့ ဝင်ရောက်သွားလေတော့၏။

ခဏမျှကြာသောအခါ၌ လှနှစ်စွာအရပ်ရှည်လှသော မိန်းမတစ် ဦးသည် ထမင်းနှင့်ဟင်းပန်းကန်များအား လင်ပန်းကြီးဖြင့်သယ်ဆောင် လာလျက် လုဆန်းယဉ်တို့အားလာရောက်ချပေးလေ၏။ ထိုမိန်းမ၏ အရပ်မှာ လွန်စွာမြင့်မားလှ၍ ဆိုင်ထုတ်တန်းကိုပင် မှီလုနီးခင်ရှိတော့ ရာ...ဂျပန်စစ်သားသုံးဦးက လက်ညှိုးထိုးကာရယ်မောကြလေ၏။ အရပ်ရှည်မိန်းမမှာ လွန်စွာစိတ်ဆိုးသွားပြီး

"ရှင့် ဂျပန်ငပုတွေက ဘာဖြစ်လို့ကျုပ်ကိုကြည့်ရယ်နေရတာ လည်း ကျုပ်ကဆိုင်အကူမဟုတ်ဘူး ဆိုင်ရှင်...ဆိုင်ရှင်ကိုရှည်ရဲ့ မယားမပုဆိုတာကျုပ်ပဲ...ရိုတိုးယားတားလာဟားမနေနဲ့ ဂျပန်ကော ဘာကောဘာမှ နားမလည်ဘူး"

ဟု လုဆန်းယဉ်အားရန်တွေ့ပြောဆိုလိုက်လေရာ လုဆန်းယဉ် မှာ ပြုံးစိစိဖြစ်သွားရလေ၏

"စိတ်မဆိုးပါနဲ့ အစ်မကြီးရယ် သူတို့ကယောကျ်ားတွေဖြစ်ပြီး အစ်မကြီးလောက်အရပ်မရှည်ကြလို့ သိမ်သဘောကျလွန်းလို့ ရယ်ကျ တာပါ...အစ်မကြီးကို လှောင်ပြောင်တာမဟုတ်ပါဘူးရှင်"

ဟူ၍ မပုအားကျေနပ်စေရန် ဝင်ရောက်ပြောဆိုချော့မော့ ပြောဆိုလိုက်တော့မှ မပုမှာစိတ်ဆိုးပြေသွားရပြီး

"အော် ဒီလိုလား...မသိပါဘူးတော် ကျုပ်က ကျုပ်အရပ် ရှည်တာကို လှောင်တယ်လို့ထင်တာ...ကျုပ်ငယ်ငယ်က အခိုအဆစ်

www.burmeseclassic.com



တွေ သိပ်ရှည်တာကို မိဘတွေကကြည့်ပြီး . . . ငါ့တို့သမီးလေးတော့ ကြီးလာရင် အရပ်အရှမ်းရှည်ရင် ဒုက္ခ . . . လောရှည်မ . . . လင်းမြွေသီးမလို့ နောက်ကြပြောင်ကြတော့မယ် ဒီတော့ အရပ်သိပ်မရှည်အောင် မပုလို့ပေးလိုက်ရင် မကောင်းဘူးလား . . . လို့တိုင်ပင်ပြီး နာမည်မှည့်ပေးခဲ့ကြတာ ခုတော့နာမည်က မပုဖြစ်ကျန်ခဲ့ပြီး လူကတစ်နေ့တစ်ခြား အရပ်ရှည်ရှည်ထွက်လာတယ် ဒါကို စိတ်ညစ်နေရတဲ့ကြားထဲ ဝိုင်းရယ်မောတော့ နောက်တယ် ထင်မိတာပေါ့။ ''

ဟု မပုက လူဆန်းယဉ်အား ပြောဆိုလိုက်၍ သူ့ဘဝအကြောင်းအားပြောပြလေရာ လူဆန်းယဉ်သာမကပဲ အီမိုပါရယ်မောလေ၏။ မပုက

"ဟဲ့တော် . . .ဒီဂျပန်တိုကလည်း ကျုပ်အရပ်ကိုဘောကျလွန်းလို့ရယ်ပြန်ပြီတော့"

ဟူ၍ အံ့အားသင့်စွာ အီမိုအားကြည့်လျက်ပြောလေ၏။ အီမိုက မျက်ရည်များဝေ့ဝဲလာသည်အထိ သဘောကျစွာရယ်မောပြီးမှ . . .

"ဟုတ်ပါတယ် . . . ဒေါ်ပုရယ် . . . ရှည်မှာစိုးလို့ ပုအောင်နာမည်ရတဲ့ဒေါ်ပုနဲ့ ပုမှာစိုးလို့ ရှည်လာအောင်နာမည်ရတဲ့ ကိုရှည်တို့လင်မယား ကို သိပ်သဘောကျလွန်းလို့ပါဗျာ"

ဟု အီမိုက ဗမာစကားဖြင့်ပီပီသသကြီးပြောလိုက်လေတော့ရာ မပုမှာ မျက်လုံးကြီးပြူး၍

"ဟယ် ပီသလိုက်တာတော် . . .ဂျပန်ဗိုလ်ဖြစ်ပြီး တို့မြန်မာစကားကို ကမ္ဘဝါဖက်လို့ရတယ်တော့ ဘယ် . . .ဘယ်လို ဖြစ်ပါလိမ့်





ဟို ဟိုခုနစောစောကပြောလိုက်မိတာတွေ စိတ် . . .စိတ်မဆိုးနဲ့နော် ဟင်းတွေ ရှိသေးတယ် သွားယူဦးမယ်နော်"

ဟူ၍ အီမိုအား ထိတ်လန့်စွာဖြင့် ပြာပြာသလဲတောင်းပန်ပြောဆိုကာ ဆိုင်နောက်ဘက်သို့ဝင်ပြေးလေတော့၏။

ထို့နောက် လူဆန်းယဉ်နှင့် အီမိုတို့သည် ကိုရှည်နှင့်မပုတို့၏ ကြောက်ရွံ့စွာတည်ခင်းကျွေးမွေးသော တောကြက်သားဆီပြန် ဝက်သားနှင့် ကိုက်လန်ကျော် အစရှိသည့် ဟင်းလျာအစုံနှင့် အားပါးတရ မြိန်ယှက်စွာစားသောက်ကြရလေ၏။ အီမိုက ကိုရှည်နှင့်မပုတို့အား . . .

"ဘာမှ မကြောက်ကြပါနဲ့ ကျွန်တော်က ဂျပန်လူမျိုးပေမဲ့ ကျွန်တော်အကြောင်းနဲ့ ကျွန်တော်စစ်ထဲဝင်လာတဲ့သူပါ ဘယ်ဗမာတွေ တိုင်းရင်းသားတွေကိုမှ နှိပ်စက်သတ်ဖြတ်ဖို့ စိတ်မကူးပါဘူး စိတ်အေးချမ်းသာစွာနဲ့နေပါ ကံရှိလို့ ခုလို အဝေးကြီးက လှူချင်းလာစုံတယ်လို့ မှတ်ပါ"

ဟု အီမိုကရည်မွန်စွာပြောဆိုလိုက်လေသဖြင့် ကိုရှည်ဟုခေါ်သော လူပုလေးနှင့် မပုဟုခေါ်သော အရပ်ရှည်ရှည်အမျိုးသမီးတို့ လင်မယားသည် ပြုံးနိုင်ရယ်နိုင်ကြလေပြီး ထမင်းစားသောက်ပြီးမကြာခင် အတွင်း၌ပင် လွန်စွာအရသာရှိလှသော လှက်ရည်ချိုချိုအားစေတနာဗလပွထား၍ ရင်းနှီးစွာဖျော်တိုက်လေ၏။ ထိုလှက်ရည်ချိုချိုဓာတ်ဘူးအပြည့် အား လူဆန်းယဉ်နှင့်အီမိုသာမကပဲ အချိုကြိုက်လွန်းသော ဂျပန်စစ်သား(၃)ဦး စလုံးနှစ်ခြိုက်စွာ ကုန်စင်သည်အထိသောက်



www.burmeseclassic.com

www.burmeseclassic.com



ကြလေသတော့၏။

နောက်တစ်နေ့နံနက်အချိန်၌ လုဆန်းယည်နှင့်အီမိုတို့မှာ မြစ်ကြီးနားသို့ ခရီးဆက်ရန်အတွက်ပြင်ဆင်ကြပြီး ကိုရှည်နှင့်မပုတို့ ကျွေးမွေးသော ဗဲပြုတ်ထမင်း၊ ငရုံ့ခြောက်ဖုတ်၊ လွှက်ရည်ချိုတို့ကို စားသောက်နေကြလေ၏။ ထိုအခိုက် ထန်းရွက်ဦးထုပ်ဆောင်းထားပြီး လွယ်အိတ်ပွပွကြီး တစ်လုံးကိုလွယ်ထားသော လူတစ်ယောက်သည် ကိုရှည်၏ခြံထဲဝင်ရောက်လာပြီး ကိုရှည်နှင့်အတူ ဆိုင်အနောက်ဘက်သို့ဝင်ရောက်သွားကာ တီးတိုးစကားပြောဆိုနေသည်ကို တွေ့ရလေ၏။

အီမိုမှာ လုဆန်းယည်အားမျက်စဖြင့် အရိပ်ပြလိုက်လေတော့ရာ လုဆန်းယည်မှာ ဂျပန်ဆန့်ကျင်ရေးမြေအောက်အဖွဲ့ဝင် ဖြစ်နေမည်လောဟု သံသယဝင်ကာ အရိပ်အခြည်ကို စိုးရိမ်စွာကြည့်ရှုနေမိလေ၏။ အချိန်အတန်မျှကြာသော် ကိုရှည်နှင့်အတူ လူစိမ်းပါထွက်လာကြပြီး ကိုရှည်က

"ကဲ ညီမရေ သူကအစ်ကိုကြီးတို့ ရွာကပဲ သူ့နာမည်ကသိုက်မောင်လို့ခေါ်တယ် သူအခုပဲမြစ်ကြီးနားက ပြန်ရောက်လာတာ မြစ်ကြီးနားမြို့နဲ့ လေယာဉ်ကွင်းကို အင်္ဂလိပ်တွေသိမ်းပိုက်လိုက်တယ်တဲ့ အင်္ဂလိပ်တပ်တွေတင်မကဘူး တရုတ်တပ်တွေပါ ပါလာပြီးတိုက်ကြတာ ဂျပန်တပ်တွေ မြစ်ကြီးနားက မြောက်ဘက်အတိုင်းဆုတ်သွားကြရပြီတဲ့ သေတာတွေလည်းမနည်းဘူး အလောင်းတွေပုံနေတာပဲတဲ့။ ညီမနဲ့ ဟောဒီက ဗိုလ်အီမိုတို့သွားလို့ဖြစ်ပါ့မလား . . . တတ်နိုင်ရင်တော့ ဒီမှာပဲ ခဏလောက်ရှိနေကြပါလား အခြေအနေကြည့်ပြီးမှ သွားသင့်ရင်





သွားကြပေါ့"

ဟု ကိုရှည်ကပြောကြားလိုက်လေ၏။ ထိုအချိန်၌ပင် အင်္ဂလိပ်လေယာဉ်ပျံ အဲဗ့်ရိုက်ဟုခေါ်သော ကင်းထောက်လေယာဉ်နှစ်စီး ကောင်းကင်ထက်၌ ပျံဝဲကာလှည့်ပတ်နေသည်ကို တွေ့ရသဖြင့် လုဆန်းယည်မှာစိုးရိမ်စွာဖြင့် . . .

" သူတို့ပြောတာ မှန်နေပြီ အီမို . . .ဒီမှာပဲ ခဏဆက်နေကြရင်ကောင်းလိမ့်မယ် တော်ကြာအင်္ဂလိပ်တပ်တွေနဲ့ ပက်ပင်းတိုးမှ ဒုက္ခပဲ၊ ကျွန်မအတွက်မဟုတ်ပါဘူး အီမိုတို့ (၄)ယောက်အတွက်ပါ ",

ဟူ၍ တားဆီးလိုက်လေ၏။ အီမိုမှာ အစပထမတွင်ငြင်းဆန်သော်လည်း လုဆန်းယည်နှင့် ကိုရှည်တို့လင်မယား၏ အခါခါပြောဆိုတားဆီးမှုကြောင့် မလွှဲသာတော့ပဲ သဘောတူခေါင်းညိတ်ရလေတော့၏။ မျက်စိမရှိလို့သွားတဲ့

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## " မျက်စိမရှိလို့ညားတဲ့လင်မယား "

လုဆန်းယဉ်နှင့်အိမ်မိုတို့အဖွဲ့သည် ထိုကဲ့သို့အဖြစ်အပျက်ကြောင့် ကိုရှည်၏ထေမင်းဆိုင်တွင်ပင် ခေတ္တနားကာနေရလေ၏။ နေ့ဘက်နှင့် ညဘက်အချိန်၌ပါ အိမ်မိုနှင့်ရဲဘော်(၃)ဦးတို့ မနားမနေမအိပ်စက်ဘဲ ရွာလေး၏တစ်ဝိုက်တွင် ကင်းထောက်ကာ အခြေအနေထောက်လှမ်းလျက် ရှိကြလေ၏။ လုဆန်းယဉ်မှာကား ကိုရှည်နှင့်မပုတို့လင်မယားနှင့် ရင်းနှီးစွာ ‌ေသွေးသားသဖွယ် သံယောဇဉ်တွယ်တာမိခဲ့ပြီဖြစ်လေ၏။

" အိမ်မိုတို့ရဲ့ကံကြမ္မာကတော့ တို့များလည်းမတတ်နိုင်ဘူးပေါ့ ညီမရယ်. . .အတတ်နိုင်ဆုံးတော့ သူတို့အသက်မသေအောင်ရယ် သူတို့တိုင်းပြည်ကို ပြန်နိုင်အောင်ကို တတ်နိုင်သရွေ့ကူညီရမှာပဲ "

ဟု ကိုရှည်က ပြောလိုက်လေ၏။ မပုကလည်း. . .





" ကျုပ်သဘောကတော့ ကိုရှည်ပြောတဲ့အတိုင်းပါပဲရှင်. . . ပေမဲ့ သူတို့ဂျပန်တွေက ထွက်ပြေးသွားရပြီဆို. . .အင်္ဂလိပ်တွေနဲ့ တို့တယ်လို့လွတ်နိုင်ပါ့မလဲ၊ ကျုပ်လည်း အိမ်မိုကို ဂျပန်လို့တောင်မမြင် တော့ဘူး. . .ကိုယ့်သွေးကိုယ့်သားလို့ပဲ ထင်မိတယ်၊ သူတို့အတွက် ယ်လို့လုပ်ရမလဲတော်. . .ဒုက္ခပါပဲ "

ဟူ၍ ညည်းတွားကာ လွန်စွာဖြူစင်သောစိတ်ထားဖြင့် ပကတိ ပြောဆိုလေ၏။ လုဆန်းယဉ်မှာကား ကိုရှည်နှင့်မပုတို့၏ ဖော်ပြသသော ကြင်နာစိတ်ထားကို စိတ်တွင်းမှကြိတ်ကာ ချီးမွမ်းနေမိလေ၏။ ဆန်းယဉ်၏ တွေကာငေးငိုင်နေသောမျက်နှာအား လင်မယား ယောက်စလုံး မြင်တွေ့ကြသည့်အတွက် တစ်ဦးကိုတစ်ဦး မေးငေ့ါကာ ဆန်းယဉ်စိတ်ပျော်ရွှင်လာစေရန် ကြံစည်ကြလေ၏။

" ရှုတ်ပါတယ် မပုရာ. . .အိမ်မိုတို့ပြန်ရင် ငါလည်းသူတို့နဲ့ ိုက်သွားတော့မယ်. . .မင်းဟာမင်းနေခဲ့တော့ "

ဟု ကိုရှည်က ခပ်တည်တည်ပြောဆိုလိုက်လေ၏။ လုဆန်းယဉ် ှ မှိုင်တွေနေရာမှ လှည့်ကြည့်လိုက်ပြီး. . .

" ဘာဖြစ်လို့လဲ အစ်ကိုကြီး. . .မမပုကဘာလုပ်လို့လဲ "

ဟူ၍ မေးမြန်းလိုက်လေ၏။

" ဘာဖြစ်ရမှာလဲ ညီမရယ်. . .ဒီလောက်ကလေနဲ့ကလားနဲ့ ပ်နေတဲ့မိန်းမ၊ အစ်ကိုမှာ သူနဲ့ညားပြီးကတည်းက အရက်ကွဲနေရတာ ၀)နှစ်ကျော်ရှိပေါ့ အပြင်ကိုအတူမထွက်ရဲဘူး၊ ထွက်မိတာနဲ့ တွေ့တဲ့ပု



www.burmeseclassic.com

www.burmeseclassic.com



တိုင်းက ခဲတံကျည်တောက်နဲ့ တရုတ်ပြည်ကလာတဲ့ ငွေစွယ်အစ်လေးလို ပြောလို့ပြော၊ ဒီမိန်းမဘယ်လောက်နှမ်းပြီး ငယ်ထိပ်ထုထားလည်းမသိဘူး။ သူ့ယောက်ျား မြေကြီးထဲဝင်တော့မယ်လို့ပြောနဲ့ စိတ်ပျက်နေတာကြာပြီ"

ဟု ကိုရှည်က ပြောလေသဖြင့် လှဆန်းယဉ်မှာ စိတ်မကြည်လင်ရာမှ ရယ်ပြုံးမိလေ၏။ မပုကလည်း . . .

" အောင်မယ် . . . ကျုပ်လည်းတော့လိုပဲ ရှက်ရတာပါပဲတော်၊ သားလောက်လေးကို လင်တော်တယ်ပြောတဲ့လူကပြော၊ ရင်ဝင်အိုးကို ပုရွက်ဆိတ်တက်နေတယ်လို့ ပြောတဲ့လူကပြော လိုက်မဲ့လိုက်လည်း မြန်မြန်သာလိုက်သွားစမ်းပါ၊ တော့်ကိုယူခဲ့တာချစ်လို့မဟုတ်ဘူး ရှက်လို့ ယူခဲ့ရတာ မပြောချင်ဘူး "

ဟူ၍ အချီအချ မပုကပြန်ပြောလေတော့ရာ လှဆန်းယဉ်မှာ အသံထွက်အောင်ပင် ရယ်မောမိလေ၏။

" အစ်ကိုနဲ့မမပုကလည်း ခုမှဘာတွေဖြစ်နေကြတာလဲ၊ လင်မယားဖြစ်တာပဲ (၁၀)နှစ်တောင်ကျော်နေပြီဥစ္စာ "

-- လှဆန်းယဉ်က ဝင်ရောက်ပြောဆိုလိုက်သောကြောင့် မပုမှာ ပို၍အားတက်သရောဖြစ်ကာ . . .

" ညီမမသိပါဘူးကွယ် ဒီလောက်လူစဉ်မမှီတဲ့လူကို မမလို ပေတျော်ဒေါက်ကျော်က ဘာဖြစ်လို့ယူရမှာလဲ၊ အိမ်မက်တောင်မမက်မိခဲ့ဘူး။ သူနဲ့ရလိုညားရတာက ပြောရမှာတောင်ရှက်ပါတယ်ကွယ်၊ ဒါပေမဲ့ ကိုယ့်ညီမမို့လို့ အမှန်အတိုင်းပဲပြောတော့မယ်။ မမကသူ့ကို ရယ်စရာ





တစ်ခုလိုပဲ သဘောထားခဲ့တာ၊ ဖြစ်ချင်တော့ အဲဒီနှစ်က မမတို့ရွာကို ဇာတ်ပွဲတစ်ခု လာက,ကြတယ်၊ ကြုံတောင့်ကြုံခဲ ပျော်ပွဲဆိုတော့ မမလည်း မိဘတွေကိုခွင့်တောင်းပြီး သွားကြည့်တာပေါ့ . . . အဖေနဲ့အမေက ပေါ်တွေရိုတ်ထားပြီး တလင်းထဲမှာပုံထားတာစောင့်နေရလို့ မလိုက်ဖြစ်နိုင်တာနဲ့ ပွဲလွှတ်ဖို့ မမကိုအင်တင်တင်လုပ်တယ်၊ မမလည်း သိပ်ကြည့်ချင်လွန်းလို့ ငိုယိုပြီးအရေးဆိုလိုက်တာ အဖေနဲ့အမေက အလျှော့ပေးကြရတယ် . . . ဒါပေမဲ့ မမတစ်ယောက်တည်းမလွှတ်ဘူး မမမောင်လေးတာတူးနဲ့ ထည့်လွှတ်တာ၊ မောင်လေးကိုလက်ကဆွဲပြီး မမလည်း တစ်ချိုးတည်းဇာတ်ပွဲကိုပြေးတာ၊ ဟိုရောက်တော့ ဖျာခမတတ်နိုင်လို့ ဘေးထရံတောင့်လေးနားမှာ မောင်လေးတာတူးနဲ့ မောင်နှမနှစ်ယောက်ကြည့်နေကြလိုက်တာ မမကတော့ ဝါသနာကလည်းပါ၊ လူကလည်းလူကြီးဆိုတော့ ဖွဲ့တော်ပြီး မအိပ်ဘဲကြည့်တာပေါ့၊ တာတူးကတော့ ကလေးဆိုတော့ မကြည့်ဘဲ ဘေးမှာကွေးကွေးလေးအိပ်တော့တာပဲ၊ နှပ်ပါးသွားပြီးလို့ နောက်ပိုင်းဇာတ်တော်လည်းထွက်ရော မမလည်း မဟာနိုင်တော့ဘူး။ အဲဒီကျမှအိပ်ငိုက်လာတယ်၊ ဒါနဲ့တာတူးကိုအတင်းလက်ဆွဲပြီး မောင်နေ တဲ့ဇာတ်ရုံထဲကနေ ဆွဲခေါ်လာတာပေါ့။ အိမ်လည်းရောက်ရော အဖေနဲ့အမေက လယ်ထဲကတလင်းမှာအိပ်နေတော့ အိမ်မှာအဖော်မရှိတာကြောင့် ကြောက်လို့တစ်ယောက်တည်းမအိပ်ဝံ့တာနဲ့ တာတူးကို အတင်းခုံဖက်ပြီး မမခြင်ထောင်ထဲမှာပဲ သိပ်လိုက်တယ်။ မနက်မိုးလင်းတော့ အဖေနဲ့အမေကအိမ်ကိုရောက်လာပြီး ခြင်ထောင်မကြည့်တော့ မနဲ့



www.burmeseclassic.com

www.burmeseclassic.com



အိပ်နေတာ မောင်လေးတာတူးမဟုတ်တဲ့ ဒင်းဖြစ်နေလို့ ဘယ်လိုမှရှင်းပြ လို့မယုံကြတာနဲ့ ယူလိုက်ရတာ ”

ဟု မပုက ရှည်လျားစွာရှင်းပြပြောဆိုလိုက်လေတော့ရာ . . . လှဆန်းယဉ်မှာ မျက်ရည်ထွက်သည်အထိ ရယ်မောရလေတော့၏။ လှဆန်းယဉ်က . . .

“ မပုကလည်း ဇာတ်ရုံထဲကလက်ဆွဲခေါ်လာတာ ကိုယ့်မောင် ဟုတ်မဟုတ်တောင် မကြည့်မိတော့ဘူးလား ”

ဟူ၍ မေးမြန်းသဖြင့် . . .

“ ညီမရယ် လူကလည်းအရမ်းအိပ်ချင်ပြီး မျက်လုံးကလည်း ကောင်းကောင်းမပွင့်၊ မှောင်ကလည်းမှောင်နေတာ ပြီးတော့ တာတူးက နောက်နားကပ်အိပ်နေတာလေ . . . ဒါနဲ့လက်ကိုဆွဲပြီး အိပ်မှုန်စုံမွှားနဲ့ ခေါ်လာတာ သူကလည်းမှိန်းပြီး လိုက်လာတာနေမှာပေါ့ ”

ဟု မပုကရှင်းပြလေ၏။ ကိုရှည်ကလည်း . . .

“ ဘာ . . . တာတူးရမှာလဲ တာတူးက ငါ့ရှေ့နားကပ်ပြီးအိပ် နေတာ . . . ပြီးတော့ နင့်မောင်အကျင့်လည်း နင်သိရဲ့သားနဲ့ အိပ်နေရာ ကယောင်ပြီး ထသွားတာ၊ ပြီးတော့ နောက်ဘက်ကအစွန်မှာ သွားလှဲ အိပ်နေတာလေ . . . ငါလည်းအိပ်နေတာပဲ၊ အဲဒီမှာ နင့်ဖာသာလာနှိုးပြီး လက်ဆွဲခေါ်သွားတာ၊ ငါမှာအိပ်ချင်လွန်းလို့ မျက်လုံးတောင်ဖွင့်မကြည့် မိတော့ဘူး။ အမေဆွဲခေါ်တာမှတ်ပြီး လိုက်ခဲ့မိတာ၊ မနက်ကျမှ မင်းအမေ နဲ့အမေအော်သံကြားမှ ငါနင့်ခြင်ထောင်ထဲရောက်နေတာ သိရတာ၊





နင်စ,လို့ ငါနင့်ယူရတာ ”

ဟု ကိုရှည်က ကြက်ခေါင်းဆိတ်မခံ ပြန်လည်ပြောကြားလိုက် ပြီး ရယ်ကျဲကျဲဖြင့် လှဆန်းယဉ်ဘက်လှည့်ကာ . . .

“ အဲဒါပေါ့ ညီမလေးရဲ့ အချစ်မှာမျက်စိမရှိဘူးဆိုတာ ”

ဟူ၍ပြောလိုက်သဖြင့် လှဆန်းယဉ်မှာ အူတက်မတတ်ရယ်မော မိရလေကာ ဖြစ်ပေါ်နေသောညစ်ညူးစိတ်တို့ပင် ပျောက်ကွယ်သွားရလေ တော့၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



“ လှဆန်းယဉ်ရဲ့ အမှတ်မထင်မေ့နော့အာရုံ ”

ထိုနေ့ည ညဦးနက်ချိန်၌ လှဆန်းယဉ်မှာ အသံတစ်သံကြား လိုက်မိသလိုရှိ၍ အိပ်ယာထက်မှ အသာအယာထကာ ဆိုင်ရှေ့အပြင် ဘက် အသံထွက်ပေါ်လာရာသို့ ထရံပေါက်ကြားမှ ချောင်းမြောင်းကြည့် ရှုလိုက်လေ၏၊ လှဆန်းယဉ် မြင်တွေ့လိုက်ရမြင်ကွင်းကား ဆိုင်အပေါက်ဝ ရှေ့ မလှမ်းမကမ်းနေရာ၌ မီးပိုပိုကာမီးလှုံရင်း ကောင်းကင်ပြင်ကြီးအား ငေးမောကြည့်ရှုနေသော အိမိုအား တွေ့လိုက်ရခြင်းဖြစ်လေ၏။

အိမို၏မျက်နှာမှာ အိပ်ရေးမဝခြင်း၊ စိတ်ဖိစီးခြင်း ဒဏ်ချက်များ ကြောင့် မျက်ကွင်းများချောင်ကျကာ လွန်စွာဖျော့တော့ညှိုးနွမ်းနေ၏၊ လှဆန်းယဉ်မှာ အိမို၏သနားဖွယ်အဖြစ်ကိုတွေးရင်း စိတ်မကောင်းဖြစ် ရကာ အိမိုအားနှစ်သိမ့်အားပေးနိုင်ရန် ဆိုင်ရှေ့သို့ထွက်လာခဲ့လေ၏။





ရုတ်တရက် ငေးမောနေရာမှ နောက်ဘက်မှခြေသံကြောင့် အိမိုမှာ သေနတ်ဖြင့် လှည့်၍ဆတ်ကနဲချိန်လိုက်လေ၏။ ထို့နောက် ရန်သူမဟုတ်ဘဲ လှဆန်းယဉ်ဖြစ်နေတော့သည်ကို တွေ့ရကာ သေနတ်ကို အောက်သို့ပြန်ချထားလိုက်ပြီး . . .

“ မအိပ်သေးဘူးလား ဆရာမ . . . ကျွန်တော်က ဆရာမ အိပ်နေပြီလို့ထင်တာ၊ ဒီညအရမ်းချမ်းတယ်နော် ကျွန်တော့်ရဲဘော်တွေ တော့ ချမ်းချမ်းစီးစီးလည်း သူတို့ခြုံတွေကြားမှာ အိပ်ပျော်ကြမှာမဟုတ် ပါဘူး။ ကိုယ့်အသက်ကို အချိန်မရွေးနှုတ်ယူနိုင်တဲ့ အင်္ဂလိပ်စစ်သား တွေကိုပဲ မျက်စိဖွင့်ပြီး စောင့်ကြည့်နေရမှာ ”

ဟု စိတ်မကောင်းဖြစ်သောစကားကို ညည်းညူပြောဆိုလေ၏၊ လှဆန်းယဉ်၏ရင်ထဲ၌ အိမို၏စကားကြောင့် နင့်ကနဲဖြစ်သွားရလေ၏။ လှဆန်းယဉ်က . . .

“ ဒီအတိုင်းပါပဲ အိမိုရယ် . . . အိမိုနဲ့ရဲဘော်တွေ ကိုယ့်ဘေး ကိုယ့်အန္တရာယ်အတွက် အမြဲတမ်းစိတ်ပူပင်နေရသလို ကျွန်မတို့လည်း ထပ်တူထပ်မျှ ရင်ထဲမှာခံစားနေရပါတယ်၊ အိမိုတို့တိုင်းပြည်ကို ပြန်ရောက် ကြအောင် အမြဲကျွန်မတို့ ဆုတောင်းပေးနေမိပါတယ် ”

အိမိုက လှဆန်းယဉ်၏စကားကြောင့် လွန်စွာကျေးဇူးတင်သွား ရပြီး . . .

“ ကျေးဇူးတင်ပါတယ် ဆရာမရယ် . . . ခုလို ဆရာမတို့တိုင်း ပြည်ကို အနိုင်ကျင့်သိမ်းပိုက်ထားတဲ့ ကျွန်တော်တို့အပေါ် မမျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



နိုင်လောက်အောင် ခွင့်လွှတ်ပြီးမေတ္တာထားနိုင်တဲ့ ဆရာမနဲ့ ဆရာမတို့ လူမျိုးတွေအပေါ်ကို ကျွန်တော်အရမ်းလေးစားမိပါတယ်။ ဒီကျေးဇူးကို တစ်သက်လုံးမေ့လို့ရတော့မှာ မဟုတ်ပါဘူး ''

ဟု၍ ပြောဆိုလျက် လှဆန်းယဉ်၏လက်ကလေးအား ဆုပ်ကိုင် ဖျစ်ညှစ်လိုက်လေ၏။

ထိုအချိန်၌ လှဆန်း၏အမြင်အာရုံတွင် ဝင်းကနဲတောက်ပသော အလင်းတန်းကြီးတစ်ခုကို ဖွေးကနဲမြင်လိုက်ပြီး လှဆန်းယဉ်၏ခေါင်းထဲ မိုက်ကနဲမူးသွားသကဲ့သို့ ခံစားရကာ မျက်လုံးအတွင်း၌ မြင်ကွင်းပုံရိပ် အချို့အား ထင်ထင်ရှားရှား ဖြတ်ကနဲဖြတ်ကနဲ လျှပ်မြန်စွာမြင်တွေ့လိုက် ရလေတော့၏။

ထိုမြင်ကွင်းမှာကား အီမို၏လက်ထဲတွင် ကင်ဒိုခါးရှည်ကြီးအား သွေးစက်လက်ဖြင့် ကိုင်ဆွဲထားပုံနှင့် အီမို ဒူးထောက်ထိုင်ချလိုက်ပြီး ရှေ့ဘက်၌ချထားသော ကင်ဒိုခါးမြောင်အားဆွဲထုတ်လိုက်ပြီး လက်အပေါ် သို့ဆွဲမြှောက်ကာ ဝမ်းပိုက်သို့ထိုးစိုက်ချလိုက်ပုံ ပုံရိပ်အား တွေ့မြင် ရလေရာ . . .

'' အား ''

လှဆန်းယဉ်မှာ စူးစူးဝါးဝါး အော်ဟစ်လိုက်မိလေ၏။ လှဆန်းယဉ်၏ အော်ဟစ်သံနှင့် ထိတ်လန့်တကြား ဖြူဖတ်ဖြူလျော် ဖြစ်သွားပုံကို မြင်တွေ့လိုက်ရသဖြင့် အီမိုမှာ ထိတ်ထိတ်ပျာပျာဖြင့် လှဆန်းယဉ်၏လက်ကို လွှတ်ချလိုက်လေ၏။

သူရဲကောင်းစာပေတိုက်



'' ဆရာမ . . . ဘာ . . . ဘာဖြစ်လို့လဲ ''

အီမိုက အငမ်းမရမေးမြန်းလိုက်သဖြင့် လှဆန်းယဉ်မှာ မိမိ မြင်တွေ့မိသော အီမိုနှင့်သက်ဆိုင်နေသော အနိဋ္ဌာရုံကို ပြောရနိုး မပြောရနိုးဖြင့် ဝေခွဲမရနိုင်ရှာဘဲ အီမို၏အနာဂတ်ဟောကိန်းအား ဟောပြောမိပါလျှင် အီမိုစိတ်ဆင်းရဲကာ ဥပါဒါန်ကြောင့် ဥပါဒ်ရောက် သွားမည်ကိုလည်း လှဆန်းယဉ်မှာ မခံစားစေလိုပေ။ မပြောရက်တော့ မျှင်တွေဝေနေသော လှဆန်းယဉ်အား . . .

'' ပြောလေဆရာမ ဘာဖြစ်သွားတာလဲ ''

ဟု အီမိုက လှဆန်းယဉ်အား မေးမြန်းလိုက်ပြန်တော့သဖြင့် လှဆန်းယဉ်မှာ သတိပြန်ဝင်လာပြီး အိန္ဒြေဆယ်ကာ ဟန်ဆောင်အပြုံး တစ်ခု ပြုံးလိုက်ရာ . . .

'' မ . . . မဖြစ်ပါဘူး အီမို၊ ကျွန်မခြေထောက်အောက်မှာ အကောင်တစ်ကောင် ဖြတ်သွားတယ်၊ ဘာကောင်မှန်းတော့မသိဘူး၊ ဒါကြောင့် လန့်အော်မိတာပါ ''

ဟု၍ လှဆန်းယဉ်က ဖုံးကွယ်ကာပြောလိုက်လေ၏။ အီမိုမှာ ကား အဖြစ်မှန်ကိုမသိရှာဘဲ လှဆန်းယဉ်၏ဘေးဘယ်ညာသို့ ငုံ့ကာ ဟိုကြည့်ဒီကြည့်လုပ်လျက် ရှာဖွေနေလေ၏။ လှဆန်းယဉ်မှာ အီမိုအား ပြောမထွက်သည့်အပြင် မသိရှာသော အီမို၏အပြစ်ကင်းသောမျက်နှာ အား ကြာရှည်ရင်မဆိုင်ဝံ့တော့သည်ဖြစ်ရာ အိပ်ယာဝင်ရန်အကြောင်းပြ ကာ အီမို၏ရှေ့မှ ထွက်လာခဲ့လေ၏။

သူရဲကောင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



နောက်(၄)ရက်ခန့်အချိန် နေ့လည်ခင်း၌ အီမိုနှင့်လှဆန်းယဉ် တို့မှာ ကိုရှည်နှင့်အတူ နေ့လည်စာထမင်းကို စားသောက်နေကြ မပုမှာကား အီမို၏ရဲဘော်များအား ထမင်းသွားရောက်ပို့ပေးနေသည် ဖြစ်၏။ ထမင်းစားသောက်ကြရင်း ရောက်တတ်ရာရာစကားများ ပြောဆို ကြရင်း . . .

" နအချိန်ဆို ကျွန်တော်တို့တိုင်းပြည်မှာ ချယ်ရီပန်းတွေဝေ ပြီ ဆရာမရဲ့ . . .ဒီရာသီရောက်ရင် နှင်းတွေတအားကျလို့ အရမ်းအေ တယ်၊ ကျွန်တော်က ကျောင်းကပြန်လာရင် နှင်းတွေကြားမှာဖြတ် လျှောက်ပြီး ချယ်ရီပန်းတွေပွင့်နေတာကိုကြည့်ရင်း အမြဲလမ်းလျှောက် ပြန်မိတယ်။ ဒီရာသီဟာ ကျွန်တို့တိုင်းပြည်ရဲ့ အလှဆုံးအချိန်ပါပဲ၊ နှင်းတွေ တစ်ဖွဲဖွဲကျနေတဲ့ကြားက အဝေးမှာရှိတဲ့ ဖူဂျီယာမာတောင်ကြီးကို လှမ်းငေးပြီးကြည့်ရတာလောက် ဘယ်အရာကမှ အရသာမရှိနိုင်ပါဘူး စစ်ကြီးပြီးခဲ့လို့ အေးချမ်းသွားကြတဲ့အချိန်မှာ ကျွန်တော် ဆရာမ ကိုရှည်တို့ရှိတဲ့ ဒီဗမာပြည်ကို ပြန်လာခဲ့ပါဦးမယ်၊ အဲဒီအချိန်ကျရင်ကော ခုလိုဟင်းကောင်းကောင်းနဲ့ ကျွေးခဲ့ကြဦးမှာလား "

ဟူ၍ အီမိုက ဂျပန်ပြည်အားလွမ်းဆွတ်နေ၍ ညည်းတွား ပြောနေရာမှ လှဆန်းယဉ်တို့အား အရှုန်းဖောက်လျက် ပြန်မေးမြန်း လိုက်လေ၏။ ကိုရှည်ကရယ်မော၍ . . .

" လာသာလာခဲ့စမ်းပါ ဒီဟင်းထက်ကောင်းတာတွေကို ချက် ပြီးတော့ ချက်ကျွေးဦးမယ်၊ ဟိုရောက်လို့မိန်းမရသွားလည်း အားမနာ





မိန်းမပါခေါ်လာခဲ့ "

ဟု ပြန်လည်နောက်ပြောင်ပြောလိုက်လေ၏။ လှဆန်းယဉ်မှာ ကား အီမို၏စကားအတွက် မရယ်မောနိုင်ဘဲ ရင်ထဲဆို့ကာနဲ့ဖြစ်ရကာ ငေးငိုင်သွားရပြန်လေ၏။ အီမို၏ သွေးသံရဲရဲဖြင့်ပုံရိပ်က လှဆန်းယဉ် အတွက် စိတ်နှလုံးထိခိုက်၍ နာကျင်ခံစားနေရလေ၏။ ကိုရှည်က လှဆန်းယဉ်၏ ညှိုးလျော်သွားသောမျက်နှာလေးအား သတိပြုမိသွားပြီး

" ဆရာမ ဘာဖြစ်လို့လဲ မျက်နှာလည်းမကောင်းပါလား . . .နေမကောင်းဘူးလား "

ဟု စိုးရိမ်တကြီးဖြင့် မေးမြန်းလေ၏။ လှဆန်းယဉ်မှာ မှသား မပါလက်ာမချောဟူသည့် စကားအတိုင်း မျက်နှာကိုအပြုံးဖြင့် ဟန်ဆောင် ဖုံးကွယ်လိုက်ကာ . . .

" မဟုတ်ပါဘူး ကိုရှည် . . .ကျွန်မလည်း အီမို သူ့မွေးရပ် မြေကိုသတိရသလို ကျွန်မ မွေးရပ်ဇာတိကို သတိရမိလို့ပါ "

ဟူ၍ လိမ်ညာကာ ပြောလိုက်ရလေ၏။ ထိုအခိုက် မပုနှင့်အတူ ဂျပန်စစ်သည်တစ်ဦး သုတ်သုတ်ပြာပြာဖြင့် ရောက်ရှိလာကြပြီး ဂျပန် စစ်သည်က အီမိုအား ဦးညွှတ်အလေးပြုကာ ဂျပန်စကားဖြင့် အရေး တကြီးပြောဆိုသတင်းပို့လေ၏။ စစ်သည်၏စကားကြောင့် အီမို၏မျက်နှာ မှာ ဝင်းလက်သွားပြီး . . .

" မင်္ဂလာသတင်းပဲ ဆရာမရေ . . .ကျွန်တော်တို့စစ်ကူ ဂျပန်တပ်မတော်ကြီး ထပ်ရောက်လာပြန်ပြီတဲ့ . . .ဘာတဲ့ "



www.burmeseclassic.com

www.burmeseclassic.com



ဟု သတိမေ့လျော့နေ၍ ဂျပန်စစ်သားအား ထပ်မံမေးမြန်း ပြန်ရလေရာ မပုက . . .

" ပမ္မတီး . . . မှာလို့ ပြောတာပဲ "

အီဝိုက မပု၏ပြောစကားကို . . .

" ပမ် . . . ပမ် . . . ပမ်မထီး ဟုတ်လား "

ဟု အသံထွက်ပီသအောင် ရေရွတ်ကာ လွန်စွာပျော်ရွှင်နေပြီး သွက်လက်ဖျတ်လတ်စွာ ရှိနေလေ၏။ ကိုရှည်က အီမိုအားပြောရင်း

" ဟုတ်တယ် . . . ပမ္မတီးပဲ ခုဒီသတင်းကို ဘယ်သူလာပြော တာလဲ မပု . . . နင့်ဟာသေချာရဲ့လား "

မယားဖြစ်သူမပုအား လှည့်မေးလိုက်လေသဖြင့် မပုက . . .

" ပမ္မတီးကပြန်လာတဲ့ ခွန်ဒေါင်းပြောသွားတာ၊ ပမ္မတီးက သူ့အဒေါ်အိမ်သွားလည်တာ အဲဒီမှာတင် ဂျပန်တပ်ကြီးဝင်လာပြီး ချောခွဲလို့ သူ့အစ်ကိုလွန်းတောင် ပါသွားတယ်၊ သူတောင်ထွက်ပြေးတာ မြန်လို့ လွတ်လာတာတဲ့ ကိုရှည်ရဲ့ "

" ဟဲ့ . . . ဒါဆို ခွန်ဒေါင်းကို တစ်ခါတည်းခေါ်ခဲ့ရောပေါ့ဟာ၊ ဒီမှာ ဂယာဏနမေးရမှာ၊ မနိုင်လုံပဲ အီမိုတို့လိုက်သွားရင် တော်ကြာ အခက်တွေ့ဖနေပါဦးမယ် "

ဟု၊ ကိုရှည်က မပုအား ပြောဆိုလေ၏။ မပုကလည်း ကိုရှည် အပြစ်တင်သကဲ့သို့ ပြောဆိုပုံကြောင့် မဲ့ရွဲ့လိုက်ပြီး . . .

" ကျုပ်လည်း ဒီလောက်မတုံးပါဘူးတော်၊ ခွန်ဒေါင်းကို ဒီအပါ





ခါသေးတာပေါ့၊ ဟောဒီက ထမင်းစားနေတဲ့ ဂျပန်ရဲဘော်ကိုမြင်ပြီး တစ်ခါတည်းထွက်ပြေးသွားတာ နှုတ်တောင်ဆက်မသွားဘူး။ ကျုပ်က ပြောတာကို သေချာရဲ့လားလို့ သေချာမေးပါတယ်၊ သူက ကျိန်တွယ် တော့တောင် ပြောသွားတာ၊ မဟုတ်တာတော့ ခွန်ဒေါင်းမပြောတတ် ကာ တော်လည်းသိပါတယ်တော် "

ဟူ၍ ကျနသေချာစွာ ပြန်ပြောလိုက်၏။ လုဆန်းယဉ်က အီမို ဝင်းပပြုံးရွှင်လာသောမျက်နှာအား ကြည့်ရင်း . . .

" ကဲ . . . အီမို ဒီသတင်းကအမှန်ဖြစ်မှာပါ၊ အီမိုတို့ အဲဒီကို လိုက်သွားမလား၊ လိုက်သွယ်မယ်ဆိုရင်တော့ ကိုရှည့်ကို ဒီရွာမှာပဲ မ်းပြမဲ့သူ ရှာခိုင်းရလိမ့်မယ်၊ အီမိုတို့ခေါ်ရင် ချောခွဲမယ်၊ နိုပ်စက်မယ် င်ပြီး လိုက်ရဲမှာမဟုတ်ကြဘူး၊ ကျွန်မနဲ့ကိုရှည်ပဲ တိုင်ပင်ပြီး ပိုက်ဆံ ည်းနည်းလောက် လုပ်အားခပေးခေါ်မှ အဆင်ပြေမှာ "

ဟု ပြောဆိုအကြံပေးတော့ရာ လုဆန်းယဉ်၏စကားကို အီမိုက ဘောတူလက်ခံ၍ လုဆန်းယဉ်က ကိုရှည်အား ရွာထဲသို့စေလွှတ်ကာ မ်းပြလူရှာဖွေစေတော့၏။ ညနေစောင်းအချိန်၌ ကိုရှည်နှင့်အတူ လတ်ပိုင်းအမျိုးသားတစ်ဦး ပါလာပြီး လုဆန်းယဉ်အား ကိုရှည်က

" သူ့နာမည် မရမ်နော်တဲ့ . . . သူပမ္မတီးရောက်အောင် မ်းပြပေးပါလိမ့်မယ်၊ အဲဒီရောက်အောင်သွားနိုင်တဲ့ ဖြတ်လမ်းကိုလည်း သိပါတယ်၊ သူ့အတွက်ပိုက်ဆံကတော့ ကြည့်ပေးပါ မတောင်းတတ် းလို့ပြောတာပဲ "



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ပြောဆိုသဖြင့် လှဆန်းယဉ်က [illegible] အား မေးမြန်းရပြန်၏။

" မောင်လေး . . .ဟောဒီကဂျပန်ရဲဘော်တွေကို လိုက်ပို့ပေး ရလိမ့်မယ်၊ သူတို့က မောင်လေးကူညီတဲ့အတွက် ကျေးဇူးတင်မှာပါ၊ ဘာအန္တရာယ်မှမပေးပါဘူး စိတ်ချ "

ဟု လှဆန်းယဉ်က ပြောလိုက်၏။ မရမ်နော်ဆိုသူလူရွယ်က သိရှိကြောင်း ခေါင်းညိတ်ပြလိုက်သည့်အတွက် လှဆန်းယဉ်က မရမ်နော်အား ဂျပန်ငွေစက္ကူမေးဘဲ သူမ၏ထံ၌ သိုဝှက်သိမ်းဆည်းခဲ့သော အင်္ဂလိပ်ရွှေဒင်္ဂါး(၃)ပြားအား ပေးလိုက်လေ၏၊ အီမိုမှာ လှဆန်းယဉ်၏ လုပ်ကိုင်ပုံအား သေချာစွာကြည့်ရှုနေရင်း လှဆန်းယဉ်အား ခွဲခွာရတော့ မည့်အရေးအတွက် သက်ပြင်းတစ်ချက် ချလိုက်လေ၏။ မရမ်နော်အား ရွှေဒင်္ဂါးပြားများ ပေးပြီးနောက် . . .

" ဟဲမောင်လေး . . . ဒါမောင်လေးလုပ်အားခပဲ၊ အခု အိမ်ပြန် ပြီး လုပ်စရာရှိတာသွားလုပ်ပါ၊ မနက် ဒီကို(၄)နာရီလောက်ရောက်အောင် သာထလာခဲ့၊ စောစော ဒီကထွက်ချင်တယ် "

" ဟုတ်ကဲ့ . . .ကျွန်တော်လာမယ် "

ဟု မရမ်နော်က တိုင်းရင်းသားပီပီ စကားခပ်တိုတိုပြောကာ ပြန်သွားလေတော့၏။

ထိုနေ့ညဦးပိုင်း၌ အီမိုနှင့်လှဆန်းယဉ်တို့မှာ မီးလုံကြရင်း





စကားပြောဆိုကြလေ၏၊ လှဆန်းယဉ်မှာ အီမိုအား မိမိတွေ့မြင်ခဲ့သော အာရုံမြင်အဖြစ်ဆိုးအား ဖွင့်ဟပြောသင့်မသင့်ချိန်ဆကာ ဝေခွဲမရဖြစ်နေလေ၏။ ထိုသို့တွေးတောရင်းမှ အီမို၏သွေးစွန်းနေသော ရုပ်ပုံလွှာတွင် မိမိမြင်တွေ့သိရှိနေသော လူတစ်ဦး၏မျက်နှာကိုပါ တွေ့မိသလိုလို ဝိုးတိုး ဝါးတားဖြစ်လျက် ဇဝေဇဝါဖြစ်နေမိလေ၏။ နောက်ဆုံး၌ လှဆန်းယဉ်မှာ အီမိုအား ဖွင့်ဟမပြောဖြစ်တော့ဘဲ အရှက်တကွဲအကျိုးနည်း ခွဲခွာရတော့မည့် အရေးအတွက် လွှမ်းစွာစိတ်ထိခိုက်ကြရတော့ရာ နှစ်ဦးစလုံး နှုတ်ဆိတ် ကာငြိမ်သက်စွာဖြင့် ရှိကြလေ၏၊ တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်ကာ အီမိုက . . .

" ဆရာမ ဘာတွေငိုင်နေတာလဲ . . .မိုးလင်းတာနဲ့ ငါကို ဒုက္ခပေးနေတဲ့လူတွေ သူ့လမ်းသူလျှောက်ကြရတော့မယ်ဆိုပြီး တွေးနေ တယ်ထင်တယ် "

ဟု ပြောဆိုလိုက်သဖြင့် လှဆန်းယဉ်မှာ အီမို၏ ရယ်ရွှန်း ပတ်ရွှန်းစကားကို မပြုံးနိုင်ရှာတော့ဘဲ . . .

" မဟုတ်ရပါဘူး အီမိုရယ် . . .အီမိုတို့ ကိုယ့်တိုင်းပြည်ပြန် ရောက်သွားရင် မြန်မာပြည်ကို အမြဲသတိရနေရုံကလွဲလို့ တကူးတက လာနိုင်ကြမှာမဟုတ်ဘူးလို့ တွေးမိလို့ပါ "

" ဒါဆို . . .ဆရာမနဲ့ကျွန်တော် အလောင်းအစားတစ်ခု လုပ်ကြရအောင်လေ၊ ကျွန်တော်ပြန်လာခဲ့လို့ ရောက်လာရင် ကျွန်တော့်ကို ဆရာမဘာပေးမလဲ "



www.burmeseclassic.com

www.burmeseclassic.com



လှဝေန်းယဉ်လည်း အိမ်မို၏စကားကို အလောတကြီး ပြန်ပြောမိလိုက်လေ၏။

" အိမ်မိုဘာလိုချင်သလဲ ကျွန်မကြိုးစားပြီး ပေးပါ့မယ် "

" ဂကယ်ပြောတာလား ဆရာမ. . .ကျွန်တော်လိုချင်တာ ပေးရမှာနော်. . .နောက်တော့မှ ဟိုလိုသည်လိုမငြင်းနဲ့ "

" မငြင်းပါဘူး အိမ်မို. . .ကျွန်မရအောင်ကြိုးစားပေးမယ် "

" ဒါဆို အိုကေ. . .မြန်မာပြည်ကို မရောက်ရောက်အောင် ပြန်လာမယ် "

ဟူ၍ အိမ်မိုက ပျော်ရွှင်စွာကြုံးဝါးလိုက်လေတော့၏။

♛ ♛ ♛





" ဦးအင်နော်တောင်းပန်ခြင်း "

နံနက်စောစော လင်းအားကြီးအချိန်၌ အိမ်မိုနှင့်တပ်သားများသည် လှဆန်းယဉ်အား နှုတ်ဆက်ကြပြီး လမ်းပြမရမ်နော်၏ နောက်သို့ လိုက်ပါသွားကြလေ၏။ လှဆန်းယဉ်မှာ အိမ်မို၏တစ်ရွေ့ရွေ့ခဲသွားသော နောက်ကျောပြင်ကိုကြည့်ရင်း မျက်ရည်များအဝိုင်းသားဖြင့် ကျန်ရစ်ခဲ့လေ၏။ လှဆန်းယဉ်၏အဖြစ်အား ကိုရှည်ကမပုအား မေးငေါ့ပြလိုက်လေရာ မပုက. . .

" အခုလို ကိုယ်နဲ့အတူနေ အတူစားခဲ့ကြပြီး ခွဲသွားရတော့လည်း စိတ်ထဲမကောင်းလိုက်တာ ကိုရှည်ရယ်၊ အင်းလေ. . .ခွေးကလေးကြောင်ကလေးတွေတောင် ကိုယ့်နားမှာရှိရာကပျောက်သွားကြရင် စိတ်ထဲမှာအရမ်းခံစားရသေးတာပဲ ပြောတတ်ဆိုတတ်တဲ့လူဆိုတော့ ပိုဆိုးတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ရှင်. . .ဘယ်တတ်နိုင်မလဲ လောကဓံတရားအရ တွေ့ဆုံကြုံကွဲ ဆိုသလိုပဲမဟုတ်လား ”

ဟု သံဝေဂဆန်ဆန် ညည်းတွားသလိုလို နှစ်သိမ့်စကားပြော ဆိုလိုက်လေ၏။

ထိုသို့ပြောပြီးနောက် ကိုရှည်နှင့်မပုတို့ကလည်း အိမ်တွင်းသို့ ဝင်ကာ ပြန်လည်အိပ်စက်သွားကြလေ၏။ လှဆန်းယဉ်မှာ ပြန်လည်အိပ် မရနိုင်တော့ပဲ အိပ်ခန်းတွင်းသို့ဝင်ကာ ဟိုသည်တွေးတောစဉ်းစားနေ မိလေ၏။ ထို့နောက် ဘုရားရှိခိုးကာ မေတ္တာပို့ခြင်း ဂုဏ်တော်ကွန်ချာ ပုတီးစိပ်ခြင်းတို့ကို လုပ်ဆောင်လေ၏။ မည်မျှအချိန်ကြာသွားသည် မခန့် မှန်းနိုင်ပဲ ဆိုင်ရှေ့တံခါးပေါက်ဝမှ အော်ဟစ်သံတစ်ခုအား ကြားလိုက် ရတော့သဖြင့် လှဆန်းယဉ်မှာ စိပ်လက်စပုတီးပတ်အား လက်စသတ် လိုက်ရလေ၏။ လှဆန်းယဉ်အခန်းပြင်သို့ထွက်လာချိန်တွင် ကိုရှည်နှင့် မပုတို့လင်မယားလည်း ဆိုင်တံခါးဝရှေ့၌ ရောက်ရှိနေပြီး ၎င်းတို့နှင့်အတူ ရှာသူမိန်းကလေးတစ်ဦးအား တွေ့လိုက်ရလေ၏။ မိန်းကလေး၏ပုံစံမှာ လွန်စွာထိတ်ထိတ်ပြာပြာဖြစ်နေပြီး အမောတစ်ကြီးဖြင့်ပြောဆိုလေ၏။

“ တစ်ကယ်ဘုရားမှူးပါစေရဲ့ မကြီးပုရယ်. . .မနေ့ကညနေက ထွက်သွားတာအကောင်း. . . . ဒီနေ့မနက်မိုးလင်းတော့မှ ဂျပါက သွားရှာ တာမတွေ့လို့ လာပြောတာ ခုကွတော့များပါပြီရှင် အီး. . . ဟီး ဟီး ”

ဟူ၍ ပြောဆိုကာငိုကြီးချက်မဖြင့် ချုံးပွဲချငိုကြွေးချလိုက်လေ၏။





ုလည်း မိန်းကလေး၏ပခုံးအားဖက်ကာ မျက်ရည်များစီးကျလာပြီး

“စိတ်ထိန်းပါဦး. . .မိစုရယ် အစ်မအထင်တော့ သူငယ်ချင်း ဖော်တွေနဲ့ဆုံပြီး အနီးအနားက ရွာတစ်ရွာရွာကို လိုက်သွားတာလည်း ်ချင်ဖြစ်နေမှာ ”

လှဆန်းယဉ်လည်း မပုငိုနေသည်ကိုတွေ့ရ၍ မနေသာတော့ပဲ ်ရောက်မေးမြန်းရလေတော့၏

“ မပု ဘာတွေဖြစ်ကြလို့လဲ ကျွန်မကိုပြောနိုင်ရင်တော့ ပြောပြ လား ”

ဟု လှဆန်းယဉ်က ပြောလိုက်လေ၏။ မပုမှာ ဖရုနစ်သူတို့ ာက်ရိုးတစ်မျှင် မြက်တစ်ပင်ကိုသော်မျှ ကယ်ရာကယ်ကြောင်း လှမ်းဆွဲ တ်သကဲ့သို့ လှဆန်းယဉ်အား မိစုဆိုသော မိန်းကလေး၏အဖြစ်ကို ်လည်ရှင်းပြပြောဆိုလေ၏။

“ ဒီလိုပါ. . .လှဆန်းယဉ်ရယ် သူက မမရဲ့ညီမအငယ်ဆုံး ပါပဲ သူ့ယောက်ျားမောင်ကံက ညဘက်ဆိုသူ့တောင်ယာထဲမှာ သွား ားစောင့်အိပ်ရတယ်၊ မနေ့ညကလည်း ထုံးစံအတိုင်း ထမင်းစားပြီး ်သွားတာ ဒီမနက်ကြတော့ တောင်ယာကတဲထဲမှာလည်း မတွေ့ရာ ်လည်းပြန်မလာဘူး သွားတတ်တဲ့နေရာမှန်သမျှ လိုက်ရှာတာလည်း ်ပြီ၊ အဲဒါကြောင့် ဘယ်လိုလုပ်ရမယ်မသိဘူး ဖြစ်နေကြတာ ”

လှဆန်းယဉ်မှာ တစ်ရှုံ့ရှုံ့ငိုကြွေးနေသော မိစုဆိုသူလေးအား ်ကြည့်ရင်း လွန်စွာစာနာသနားမိသော စိတ်ဖြစ်ပေါ်လာရလေတော့



www.burmeseclassic.com

www.burmeseclassic.com



ရာ ခုံဖြတ်ချက်တစ်ခုကို ချက်ခြင်းချလိုက်မိပြီး မပုဘက်သို့လှည့်ရင်း

"ကဲ မမပု . . . ဘာမှပြောမနေနဲ့တော့ သူ့ယောကျ်ား ညကအိပ် သွားတဲ့ တောင်ယာတောထဲကိုသာ ကျွန်မကိုအရင်လိုက်ပို့ပါ"

ဟု ဝှဝှရဲရဲပြောလိုက်လေတော့ရာ မပုမှာ လှဆန်းယဉ်အား အထူးအဆန်းဖြစ်ကာ ငေးကြည့်နေလေ၏။

လှဆန်းယဉ်က မပု၏ ကြောင်တတ်တတ်ဖြစ်သွားပုံကို ဂရုမပြု အားတော့ပဲ မိစုဆိုသူအား . .

" ကဲမိစု . . . အစ်မကို အဲ့ဒီနေရာကိုလိုက်ပို့ "

မိစုလည်း စကားအတိုင်း မည်သို့မှစောဒကမတတ်တော့ပဲ တောင်ရာတဲရှိရာ ရွာအပြင်ဘက်တောစပ်သို့ ဦးဆောင်ခေါ်ဆောင်သွား လေ၏။ လှဆန်းယဉ်ရောက်ရှိသွားချိန်၌ ရွာသူကြီးဦးအင်နော်နှင့် လူတစ်ချို့ပါ ရောက်ရှိနေပြီဖြစ်၏။ လှဆန်းယဉ်အားမြင်လိုက်သည်နှင့် ရွာသူကြီး ဦးအင်နော်က . . .

"ဟဲ့ မိစု . . . သူကငရှည်တို့အိမ်က ညေ့သည်မိန်းကလေး မဟုတ်လား ဘာလုပ်ရအောင်ခေါ်လာတာတုံး "

ဟု မလိုလားသောလေသံဖြင့် ဆီးကြိုမေးမြန်းလေ၏။

မိစုလည်း ရွာသူကြီး၏စကားကြောင့် လှဆန်းယဉ်အား မည် ကဲ့သို့ပြောရမည်မသိ ဖြစ်သွားရပြီး မျက်နှာငယ်လေးဖြင့်သာ တရှုံ့ရှုံ့ ငိုနေလေ၏။

" ကျွန်မနာမည်လှဆန်းယဉ်ပါ သူကြီး၊ ခုဒီညီမလေးရဲ့





ယောကျ်ားပျောက်နေတာကို ကူညီဖို့အတွက်လိုက်လာတာပါ စပ်စုဖို့ သက်သက် လာတာမဟုတ်ပါဘူး "

လှဆန်းယဉ်၏ ပြတ်သားပိုင်နိုင်လှသော စကားအဆုံး၌ ဦးအင်နော်က လွန်စွာရယ်စရာကောင်းလှသော ပြက်လုံးတစ်ခုအား ကြားလိုက်ရသည့်ပမာ ဝါးလုံးကွဲရယ်ချလိုက်ပြီး . . .

" ဟား ဟား ဟား ဟား ကျုလဲကျုတဲ့မိန်းကလေးပါလား ကျုပ်လို (၁၀)ရွာအုပ်ချုပ်နေတဲ့သူကြီးတောင် ဘယ်လိုတွေးပြီး ဘာဖြစ်သွားတာလဲ မစဉ်းစားနိုင်တာ မင်းကဘာတတ်နိုင်မှာမို့လဲ "

ဟူ၍ ရယ်မောလှောင်ပြောင်သောလေသံဖြင့် ပြောဆိုလေ၏။ လှဆန်းယဉ်မှာ ဦးအင်နော်၏ပြောဆိုမှုကြောင့် စိတ်ထဲ၌ထောင်းကနဲ ဖြစ်သွားရပြီး . . .

" ကျွန်မကတော့ တတ်နိုင်တယ်ထင်လို့လိုက်လာတာပဲ . . . ကဲ မိစု လာ ဟိုဖျာလေးပေါ်က ပုဆိုးအဟောင်းက မင်းယောကျ်ားဝတ်တဲ့ ပုဆိုးမဟုတ်လား "

ဟု မိစုအားမေးလိုက်ရာ မိစုကပြာပြာသလဲဖြင့်

" ဟုတ်ပါတယ် အစ်မ၊ ဒီပုဆိုးကို မနေ့ညနေကတောင် သူဝတ် ထားသေးတယ် သူ့ပုဆိုးပါ "

မိစု၏ ဖြေသံအဆုံး၌ လှဆန်းယဉ်မှာ တဲပေါ်သို့တတ်သွားပြီး ဖျာလေးပေါ်တွင် ကွင်းလုံးလိုက်ပုံထားသော ပုဆိုးဟောင်းလေးအား လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လိုက်ကာ မျက်လုံးအစုံအားမှိတ်ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



လွှန်စွာဖြူဖွေးဖောက်ပသော အလင်းလှိုင်းကြီးတစ်ခုသည်
လုဆန်းယဉ်၏ မျက်လုံးထဲ၌ ဝင်းခနဲလင်းလက်သွားပြီး လုဆန်းယဉ်
ဦးခေါင်းထဲတွင် မိုက်ခနဲမူးဝေသကဲ့သို့ ခံစားလိုက်ရပြီး ပုံရိပ်တစ်
အစီအရီထင်ရှားစွာ ဖျတ်ကနဲဖျတ်ကနဲ ပေါ်လာလေတော့၏။

လုဆန်းယဉ်၏ မနောအာရုံ၌ စွပ်ကျယ်အနက်နှင့် လူငယ်တစ်
ရှေ့မှပြေးနေပြီး နောက်မှခါးကိုင်းရုပ်ကြမ်းကြမ်းလူတစ်ဦး ပြေးလိုက်
၍ စွပ်ကျယ်နက်လူငယ်မှာ အသက်လုပြေးနေပုံနှင့် ရုပ်ကြမ်းကြမ်းလ
စွပ်ကျယ်နက်လူငယ်အား ဓါးမြှောင့်မိုးခုတ်ချလိုက်ပုံ စွပ်ကျယ်နက်လူ
အော်ဟစ်ရင်း ရေတစ်ခွန်ပေါ်မှ ပြုတ်ကျသွားပုံတို့ကို မြင်တွေ့လိုက်
လေ၏။ ထို့နောက် ပုံရိပ်များသည် ပြဒါးပြယ်သွားသည့်အလား ပျော
ကွယ်သွားရပြီး လုဆန်းယဉ်သတိပြန်ဝင်လာ၏။ မျက်လုံးအစုံ
ဖြည်းညင်းစွာဖွင့်လိုက်သည်နှင့် မိမိအားမျှော်လင့်ကြီးစွာ စေးကြည့်
သော မိစုနှင့်ရွာသားတစ်ချို့၊ ထို့ပြင် ရယ်ကျဲကျဲမခိုးမခန့်မျက်နှာ
ကြည့်လျက်နေသော ဦးအင်နော်တို့အားတွေ့ရ၏။

" ကဲမိစု ဒီတောင်ယာကနေသွားရင် ရေတံခွန်တစ်ခုရှိတ
မဟုတ်လား "

လုဆန်းယဉ်မေးခွန်းကို မိစု မခုတ်မဆိုင်းပဲ သွက်လက်စွာ
လိုက်၏။

" ရှိ . . . ရှိပါတယ် **အစ်မ** "

" အဲဒီရေတံခွန်ပေါ်ကနေ မင်းယောက်ျားပြုတ်ကျသွားတ





အောက်ကိုဆင်းရှာကြည့် အသက်ရှင်တယ်မရှင်ဘူးဆိုတာကတော့
သူ့ကံပဲ "

ဟူ၍ ပိုင်နိုင်တိကျစွာ ပြောလိုက်တော့၏။ လုဆန်းယဉ်၏စကား
ကြောင့် မိစုနှင့်ရွာခံလူစုမှာ အလွန်အံ့အားသင့်ကြကာ . . .

" ဟင် . . ."

" ဟယ် . . ."

ဟူသော အာမေဋိတ်သံများ ဖြိုင်းတူလိုလိုထွက်ပေါ်လာကြ
လေ၏။ သူကြီးဦးအင်နော်မှာ နေရာတစ်ခုအား တိတိကျကျမရောက်ဖူးပဲ
ပြောဆိုနိုင်သဖြင့် ရယ်ကျဲကျဲမျက်နှာထားမှ ပြောင်းလဲသွားကာ အံ့ဩ
စိတ်ကြောင့် မျက်လုံးအစုံပြူးလာရကာ . . .

" နေ . . . နေစမ်းပါဦး သူ . . . သူကဘာကြောင့်
အဲ့ဒီပေါ်က ပြုတ်ကျရတာလဲ . . . သူ့ကိုဘယ်သူကလုပ်လို့လဲ "

ဟု လုဆန်းယဉ်အား အသက်မရှူတမ်းမေးမြန်းလေ၏။
လုဆန်းယဉ်မှာ သူကြီးဦးအင်နော်၏မေးမြန်းမှုကို မဖြေနိုင်သေးပဲ ရွာခံ
လူစုအတွင်းသို့ မျက်လုံးကရောက်ရှိသွားလေတော့ရာ ဆံပင်အရှည်
နီကျင်ကျင်ရှိသူ ရုပ်ကြမ်းကြမ်းလူအား လှမ်းမြင်လိုက်ရတော့၏။ လုဆန်း
ယဉ်၏ အင်အားအပြည့်ပါသော မျက်လုံးဒဏ်ကိုမခံနိုင်တော့ပဲ ဆံပင်နီလူ
သည် ကိုယ်ခန္ဓာတစ်ခုလုံး တစ်ဆက်ဆက်တုန်လာ၏။ လုဆန်းယဉ်၏
အဓိပ္ပါယ်ရှိလှသော စူးရှုးရဲရဲမျက်လုံးကျရောက်နေရာသို့ သူကြီးနှင့်
ရွာသားများ ဝိုင်းအုံကြည့်မိကြပြန်တော့ရာ ဆံပင်နီလူမှာ ဘာမပြောညာ

www.burmeseclassic.com



မပြောနှင့် ကိုယ်ကိုလှည့်၍ တစ်ဟုန်ထိုးထွက်ပြေးသွားတော့၏။

" အဲဒီလူပဲ . . . သူ့ကိုမိအောင်လိုက်ပါ "

ဟုလှဆန်းယဉ်က အော်ဟစ်ပြောဆိုလိုက်ရာ သူကြီးနှင့် တစ်အုပ်စုလုံး ပြေးလွှားလိုက်သွားကြလေ၏။ ထိုအချိန်၌ မပုနှင့်ကိုရှည်တို့လည်း ရောက်ရှိနေပြီဖြစ်ကြ၍ လှဆန်းယဉ်အား မပုက . . .

" ဒါစိန်ကြီးပဲ ဘယ် . . . ဘယ်လိုဖြစ်ပြီး သူကမောင်ကံကို"

" ဒါတော့ သူ့ကိုဖမ်းပြီးမှ စစ်ဆေးကြည့်ကြပေတော့ မောင်ကံကိုလည်း သွားရှာကြဦး "

ဟု၍ လှဆန်းယဉ်ပြောဆိုပြီး ထမင်းဆိုင်လေးရှိရာသို့ ထွက်လာလေတော့၏။ ညနေမိုးချုပ်စမှောင်ရီအချိန်ကျမှ ကိုရှည်နှင့်မပုတို့လင်မယားနှင့်အတူ သူကြီးဦးအင်နော် ရွာခံလူကြီးလူငယ်များပါ အုပ်စုလိုက်ရောက်ရှိလာကြပြီး ထမင်းဆိုင်လေးအတွင်း၌ လွန်စွာစည်ကားသွားလေတော့၏။ လှဆန်းယဉ်အား ကိုရှည်က . . .

" ညီမ . . . အပြင်ကို ခဏထွက်ခဲ့ပါဦး၊ သူကြီးနဲ့ရွာက လူတွေက တွေ့ချင်လို့တဲ့ "

ဟုပြောကာ ခေါ်လိုက်သဖြင့် လှဆန်းယဉ်မှာ အခန်းပြင်သို့ ထွက်လာခဲ့ရတော့၏။

လှဆန်းယဉ်အားမြင်မြင်ချင်း ဦးအင်နော်က . . .

" ဦးကြီး ငါ့တူမရဲ့ပညာအစွမ်းကို မသိလို့ပြောမိဆိုမိတာပါကွယ် ဦးကြီးကိုအပြစ်မမြင်ပါနဲ့ "





ဟု၍ ပြောဆိုလျက် တောင်းပန်လေ၏၊ လှဆန်းယဉ်မှာ မည်သို့မျှပြန်မပြောတော့ပဲ ဦးအင်နော်အား ခွင့်လွှတ်သောအပြုံးလေးကိုသာ ပြုံးလိုက်လေ၏။ ဦးအင်နော်မှာ လှဆန်းယဉ်၏မျက်နှာအား လေးလေးစားစားကြည့်ရင်း . . .

" မောင်ကံကိုလည်း ရေတံခွန်အောက်က ကျောက်ဖျာသေးမှာ သွေးတွေနဲ့လဲနေတာတွေ့ရတယ် . . . မသေဘူး စိန်ကြီးကိုမိထားလို့ ထိပ်တုံးတောင်ခတ်ထားပြီးပါပြီ၊ ငါ့တူမကြီးဟာ အံ့ဩစရာကောင်းလောက်အောင် နတ်မျက်စိအမြင်ရထားတာပဲကွယ် အထင်သေးစကားပြောမိတဲ့ ဦးကြီး ငါ့တူမကိုတောင်းပန်ပါတယ် "

ဟု ရွာခံလူပုံအလယ်၌ ပွင့်လင်းစွာ ပြောဆိုတောင်းပန်ပြန်လေ၏။ လှဆန်းယဉ်က အေးဆေးသောလေသံမျှဖြင့် . . .

"ရပါတယ် ဦးကြီး။ ကျွန်မဘာကိုမှလည်း စိတ်ထဲမှာမထားပါဘူး၊ မမပုနဲ့ပတ်သက်ပြီး သောကဒုက္ခရောက်နေတဲ့ မိသားစုကို သနားမိတဲ့စိတ်ကြောင့် ခုလိုဖြေရှင်းပေးခဲ့ရတာပါ . . . ကိစ္စမရှိပါဘူး "

ဟူ၍သာ လှဆန်းယဉ်က ပြန်လည်ပြောဆိုလိုက်လေ၏။

နောက်တစ်နေ့နံနက် ဆွမ်းခံချိန်လောက်တွင် မိစုမှာ မနိုင်မနင်းဖြင့် ငှက်ပျောခိုင်ကြီးတစ်ခိုင်အား ခေါင်းခုဖြင့်ရွက်လာကာ လှဆန်းယဉ်အား လာရောက်ကန်တော့လေ၏။

"မမရယ် . . . မိစုတို့မှာ မမကြောင့် ချမ်းသာရာရခဲ့တာပါ၊ မိစု တို့ကဆင်းရဲလို့ တစ်ခြားတန်ဖိုးရှိတာတွေ ဝယ်မကန်တော့နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီမြို့ ထွက်ငှက်ပျောသီးနဲ့ပဲ မမကိုကန်တော့ပါရစေ ”

ဟုပြောဆိုကာ လှဆန်းယဉ်အား ကန်တော့လေ၏။ လှဆန်းယဉ်မှာ မိစုအား ကြင်နာသောမျက်လုံးဖြင့်ကြည့်ကာ . . .

“ ကိစ္စမရှိပါဘူးညီမရယ် . . . မမအတွက် မိစုတို့လို ဒုက္ခတွေ့တဲ့ လူတိုင်းကို ကူညီရမဲ့ဝတ္တရားရှိပါတယ် ”

လှဆန်းယဉ်က မိစုအားနှစ်သိမ့်ပြောဆိုလေရာ မိစုက . . .

“ ကိုမောင်ကံက ညနေနွားရိုင်းသွင်းချိန်မှာ သူ့တဲပေါ်ကဆင်းပြီး ပေါက်တူးပျောက်နေလို့ အနီးအနားမှာလှည့်ပတ်ရှာရင်း ခြုံထဲကအသံတစ်ချက်ကြားလို့ သွားကြည့်မိတယ်တဲ့ ခြုံကွယ်ကနေ အတွင်းဘက်လည်းရောက်ရော စိန်ကြီးကို မြူးကနဲတွေ့လိုက်ရတာပဲ၊ သူ့လက်ထဲမှာလည်း သွေးတစ်စက်စက်ကျနေတဲ့ ဓါးမြှောင်ကြီးကိုကိုင်လို့ သူ့ဘေးမှာတော့ သူ့ကိုမပေါင်းနိုင်လို့ ကွဲနေတဲ့သူ့မိန်းမ ထန်းကုန်းရွာသူ မတင်ဌေးက အသက်ပျောက်ပြီး သွေးသံရဲရဲနဲ့လဲနေတယ်။ ဒီမှာတင် ကိုမောင်ကံက အသာလေးခြေလှမ်းကိုဆုတ်ပြီး ခြုံကွယ်အပြင်ကိုပြန်ဆုတ်လိုက်တာ ကံဆိုးချင်တော့ သစ်ကိုင်းခြောက်ကိုနင်းမိပြီး သစ်ကိုင်းကျိုးတဲ့အသံထွက်သွားတော့တာပဲ ဒီအသံကြောင့် ချုံပြင်မှာလူရှိတာ စိန်ကြီးက သိသွားပြီး သူ့ကိစ္စမပေါ်အောင် ကိုမောင်ကံကို ဓါးနဲ့လိုက်ထိုးတော့တယ်။ ကိုမောင်ကံလည်း ကြောက်အားလန့်အားနဲ့ ခြေဦးတည့်ရာစွတ်ပြေးတာပေါ့ . . . စိန်ကြီးကလည်း သဲကြီးမဲကြီးလိုက်ကြရင်း ကိုမောင်ကံဟာ ရေတံခွန်ကြီးအပေါ်ထိပ်မှာ ပြေးစရာရှေ့ဆက်မရှိတော့ပဲ ဘာလုပ်ရမှန်း





သိဖြစ်သွားရတယ်၊ ရှေ့မှာက ရေတံခွန်ချောက်ကြီး နောက်မှာလည်း ကြီးက သူ့သတ်ဖို့ဓါးကြီးကိုင်လို့ အိုးတံ့ချတံ့ဖြစ်နေတုန်းမှာပဲ စိန်ကြီးဟာ နောက်ကျောကို မြူးဆိုရောက်လာပြီး လက်ထဲကဓါးကြီးနဲ့ သူ့ရင်ဘေ ပါတည်းထိုးစိုက်ချလိုက်တာ ကိုမောင်ကံလည်းကြောက်ကြောက်နဲ့ ကာထားလိုက်လို့ ရင်ဝမထိုက်ပဲ သူ့လက်ဖျံကိုထိုက်ဝင်ပြီး အရှိန်မထိန်း တဲ့ ဟန်ချက်ပျက်ချောက်ထဲကျသွားတာပါ . . . အောက်ရောက်တော့ ကျောက်ဖျာနဲ့ရိုက်ပြီး ညာဘက်ခြေထောက်ကျိုးပြီး သတိလစ်သွားတော့ ပဲ စိန်ကြီးကတော့ ခဏ ကိုမောင်ကံအသံနဲ့လှုပ်ရှားမှုကို ရေတံခွန်ထိပ် စောင့်ကြည့်နေပြီးမှ ဘာသံမှလည်းမကြားရတာနဲ့ ကိုမောင်ကံ ကိစ္စ ပ်သွားပြီဆိုပြီး ပြန်လှည့်လာတယ်၊ နောက် . . . သူလက်လွန်ထားတဲ့ င်ဌေးအလောင်းကို ဖျောက်ဖျက်ပြီးမှ မိုးစုတ်စုတ်ချုပ်အချိန် ဟန် က်ရွာထဲပြန်ဝင်ခဲ့တာ . . . မမကျေးဇူးကြောင့် ကိုမောင်ကံကို ကိုနိုင်မိ ကယ်လာနိုင်တာပါ ”

ဟုရှည်လျားစွာ ပြောဆိုရှင်းပြလိုက်လေ၏။ မပုနှင့်ကိုရှည်က ြီး . . .

“ သူကန်တော့တာကို ခံလိုက်ပါညီမရယ် . . . မောင်ကံကတော့ ကျိုးနေလို့ လိုက်မလာနိုင်ဘူး။ သူ့ခြေထောက်ထောက်လို့ရတာနဲ့ ပြေးလာပါလိမ့်မယ် ”

ဟုဝိုင်းဝန်းပြောဆိုကြလေ၏။ မိစုက လှဆန်းယဉ်အား ကျိုးနွံ တော့လိုက်လေရာ လှဆန်းယဉ်လည်း တစ်သက်တာလုံး မကြုံဖူးသော



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံဖြစ်သဖြင့် မနေတတ်အောင်ဖြစ်နေလေ၏။ ကိုရှည်က လုဆန်းယဉ်၏ အဖြစ်ကိုကြည့်ကာ . . .

" ကဲ မိုက်စွတော့ အေးအေးဆေးဆေးပြီးသွားပါပြီ အစ်ကိုကို လည်း ကြည့်ပေးပါဦး ဒီငှက်ကြီးဝံပိုမနဲ့ ဘယ်တော့ကွဲမလည်းဆိုတာ"

ဟု အသောဖောက်လိုက်သဖြင့် လုဆန်းယဉ်နှင့်အားလုံး ရယ်မောကြလေတော့၏။





## " မမျှော်လင့်သောဧည့်သည်များရောက်လာခြင်း "

ထိုအဖြစ်အပျက်များဖြစ်ပွားခဲ့ပြီး နောက်(၂)ပတ်းကျော်မျှအချိန် ၌ လုဆန်းယဉ်ရှိရာသို့ ကိုရှည်နှင့်မပုတို့ထမင်းဆိုင်လေးသို့ ခရီးသွား ယ်ဝေးဧည့်သည်(၃)ဦး ရောက်ရှိလာကြလေ၏။ ထိုသူများမှာ ဦးစိန်ကတုံး ါ်ခွဲမိတ်ို့လင်မယားနှင့် လုဆန်းယဉ်၏ဆိုင်အားရရှိခဲ့သော ဖိုးမောင် တို့ပင် ဖြစ်တော့လေ၏။

ဦးစိန်ကတုံးတို့လူစုမှာ များပြားလှသော အ[illegible]အပိုးများဖြင့် ာန်းတန်းမတ်မတ်ရောက်ရှိလာပြီး လုဆန်းယဉ်အားမြင်တွေ့လိုက်ရသည် နှင့် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်သွားကြကာ . . .

" ငါ့သမီးကတော့ သတင်းကိုမွှေးနေတာပဲဟေ့ ရွာထဲကိုဖြတ်



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ သိပ်မမေးရဘူး တန်းပြီး ဒိတ်လိုလက်ရွှေ့နှုန်ကြတာ . . . ဆရာ
အဖေနဲ့အမေလားလို့မေးပြီး ထမင်းတောင်အစာင်းကြွေးကြလို့ မနည်
တောင်းပန်ပြောလာရတာ ”

ဟု ဦးစိန်ကတဲ့အကာ အားပါးတရပြောဆိုလေ၏ ဒေါ်ခွဲမိကလည်
လူဆန်ယဉ်အား လက်နှစ်ဖက်ဖြင့်ညှပ်ကိုင်ရင်း . . .

“ ကြည့်စမ်း ကြီးကြီးနဲ့တစ်သက်လုံးနေလာတာ မကြုံခဲ့ပါ
တော်၊ အခုမှ ဘယ်လိုတယ်လို့ဖြစ်ပြီး ဖျောက်စေဆရာမဖြစ်နေရတာလဲ

ဟူ၍ မျက်ရည်လေးစမ်းစမ်းဖြင့် ပြောဆိုလေရာ ဖိုးမောင်
ဝင်ရောက်ပြီး . . .

“ ဟာ ပေါက်တတ်ကရ ဒေါ်ကြီးရာ၊ ဘယ်ကဖျောက်
ဆရာမဟုတ်ရမှာလဲ ကျုပ် အောင်ချမ်းသာစေတီကရသေ့ကြီးကို ယေ
မေးပြီးပါပြီ။ လူဆန်းယဉ်က လူတွေကိုဖြစ်တော့မယ်ဆိုတာ အာ
ကြိုမြင်နိုင်ကဲ့ ပါရမီရှင် မနောအာရုံရှင်ပါဗျ ”

“ အေး . . . ဖိုးမောင်ပြောတာဟုတ်တယ် မခွဲပုရဲ့၊ ရွာကလူ
က ဂျပန်တွေမှု ကြောက်လို့ဝင်မလုပ်ံတာ၊ ဒီပြင်လူဆိုလို့ကတော့ ထိ
သမီးကို ဘယ်နည်းနဲ့မှအပါမခံနိုင်ဘူးလို့ ကျိန်တွယ်ပြောကြတာ
နေစမ်းပါဦး ‘ ပါ်းရဲ့ ဦးကြီးတို့နဲ့ နောက်နှန်းကြိုင်ရွာမှ အစွမ်းပြတော့တာ
ဘယ်ရိုက ဘယ်လိုတတ်သွားရတာလဲ၊ ပြီးတော့ ကားပေါ်တင်ပေးလို
တုန်းက မြင်ကြီးနောကား မြစ်ကြီးနားမရောက်ပဲ အဲ့ဒီကိုဘယ်နှယ်ရော
သွားရတာဟုံး ဦးကြီးတို့ကိုပြောပြပါလား ”





ဒေါ်ခွဲမိကလည်း လူဆန်းယဉ်အား လွှတ်ထွက်သွားမည်ကို စိုးကြောက်သည့်အလား တင်းနေအောင်ဖက်ထားကာ . . .

“ ဟုတ်ပါရဲ့ကွယ် ကြီးကြီးလည်းကြားခါစက နားကြားများ လွဲနေလားလို့ ထင်မိတာ၊ ရသေ့ကြီးကရော တစ်ရွာလုံးကရော ဝိုင်းပြောမှ ယုံလိုက်ရတာ . . . တို့ဆီကိုလည်း အဲ့ဒီရွာကစျေးသည်တွေ ထမင်းလားစား ရင်း ပြောလို့ မယုံတစ်ယုံနဲ့ဖြစ်နေတုန်း ဟိုဖိုးမောင်က လည်း သမီးကိုလာရှာရင်း ကြီးကြီးတို့ဆီရောက် လာကြတာပေါ့။ ဟိုလည်းရောက်ရော အမောဆို့ပြီး ရင်ဝဆီးကန်လိုက်သလိုပဲ ဂျပန်တွေ လာခေါ်သွားတယ်တဲ့၊ ဒါနဲ့ အဲ့ဒီမှာ ငါ့သမီးသာသနာပြုခဲ့တဲ့စေတီလေး ထီးတော်တင်တာနဲ့ ကြီးကြီးတို့လည်း စောင့်ပြီးကြည့်ညိုကြတယ် ဟိုတစ်ခါ တို့ဆိုင်မှာထမင်းစားပြီး သမီးကို ခေါင်းကြိမ်လုံးနဲ့ရိုက်တဲ့ အဘိုးကြီးကိုမှတ်မိသေးလား၊ အဲ့ဒီအဘိုးကြီးကလေ ထီးတင်ပွဲကိုရောက် လာပြီး ကြီးကြီးတို့ကို သမီး ဒီရောက်နေတယ်ပြောလို့ သိရတာနဲ့ လိုက်လာတာပဲ ”

ဟု ဒေါ်ခွဲမိက ၎င်းတို့ရောက်ရှိလာပုံ ဖြစ်ကြောင်းကုန်စင် စုံလင်စွာပြောကြားလေ၏။ လူဆန်းယဉ်မှာ ထိုပြည့်မိခါစကားကြောင့်

“ ပြောပါ့မယ်ကြီးကြီးရယ် ကြီးကြီးတို့လည်းခရီးကပန်း လာလည်း ဆာလောက်ရောပေါ့၊ အေးအေးဆေးဆေးရေချိုး ထမင်း စားသောက်ပြီးမှပဲ ကျွန်မအစအဆုံးပြောပြပါ့မယ် . . . ခု ကြီးကြီးတို့ နားကြဦး ”



www.burmeseclassic.com

www.burmeseclassic.com



ဟု လှဆန်းယဉ်ကပြောသဖြင့် ဦးစိန်ကတုံး၊ ဒေါ်ဆွဲမိနှင့် ဖိုးမောင်တို့မှာ ရေမိုးချိုးပြီး ကိုရှည်နှင့်မပုတို့၏ လွန်စွာလက်ရာမြောက်သော တောဝက်သားဆီပြန်ဟင်း၊ ဆတ်သားနှင့် တောကြောင်သားကြော်၊ ချဉ်ပေါင်ဟင်း၊ ပန်းဂေါ်ဖီပွင့်ကြော်တို့ဖြင့် အားပါးတရမြိန်ယှက်စွာ စားသောက်ကြလေ၏။ ကိုရှည်က ဦးစိန်ကတုံးအား ထမင်းထပ်ထည့်ပေးရင်း . . .

" စားအစ်ကိုကြီး ဒါနဲ့စကားမစပ် စိတ်တော့မဆိုးနဲ့နော်၊ စားပြီး ပြန်သွားရင် လိပ်စာတော့သေချာရေးပေးခဲ့ဦး ဒါမှ စိန်ဆွဲမိထမင်းဆိုင်လက်ရာကို မြည်းစမ်းဖို့ လိုက်လာလို့ရမှာ "

ဟု ပြောလိုက်သဖြင့် အားလုံးပွဲကျသွားရလေတော့၏။ ထမင်းစားသောက်ပြီးစီးကြပြီးနောက် ဦးစိန်ကတုံး၊ ဒေါ်ဆွဲမိ၊ ဖိုးမောင်တို့ ဧည့်သည်များပါမကျန် ကိုရှည်နှင့်မပုတို့လင်မယားပါ လှက်ရည်ဝိုင်းဖြင့် ဝိုင်းဖွဲ့ကြရင်း လှဆန်းယဉ်က သူ၏ပြောင်းလဲသွားခဲ့ရသော မနောအာရုံရှင်အဖြစ်သို့ ရောက်ရှိခဲ့ရပုံဇာတ်ကြောင်းအား ဒရိုင်ဘာစိုးလှိုင် အရက်မူး၍မော်တာ၊ ရန်ကုန် ခဲ့ပုံ ဗိုဒ်အထက်ကြောင့် ဦးခေါင်း၌ဒဏ်ရာရပုံ၊ အသက်ကယ်ခဲ့သောရှာအဖွဲ့က သာသနာပြုရန် မနောအာရုံအားအသုံးပြုခဲ့ရပုံနှင့် အီမိုတို့အဖွဲ့နှင့်လိုက်ပါရင်း ယခုနေရာသို့ရောက်ရှိခဲ့ပုံများကို မချွင်းမချန် ခရေစေ့တွင်းကျ ရှင်းပြပြောဆိုလိုက်လေ၏။

" ကံကြီးပေလို့ သမီးရယ် . . . ဦးကြီးတို့က မြစ်ကြီးနားရောက်မယ်ဆိုလို့ အဆင်သင့်တာနဲ့ထည့်ပေးလိုက်မိတာ၊ လူယုတ်မာလက်နဲ့





အင်္ဂလိပ်ဗိုးခံကြားကလွတ်လာတာ တော်တော့ကုသိုလ်ကံမဟုတ်ဘူး"

ဟူ၍ ဦးစိန်ကတုံးကပြောလေ၏။ ဒေါ်ဆွဲမိမှာ လှဆန်းယဉ်၏ အသည်းထိတ်စဖွယ်ဖြစ်အင်ကို အသည်းတစ်ယားယားဖြင့် နားထောင်ခဲ့ပြီး . . .

" ဒီမသာတွေ ဗုံးမှန်ပြီးသေတာ နည်းတောင်နည်းသေးငါ့တူမလို သူတော်ကောင်းမလေးကိုများ စော်ကားဖို့ကြံရဲတာ ဒင်းတို့လိုငါ့တူမကို ဘဝပျက်အောင်လုပ်ခဲ့တဲ့ သူယုတ်မာ ဘိုကြီးဆိုင်ဂွဲကောင်လည်း သူ့ပဇွေး ဂျပန်တွေလက်ချက်နဲ့ သေပြီ "

ဟု ဒေါ်ဆွဲမိက လှဆန်းယဉ်အစား မခံမရပ်နိုင်ဖြစ်ကာ ပျစ်ပျစ်နစ်နစ် ပြောဆိုလိုက်လေ၏။ ဖိုးမောင်ကလည်း . . .

" ဟုတ်တယ် အစ်မရေ ကြီးတော်ဆွဲမိပြောသလိုပဲ အစ်မတို့နောက်ကို ဒီမျိုးယုတ်ကအမှီလိုက်သေးတာ၊ အစ်မနောက်လိုက်ရင်း သူ့အဖေတွေ ဆင်နှင်းသတ်တာခံရလို့ ကျန်တဲ့ဂျပန်တွေက မကျေနပ်ပဲ ဒင်းကြောင့် သူတို့လူတွေသေရတာဆိုပြီး သူ့အဖေတွေကပဲ သတ်လိုက်တာ၊ ကဲ . . . ထားပါတော့ အစ်မရယ် ဒီကျက်သရေယုတ်တဲ့အကြောင်းတွေ . . . ကျွန်တော်ကတော့ အစ်မလွှဲပေးခဲ့တဲ့အတိုင်း ထမင်းဆိုင်ကို အစ်မနာမည်မဖြုတ်ဘဲ ဒီအတိုင်းဆက်ဖွင့်ခဲ့တာ အစ်မကိုချစ်တဲ့မိတ်အားလုံးက လှဆန်းယဉ်ကိုလွမ်းလို့ လာစားတာ၊ ဒီဆိုင်ရောက်ရင် လှဆန်းယဉ်ကို အလွမ်းပြေသလိုပဲဆိုကြပြီး အားပေးလိုက်ကြတာပျာ . . . ဒီကြားထဲ ဟိုတက်ဆိုင်ပိတ်ပြစ်လိုက်တော့ ကျွန်တော်ပဲ အရမ်းရောင်းရတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အခုဆို အစ်မကြောင့်စီးပွားတက်လို့ ဟိုဘက်ဆိုင်ခန်းတောင်ဝယ်ပြီး ချဲ့ထားလိုက်ပြီ၊ အစ်မကိုကျေးဇူးဆပ်ချင်လို့ ဒေါ်ကြီးခွဲမိဆီလိုက်သွားရင်း အခုလို ဒီအထိလိုက်လာရတော့ပါပဲ ”

ဟူ၍ ဖိုးမောင်ကပြော၍ ဦးစိန်ကတုံးက . . .

“ အေး . . . မင်းကလည်း ဖိုးမေးစရာ အရေးကြီးဆုံးကိုတည့် ပြောရမှာမေ့နေပြန်ပြီ . . . ဒီလိုသမီးရဲ့ အဲ့ဒီကောင် ဦးကြီးတို့ဆီလိုက်လာ ပြီး သမီးမရှိတော့လို့ ကြားတဲ့နန်းကြိုင်းရွာကို ဆက်လိုက်ခဲ့ကြတာ၊ ဟိုရောက်တော့လည်း သမီး မြစ်ကြီးနားထွက်သွားပြီ ဆီးပြောကြလို့ သမီးသာသနာပြုခဲ့တဲ့ အောင်ချမ်းသာစေတီမှာ လိုနေတဲ့ဇရပ်တစ်ဆောင် ကို သူပဲအများဆုံးမတည်ပြီး ဦးကြီးတို့ကအနည်းအကျဉ်းနဲ့ ဆောက်လှူ ခဲ့ပြီးပြီကွဲ၊ ဇရပ်ရဲ့ကောင်းမှုရှင်ကမ္ပည်းစာကိုလည်း လှဆန်းယဉ်နှင့်(၃၁)ဘုံ သားများကောင်းမှုလို့ ရေးထိုးထားတယ် ”

လှဆန်းယဉ်မှာ ဦးစိန်ကတုံး၊ ဒေါ်ခွဲမိနှင့် ဖိုးမောင်တို့၏ မိမိ အပေါ် အမှတ်ထားခဲ့ကြခြင်းအတွက် ဝမ်းသာပီတိဖြစ်ရကာ မျက်ရည် များထစ်သွယ်သွယ် စီးကျလာမိတော့၏။ ကိုရှည်က . . .

“ မငိုပါနဲ့ ညီမရယ် . . . သူတော်ကောင်းစိတ်ထားခဲ့လို့ ဖြစ်ပေါ် လာတဲ့ ရောင်ပြန်တရားပဲ ”

ဟူ၍ ဖျောင့်ဖျနှစ်သိမ့်ပြောဆိုလိုက်လေရာ မပုကလည်း . . .

“ ငိုပါစေတော် . . . လှဆန်းယဉ်ငိုတာက ဝမ်းနည်းမှုဆွေးရလို့ ငိုတဲ့အငိုမဟုတ်တာ သူ့စေတနာမေတ္တာတွေကြောင့် ကောင်းတာတွေ





ဖြစ်လာတဲ့အတွက် ဝမ်းသာလွန်းလို့ငိုတာ ပီတိအငို ”

ဟု ဝင်ရောက်ပြောဆိုလိုက်လေတော့၏။ ထိုနေ့ညအိပ်စက်ရန် အတွက် အိပ်ယာဝင်ခဲ့ကြပြီး ဦးစိန်ကတုံးနှင့်ဒေါ်ခွဲမိ၊ ဖိုးမောင်တို့မှာ ခရီးပန်းမှုဒဏ်ကြောင့် တုံးခနဲအိပ်ပျော်သွားသော်လည်း လှဆန်းယဉ်မှာ ပုတီးဝတ်အတိုင်း ပုတီးစိပ်နေ၏။ ညသန်းခေါင်းယံရောက်ကာနီးအချိန်၌ ဆိုင်ရှေ့မှ ခြေသံတစ်ခုကြားလိုက်ရကာ လူတစ်ဦးမောဟိုက်ကာ အသက် ပြင်းပြင်းရှူနေသော အသံကိုပါကြားလိုက်ရလေ၏။ ထို့နောက် ဆိုင်ခန်း၏ တံခါးအား လက်ဖြင့်ပုတ်၍နှိုးသံလိုလို ကြားလိုက်ရတော့သဖြင့် လှဆန်း ယဉ် ကပျာကယာထလိုက်ပြီး ဆိုင်ရှေ့တံခါးအားဖွင့်လိုက်လေ၏။

“ မာင် . . . ”

မမျှော်လင့်သောမြင်ကွင်းကြောင့် လှဆန်းယဉ်မှာ အာမေဋိတ်သံ ထွက်သွားရပြီး ကြက်သေသေကာ ကြောင်ငေးကြည့်မိလေ၏။

မြင်ကွင်းမှာကား လှဆန်းယဉ်လုံးဝထင်မှတ်မထားသော ဂျပန် စမ်ပိုလ်လေး အိမ့်ဖြစ်နေခြင်းကြောင့်ပင်ဖြစ်တော့၏။ အိမ့်တစ်ကိုယ်လုံးမှာ ဒဏ်ရာများရရှိထားပြီး အကျီနှင့်ဘောင်းဘီများ စုတ်ပြဲပွလန်နေ၍ သွေးများမြင်မကောင်းအောင် ယိုစီးကျနေလေ၏။

“ ဆ . . . ဆရာမ . . . အုံ့ကြည့်နေလား ”

ဟူ၍ အားယူပြောဆိုလိုက်ရင်း မြေပြင်ပေါ်သို့ လဲကျသွားလေ တော့၏။

နောက်တစ်နေ့ နံနက်အချိန်၌ ရွာလူကြီးဦးအုံးင်နော်သည်



www.burmeseclassic.com

www.burmeseclassic.com



လှဆန်းယဉ်ထံသို့ ရောက်ရှိလာလေ၏။ ထိုအချိန်၌ လှဆန်းယဉ်မှာ ဒဏ်ရာရလာသောအိမ့်အား ဆိုင်နှင့်တွဲနေသော ကိုရှည်တို့၏အိမ်အပေါ် ထပ်တွင်ထား၍ ဆေးထည့်ကာပြီးစီးသဖြင့် အောက်သို့ဆင်းလာကာဖြစ်၏။ ဦးအင်နော်၏မျက်နှာအား လွန်စွာချိုသာသော အပြုံးဖြင့်ကြည့်လိုက်ရင်း

" ရွာထဲမှာ အင်္ဂလိပ်စစ်သာတွေနဲ့ တရုတ်စစ်သားတွေ ရောက်နေကြတယ် ဆရာမ. . .ညကဒဏ်ရာရထားတဲ့ ဂျပန်စစ်သား တစ်ယောက် ဒီရွာဘက်ကိုပြေးထွက်သွားလို့ နောက်ကလိုက်ရှာကြရင်း ဦးကြီးဆီလာမေးကြတယ် ဘာမှစိတ်မပူနဲ့. ဟိုတစ်ခါဒီမှာတည်းသွားတဲ့ ဗိုလ်လေးနဲ့သူ့အဖွဲ့ထဲက တစ်ယောက်ဖြစ်မှာပါ၊ ဆရာမဆီရောက်နေခဲ့ပြီ ဆိုလည်း အပြင်ကိုလုံးဝမထွက်စေပါနဲ့၊ ရွာသားတွေကိုလည်း မောင်ကဲနဲ့ မိစုတို့လင်မယားက ဒီမှာလာတည်းခိုသွားတဲ့အကြောင်း နည်းနည်းလေးမှ မဟကြဖို့ လိုက်ပိတ်ခိုင်းထားပြီးပါပြီ. . .ဆရာမ ကြိုသိထားစေချင်လို့ ဦးကြီးကိုယ်တိုင်လာပြောတာ လုံလုံခြုံခြုံအိမ်ထဲမှာနေခိုင်းပါ "

ဟု ဦးအင်နော်က လှဆန်းယဉ်အားပြောပြကာ ခဏမျှအကြာတွင် နှုတ်ဆက်ကာပြန်သွားလေတော့၏။ လှဆန်းယဉ်နှင့် ဦးအင်နော်တို့ ပြောဆိုနေသည်ကိုကြား၍ ဦးစိန်ကတုံးက. . .

" ဒါဆို ဖြစ်ပုံမလားသမီးရယ်. . .ငနဲမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုသလို သမီးလက်ခံထားတဲ့ ဂျပန်ဗိုလ်ကြောင့် သမီး ကော အိမ်ရှင်လင်မယားပါ ဒေါ်ကြာဒုက္ခတွေ့နိုင်တယ်. . .တတ်နိုင်ရင်





သူ့ကို ဒီကထွက်သွားခိုင်းလိုက်ပါလား၊ လွတ်တာမလွတ်တာကတော့ သူ့ကံသိုလ်ကံပဲပေါ့ကွယ် "

ဟူ၍ လှဆန်းယဉ်အတွက် စိတ်ပူပန်စွာ နားချပြောဆိုလေ၏။ ဦးစိန်ကတုံးအား ဒေါ်ဆွဲမိက တံတောင်ဖြင့်တွက်လိုက်ပြီး. . .

" ရှင်ကလည်း. . .ကျုပ်တို့မက အသက်တစ်ချောင်းမကဘူး အသက်ပေါင်းများစွာကယ်ဖို့ ဆုပန်ထားတဲ့သူပါ. . .ရှင်ပြောသလို လုပ်လည်းမလုပ်ဘူး ဖြစ်လည်းဖြစ်မှာမဟုတ်ဘူး. . .ဟိုတစ်ခါ တောကြီး မျက်မည်းထဲ ကျုပ်နဲ့အသက်လုပြေးခဲ့တုံးကတောင် ဒုက္ခမတွေ့အောင် ကရင်သကြားမင်းက ကယ်ဖူးသေးတာ. . .ခုလည်း သူ့ဒုက္ခမတွေ့ခင် ကချင်သိကြားမင်းကယ်သွားပါလိမ့်မယ်. . .ရှင်မပူပါနဲ့ "

ဟု ဒေါ်ဆွဲမိကဝင်ပြောလိုက်တော့လေ၏။ ဒေါ်ဆွဲမိစကားကြောင့် ဦးစိန်ကတုံးမှာ သူ၏ခေါင်းပြောင်ကြီးကို တစ်ဗျင်းဗျင်းမြည်အောင်ကုတ်လိုက်ပြီး မျက်နှာကြီးအားရှုံ့မဲ့သွားရကာ. . .

" မင်းပြောတာ ငါနားရှုပ်လိုက်တာကွာ၊ ဘာတဲ့ ကရင်သိကြားမင်းကော နောက်ကချင်သိကြားမင်းဆိုတာရော ရှုပ်ရှက်ခတ်နေတာပဲ ဟာတွေမှန်းလည်းမသိဘူး၊ ငါသိတာတော့ ဗမာလူမျိုးသိကြားမင်း ဦးမာယပဲသိတာ၊ မင်းကျမှ ကရင်လူမျိုးနဲ့ ကချင်လူမျိုးနှစ်ယောက်က ဘယ်အချိန်က သိကြားမင်းဖြစ်သွားကြတာလဲ "

" အိုတော်. . .ဒါရှင့်ကိုပြောမပြတော့ပါဘူး၊ ကျုပ်နဲ့ကျုပ်ဘူမပဲ အသိဆုံး အပြန်လမ်းကြုံရင် ရှင့်ကို အဲ့ဒီကျမှ ကရင်သိကြားမင်းနဲ့



www.burmeseclassic.com

မိတ်ဆက်ပေးမယ် ”

ဟူ၍ ဒေါ်ခွဲမိကပြောလေ၏။ ဦးစိန်ကတုံးမှာကား ဒေါ်ခွဲမိ ထပ်ပြောသောစကားက ထပ်ရှုပ်ထွေးသွားရလေတော့ရာ . . .

“ ဘာလဲ အပြန်ကျမှငါ့ကိုခေါ်ပြီး တာဝတိံသာဝင်ကြမလို့လား ငါမလိုက်ဝံ့ပါဘူးကွာ ငါကအမြင့်ကြောက်တယ် ”

ဟူ၍စိန်ကတုံးကပြောလိုက်သဖြင့် လှဆန်းယဉ်မှာ စိတ်မကြည် လင်သည့်ကြားမှ ရယ်လာမိရလေတော့၏။





“ ဆာမူရိုင်းမျိုးနွယ်စုအတွက်ရှုံးကြေး ”

နောက်တစ်နေ့ နေ့လည်အချိန်တွင် အင်္ဂလိပ်စစ်သားများ ရွာမှ ပြန်လည်ထွက်ခွာသွားကြကြောင်း သူကြီးဦးအောင်ခနော်မှ လူလွှတ်၍ပြောခိုင်းသဖြင့် လှဆန်းယဉ်တို့မှာ စိတ်သက်သာရာရသွားကြလေ၏။ ထို့နောက် ညနေအချိန်၌ လှဆန်းယဉ်မှာ အိမိုအား အရက်ပြန်ဖြင့်အနာဆေးကြောကာ ဆေးထည့်ပေးခဲ့သည့်အတွက် အိမိုမှာ အတန်ငယ်သက်သာလာရလေ၏။

အိမိုမှာအဖျားအနည်းငယ်ရှိ၍ မှိန်းနေသည်မှအပ အသက်အတွက် ပူပန်စရာမရှိတော့ပေ။ နောက်(၅)ရက်ခန့်ကြာသောအခါ၌ အိမိုမှာ ထူထောင်စွာလမ်းလျှောက်သွားလာနိုင်၍ ထိုနေ့၌ပင် ဦးစိန်ကတုံး

www.burmeseclassic.com



ဒေါ်ဆွဲမိနှင့် ဖိုးမောင်တို့မှာ လှဆန်းယဉ်အား နှုတ်ဆက်ပြီးပြန်သွားကြလေပြီဖြစ်လေ၏။ ညဘက်ထမင်းစားသောက်ပြီးချိန်တွင် အီမိုက လှဆန်းယဉ်အား ၎င်းတို့ဖြစ်ပျက်ခဲ့ရပုံအား ပြန်လည်ပြောပြလေ၏။

အီမိုနှင့်ရဲဘော်များမှာ မရမ်နော်နှင့်အတူ ပမ္မတီးဘက်သို့ ထွက်လာကြရာ ဧရာဝတီမြစ်ကမ်းပါးသို့ ရောက်ရှိလာခဲ့ကြလေ၏။ ထိုအချိန်၌ မြေကြီးပြိုကျမတတ် အမြောက်ဆံကျရောက်ပေါက်ကွဲသံများ မီးခိုးလုံးကြီးများနှင့် သေနတ်သံများကိုပါ တစ်ဘက်ကမ်း၌ ဆူညံစွာ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားနေသည်ကို တွေ့ရလေ၏။ တစ်ချို့တစ်ချို့တွင် အမြောက်ဆံကျရောက်ပေါက်ကွဲကာ မီးအလင်းရောင်တို့ကား လျှပ်စီးလက်သည့်အလား လင်းထိန်သွားသည်ကို လှမ်းမြင်တွေ့နေရလေ၏။ အီမိုမှာ အခြေအနေကိုအကဲခက်ပြီးနောက် မရမ်နော်အား ဘေးကင်းစေရန် လှည့်ပြန်ခိုင်းလိုက်ပြီး မြစ်တစ်ဘက်သို့ ကူးသင့်မကူးသင့်ချိန်ဆကာရှိနေလေ၏။ အီမို၏ရဲဘော်ရဲဘက် ရှိဒါက လက်ညှိုးညွှန်ပြ၍ မြစ်လည်သို့ လှမ်းကြည့်မိလေရာ ဂျပန်စစ်သားအများအပြား တိုင်ကီဖုံးများ ဝါးလုံးများဖြင့် တွဲကပ်ခါမျောပါလာသည်ကိုတွေ့ရပြီး ဂျပန်စစ်သားများ မိမိတို့ရှိရာကမ်းဘက်သို့ တက်လာနိုင်ရန် အီမိုတို့(၄)ဦး အော်ဟစ်ပြောဆိုလေ၏။

ထိုအခိုက် လွန်စွာအားကောင်းလှသော မီးမောင်းစလိုက်ကြီးများမှ အလင်းတန်းကြီးများထွက်ပေါ်လာ၍ မြစ်ရေစီးရှိ ဂျပန်စစ်သားများအား ကွင်းကွင်းကွက်ကွက်ထိုးချလိုက်ရာ မြစ်ပြင်တစ်ခုလုံးလင်းထိန်သွားပြီး အင်္ဂလိပ်စစ်သေနတ်သံများ ဆူညံစွာထွက်ပေါ်လာကာ မြစ်အတွင်းရှိ





ဂျပန်စစ်သားများအားလုံး ထိမှန်သေဆုံးကြရတော့၏။

ဤသို့ မိမိတို့လူမျိုး အလူးအလဲအထိနာနေသည်ကို အီမိုရင်နှင့် စွာမြင်တွေ့ရသည့်အတွက် ကမ်းတစ်ဘက်ရှိ စလိုက်မီးကြီးများနှင့် စက်သေနတ်သမားများအား ပစ်ခတ်တိုက်ခိုက်ရန် မိုက်မဲစွာဆုံးဖြတ်ကြလေ၏။ သို့ရာတွင် မြစ်ရေစီးအားကန့်လန့်ဖြတ်ကူးပါက သတ်ကွင်းထဲသို့ရောက်ရမည်ဖြစ်ရာ မြစ်ညာသို့ရောက်အောင် ချီတက်ခဲ့ကြ၏။ နောက်တစ်နေ့ မနက်လင်းစအချိန်၌ အင်္ဂလိပ်တို့ တပ်ခွဲတစ်ခွဲရှိရာနေရာသို့ ရောက်ရှိသွားကြမိလေတော့ရာ အပြင်းအထန်တိုက်ပွဲဖြစ်ပွားခဲ့လေတော့၏။ ထိုတိုက်ပွဲတွင် အီမိုရဲဘော်(၃)ဦးစလုံး ကျဆုံးသွားရပြီး အီမိုမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ပြန်လည်လွတ်မြောက်လာကာ လှဆန်းယဉ်ရှိရာနေရာသို့ ဖွဲကြီးကြီးဖြင့်အားခဲကာ ပြန်လည်ရောက်ရှိလာရခြင်းပင်ဖြစ်၏။

အီမို၏ပြန်လည်ပြောပြမှုအပြီးတွင် အီမိုအားဒဏ်ရာဆေးထည့်ပေးရင်း . . .

" တော်သေးတာပေါ့ အီမိုရယ် . . . ကျွန်မဆို လျှောလျှောရှုရှုပြန် ရောက်လာလို့ပေါ့ နို့မဟုတ်ရင် ဒုက္ခပဲ၊ အော် . . . ဒါနဲ့ အီမို ပြောခဲ့ဘူးတယ်နော် ဂျပန်တပ်မတော်ထဲကို အကြောင်းတစ်ခုကြောင့် ဝင်လာခဲ့တယ် ဆိုတာလေ ကျွန်မသိလို့ရရင်ပြောပြပေးပါလား "

လှဆန်းယဉ်၏စကားကြောင့် အီမို၏မျက်နှာပေါ်တွင် ညှိုးမှိုင်သွားသည်ကိုတွေ့လိုက်ရ၏။ ထို့နောက် အီမိုမှာ အံကိုတင်းတင်းကြိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း အဝေး၌ရှိနေသော တောင်တန်းပြာပြာကြီးများကို လှမ်းကြည့်လေ၏။ တခဏမျှကြာမှ လှဆန်းယဉ်ဘက်သို့လှည့်လာပြီး . . .

" ဒီအကြောင်းကို တစ်ထဲရောက်လာတဲ့နေ့ကစပြီး ဘယ်သူ့ကိုမှ မပြောဘူးလို့ ဆုံးဖြတ်ထားခဲ့တာ ဆရာမ၊ ဒါပေမဲ့ . . . ကျွန်တော့်ဘဝမှာ ဆရာမရဲ့ကျေးဇူးကြွေးက တင်သွားပြီးပြီ ဒါကြောင့် ဆရာမသိချင်တဲ့ ကျွန်တော့်ဘဝအမှန်နောက်ကြောင်းကို ကျွန်တော်ပြောပြပါ့မယ် "

ဟုအစချီကာ အီမိုက ၎င်း၏လွန်စွာရင်နင့်ဖွယ်ရာကောင်းလှသော အဖြစ်အပျက်အား ပြန်လည်ပြောပြလေတော့၏။

တစ်နေ့သ၌ ဂျပန်နိုင်ငံ၏ ဟီရိုရှီးမားမြို့လေး၏ လမ်းမကြီးပေါ်တွင် အသက် (၂၀)ခန့်ရှိသော လူငယ်တစ်ယောက်သည် လွန်စွားလေးလံသောခြေလှမ်းများဖြင့် မြို့ပြင်ဘက်အရပ်သို့ တစ်လှမ်းချင်းလှမ်းကာ လျှောက်နေလေ၏။ အချိန်မှာ ညနေ(၄)နာရီခန့်သာ ရှိသေးသည်ဖြစ်၍ မြို့လမ်းမကြီးတစ်လျှောက် သွားလာနေသူများဖြင့် ရှုပ်ထွေးကာ တိုးဝှေ့ရှောင်ရှားလျက် ကိုယ်စီကိုယ်စီ သွက်လက်မြန်ဆန်စွာ ရှိနေကြသော်လည်း ၎င်းလူငယ်လေးမှာကား မည်သူ့ကိုမျှမြင်ဟန်မတူပဲ ညှိုးငယ်လွန်းသောမျက်နှာလေးဖြင့် မိမိသွားမည့် တူရူအရပ်ကိုသာ အိပ်ရာမှ ယောင်ယမ်း၍ ထလမ်းလျှောက်တတ်သူဟု ထင်မှတ်မှားနိုင်သော ပုံဖြင့် လျှောက်လှမ်းနေလေ၏။

" ပေါ် . . . ပေါ် . . . ပေါ် "





လူငယ်၏ နောက်ကျောဘက်မှ မော်တော်ကားကြီးတစ်စီးသည် မောင်းနှင်လာပြီး လမ်းမကြီးပေါ်မှမဆင်းဘဲ လမ်းဗိုက်ဆို့ကာလျှောက်နေသည့် ၎င်းလူငယ်အား ဘေးဘက်ရှောင်ရှားနိုင်စေရန် ဟွန်းသံပေးလိုက်သော်လည်း လူငယ်လုံးဝနားမကြားသည့်ပမာ သွားနေမြဲအတိုင်း လမ်းမပေါ်မှမတိမ်းဘဲ ဆက်လျှောက်နေလေတော့ရာ . . .

" ဟေ့ကောင်လေး . . . ဟွန်းတီးနေတာမကြားဘူးလား လမ်းဖယ် ပေးလေ . . . တောက် . . . သေတော့မှာပဲ "

ဟု ကားမောင်းသူက လှမ်းအော်ငေါက်လိုက်တော့မှ နောက်ဘက် တစ်ချက်လှည့်ကြည့်ပြီး လမ်းဘေးသို့ဆင်းပေးလေ၏။

လူငယ်မှာ လျှောက်လာရင်း မြို့ပြင်အထွက်သို့ရောက်ရှိလာခဲ့ပြီးနောက် မြို့သူမြို့သားများ အသွားအလာမရှိသလောက်နည်းပါးသော သုသာန်တစ်ခုရှေ့သို့ ရောက်ရှိခဲ့လေ၏။ သုသာန်အတွင်းသို့ အင်အားမဲ့သော ခြေလှမ်းတို့ဖြင့်ဝင်သွားရင်း အုတ်ဂူတစ်လုံး၏ ရှေ့အရောက်၌ ခြေလှမ်းအစုံကို ရပ်တန့်လိုက်လေ၏။

အုတ်ဂူ၏အပေါ်တွင် ယူရိုကိုမိုရိဟူသော နာမည်စလုံးဖြင့် ထွင်းထုထားပြီး ၎င်းအုတ်ဂူရှေ့၌ လူငယ်သည် ဒူးထောက်လျက်ထိုင်ချလိုက်ပြီးနောက် ပန်းစည်းလေးတစ်စည်းအား ဘေးလွယ်အိတ်ထဲမှ အသာထုတ်ယူ၍ အုတ်ဂူပေါ်သို့တင်လိုက်လေ၏။

" ဒီနေ့ဟာ မေမေသားကိုထားခဲ့တဲ့ (၅)နှစ်တင်းကျင်းပြည့်တဲ့နေ့ပါ မေမေ၊ ဒီအချိန်မှာ မေမေကိုအသိပေးစရာရှိလို့ သားလာခဲ့ပါပြီ၊ သိပေး



www.burmeseclassic.com

www.burmeseclassic.com



တာပါ . . . ဒီနေ့ပဲ သားအတွက် ဖေဖေကအရမ်းခါးသီးလှတဲ့ လက်ဆောင် တစ်ခုကို ယူလာတယ်မေမေ . . . ဒီလက်ဆောင်က တော့သားသမီးတိုင်း မုန်းကြတဲ့ မိထွေးဆိုတဲ့မိန်းမတစ်ယောက်ပါပဲ. . .ဖေဖေက သားကို ဆုံးမပဲ့ပြင်ဖို့နဲ့ သူ့အတွက်ဆေးပေးမီးယူလို့ပြောတယ် သားတို့ရဲ့ချစ်စရာ ကောင်းပြီး အေးချမ်းတဲ့အိမ်လေးဟာ မိထွေးဆိုတဲ့မီးနဲ့ ပူပြီးလောင်မြိုက် တော့မှာ အမှန်ပါပဲ အမေ သားဘာဆက်လုပ်ရမှာလဲ သားကိုပြောပါဦး "

ဟူ၍ ပြောဆိုကာ အုတ်ဂူလေးအားနဖူးပြင်ဖြင့်အပ်ရင်း မျက်ရည်များကျဆင်းလာလေ၏။ လူငယ်၏အမည်မှာ တိုရှိုယိုအီမိုဟူ၍ ဖြစ်ပြီး မိခင်မိုရီသေဆုံးခဲ့ပြီးနောက် ဖခင်သူဌေးကြီးတာကာမိဖုနှင့် သားအဖနှစ်ဦး ပျော်ရွှင်စွာနေထိုင်လာခဲ့ကြရင်း ယခုကဲ့သို့ ဆိုင်းမဆင့် မှုံအဆင့် ဖခင်ကြီး၏ နောက်အိမ်ထောင်သစ်ဖြစ်သော မူရိုရှင်နိုအမည်ရှိ မိန်းမတစ်ဦး အိမ်ပေါ်သို့ရောက်ရှိလာခြင်းဖြစ်၏။

မိခင်၏အုတ်ဂူရှေ့၌ တိုင်တည်ကာ တရှုံ့ရှုံ့ငိုကြွေးရင်း အချိန် အတော်ကြာသည်အထိ ဘေးပတ်ဝန်းကျင်ကိုပင် လှည့်မကြည့် ပူဆွေးနေ တော့ရာ တဖျတ်ဖျတ်ခြေသံနှင့်အတူ အသက်(၅၀)ခန့် လူကြီးတစ်ဦး အီမို၏အနားသို့ရောက်လာပြီး ငိုကြွေးနေသောအီမိုအား . . .

" လူလေးထွက်သွားတာမြင်လိုက်တာနဲ့ မိုရီရှိမဲ့နေရာကိုပဲ သွားမယ်ဆိုတာ ဦးကြီးသိလို့လိုက်လာတာ၊ ထပါလူလေးရယ် အရမ်းမှောင် နေပြီ မင်းဖေကလည်း ရှာပြီးခေါ်လာရမယ်လို့ ဦးကြီးကိုခိုင်းလိုက်တယ်





လာပါကွယ် "

ဟု အီမိုအား ဖျောင်းဖျပြောဆိုကာ အီမို၏ပုခုံးအား ဆွဲကိုင် လိုက်ရင်း အသာအယာထူမပေးလိုက်လေ၏။ ထို့နောက် အီမိုမှာ ဦးကြီးအရင်းအချာကဲ့သို့ သူချစ်ခင်သော ဖခင်လူယုံတော် အီမီဒနှင့်အတူ နေအိမ်မိယာမစံအိမ်ကြီးဆီသို့ ပြန်လာခဲ့လေ၏။

နောက်တစ်နေ့နံနက်အချိန်၌ အီမီဒ၏ဇနီးဖြစ်သူ အိုတာရီ၏ အခန်းပြင်မှ ခေါ်သံကြောင့် အီမိုမှာအိပ်ရာမှထ၍ . . .

" နိုးနေပြီ ဒေါ်လေး . . .ဘာကိစ္စလဲ "

အီမိုက ဘောင်းဘီရှည်ကောက်ဝတ်လိုက်ရင်း လှမ်းပြောလိုက် လေ၏။ အခန်းပြင်မှ အိုတာရီက . . .

" ဆရာကြီးက သားကို လက်ဖက်ရည်အတူသောက်ကြဖို့ ခေါ်ခိုင်း လိုက်လို့ "

" ကျွန်တော် မသောက်ချင်တော့ဘူး ဒေါ်လေး ကျောင်း ရောက်မှ သောက်တော့မယ်. . .ကျောင်းနောက်ကျမှာစိုးလို့ လို့ပြောပေး ပါ၊ "

" အို . . .မဟုတ်တာပဲ သားရယ် ဆရာကြီးအကြောင်း သား အသိသားပဲ. . .သူခိုင်းတဲ့အတိုင်း ဖြစ်မှကြိုက်တာ တော်ကြာ သားကို မခေါ်လာနိုင်လို့ ဒေါ်လေးကို ဆူပူနေပါဦးမယ်ကွယ်၊ "

ဟု အိုတာရီက ချော့မော့ပြောဆိုလိုက်သဖြင့် အီမိုမှာ အိုတာရီ အားခဲ့ကွက်၍ ဖခင်ရှိရာစားသောက်ခန်းသို့ လာခဲ့လေ၏။ စားသောက်ခန်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌ ဖခင်တာကာမိဖုနှင့်အတူ မိတွေးဖြစ်သူရှင်နီ ၎င်း၏ဘေးဘက်တွင် မျက်နှာစိမ်းလူလတ်ပိုင်းတစ်ဦးပါ ထိုင်နေသည်ကိုတွေ့ရ၏။ ဖခင်တာကာမိဖုက အီမိုအားပြုံးရွှင်စွာဖြင့် လက်ယက်ခေါ်လိုက်ရင်း . . .

" လာ သား . . . ထိုင်ကွာ "

အီမိုအည်း ဖခင်၏ဘေးဘက်၌ ဝင်ထိုင်လိုက်ပြီး ခေါင်းငုံ့ကာ ဒူးတုပ်ထိုင်လျက် ဖခင်အားစေ့စေ့ကြည့်ရင်း . . .

"ကျွန်တော်ကိုခေါ်ခိုင်းတာ ဘာအကြောင်းရှိလို့လဲ ဖေဖေ . . . ဒီနေ့ ကျောင်းစောစောသွားရလိမ့်မယ် "

ဟု၍ အီမိုက တိုတောင်းစွာပြောလိုက်လေ၏။ တာကာမိဖုက သား၏ဖြစ်ပေါ်နေသော ရင်တွင်းစိတ်အားသိရှိသော်လည်း မသိကျိုးကျွံပြု၍ သား၏ပုခုံးအားလှမ်းဖက်လိုက်ပြီး ရယ်မောပြုံးရွှင်စွာဖြင့် . . .

" တစ်နေ့တာစ်လေပဲကွာ နောက်ကျလည်းနောက်ကျပေါ့ . . . လွှက်ရည်သောက်ဦး ဒါနဲ့ သားကိုသိထားရအောင် မိတ်ဆက်ပေးဦးမယ် ဟောဒီက မင်းအမေရဲ့မောင် ယာမာနာမူတာလို့ခေါ်တယ် . . . သူလည်း ဒီမှာပဲ တို့နဲ့အတူနေမှာ၊ နာမူတာ ဒါကငါပြောတဲ့ငါ့ရဲ့တစ်ဦးတည်းသောသား . . . တို့ဒီမိုပဲ ကဲတစ်မိသားစုထဲဖြစ်သွားကြပြီ နှုတ်ဆက်ကြပါဦး"

ဟု တာကာမိဖုက မိတ်ဆက်ပေးလိုက်သဖြင့် အီမိုမှာ မလွှဲသာတော့ပဲ ဦးခေါင်းကိုညွှတ်ကာ နှုတ်ဆက်လိုက်ရလေ၏။ နာမူတာက အီမိုအား လွှန်စွာအေးစက်သောအပြုံးဖြင့် ပြုံးပြလိုက်ကာ . . .

" အေးဗျာ အစ်ကိုကြီးပြောပြောနေလို့ သိတော့သိနေတာ





လူကိုတော့ အခုမှမြင်ဖူးတာ၊ ငါ့ညီကလူချောပဲကွ . . . လိုအပ်တဲ့အကူအညီလိုရင် အားမနာနဲ့ပြောပါ အစ်ကိုကူညီပါ့မယ် "

ဟု၍ မြောက်ပင့်ပြောဆိုလိုက်လေ၏။ အီမိုမှာကား နာမူတာ၏နှုတ်ခမ်းစေနှင့် ကျဉ်းမြောင်းလှသော အကြံသမားမျက်လုံးပုံစံအားတွေ့တွေ့ချင်း သဘောမတွေ့ဖြစ်မိသဖြင့် မည်သို့မှုပြန်လည်မပြောဆိုတော့ပဲ လွှက်ရည်နှင့်မုန့်များအား မတင်းကာစားသောက်ပြီးနောက် ဖခင်အားနှုတ်ဆက်ကာ ကျောင်းသို့ထွက်လာခဲ့လေ၏။

အိမ်မှမထွက်မီကပင် ကျောင်းသို့သွားလိုစိတ်မရှိသဖြင့် အိမ်ပြင်သို့ရောက်ရှိပြီးနောက် ကျောင်းမတက်တော့ပဲ မြို့လည်ရှိ စိနီမာစကုတ်ရုံရှိရာသို့ စိတ်ပြေလက်ပျောက်ထွက်လာခဲ့လေ၏။ အီမို စိနီမာရုံရှေ့အရောက်တွင် သူ၏နေအိမ်၌ လူယုံတော်ဖြစ်သောအိမိဒနှင့် မီးဖိုချောင်တာဝန်ယူထမ်းဆောင်သော အိုတာရိုတို့၏သမီးဖြစ်သူ ယူမီကိုနှင့် တွေ့ဆုံမိကြ၏လေ၏။ အီမိုက ယူမီကိုအား ငယ်စဉ်ကာလကပင် ညီမလေးအရင်းသဖွ ပ်ချစ်ခင်ခဲ့သော်လည်း အပျိုဖော်ဝင်တာစ ယူမီကိုမှာ အီမိုအပေါ်၌ ချစ်မ ာ်ဝင်၍ စွဲလန်းနေတော့ရာ အီမိုအားရေလာမြှောင်းပေး အစဉ်လုပ်လျ ှိ၏။ အီမိုသိရှိသော်လည်း ညီမအရင်းကဲ့သို့ ရိုးသားစွာ သံယောဇဉ်ထ ားကာ မသိဟန်ဆောင်လျက် ပြောဆိုဆက်ဆံခဲ့ရလေ၏။

" ဟာ . . . အစ်ကို ဒီမှာဘာလာလုပ်တာလဲ ကျောင်းမတတ်ဘဲ မှ ဉ့်စားနဲ့ စိနီမာလာကြည့်တာမဟုတ်လား . . . တိုင်မယ် ဘာဘကြီးနဲ့ သွားတိုင်မယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ကလေးဆန်ဆန် အိမိုရဲ့လက်မောင်းကို ဖက်တွယ်လိုက်ကာ ပြောဆိုလိုက်သဖြင့် အိမိုက မသိမသာရှုန်းထွက်လိုက်ရင်း . . .

" အေး . . .တိုင်မယ်ဆိုလဲ သွားတိုင်ဟာ အိမ်မှာစိတ်ရှုပ်လို့ ခေါင်းလာဆေးတာ ဘယ်ရည်းစားနဲ့လာရမှာလဲ အရေးထဲနင်ကတစ်မျိုး ကဲ . . .နင်သွားစရာရှိတာသွားတော့ ငါလည်းလက်မှတ်ဝယ်ရဦးမယ်"

အိမိုက အချိုသတ်ကာ ယူမိကိုအား အနုနည်းဖြင့်နှင်လိုက်ပြီး စီနီမာလက်မှတ်ရောင်းသော ကောင်တာသို့သွားကာ လက်မှတ်ဝယ်လေ၏။ လက်မှတ်ရောင်းသူက အိမိုအားမော့ကြည့်လိုက်ပြီး . . .

" နှစ်ဆောင်မဟုတ်လား "

ဟူ၍ မေးမြန်းလိုက်တော့ရာ အိမိုမှာ မျက်လုံးပြူးသွားပြီး ကပျာကယာ ဘေးဘက်သို့လှည့်ကြည့်မိလိုက်လေ၏။ ယူမိကိုကား အိမ်မပြန်ပဲ သူ၏ဘေးဘက်၌ ရောက်ရှိနေသည်ကို တွေ့ရလေတော့၏။ အိမို အံ့အားသင့်သွားသည်ကိုကြည့်၍ ယူမိကိုက တခစ်ခစ်ရယ်လိုက်ကာ

"ဘာလို့လဲ အစ်ကိုရဲ့ . . .ယူမိလည်း ကြည့်ချင်လို့လိုက်လာတာ တစ်ကတည်း မျက်လုံးကြီးကပြူးပြီး မကောင်းဆိုးဝါးမြင်လိုက်တာ ကျနေတာပဲ၊ ဦးလေးကြီးဟုတ်တယ် နှစ်ဆောင်ဖြတ်ပေးပါ "

ထိုကဲ့သို့ ယူမိကိုက ကလေးဆိုးကဲ့သို့တွယ်ကပ်၍ အိမိုအား နွဲ့ဆိုးဆိုးကာ စီနီမာရုံထဲသို့ အတူလိုက်ပါလာပြီး ဇာတ်ကားစပြစဉ်အချိန်၌ အိပ်ပျော်သည့်ပုံဖြင့် အိမို၏ပခုံးပေါ်သို့ သူ၏ဦးခေါင်းလေးအားမှီရင်း ကြည်နူးစွာ မျက်လုံးလေးမှိတ်ထားလိုက်လေတော့၏။





တာကာမိဖုအား ကြီးမားသောသံမဏိစက်ရုံ အလုပ်ရုံကြီးနှင့် ရေပိုက်လုံးစက်ရုံကြီးကိုပါ ပိုင်ဆိုင်၍ လွန်စွာပြည့်စုံကြွယ်ဝသည့်အတွက် ဟီးရိုရှီးမားမြို့၌တင်မကပဲ အခြားမြို့များဖြစ်သော တိုကျို၊ နာဂါစကီနှင့် ကိုဘေး အစရှိသည့် မြို့ကြီးများအထိ မသိသူမရှိအောင် ထင်ရှားလူသိများ ကြလေသည်။

တာကာမိဖုမှာ ဇနီးသည် မိုရိုသေဆုံးသွားခဲ့ပြီးနောက် သားအိမို နှင့်အတူနေထိုင်ခဲ့ရင်း (၅)နှစ်မျှအကြာ၌ မူရိုရှင်နီအား ပျော်ပွဲစားရုံတစ်ခု၌ တွေ့ဆုံခဲ့ခြင်းဖြစ်၏။ ရှင်နီမှာ ပျော်ပွဲစားရုံ၌ သီချင်းဆိုခြင်းအလုပ်ကိုလုပ်ကိုင် ရင်း လာရောက်စားသောက်သောသူဌေးကြီး တာကာမိဖုအား အာယာ



www.burmeseclassic.com

www.burmeseclassic.com



ကွန်ချက်ဖြင့်အမိဖမ်းကာ အရယူသိမ်းပိုက်ခဲ့နိုင်လေတော့၏။

တာကာမိဖုမှာ မိမိထက် (၁၅)နှစ်ကျော်ငယ်သော ရှင်နီအား ရွှေးရွှေးမွှေးမွှေးစွဲလန်းကာ ရှင်နီ၏တောင်းဆိုမှုအရ လက်ထက်ယူခဲ့ရခြင်း ဖြစ်၏။

" အို. . .နေပါဦး အကိုကြီးရယ်. . .ဖြည်းဖြည်းပေါ့ ရှင်နီ ထွက်မပြေးပါဘူးရှင့် အစ်ကိုကြီးနဲ့ အခုလိုအတူနေချင်လို့ လိုက်လာတာ ပဲဟာကို "

ဟု ချွဲနွဲ့ကာ ရှင်နီကပြောဆိုရင်း မိဖု၏ဖက်ထားသောလက် ကြားမှ အသာငုံ့ထွက်လိုက်လေ၏။ ရှင်နီ၏အပြုအမူကြောင့် တာကာမိဖု မှာ မချင့်မရဲဖြစ်ရကာ. . .ရုန်းထွက်သွားသော ရှင်နီ၏လက်အား လှမ်းဆွဲလိုက်ပြီး. . .

" ဘယ်သွားဦးမလို့လဲကွယ်. . .အစ်ကိုကြီးအိပ်ချင်နေပြီ "

" ဘယ်မှမသွားပါဘူးရှင့်. . .ဟောဒီကအကိုကြီးအတွက် ဆေးဝယ်လာတာ သတိရလို့ ရှင်နီသွားယူမလို့ပါ "

ရှင်နီ၏အဖြေစကားကြောင့် တာကာမိဖုမှာ အံ့အားသင့်ကာ နားမလည်နိုင်ပဲ. . .

" ဟင်. . .ဘယ်လို. . .ဘယ်လို အစ်ကိုကြီးဖို့ဆေးဟုတ်လား အစ်ကိုကြီးက ဘာဖြစ်လို့ဆေးသောက်ရမှာလဲ "

တာကာမိဖုက မေးလိုက်လေတော့သဖြင့် ရှင်နီကသူ၏အသံ စာစာဖြင့် သဘောကျစွာရယ်မောလိုက်ရင်း ဘီဒိုကြီးအားဆွဲဖွင့်၍ အညို





ရှင့်ရင်အရောင် ဆေးပုလင်းတစ်လုံးအား လှမ်းယူကာ ပုလင်းအတွင်းမှ နက်ဆေးရည် ကြွေဖွန်းထဲသို့ထည့်ကာယူလာပြီး တာကာမိဖု၏ ပါင်ပေါ်သို့ တင်ပါးလွှဲတက်ထိုင်လျက်. . .

"အစ်ကိုကြီးကလည်း ညံ့လိုက်တာ. . .အစ်ကိုကြီးမှာ ရောဂါရှိလို့ ဆေးတိုက်မှာမဟုတ်ဘူး၊ အစ်ကိုကြီးအိပ်ရာမဝင်ခင် အားရှိအောင် ယောကျ်ားအားတိုးဆေး. . .ဟောကိုင်းနိုးကတောင်မှာ ထားရတာရှင့် သိပ်ကောင်းတာတဲ့ ကဲ. . .သောက်ကြည့်ပါဦး အကိုကြီး ယ် "

ဟူ၍ ပြောကာ တာကာမိဖု၏ပါးစပ်အားဟာခိုင်း၍ အားဆေး အား ရှင်နီကိုယ်တိုင် တိုက်ကျွေးလိုက်လေ၏။ ထိုမြင်ကွင်းအား အခန်း ခါးကြားမှ ချောင်းကြည့်နေသော အမှောင်ရိပ်မှလူက ဒေါသကျစွာ ခေါင်းတစ်ဆက်ဆက်ညိတ်ရင်း အခန်းဝမှ အိမ်ကြီး၏အခန်းတစ်ခန်း တက်သို့ ခြေကိုဖွ၍ ခြေသံလုံစွာထွက်သွားလေတော့၏။

မိယာမဆဲအိမ်ကြီး၏ မီးဖိုဆောင်အခန်း၌ အိမ်ဖေက ဇနီးအိုတာရှိ အား ဝိုင်းဝန်းကူညီကာ အာလူးများကို ဓါးတစ်ချောင်းဖြင့် ခွာပေးနေ၏။ လာမှုအကြာ၌ အိုတာရှီမှာ မီးဖိုဆောင်ထဲသို့ တိုးကပ်ခါလေသံသဲ့သဲ့ဖြင့်

"ယောကျ်ားရေ. . .ကျုပ်ရှင့်ကို ပြောချင်တာတစ်ခုရှိတယ် ပေမဲ့ အဲဒီအကြောင်းကို ဘယ်သူ့မှပြန်မပြောဘူးလို့ ရှင်ကတိပေးရမယ် မှ ကျုပ်ပြောပြမယ် "

ဟူ၍ ပြောဆိုလေ၏ အိမ်ဖေမှာ မယားဖြစ်သူ၏ ပြောပုံခြားခြား



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပန်နှင့် လေသံတိုးတိုးကြောင့် လုပ်လက်စအလုပ်ကို ရပ်ထားလိုက်ပြီး အိုတာရီ၏ မျက်နှာအားသေချာစွာကြည့်ရင်း . . .

" ဟေ . . . ထူးထူးဆန်းဆန်းစကား ပလ္လင်ခံနေရအောင် တာကိစ္စ မို့လို့လဲကွ "

အိမ်ဒ၏ ကျယ်လောင်သောလေသံကြောင့် အိုတာရီက လက်ညှိုးဖြင့် နှုတ်ခမ်းနားကိုကပ်ပြလိုက်ပြီး ဘေးဘီသို့လှည့်အကဲခတ်ရင်း . . .

" ရှူး တိုးတိုး ပြောစမ်းပါတော် . . . ကဲ ကတိအရင်ပေးစမ်းပါ"

" အေး . . . ပေးတယ် . . . ဘာလဲပြော "

" ဒီမှာ ရှင်တစ်ဆိတ်သတိထားလဲ။ . . ဟိုမိန်းမက ဆရာကြီးကို နေ့တိုင်းဂိုဆေးရည်မည်းမည်းကြီးတွေ တိုက်နေတာလေ . . . အဲ့ဒါ ကျုပ်ကဘာဆေးလဲလို့ အမှုမဲ့အမှတ်မဲ့သွားမေးမိတာ အဲ့ဒီမိန်းမကျုပ်ကို ပြန်ကြည့်တာလေ မီးတောက်တော့မလားအောက်မေ့ရတယ် နောက်မှသတိရပြီး ပြန်ထိန်းလိုက်တယ်ထင်ပါရဲ့၊ ဒါက အစ်ကိုကြီးကျန်းမာအောင် အားဆေးပါလို့ပြောတယ် ကျုပ်တို့ချက်ပြုတ်ပြီးလို့ ခြံထဲသွားပြီး ဒီပြင်အလုပ်တွက်လုပ်တာနဲ့ သူမောင်နာမှုတာဆိုတဲ့ကောင်က မီးဖိုထဲက ပြုပ်ဆုံမှာ ဘာတွေဝင်ထောင်းတာလည်းမသိဘူး . . . ခဏခဏကျုပ်နဲ့တိုးတာ သူကကျုပ်ဝင်လာတာနဲ့ ပြေးတော့တာပဲ၊ ပြီးတော့သူထွက်သွားတာနဲ့ ပြုပ်ဆုံထဲကိုကြည့်လိုက်တော့ မဲမဲအဖက်စလေးတွေ ကျန်နေတယ်၊ ဘာတွေလည်းမသိဘူး တော်ကြာ ဆရာကြီးကို ဒုက္ခရောက်အောင်





အန္တရာယ်ရှိတာတွေများ တိုက်နေတာလားမသိဘူး . . . နောက် ဒီမိန်းမနဲ့ အဲ့ဒီသူ့မောင်ဆိုတဲ့လူနေပုံထိုင်ပုံ ကျုပ်တော့မသင်္ကာဘူးရှင့် ဘစ်မိုးကြီးပဲ"

ဟု အိုတာရီက သူသံသယရှိသောတွေ့မြင်မှုအား ပြောဆိုလေ၏။

အိုတာရီ၏ပြောစကားအား နားထောင်ပြီးနောက် အိမ်ဒမှာ

" ဟယ် . . . ဒါပြောဖို့အတွက်များ လင်မယားချင်း ကတိတွေဘာတွေ လာတောင်းရလားတယ်၊ ငါဘာများလဲလို့ . . . ဒီမှာမိန်းမ မင်းဟာက ဘာမှန်းလည်းတိတိကျကျမသိဘဲ ဟိုလိုထင်ဒီလိုထင်နဲ့ "

" ထင်တာမဟုတ်ဘူးရှင့် သိနေတာ . . . ရှင့်ကို လင်မယားချင်းပေမဲ့ ကတိတောင်းရတယ် . . . ကျုပ်ကဒီအကြောင်းပြောတာနဲ့ ရှင်က ပါးစပ်လုံတဲ့သူမဟုတ်ဘူး။ မတော် ဆရာကြီးကားမောင်းနေတဲ့ ဆာနာအဲ့တို့ ဆံရာကြီးစက်ရုံမန်နေဂျာ မီဖွန်တို့ကို ပြောမိရင်ပြဿနာပေါ်မှာစိုးလို့ ရှင်မယုံရင် ကျုပ်ပြောတာ ဟုတ်မဟုတ်စောင့်ကြည့် "

အိမ်ဒမှာ ဖခင်ကြီး၏အိမ်ထောင်သစ်ထူမှုကို မကျေနပ်သည့်စိတ်ဖြင့် အိမ်မကပ်ဘဲ အချိန်ရသည်နှင့် အပြင်ထွက်၍သည်ပတ်ကာ စိတ်ချမ်းသာမှု ရှာလေတော့၏။ အိမ်ဒအပြင်သို့ မထွက်ဖြစ်သည့်အချိန်၌လည်း ဖခင်နှင့်မျက်နှာချင်းမဆိုင်ဖြစ်အောင်ရှောင်လွှဲကာ စံအိမ်ကြီး၏ အနောက်ဘက်ရှိ အိမ်ဒတို့အတွက်ပေးထားသော အဆောင်လေးသို့ သွားကာ ယူမီကိုနှင့် စကားစမြည်ပြောခြင်း၊ ပန်းချီဆွဲခြင်းတို့ကိုပြုလေ့ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဌါနသို့ဖြင့် တစ်နှစ်ခန့်အကြာသို့ ရောက်ရှိလာလေ၏။ အိမ်မှာ စာမေးပွဲရှိသည့်အတွက် စာကျက်ရန်ဟုအကြောင်းပြကာ သူငယ်ချင်း အိုယားမားအိမ်သို့ ညအိပ်သွားရောက်နေထိုင်လေ၏။ ထိုအချိန်၌ တာကာ မိဖုမှာ စက်ရုံသို့သွားကာ စက်ရုံတွင်းစစ်ဆေးကြည့်ရှုနေရင်း ရုတ်တရက် မူးမိုက်ကာ လဲကျသွားလေ၏။ ဆေးရုံသို့ စက်ရုံမန်နေဂျာနှင့် အလုပ် သမားများက ပို့ဆောင်ပေးလေတော့ရာ ဆရာဝန်က. . .

" သူ့ဌေးမှာ သွေးအားနည်းတဲ့ရောဂါရှိနေပါတယ်. . .ဒါကို ရောဂါသေချာအောင် စစ်ဆေးဖို့အတွက် ဆေးရုံတက်ပါ "

ဟု ပြောဆိုသဖြင့် တာကာမိဖုမှာ ဆေးရုံတက်လိုက်ရပါတော့၏။

အိမ်မှာ ဆရာဖြစ်သူအတွက် ဆေးရုံသို့ယူဆောင်သွားရန် ဆရာဖြစ်သူ၏ အကျီနှင့်အဝတ်အစားများ လဲလှယ်ဝတ်ဆင်ပေးရန် အခန်းရှိရာသို့ဝင်လာခဲ့လေ၏။

ထိုအချိန်၌ ရှင်နီနှင့်နာမူတာတို့နှစ်ဦးမှာ အိပ်ခန်းတွင်း၌ အချစ် ရေယာဉ်ကြော၌ မျောပါလျက်ရှိကြ၏။

" ဖက်ထားစမ်းပါ မောင်ရယ် . . . ရှင်နီ့ဘဝဟာ နေ့စဉ် နေ့တိုင်း ညစဉ်ညတိုင်းမှာ သက်ကြားရွယ်အိုသေခါနီးကြီးရဲ့ ရင်ခွင်မှာ ငရဲကျနေသလို ကြိတ်မှိတ်ခံစားနေရတာ အသက်ရှင်ရက်နဲ့ သေနေ ရသလိုပါပဲရှင်၊ သူ့စည်းစိမ်တွေကို မက်မောလွန်းလို့သာ အောင့်အီး နေခဲ့ရတာ သိပ်စိတ်ပင်ပန်းလှပါပြီ။ "

ဟု၊ ရှင်နီက နာမူတာ၏ အကျီမဲ့ကျောပြင်အား ကျစ်ကျစ်ပါ





အောင်ဖက်ထားရင်းမှ ပြောဆိုလေ၏။ နာမူတာက ရှင်နီ၏ဖွင့်ဟမှုကို ရယ်သွမ်းသွေးလိုက်ရင်း. . .

" စိတ်ရှည်ရှည်ထားစမ်းပါ မိန်းမရာ. . .မောင်တို့ရည်မှန်းချက် အောင်မြင်ဖို့ မဝေးတော့ပါဘူးကွယ်၊ မကြာခင် မို့နက်ဆေးက အစွမ်းပြ ပါလိမ့်မယ် ခုတောင် တွေ့တယ်မဟုတ်လား နောက်တစ်ကြိမ် သူ့အတွက် ဆေးရုံတက်ဖို့ဆိုတာ မရှိစေရဘူး "

ဟူ၍ နာမူတာက တစ်ထစ်ချအာမခံကာ ပြောဆိုလိုက်လေ၏။ ရှင်နီကအေးစက်စက်အပြုံးရိပ်ဖြင့် နာမူတာ၏ပါးပြင်အားနမ်းလိုက်ပြီး

" မောင့်မို့နက်က စိတ်ကောချရရဲ့လား မောင်ရယ်၊ တော်ကြာ သူ့ကြောင့်မဟုတ်ဘဲ အဘိုးကြီးက သူ့ဟာသူဖြစ်တာဆိုရင်တော့ ရှင်နီ့ အတွက် ငရဲခန်းက သံသရာရှည်သွားပြီ "

" စိတ်ချစမ်းပါ မိန်းမရယ် ဒီမို့နက်က ပါရှားပြည်ဘက်က လာတာ သိပ်မတိုက်နဲ့ နောက်နှစ်လထက်ပိုမကြာစေရဘူး မောင်အာမ ခံတယ်။ "

နာမူတာက ရှင်နီ၏စိတ်ကြည်လင်သွားရန် ထပ်မံရှင်းပြရင်း ကတိပေးလိုက်ပြန်၏။ ရှင်နီက နာမူတာ၏အပြောကြောင့် စိတ်အေးသွား ရသော်လည်း သတိရမိသောအဖြစ်အတွက် မျက်နှာညှိုးနွမ်းသွားရ ပြန်ကာ. . .

" အဘိုးကြီးကတော့ သူ့လမ်းသူသွားရမှာ ဟုတ်ပါပြီမောင် ရယ်၊ ဒါပေမဲ့ ကျွန်မတို့အတွက် အခက်အခဲဖြစ်နိုင်တဲ့ အရေးကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတစ်ခု ကျွန်မတွေးမိတယ် ”

ရှင်နို၏စကားကြောင့် ရှင်နို၏ကိုယ်လုံးအားပွတ်သပ်နေသော နာမူတာ၏လက်များမှာ ရပ်တန့်သွားရကာ . . .

“ ဘယ်လို . . . ဘာပြောလိုက်တယ်ရှင်နို . . . မင်းပြောတာ အရေးကြီးတဲ့ပြဿနာ ရှိသေးတယ် ဟုတ်လား . . . ဘာပြဿနာရှိသေးလို့လဲ ”

ဟူ၍ ပြူးပြူးပြာပြာဖြင့် မေးမြန်းလိုက်လေတော့၏ ရှင်နိုက နာမူတာ၏လည်ပင်းကို သူမ၏လက်အစုံဖြင့် သိုင်းဖက်လိုက်ပြီး လေးနက်သောအမူအရာဖြင့် . . .

“ဟုတ်တယ် . . . ဒီစီမံကိန်းကို ဖျက်ဆီးနိုင်တဲ့ပြဿနာပဲ အဘိုးကြီး မရှိပေမဲ့ သူ့သားကျန်ခဲ့ရင် ကျွန်မတို့တယ်လိုဆက်လုပ်ရမှာလဲ ဒီကောင်က ကျွန်မတို့အကြံကို ပျက်ဆီးစေမဲ့ကောင်ပဲ ”

ဟု ရှင်နိုကပြောလိုက်သောကြောင့် နာမူတာ၏ကိုယ်ခန္ဓာမှာ ဆက်ခနဲတောင့်တင်းသွားပြီး နားထင်ကြောကြီးများ ထောင်လာသည်အထိ အံကြိတ်လိုက်ရင်း . . .

“ အေး မင်းပြောတာမှန်တယ် ကြည့်စမ်း ဒါကိုထည့်မတွေးထားဘူး။ ဟုတ်တယ်မိန်းမ ဒီကောင်ဟာတို့အတွက် နတ်ဆိုးတစ်ကောင်ပဲ အားလေ တစ်ဆင့်ပြီးတစ်ဆင့်ပေါ့ကွာ အဘိုးကြီး အရင်ဇာတ်လမ်းပြတ်မှ သူ့ကိုဇာတ်လမ်းဖြတ်ရမှာပေါ့ကွာ။ ကဲ . . . ဒါကို ငါကြံပါ့မယ် မပူပါနဲ့ ဟဲ . . . ဟဲ၊ ကဲ အခွင့်သာတဲ့အချိန်ကလေးကို တန်ဖိုးရှိရှိအသုံးချကြစို့





ကွာ ဟဲ . . . ဟဲ ”

“ အို . . . ဟင့် . . . ဟင့် . . . မောင်ကလည်းကွာ ”

ဟူသော အသံများဖြင့် အိပ်ခန်းတစ်ခုလုံး ဖုံးလွှမ်းသွားလေတော့၏။ ထိုအဖြစ်ပျက်နှင့် ပြောဆိုစကားသံတို့အား အပြင်မှအသံမပေးဘဲ ရောက်ရှိနေသော အိမ်ဒက အစအဆုံးတစ်လုံးမကျန်အောင် သိရှိသွားရလေတော့ရာ အသာအယာနောက်ဆုတ်၍ အိုတာရီရှိရာ မီးဖိုချောင်သို့ အမြန်ထွက်လာခဲ့လေ၏။

“ ဟင် . . . ဟုတ် . . . ဟုတ်ရဲ့လား ယောကျ်ားရယ် ”

အိုတာရီက ထိတ်လန့်တုန်လှုပ်စွာ အိမ်ဒအားထစ်ထစ်ငေါ့ငေါ့ဖြင့် မယုံနိုင်သလိုမေးမြန်းလိုက်လေ၏။ အိမ်ဒ ခေါင်းကိုအသာညိတ်ပြလိုက်ရင်း ညှိုးငယ်သောမျက်နှာဖြင့် အိုတာရီအား . . .

“ ငါမိုးကောင်းကင်ကြီးကို တိုင်တည်ပြောပါတယ် မိန်းမရယ် မင်းပြောတုန်းက ငါယုံတစ်ဝက်မယုံတစ်ဝက်ပဲ ခုတော့ . . . သူတို့လင်မယားပြောဆိုနေတာ၊ ကြည့်စယ်နေတာ ငါ့မျက်စိနဲ့တပ်အပ်မြင်တာ၊ ပြီးတော့ မင်းငါ့ကိုပြောပြခဲ့တဲ့အတိုင်းပဲ သိပ်ပက်စက်တဲ့အကြံနဲ့ ရောက်လာကြတာ၊ ဒီကိစ္စကို မင်းဘယ်သူ့မှမပေါက်ကြားစေနဲ့ဦး၊ ဆရာကြီးခေးရုံကဆင်းလာပြီး အေးအေးဆေးဆေးဖြစ်မှ ငါဆရာကြီး ဖွင့်ပြောလိမ့်မယ်၊ အိမ်မိုက အသက်ငယ်သေးတော့ လူကြီးလိုစဉ်းစားပြီးမဖြေရှင်းပဲ လူငယ်စိတ်နဲ့ရှင်းရင် အားလုံးဒုက္ခတွေ့ကုန်မယ် ”

ဟု အိမ်ဒကပြောဆိုကာ အိုတာရီအား မပေါက်ကြားစေရန်



www.burmeseclassic.com

www.burmeseclassic.com



အတွက် အထပ်ထပ်အခါခါပြောဆိုလိုက်လေ၏။ ထိုနေ့ညဘက် သန်းခေါင်အချိန်၌ အိမ်ဒမှ တစ်နေကုန်ပင်ပန်းစွာ အလုပ်လုပ်ကိုင်ခဲ့ရသည်ဖြစ်၍ တစ်ခေါခေါဟောက်လျက် နှစ်ခြိုက်စွာအိပ်မောကျလျက်ရှိ၏။ အိုတာရီမှာကား အိပ်မပျော်သေးပဲ စဉ်းစားတွေးတောကာ သက်ပြင်းအကြိမ်ကြိမ်ချရင်း ရှိလေ၏။ အိုတာရီ၏အတွေး၌ မနက်ဖက်ဈေးသွားဝယ်စဉ်က ကြုံခဲ့ရသောအဖြစ်အပျက်ကို ပြန်လည်တွေးတောမိပြန်၏။

နံနက်ပိုင်းဈေးဝယ်ချိန်ဖြစ်၍ ဈေးတစ်ခုလုံးမှာ ဈေးဝယ်သူ ဈေးသည်များဖြင့် ရှုပ်ရှက်ခက်ကာ စည်ကားလျက်နေချိန်တွင် အိုတာရီမှာ မိယာမစံအိမ်အတွက် စားသောက်ဖွယ်ရာများလာဝယ်ရင်း . . .

" ဟေ့ . . . အိုတာရီ "

သူ၏နောက်ကျောဘက်မှ သူ့နာမည်ခေါ်သံကြောင့် လှည့်ကြည့်မိလေ၏။ ခေါ်သူမှာ တစ်ခြားသူမဟုတ်ပဲ အိုတာရီ၏ ငယ်ပေါင်းဖော် သူငယ်ချင်းဖြစ်သော ဆူမိနိုပင်ဖြစ်လေတော့ရာ အိုတာရီအားလှမ်းခေါ်ရင်း သွက်လက်စွာဖြင့် အနီးသို့ရောက်လာလေ၏။

" ဆူမိနိုပါလား သူငယ်ချင်း ညည်းခုတစ်လောပျောက်နေပါလား ဘယ်သွားနေတာလဲ "

"ဒါ အီဒိုမြို့မှာ ကုန်သွားဝယ်နေတာ ဒီမှာပြန်ရောင်းဖို့လေ၊ ဟဲ့ . . . အိုတာရီ အားပေးပါဦးတယ် ငါ့ဆီမှာ ပန်းပွဲတော်အတွက် သိပ်ကောင်းတဲ့ ကီမိုနိုအထည်တွေပါလာတယ် ပြီးတော့ရင်ထိုးမျိုးစုံပဲ"

ဟူ၍ ပြောဆိုကာ အိုတာရီအားလက်ဆွဲကာ ဈေးရှေ့ဘက်





သူ၏နေအိမ်သို့ ခေါ်ဆောင်သွားလေ၏။ အိုတာရီမှာ မိမိ၊ဝယ်နိုင်သော်လည်း သူငယ်ချင်းဆူမိနိုအား မငြင်းပယ်သင့်သောအားနာစိတ်ဖြင့် လိုက်ပါလာခြင်းဖြစ်၏။ ဆူမိနိုက သူ့အိမ်ရှေ့ခန်းသို့ ခေါ်ဆောင်သွား၍ ထုတ်ပိုးထားသော အဝတ်အစားများအားဖြည်ကာ ဖြန့်ပြလိုက်၏။ လှပ်စွာလှပသော အကောင်းစားကီမိုနိုဝတ်စုံများမှာ အလင်းရောင်၏ အောက်၌ လှပတောက်ပြောင်စွာဖြင့် လိုချင်စဖွယ်၊ အိုတာရီအားမိတ်ခေါ်နေသကဲ့သို့ရှိလေ၏။ ကီမိုနိုအဝတ်အထည်များအား ကြည့်နေရင်း သူ၏မျက်စိထဲ၌ သမီးဖြစ်သူယူမိကိုအား တန်ဖိုးကြီးလှသော ကီမိုနိုဝတ်ဆင်ဆင်မြန်းလျက် ပြုံးပျော်ရွှင်စွာရှိနေသည်ကို ဖျတ်ခနဲမြင်မိရလေ၏။ ထို့နောက် ဆူမိနိုက ယွန်းသေတ္တာအရှည်အားဖွင့်လျက် ဝင်းလက်ဖြာနေသော ကျောက်ရောင်စုံများနှင့် ရင်ထိုးလေးများအား ထပ်မံပြသလိုက်ရင်း

" ကဲ . . . သူငယ်ချင်း မင်းသမီးလေးယူမိကို ဒီ၀တ်စုံနဲ့ဟောဒီ ရင်ထိုးလေးသာ ဆင်မြန်းပေးလိုက်စမ်းပါ၊ လင်သားကောင်းကောင်းကလာတောင်းယူမှာ ကျိန်းသေပဲလို့ ငါအာမခံတယ်၊ ဒါကြောင့် သူများတွေ မပြသေးခင် ဦးဦးဖျားဖျား ခေါင်ရွေးယူလို့ရအောင် ငါခေါ်လာတာ "

ဟု ဖော်ရွေစွာတိုက်တွန်းလေ၏၊ အိုတာရီမှာ သမီးဖြစ်သူအား ဝတ်ဆင်စေလိုသောစိတ်ဖြင့် မိခင်ပီပီ ပြင်းပြသောဆန္ဒအဟုန်ဖြစ်ပေါ်သော်လည်း ဝယ်ယူရန် ငွေကြေးလုံလောက်စွာမရှိသဖြင့် မျက်နှာညှိုးငယ်၍ သက်ပြင်းတစ်ချက်ချမိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



" အရမ်းလှပါတယ် သူငယ်ချင်းရယ်၊ ငါတို့ဒီအတွက် ပေးချေနိုင်ဖို့ လုံလောက်တဲ့ငွေမရှိပါဘူးဟယ်. . .ဒါကြောင့် ဒီပြင်သူတွေကိုသာ ရောင်းလိုက်ပါ "

ဟူ၍ စိတ်ပျက်အားငယ်စွာ ပြန်ပြောလိုက်လေ၏။ အိုတာရီ၏ ညှိုးငယ်သောမျက်နှာကို ကြင်နာစွာကြည့်မိသော ဆူမိနိုက. . .

" အေးဟယ် . . . နင့်သမီးလေးက ချောကလည်းချော လှက လည်း့ဆိပ်လှတော့ ငါကဝတ်စေချင်လို့ စေတနာနဲ့ပြတာပါ. . . ခုတော့ ငါကနင့်ကို ဝေဒနာခေါ်ပေးလိုက်သလိုဖြစ်နေရပြီ "

ဆူမိနိုက လွန်စွာစိတ်မကောင်းစွာဖြင့် ပြောဆိုတောင်းပန်လေ၏။ ထို့နောက် ဆူမိနိုက အကြံရရှိလိုက်ပြီး အိုတာရီ၏လက်ကို ဆုပ်ကိုင်လှုပ်ကာ. . .

" ဒီလိုလုပ်ပါလား. . .နင့်မှာရှိသလောက် ငါ့ကိုပေးထားလေ ပန်းပွဲတော်ပြီးမှ ကျန်တာပေးပေါ့ . . . ငါဒီပြင်လူဆိုငွေမချန်ဘူး ငါနင့်ကို ချစ်လည်းချစ် ယုံလည်းယုံလို့ ကူညီတာပါ "

ဟူ၍ ပြောလေရာ အိုတာရီမှာစိတ်ချမ်းမြေ့သွားရလေ၏။ ထို့နောက် ကီမိုနိုဝတ်စုံထဲမှ အလှဆုံးအဆင်အားရွေးချယ်လိုက်ပြီး လှပသော ကျောက်စီရင်ထိုးလေးတစ်ခုနှင့်အတူ ဝယ်ယူခဲ့မိလေ၏။ မိမိတွင်စုထားသော ငွေအနည်းငယ်ကိုသာ ပေးချေခဲ့ပြီးနောက် အိမ်ပြန်ရောက်သည်နှင့် သမီးဖြစ်သူအား ပွဲတော်ရက်မတိုင်မီ ရက်အနည်းငယ်၌ အံ့သြဝမ်းသာစေရန် ထုတ်ပြလိမ့်မည်ဟုကြံစည်ကာ မိမိတို့လင်မယား၏





သေတ္တာထဲသို့ထည့်၍ သိမ်းဆည်းထားလိုက်၏။ ဆူမိနိုအား ငွေပေးချေရန် အတွက် ကြံရကြပ်ကာ အိုတာရီအဖို့ ယခုကဲ့သို့ ပူပန်စွာဖွေးတောရင်း အိပ်မပျော်နိုင် ဖြစ်ရခြင်းဖြစ်တော့၏။

ထိုသို့တွေးတောစဉ်းစားရင်း အိုတာရီ၏စိတ်တွင်း၌ အံ့အားသင့်ဖွယ်ကောင်းသော အကြံတစ်ခုကိုရကာ နှုတ်ခမ်းကိုနာနာကိုက်လိုက်ရင်း သက်ပြင်းချလျက် အိပ်ပျော်သွားလေတော့၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ညနေစောင်းအချိန်တွင် မိယာမစံအိမ်ကြီး၏ အရှင်အိုကဲဓါဖနီးဖြစ်သူ ရှင်နီမှာ ညှော်ခန်းဆောင်အတွင်း၌ ခေါက်တို့ ခေါက်ပြန်လျှောက်လျက် မျက်စိမျက်နှာပျက်ဖြစ်ကာ အလိုမကျပဲ ဒေါသ ဖြစ်နေလေ၏။ သူ၏ရှေ့တည့်တည့် တာတာမိမြက်မှာပေါ်တွင် ထိုင်နေ သော နာမူတာမှာလည်း မျက်နှာတစ်ခုလုံးနီမြန်းကာ အံတစ်ကြိတ်ကြိတ် ဖြင့် ရှိနေလေတော့၏။ ရှင်နီက ဂဏှာမငြိမ်စွာ အခေါက်ခေါက်အခါခါ လျှောက်နေရင်းမှ . . .

" ဒီစာကို ရှင်ဘယ်လိုရလာလဲ နာမူတာ၊ ဘယ်နေရာကတွေ့လို့ ရှင်ယူလာတာလဲ "





" နေ့ခင်းဘက်က ငါလည်းခြံရှေ့ထွက်ပြီး လမ်းလျှောက်ရင်း ခြံဝင်းပိုင်မှာ စာလိပ်ကိုကြိုးနဲ့ ဆွဲထားတာတွေ့တာနဲ့ စာပို့ရောက်လာတယ် ထင်ပြီး ယူလာတာ၊ စာလိပ်အပေါ်မှာက ငါနဲ့မင်းနာမည်ကိုတပ်ထားတော့ ငါလည်းဖွင့်ဖတ်လိုက်ရတာပဲ ရှင်နီ "

ဟု နာမူတာက စာလိပ်အား သူ့ထံရောက်ရှိလာရပုံအား ရှင်းပြ ပြောဆိုလိုက်တော့ရာ ရှင်နီက ဖျော့တော့သောမျက်နှာအမူအရာကို ပြုလိုက်ကာ

" ရှင်နဲ့ကျုပ်အကြောင်းကို ခုလို တိတိကျကျဖော်ထုတ်နိုင်တဲ့သူ ဆိုလို့ တစ်ခြားဘယ်သူမှမဖြစ်နိုင်ဘူးရှင့် ဒီအိမ်ထဲမှာရှိတဲ့ အနီးအတွင်း လူထဲကပဲဖြစ်မယ် ရှင်စဉ်းစားကြည့်စမ်း . . . ကျုပ်နဲ့ရှင် ဟိုတစ်နေ့က တိုင်ပင်မိကြတဲ့စကားအတိုင်း အတိအကျရေးပြထားတာဆိုတော့ အဲဒီ အချိန်မှာ ဒီလူကချောင်းမြောင်းကြည့်ပြီး သိသွားတာဖြစ်မယ်၊ အဲဒီတော့ ဒီအိမ်မှာ အဘိုးကြီးနဲ့ကျုပ်အခန်းအထိ ဒီပြင်အလုပ်သမားတွေ အမိန့် မရပဲ မဝင်ရဲဘူးမဟုတ်လား . . . တံခါးမရှိခါးမရှိ အချိန်မရွေးဝင်နိုင်တာ ဆိုလို့ ဟိုအဘိုးကြီးအိမ်မိဒနဲ့ သူ့မိန်းမပဲရှိတာ . . . အဲဒီနှစ်ယောက်ထဲက တစ်ယောက်ပဲဖြစ်မယ်၊ နေစမ်းပါဦး သူက ဘယ်လောက်တောင် တောင်းထားတာလဲရှင့် "

ရှင်နီမှာ လွန်စွာထက်မြက်သော ဉာဏ်နီဉာဏ်နက်ရှိပြီး အကင်း ပါးလှသူဖြစ်ရကား တိကျစေ့စပ်စွာ တွေးတောရင်း သူ၏ခန့်မှန်းချက်ကို လင်ဖြစ်သူနာမူတာအား ထောက်ပြလိုက်လေ၏။ နာမူတာလည်း ရှင်နီ၏ တွက်ဆချက်မှာ လွန်စွာဖြစ်နိုင်ချေရှိသဖြင့် ရှင်နီအား လေးစားသော



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖြင့် ဗေးစိုက်ကြည့်ကာ . . .

" ယန်း(၅၀၀)ပါကွာ "

" ဟင်း ဟင်း . . . ကျုပ်တွေးရသလောက် ဒီလိုလုပ်တဲ့လူကို ရွေးထုတ်ပေးပြီးပြီ . . . သူ့ကိုလက်စတုံးပြီး ဒီအကြောင်းကို သူနဲ့အတူ မြေမြှုပ်ပစ်လိုက်ဖို့ကတော့ ရှင်ဆက်လုပ်ရလိမ့်မယ်ရှင့် "

ဟူ၍ ရှင်နီက နာမူတာအား ပြောလိုက်လေ၏။ နာမူတာမှာ စာလိပ်ကို တစ်ခေါက်ထပ်ဖြန့်ကာဖက်လိုက်ရင်း . . .

" အေး . . . ငါ့တာဝန်သာထားလိုက်စမ်းပါ မိန်းမရော သူ့ငွေလာ ပေးဖို့ ချိန်ထားတဲ့နေရာကိုသွားပြီး တွေ့တာနဲ့ တစ်ခါထဲကိစ္စတုံးပေး လိုက်မယ် ဟား . . . ဟား . . . ဟား "

နာမူတာက သူ၏အကြံအစည်ကို ပြောဆိုရင်း သူ၏စိတ်ကူးကို သဘောကျစွာဖြင့် ရယ်မောလိုက်လေ၏။ နာမူတာ၏ရယ်မောသံကား တစ်ဝက်တစ်ပျက်ဖြစ်ကာ ရပ်တန့်သွားရလေတော့၏။ အကြောင်းမှာ ရှင်နီ၏ ဒေါသတစ်ကြီးအော်ငေါက်သံကြောင့်ပင် ဖြစ်၏။

" တော်စမ်းနာမူတာ ဒီလိုအသုံးမကျတဲ့ခေါင်းကြောင့် အဖိုးကြီး ပစ္စည်းတွေမရပဲ ထောင်ထဲတန်းရောက်သွားမယ် ဒီမှာကျုပ်ပြောတာ သေချာနားထောင် ဒီ(၂)ယောက်က လင်မယားတော်တယ်ရှင့်၊ ဒီတော့ တစ်ယောက်သိတာနဲ့ နောက်တစ်ယောက်ကျိန်းသေသိမှာပဲ၊ ရှင်ငွေပေး မယ်ဆိုပြီး ချိန်းတဲ့နေရာကိုသွားရင်လည်း တစ်ယောက်ထဲပဲ ရှင့်ကိုအတွေ့ ခံမှာပဲ၊ နောက်တစ်ယောက် ရှင့်ကို သူ့လူအန္တရာယ်ပေးနိုင်တာသိလို့





အဝေးကပဲစောင့်ကြည့်နေမှာ သူ့လူကိုရှင်းပစ်လိုက်တာနဲ့ ရှင့်ကိုထောင်ထဲ ပို့တော့မှာပဲ။ ပြီးတော့ ကျုပ်ပေါ့ . . . သူတို့ဖြစ်နိုင်တာက ကျိန်းသေနေပြီ မဟုတ်လား။ ဒီတော့ ငွေသွားပေးတဲ့အချိန်အထိ စောင့်ကြည့်မနေနဲ့တော့ ရှင်ကိုယ်တိုင်လည်း ရှင်းစရာမလိုဘူး . . . မတော်လို့မအောင်မြင်ရင် ရှင်ကောကျုပ်ကောသွားပြီ ဒီလိုမလုပ်ရဘူးရှင့် သူတို့ကရှင်းပစ်ဖို့ရှင့်အစား ရှင့်ညီ ဖာတိုတို့အဖွဲ့ကို တာဝန်ပေးလိုက် . . . ရှင်းရမှာက နှစ်ယောက် မဟုတ်ဘူးနော် သုံးယောက်လုံး မိသားစုအကုန် . . . သူတို့သမီးလည်း သိမနေဘူးလို့မပြောနိုင်ဘူး . . . တစ်ကယ်လို့ အကုန်လုံးရှင်းလို့ ပျောက်ချော် သွားရင်လည်း ဖာတိုတို့ကို မျက်နှာစိမ်းလူဆိုးတွေလို့ပဲသိမှာ၊ ရှင်နဲ့ကျုပ် တို့ကို ဘာမှလုပ်လို့မရဘူး . . . အဘိုးကြီး ဆေးရုံမဆင်းခင် ဒီရက်ထဲမှာပဲ အပြီးလုပ်ပေတော့ "

ဟူ၍ လွန်စွာကောင်းမွန်သော ရက်စက်သည့်အကြံအား ပြောဆို လိုက်လေတော့၏။

နောက်(၃)ရက်ခန့်ကြာသော ည(၁၁)နာရီခန့်အချိန်တွင် အဝတ်နက်များကို နင်ဂျာတိုက်ခိုက်ရေးသမားများကဲ့သို့ တစ်ကိုယ်လုံးဝတ်ဆင်ထားသော လူ(၅)ယောက်သည် မိယာမစံအိမ်ကြီး၏ ခြံစည်းရိုးအား ကျော်လွှားကာ ဝင်ရောက်လာလေ၏။ အဝတ်နက်လူဆိုးများကား နာမူတာငှားရမ်းခဲ့သော လက်မရွံ့လူသတ်သမား ဖြစ်သည့်အတွက် လွယ်ကူစွာပင် ခြံထဲသို့ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်၏။

" ဒေါက် . . . ဒေါက် . . . အီမိဒ . . . အီမိဒ "



www.burmeseclassic.com

www.burmeseclassic.com



အချိန်မတော် တံခါးခေါက်သံကြောင့် အိမိဒ အိုတာရီနှင့် သမီး ယူမိကိုပါ နိုးသွားကြ၏။ အိမိဒက မကြုံစဖူးထူးခြားစွာ မိမိတို့အိမ်လေးသို့ လာရောက်ခေါက်သော တံခါးခေါက်သံကြောင့် သံသယဖြစ်ကာ . . .

" ဘယ်သူလဲကွ . . . ဘယ်ကိစ္စရှိလို့လဲ "

ဟု အတွင်းမှလှမ်းအော်ကာ မေးမြန်းလိုက်လေ၏။ ထို့နောက် အိုတာရီနှင့် သမီးယူမိကိုတို့အား နောက်ဘက်တံခါးဝသို့ သွားနေရန် အချက်ပြလိုက်လေ၏။

" ကျုပ်တို့ပါ မြို့လယ်ကုန်စုံဆိုင်က အိမ်သူငယ်ချင်းတွေပါ၊ သူတော်တော်နေမကောင်းဖြစ်လို့ လာပြောတာပါ "

ဟူ၍ အပြင်မှလူသတ်သမားအဝတ်နက်က ယုံကြည်စေရန် ပြောဆိုလိုက်လေ၏။ အိုတာရီကစိတ်ပူပန်သွားပြီး တံခါးဝသို့ သွားရောက်ရန်ပြင်လေသဖြင့် အိမိဒက လက်ပြကာလှမ်းတားလိုက်ပြီး တီးတိုးလေသံ သဲ့သဲ့ဖြင့် . . .

" ဟိတ် . . . မဖွင့်နဲ့ အိမ်ရှင်ရောဂါရအောင် ငါတို့ကိုဘာလို့ဦးတည် လာပြောရမှာလဲ သွားပြောချင်းပြောရမှာက ဟိုမိန်းမနဲ့ ဆေးရုံပေါ်က ဆရာကြီးဆီကိုပဲ၊ ကဲ . . . မင်းသမီးကိုခေါ်ပြီး နောက်ပေါက်တံခါးဖွင့်ပြီး ထွက်ရပ်နေကြ အခြေအနေကမမှန်ရင် ငါ့ကိုလှည့်မကြည့်နဲ့ အမြန်သမီး ကိုခေါ်ပြေး "

"ရှင် . . . ရှင်က ဘယ်လိုလုပ်မှာလဲ ဒါဆိုကျုပ်တို့နဲ့အတူ





တံခါးဖွင့်မပေးဘဲ ပြေးကြရအောင် "

ဟု အိုတာရီက အိမိဒအားပြောလေ၏။ အိမိဒက အိုတာရီနှင့် သမီးယူမိကိုအား တွန်းလွှတ်လိုက်ပြီး . . .

" မပူပါနဲ့မိန်းမရာ . . . ငါလည်း တို့ဆရာကြီးဗေဒို ဆော့မူရိုင်း မျိုးနွယ်က ဆင်းသက်လာတဲ့ကောင်ပါ၊ မတော်အိမ်ရှင်တစ်ကောယ်နဲ့ကွတွေ့ နေရင် မကောင်းဘူး ကဲ . . . သွားတော့ "

ဟု ပြောကာ တွန်းလွှတ်လိုက်ပြီး စားပွဲပေါ်၌ ထောက်ဖြင့်တင် ထားသော ကင်ဒိုဓါးရှည်အားလှမ်းယူလိုက်ကာ တံခါးအနီးသို့ တိုးကပ် သွားကာ သတိဖြင့် အသင့်အနေအထားပြင်ဆင်ရင်း တံခါးမင်းတုပ်အား ဖွင့်ပေးလိုက်လေ၏။ တံခါးမှာ ဟသွားရုံရှိချိန် . . .

" ဝုန်း . . . "

" သတ်ပစ် . . . "

ဝတ်ရုံနက်တို့ မစောင့်ဆိုင်းတော့ပဲ တံခါးအား အပြင်ဘက်မှ ဆောင့်ကန်လိုက်ပြီး အခန်းတွင်းသို့ခုန်ဝင်လိုက်ရင်း ခေါင်းဆောင်က အသံနက်ကြီးဖြင့် အော်ဟစ်အမိန့်ပေးလိုက်ရင်း အိမ်ဒ၏ဧည့်ခန်းထဲသို့ ဝတ်ရုံနက်(၃)ဦးက တရကြမ်း ဓါးများဖြင့်ဝင်ရောက်ခုတ်ကြလေ၏။ အိမိဒ မှ ဓါးချက်များကိုရှောင်ကာ နောက်သို့ခုန်ဆုတ်လိုက်ရင်း . . .

"ဟေ့ကောင်တွေ . . . ငါ့မိသားစုကို ဘာဖြစ်လို့ရန်ရှာရတာလဲ"

ဟု အိမိဒက ဓါးရှည်ကို ဝင့်ရင်းမေးမြန်းလိုက်လေ၏။ ဝတ်ရုံ နက်က . . .



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားတို့ သိနေတာတွေသိပ်များနေပြီ "

ဟူ၍ ပြောဆိုကာ အိမိဒအား ကင်ဒိုဓါးရှည်ဖြင့်ဝင်ပိုင်းလိုက်ကြလေ၏။ အိမိဒမှာ မိုး၍ခုတ်ပိုင်းချလိုက်သော ဓါးချက်အားလက်ထဲမှဓါးဖြင့်ပင့်ခံလိုက်ပြီး နောက်ဘက်မှ ကျေပြင်လားဖြတ်ခုတ်လိုက်သောကန့်လန့်ဖြတ်စလွယ်သိုင်း ဓါးချက်အား ကာထားသောဓါးဖြင့်လှည့်၍ပက်ထုတ်လိုက်လေ၏။ ထိုသို့ အိမိဒအာရုံနောက် ဓါးသမားထံရောက်သွားစဉ် ရှေ့ဓါးသမားက အခွင့်အရေးရရှိသွားပြီး အိမိဒ၏ဘေးတိုက်ဖြစ်သွားသော ခါးလယ်အား ဝိုက်ကာပိုင်းချလိုက်လေ၏။ သို့သော် အိမိဒအားလျော့တွက်လိုက်ခြင်းက သူ့အားသေမင်းဆီသို့ ပို့ဆောင်ပေးလိုက်ခြင်းပင်ဖြစ်၏။ ဒိမိဒက နောက်ဓါးသမား၏ စလွယ်ဓါးချက်အား ပက်ထုတ်လိုက်ပြီးနောက် ကိုယ်ကိုတစ်ပက်လှည့်ကာ ဘေးမှရိပ်ကနဲဝင်သော ဓါးသမားအား စုကိုင်ထားသောလက်နှစ်ဖက်လုံး၏အားဖြင့် ဓါးချက်အားငုံ၍ ဘေးထွက်လိုက်ကာ လစ်ဟာသွားသော ဝတ်စုံနက်၏ဝမ်းဗိုက်ကိုတစ်ချက်ထဲခွဲပိုင်းချလိုက်လေတော့၏။

" ရွတ် "

" အ "

ဝတ်စုံနက်မှ မျှော်လင့်မထားမိသော အိမိဒ၏ လျင်မြန်လွန်းလှသောဓါးချက်ကြောင့် အော်သံပင်မထွက်နိုင်ရှာပဲ မျက်နှာစည်းပုဝါကြားမှ အံ့သြသော မျက်လုံးပြူးကြီးဖြင့် ပြူးကြည့်ရင်း အရုပ်ကြိုးပြတ်ကြမ်းပြင်ပေါ်သို့ ပစ်လဲကျသွားလေ၏။





" ဒုန်း "

အိမိဒ၏ ပက်ထုတ်လိုက်သောအရှိန်ဖြင့် နောက်သို့လန်သွားသော ဝတ်စုံနက်မှာ သူ၏အဖော် ရုတ်ချည်းဖြစ်ပေါ်သွားသော အဖြစ်ဆိုးကိုမြင်ရပြီး ရုတ်တရက်ကြောင်အအဖြစ်သွားရပြီး လွန်ဆွဲလန့်သွားရင်းကြောက်လန့်တစ်ကြား အိမိဒကို ဓါးရှည်ဖြင့် ထိုးချလိုက်လေ၏။

အိမိဒမှာ မိမိထံသို့ ဝါးလုံးထိုးတန်းဝင်လာသော ဓါးရှည်အားလွတ်သည့်ဆိုရုံမျှ ကိုယ်ယိမ်းကာရှောင်ထွက်လိုက်ရင်း လက်နှစ်ဘက်ဖြင့်ဆုတ်ကိုင်ထားသော ကင်ဒိုဓါးရှည်ဖြင့် ဝတ်စုံနက်၏လည်ပင်းအားအားကုန်လွှဲခုတ်ချလိုက်လေ၏။

" ရွတ် "

" အ "

ဒုတိယမြောက်ဝတ်စုံနက်မှာလည်း အိမိဒ၏ သုက်လက်လွန်းသောဓါးချက်ကြောင့် လည်ပင်းပေါ်၌ ရဲကနဲအရာရှည်ကြီးတစ်ခုဖြစ်ပေါ်သွားရပြီး သွေးများရေပန်းသဖွယ် နီရဲစွာပန်းထွက်လာကာလဲပြိုကျရင်း ဇာတ်သိမ်းသွားရပြန်၏။

အိမိဒမှာ အချိန်မဆိုင်းပဲ ဓါးသမား (၃)ဦးနောက်သို့ ပြေးလိုက်ခဲ့လေတော့၏။

အိမိဒရောက်ရှိသွားချိန်၌ ဓါးသမားသုံးဦးက အိုတာရိနှင့်ယူမိကိုတို့သားအမိအား စက်ဝိုင်းပုံသဏ္ဌာန် ဝိုင်းပတ်ထားကြပြီဖြစ်လေ၏။ အိမိဒက အင်အားသုံး၍ အော်ဟစ်မာန်သွင်းသံနှင့်ပြေး၍



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်သို့ ကျောပေးလျက် အနေအထားရှိသူအား ပြေးခုတ်လိုက်လေ၏။ ဝတ်စုံနက်က အိမိဒလည်း ပသွားသောဓါးသမားနေရာမှ ဖနိုးနှင့်သမီးရှိရာသို့ ဝင်သွားကာ ကျောချင်းကပ်လိုက်ရင်း ဓါးရှည်ကိုဝင့်လျက်..

" အိုတာရီ လွတ်အောင်သမီးခေါ်ပြေး ငါဒီကောင်တွေကို ရင်ဆိုင်ထားမယ် "

" ကျ...ကျမအပြစ်ပါယောကျ်ားရယ် ကျွန်မရှင်မသိအောင် သူတို့ဆီကို "

" တော်တော့အိုတာရီ ဘာမှပြောမနေနဲ့တော့...အခြေအနေကြည့် "

ဓါးသမား(၃)သုံးယောက်လည်း အိမိဒစကားဆိုနေခိုက် အခွင့်အရေးကိုအရယူကာ ဝိုင်းဝန်း၍ တစ်ပြိုင်နက်ခုတ်ကြလေ၏။ အိမိဒမှာ အနီးဆုံးရှိ ဓါးသမား၏ လွန်သွားသောနောက်ကျောသို့ အားဖြင့်ခုတ်ပိုင်းချလိုက်၏။

" ရွတ် "

" အား "

ငယ်သံပါအောင်အော်ဟစ်သံနှင့်အတူ ဓါးသမားမှာ ရှေ့သို့မှောက်လျက်ပစ်ကျသွားလေ၏။ ကျန်ဓါးသမား(၂)ဦးမှာ အိမိဒကိုမျက်နှာရှေ့ပေါ် တောင်ကိုင်ရင်းညှပ်ပိုင်းကြလေ၏။ အိမိဒက...

" ပြေးကြ... "

အိုတာရီမှာ သမီးဖြစ်သူအား လက်ဆွဲရင်း နေရာမှတစ်ဟုန်ထိုး





ထွက်ပြေးလေတော့၏။ ထိုအချိန်၌ အိမိဒမှာ ဖနိုးနှင့်သမီးထံသို့ လှမ်းကြည့်သော ဝတ်စုံနက်အား ချောက်လှန့်အာရုံပြောင်းရန်ကြံရွယ်ကာ ဓါးရှည်ဖြင့်လှမ်းခုတ်လိုက်လေ၏။

အိမိဒ၏ မယားဖောသမီးဖောစိုးရိမ်စိတ်မှာ အမှားမျှားအဖြစ်ရန်သူအား လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်သွားပြီး ထစ်ဘက်ဝတ်စုံနက်အားလှမ်းခုတ်ရင်းလွန်သွားသော အိမိဒနောက်ကျောအပေါ်သို့ ကျန်ဓါးသမား၏ ဓါးချက်က ကန့်လန့်ဖြတ်ထိဝင်သွား၏။

" ရွတ် "

" အား "

အိမိဒမှာ ဓါးချက်ကြောင့် ရှေ့သို့ဒိုက်ကာ ကျမလိုဟန်ချက်ဖြစ်ရင်၊ မိမိအား ရှေ့ဝတ်စုံနက်က ပိုင်းချလိုက်ပြီမှာ သတိဝင်ကာ အချိန်မှီဟန်ချက်ထိန်းလိုက်ကာ ဝတ်စုံနက်၏ ဓါးချက်ကိုမရှောင်တော့ဘဲ မိုးခုတ်ချလိုက်သော ဓါးသမား၏ရင်ဝသို့ အသက်စွန့်ကာ ထိုးသွင်းလိုက်လေရာ ဓါးသမား၏ဓါးချက်က အိမိဒ၏ဦးခေါင်းအား ထင်းခွဲသကဲ့သို့ ဓိုက်ဝင်သွားသကဲ့သို့ သူ၏ရင်ဝသို့ အိမိဒ၏ဓါးရှည်မှာ ထိုးဖောက်ကာ ကျောနောက်သို့ ဖောက်ဝင်ထွက်သွားလေတော့၏။

" အား "

အိမိဒမှာ ရန်သူဝတ်စုံနက်အား သွေးရူးသွေးတန်းဖြင့် ကုန်းထုတ် လိုက်ပြီး ယိုင်တိယိုင်တိုင်ဖြစ်၍နေလေတော့ရာ နောက်ကျောဘက်မှ ဓါးသမားက ပွဲသိမ်းဓါးချက်ဖြင့် လည်ပင်းအားဖြတ်ခုတ်ချသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်မိဒ၏ခေါင်းကြီးမှာ အဝေးသို့လွင့်စင်ထွက်သွားရလေတော့၏။

ထို့နောက် မြင်းသမားမှာ အိုတာရိုတို့နောက်သို့ လျှပ်မြန်လှသော အဟုန်ဖြင့် ပြေးလိုက်ခဲ့လေတော့၏။ အိုတာရိုမှာ မြင်းကြားမှကင်အိုမြင်းလက်အား နှိုက်ဝှတ်လိုက်ပြီး မိုလာသော နောက်ဆုံးလက်ကျန်မြင်းသမားအား လှည့်ကာရင်ဆိုင်လိုက်လေတော့၏။

သူ၏နောက်သို့ မြင်းသမားလိုက်ပါလာရခြင်းမှာ ယောကျ်ားဖြစ်သူအိမ်မိဒ အသက်ခန္ဓာ အိုးစားကွဲ၍သွားဖြစ်ကြောင်း အလိုလိုသိရှိလိုက်ရင်း လင်ယောကျ်ားအတွက် ဖောစိတ်ဖြင့် ခုံးဖြတ်ရင်ဆိုင်လိုက်ခြင်း ဖြစ်လေ၏။

မြင်းသမားက အိုတာရို၏ လက်ထဲမှမြင်းကြောင့် လှည့်ပတ်ကာ အရမ်းကာရောမဝင်ပဲ ဝိုင်းရင်းအကွက်ချောင်းနေလေ၏။ အိုတာရိုမှာ သမီးယူမိကိုအား ကျောတွင်ကပ်ထားပြီး မြင်းသမားအားအလစ်မပေးဘဲ လိုက်လံလှည့်ပတ်ရင်း အသင့်ပြင်လျက် မြင်းကိုဝင့်ရင်းရှိလေ၏။ ထိုအခိုက် မြင်းသမားက ညာသံပေးရင်း . . .

" ယား "

အိုတာရိုအားမိုး၍ ခုတ်ပိုင်းချလိုက်လေတော့ရာ. အိုတာရိုက မြင်းဖြင့်ကန့်သန့်ခံလိုက်ရင်း မြင်းသမားအား ဝင်ပူးလိုက်လေ၏။ ထိုအခိုက် ယူမိကိုမှာ မထင်မှတ်သောလုပ်ရပ်အား လုပ်လိုက်တော့၏။ ယူမိကိုက မိခင်နှင့်လုံးနေသော မြင်းသမားအား ဖက်သိုင်းကာချုပ်လိုက်လေသဖြင့် မြင်းသမားက မြင်းရှည်ကိုနောက်ပြန်စိုက်ချလိုက်လေ၏။ ထိုအဖြစ်နှင့်





တစ်ပြိုင်နက်ထဲ အိုတာရိုက မြင်းသမား၏ရင်ဝသို့ မြင်းဖြင့်အားကုန်ထိုးသွင်းလိုက်လေတော့၏။

" ဒုတ် ---"

" အား . . . "

" စွပ် ---"

" အား . . . "

အသီးသီး မြင်းများဖောက်ဝင်သွားကြပြီး နာကျင်စွာအော်ဟစ်ပြီး လဲကျသွားကြလေ၏။ အိုတာရိုမှာ သမီး၏အဖြစ်ဆိုးကိုကြည့်ရင်း ရင်ကွဲမတတ်အော်ဟစ်ငိုကြွေး၍ အတန်ကြာအောင်ငိုကြွေးနေရင်းမှ ကြောင်တက်တက်ဖြစ်သွားလျက် အမှောင်ထဲသို့ အော်ဟစ်တိုးဝင်ထွက်ပြေးသွားတော့၏။

" ဟော့ . . . ငါ့သမီး . . . သေပြီ . . . ငါ့လင်သေပြီဟော . . . သေကုန်ကြပြီ "

အိုတာရိုထွက်ခွာသွားပြီး တစ်နာရီခန့်အကြာ၌ ထိုနေရာသို့ ရှင်နိုနှင့်နာမူတာတို့ ရောက်ရှိလာကြပြီး ယူမိ၏အလောင်းကို သေချာစွာကြည့်ရှုရင်း . . .

" သားအမနှစ်ယောက်လုံးတော့သွားပြီ ဟိုမိန်းမကြီးတော့ မတွေ့ဘူး အဲ့ဒါဘယ်လိုလုပ်ကြမလဲ "

ဟု နာမူတာက စိုးရိမ်တကြီးဖြင့် ရှင်နိုအား မေးမြန်းလိုက်လေ၏။ ရှင်နိုမှာ ဘေးဘီအနှံ့လိုက်လံရှာဖွေရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



" ဒီကိစ္စက အသာထားလိုက်စမ်းပါ၊ ယောကျ်ားရယ် အဖွားကြီး သွားတိုင်တော့လဲ ရှင်နဲ့ကျုပ်နဲ့သတ်တာပါလို့ သူဘယ်လိုစွပ်စွဲမှာလဲ၊ ဒီကိစ္စကရှင်းရှင်းလေးပါ အရေးကြီးတာက ကျန်တဲ့အလောင်းတွေကို ရှင်ညတွင်းချင်း လက်ရာခြေရာဖျောက်စမ်း။ ပြီးမှ ဒီကောင်မလေး အလောင်းကို စံအိမ်နဲ့မလှမ်းမကမ်းမှာ ချထားလိုက်၊ အိမ်မိုအခန်းထဲက အိမ်ပစ္စည်း တစ်ခုခုသွားယူ၊ သူ့ဘေးမှာချထားလိုက်တော့. . .မိုးလင်းမှ အိမ်ဖော်ကားရင်း လက်လွန်သွားသလိုလို သတင်းဖြစ်အောင်လုပ်ရမယ်။ ဒါဆို ဒီကောင်ဇာတ်လမ်းက ပြတ်ပြီ "

ဟူ၍ ပြောဆိုလိုက်လေတော့၏။ နာမူတာမှာ ညနက်အချိန်၌ပင် ယာကူဇာအဖွဲ့အား သွားရောက်ခေါ်ယူခဲ့၍ အလောင်းများကို လက်စ ဖျောက်လိုက်ကြကာ ယူမိကို၏အလောင်းကိုသာ သယ်ယူလာပြီး စံအိမ်နှင့် မလှမ်းမကမ်း၌ချထားလျက် အိမ်မိုအခန်းတွင်းမှ အိမ်မိုအကျီကြယ်သီး တစ်လုံးအားဖြုတ်ယူကာ ယူမိကို၏ လက်အတွင်းသို့ ထည့်ပေးလိုက်ခဲ့ လေ၏။

— နောက်တစ်နေ့ နေထွက်ချိန်၌ ယူမိကို၏အလောင်းအား လူများ တွေ့ရှိသွားကြကာ ဝိုင်းအုံတိုးဝှေ့ကာ ကြည့်နေကြလေ၏။ ထိုအချိန်တွင် ရှင်နိုလည်း နာမူတာနှင့်အတူရောက်ရှိ၍ ဟန်မပျက် လူအုပ်တွင်းသို့ တိုးဝင်းကာ ကြည့်ရှုပြီး လွန်စွာအံ့ဩစိတ်ထိခိုက်သော ဟန်ပန်ဖြင့် ရှိကြလေ၏။

ထိုအနိုက်လူအုပ်အတွင်းမှ မိန်းမကြီးနှစ်ယောက်က ယူမိကို





အား စေ့စပ်စွာကြည့်လိုက်ပြီး. . .

" ဟဲ့ ဆုမိ. . .ဒါ တာကာမိစုံအိမ်က ကောင်လေးနဲ့အတူ စီနီမာသွားကြည့်တုံးက တွဲလာကြည့်တဲ့ ကလေးမလေးမဟုတ်လား"

" ဟုတ်တာပေါ့အေ. . . အစ်ပဲ အဲဒီတုန်းက အကျီက ပန်းရောင်လေးဝတ်ပြီး ဂါဝန်လေးက အပြာရင့်လေးနဲ့လေ "

" အေး. . .အဲဒီနေ့က ကောင်လေးပခုံးကိုတောင် ရုံထဲမှာမှီနေ တာ နင်တောင်အရှင်မဲ့လိုက်တာလို့ ပြောသေးတယ်မဟုတ်လား "

ဟူ၍ အစဖော်ကာ ပြောဆိုနေကြလေ၏။ ထိုအနိုက် လူအုပ် အတွင်းမှ စီနီမာလက်မှတ်ရောင်းသော ရှိမိုကလည်း. . .

" သိပ်သေချာတာပေါ့ခင်ဗျာ. . . ကောင်လေးက လက်မှတ် ဝယ်တော့ ကောင်မလေးက သူ့ရည်းစားကိုနောက်ပြောင်ပြီး နှစ်စောင် ဝယ်နော်လို့တောင် ကျုပ်ရှေ့မှာပြောတာ. . .ပြီးတော့ နှစ်ယောက်လုံး ရုံထဲအတူဝင်သွားကြတာ ကျုပ်မျက်စိနဲ့တပ်အပ်မြင်တာ "

ဟု ပြောသဖြင့် လာရောက်စစ်ဆေးသောရဲများက ထိုလူတို့အား စစ်ဆေးမေးမြန်းပြီးနောက် ရှင်နိုရှိရာသို့ ရောက်ရှိလာကာ ဦးညွှတ် အရိုအသေပြုလိုက်ပြီး. . .

" မိယာမစံအိမ်က အိမ်မိုရဲ့အမေ ဟုတ်ပါတယ်နော် "

" ဟုတ်ပါတယ်ရှင် "

" ဒါဆို. . .ဒီကလေးမကိုကော သိမှာပေါ့ "

" သိပါတယ် ကျွန်မတို့စံအိမ်မှာ အလုပ်လုပ်တဲ့ အလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



အိမ်မီဒနဲ့ အိုတာရီတို့ရဲ့ သမီးလေးပါ ''

'' ဒါဆို . . . ခုနက မျက်မြင်တွေ့ဖူးတဲ့ လူတွေပြောကြသလို သူနဲ့အိမ်မို ချစ်ကြိုက်နေတယ်ဆိုတာကော အမှန်လား ''

'' ဟုတ်ပါတယ် သူတို့အချင်းချင်း ပူးပူးကပ်ကပ်နဲ့ အမြဲတစ်တွဲတွဲနေကြတာပဲ၊ ကျွန်မက ဒုတိယအမေဆိုတော့ ဆုံးမရင် အပြစ်မြင်မှာစိုးလို့ မဆုံးမခဲ့ပါဘူး၊ သူ့အဖေကိုလည်း ကျွန်မမတိုင်ခဲ့ပါဘူး မိထွေးအတို့ထောင်လုပ်တယ် ထင်မှာစိုးလို့ပါ ''

'' ဒါနဲ့ သူ့မိဘတွေကော အိမ်မှာရှိကြလား ''

'' မနေ့ကညနေအထိတော့ တွေ့ကြမိပါသေးတယ် သူတို့က နောက်ဘက်က အဆောင်လေးမှာနေကြတာ ဒီမနက်တော့ လင်မယားနှစ်ယောက်စလုံး မတွေ့မိဘူး ''

'' ဒါနဲ့ တာကာမိဖု လူကြီးမင်းကော အိမ်မှာရှိသလား ''

'' မရှိပါဘူးရှင် . . . ကျွန်မယောကျ်ားက ဆေးရုံတက်နေပါတယ်၊ သူ့သားအိမ်မိုကလည်း စာမေးပွဲအကြောင်းပြပြီး အိမ်မကပ်ပဲ ဘယ်ရောက် နေမှန်း မသိတာကြာပါပြီ၊ ကျွန်မယောကျ်ားမရှိတော့ ကျွန်မက အမြင်မတော်ရင် ပြောမှာဆိုမှာမနေခဲ့နိုင်လို့ပါ . . . အခုလည်း လူတွေက ဒီမိန်းကလေးရဲ့ သနားစရာကောင်းတဲ့အဖြစ်ဆိုးကို လာပြောကြလို့သာ . . . ကြည့်တာပါရှင်၊ မိတာသဘောတူမှာမဟုတ်မှန်း သိရက်နဲ့ဖွတ်တိုးကြတော့ အင်း . . . ဒီလိုအဖြစ်နဲ့ ကြုံရရှာတာပေါ့ ''





ဟာ့ရှင်နိုက စိတ်မကောင်းသောမျက်နှာဖြင့် ပြောဆိုလေရာ ရဲအရာရှိက ခေါင်းတဆတ်ဆတ်ညိတ်ကာ သူ၏စစ်ဆေးမှုမှတ်တမ်း၌ လိုက်လံရေးမှတ်လေ၏။ ထိုအချိန်၌ ရဲသားတစ်ဦးက အရိုအသေပြုလိုက်ပြီး ရဲအရာရှိအား . . .

"ဒီကြယ်သီးလေးကို သေသူရဲလက်ထဲက တွေ့ပါတယ်ခင်ဗျာ"

ဟု၍ပြောကာ ရဲအရာရှိ၏လက်ထဲသို့ ကြယ်သီးလေးအား ပေးအပ်လိုက်လေ၏။ ရဲအရာရှိက ကြယ်သီးအား အပြန်ပြန်အလှန်လှန် စေ့စပ်စွာကြည့်လေ၏။ ရှင်နိုက ရဲအရာရှိ၏လက်ထဲမှ ကြယ်သီးအား လှမ်းယူကြည့်လိုက်ပြီး ရဲအရာရှိအားပြာပြာသလဲ အံ့ဩလွန်းသည့်ဟန်ပြုကာ . . .

'' ဟင် . . . ဒီကြယ်သီးက အိမ်မိုအင်္ကျီကကြယ်သီးပဲ ''

ရှင်နို၏စကားကြောင့် ရဲအရာရှိက မျက်လုံးဝိုင်းသွားပြီး . . .

'' ဗျာ . . . ဒါအိမ်မိုအင်္ကျီက ကြယ်သီးဟုတ်လား ''

'' ဟုတ်နိုင်ပါတယ်ရှင် . . . သူ့အင်္ကျီမှာ ဒီကြယ်သီးမျိုးရှိတာ မှတ်မိသလိုလိုရှိလို့ပါ ''

ရှင်နို၏ချောက်ချမှုနှင့် စီနီမာရုံ၌ အိမ်မိုတို့အားတွေ့ရှိကြသော မြို့ခံလူစုတို့၏စကားကြောင့် ရဲအဖွဲ့က အိမ်မိုအားဖမ်းဆီးရန်အတွက် ဝရမ်းထုတ်ကာ နေရာအနှံ့ရှာဖွေလေတော့၏။

ထိုအချိန်၌ အိမ်မိုမှာ သူငယ်ချင်းဖြစ်သူနှင့်အတူ အဲဒိုမြို့သို့ အလည် အပတ်ရောက်ရှိနေချိန်ဖြစ်လေရာ ရဲအဖွဲ့မှ သံသယပိုဝင်လျက်



www.burmeseclassic.com

www.burmeseclassic.com



လှသတ် ဝရုန်းပြေးဟု ယူဆကာ အမှုဖွင့်လိုက်လေတော့၏။ ထိုကာလ၌ ရှင်နိုနှင့် နာမှုတာတို့မှာလည်း အိမိဒနှင့်အိုတာရီတို့ ပျောက်ခုံးနေကြောင်း အတည်ပေါက်ဖြင့် ရဲစခန်းသို့ သွားရောက်အမှုဖွင့်ခဲ့ကြလေသည်။

အိုတာရီမှာကား လင်ယောက်ျားနှင့်သမီးဖြစ်သူတို့၏ အဖြစ်ဆိုးအား မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရသောကြောင့် ရုတ်တရက်ကြောင်သွားပြီး မြေဦးတည့်ရာထွက်ပြေးရင်း ဟီရိုရှီးမားမြို့၏အပြင်ဘက် ဗုဒ္ဓဘာသာဘုရားကျောင်းရှေ့၌ သောကပူဆွေးမှုဒဏ်ကြောင့် အားယုတ်ကာလဲကျမေ့မြောသွားခဲ့၏။ ဘုရားကျောင်းမှ မယ်သီလရှင်များက တွေ့ရှိ၍ စိတ်ကယောင်ချောက်ချားဖြစ်နေသော အိုတာရီအား ကယ်တင်လိုက်ပြီး ဆေးကုသပေးခဲ့သဖြင့် (၃)ပတ်မျှအကြာ၌ ပြန်လည်သတိရကောင်းမွန်လာလေတော့၏။

ထိုအချိန်၌ အိုတာရီမှာ မိမိ၏အဖြစ်ဆိုးကို ပြန်လည်သတိရရင်း ယုတ်မာရက်စက်သော ရှင်နိုနှင့်နာမှုတာတို့အား လက်စားချေရန်အတွက် ကင်ဒိုဓါးမြှောင်အား သိုဝှက်၍ မိယာမစ်အိမ်ရှိရာသို့ ထွက်လာခဲ့ပေတော့၏။

မိယာမစ်အိမ်ကြီး၌ အရှင်သခင်ဖြစ်သော တာကာမိဇု သူဌေးကြီးမှာ ဆေးရုံမှဆင်းကာ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်၏။ ရှင်နိုနှင့် နာမှုတာတို့၏ ဝိုင်းဝန်းပြောဆိုကြမှုကို နားဝင်ကာ သားဖြစ်သူအိမိုအား အမွေဖြတ်စွန့်လွှတ်ရန်ကို ဆုံးဖြတ်လိုက်ပြီဖြစ်၏။ အိမိဒနှင့်အိုတာရီတို့ အပေါ်၌လည်း မိမိအပေါ် သစ္စာမဲ့စွာ စွန့်ခွာသွားကြသူများအဖြစ်





ကျည်းသွားရပြန်၏။

နာမှုတာက ရှင်နိုအားမျက်စိပြလျက် အချက်ပေးလိုက်သည့်အတွက် ရှင်နိုက . . .

“အဲစ်ကိုကြီး အားဆေးသောက်ဖို့ အချိန်ကျနေပါပြီ . . . မိပ်ရာ မဝင်ခင် သောက်လိုက်ပါဦး ”

ဟု ပြောကာ မှိုက်ထည့်ထားသော ဆေးခွက်အား လှမ်းပေးလိုက်လေ၏။ အိုကဲမှာ ရှင်နို၏ ဂရုစိုက်ဟန် မူယာပရိယာယ်အား အလျဉ်းမရိပ်မိရှာပဲ ဆေးခွက်အားမော့သောက်ရန် ပြင်လိုက်တော့လေ၏။ ထိုအခိုက် . . .

“ ဆရာကြီး အဲ့ဒီဆေးခွက်ထဲမှာ ရောဂါဖြစ်စေတဲ့ အဆိပ်မှိုပါတယ် မသောက်ပါနဲ့ ”

ဟူ၍ တားဆီးပြောဆိုသံနှင့်အတူ အိုတာရီမှာ မိယာမစ်၏ ည်ခန်း ဆောင်အတွင်းသို့ လျှပ်တစ်ပျက်ရောက်ရှိလာလေ၏။ ရှင်နိုနှင့် နာမှုတာတို့မှာကား ရုတ်တရက်ပေါ်ထွက်လာသော အိုတာရီ၏မျက်နှာအား တွေ့မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက်ထဲ ကြက်သေသေပြီး ပါးစပ်အဟောင်းသားဖြစ်သွားရလေကာ . . .

“ အ . . . အိုတာရီ ”

“ဟင် . . . နင် . . . နင်အိုတာရီ နင့်ယောက်ျား အိမိဒကော”

ဟူ၍ အိုကဲက အံ့အားသင့်စွာဖြင့် မေးမြန်းလိုက်လေ၏။ အိုတာရီမှာ အရှင်သခင်၏အမေးကြောင့် မျက်ဝန်းအစုံမှ မျက်ရည်များ



www.burmeseclassic.com

www.burmeseclassic.com



ကျဆင်းလာရကာ . . .

" ဟောဒီ . . .ဆရာကြီးရဲ့မိန်းမ မိန်းမယုတ်နဲ့ ဒီလူယုတ်မာ လင်မယားကြောင့် သေခဲ့ရပါပြီ ဆရာကြီး "

ဟု အိုတာရိက ရှင်နီတို့အား လက်ညှိုးထိုးရင်းပြောဆိုလိုက်လေ၏။

" ဘာ . . .ဘာပြောတယ် သူ. . .သူ့မောင်အရင်းဆို "

နာမူတာက အချိန်မဆိုင်းတော့ပဲ အိုတာရိရှိရာသို့ ပြေးဝင်လာလေရာ အိုတာရိက ကင်ဒိုဓါးမြှောင်အား ဆွဲထုတ်လိုက်သည့်အတွက် တုန့်ကနဲရပ်သွားပြီး နောက်သို့မသိမသာ ဖြည်းညင်းစွာဆုတ်လိုက်ရင်း ဘေးဘယ်ညာသို့ မျက်လုံးကစားကာ တစ်စုံတစ်ခုသော လက်နက်ကို ရှာဖွေလေ၏။

" ဟုတ်ပါတယ် ဆရာကြီး ဆရာကြီးရဲ့ ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို လိုချင်လို့ မောင်နှမဟန်ဆောင်ပြီး ဒီအိမ်ကြီးကို ရောက်လာတဲ့လင်မယားတွေပါ "

ဟုအစချီကာ ၎င်းတို့၏မျောက်ဖာတ်ခင်းပုံ၊ တိုင်ပင်ကြံစည်ကြပုံများနှင့် အိုတာရိတို့သိရှိခဲ့ကြသည့်အတွက် အစဖျောက်သုတ်သင်ခဲ့ပုံ အိုကဲအား အဆိပ်မှိုနက်အား အားဆေးအဖြစ်လိမ်လည်တိုက်၍ သေစေရန် အကွက်ဆင်ပုံတို့နှင့် အမွေပစ္စည်းများအကုန်ပိုင်ဆိုင်နိုင်ရန်အတွက် အိမ်မှီအား ဂေသတ်တရားခံအဖြစ် အကွက်ဆင်ကြံစည်ပုံတို့အား အစအဆုံး ရှင်းပြပြောဆိုလိုက်လေတော့၏။ အိုကဲမှာ ဖာတ်အစုံသိရှိပြီးနောက်.





" ဟင် . . .ငါ့ကို မေတ္တာစစ်နဲ့ချစ်တာမဟုတ်ဘဲ ငါ့ကိုရော ငါ့သားကိုရော ရက်ရက်စက်စက် အကြံဆိုးကြံတဲ့ ကောင်နဲ့ကောင်မတွေ့ကြရောပေါ့ကွာ "

ဟု ဒေါသတကြီးဖြင့် ညှော်ခန်းစားပွဲထက်၌ ကလပ်ဖြင့်တင်ထားသော ဆာမူရိုင်းသုံး ကင်ဒိုဓါးကြီးအားယူ၍ ခုတ်ပိုင်းရန်ပြင်လေ၏။

" ဟား . . .ဟား . . .ဟားဟား . . .ခင်ဗျားကြီးဓါးကဒီမှာဗျ ခင်ဗျားဓါးနဲ့ ခင်ဗျားကိုပဲ လက်စတုံးပေးရတော့မှာပဲ "

ဟု၍ နာမူတာက အိုကဲအားခုတ်ပိုင်းရန် ရှေ့သို့ကင်သွားလေ၏။ ထိုအခိုက်ဝယ် အိုကဲထံသို့ အိုတာရိက ကင်ဒိုဓါးကြီးမြှောင်ကြီးအား လှမ်းပစ်ချပေးလိုက်ရင်း . . .

" ဆရာကြီး သတိထားနော် . . .ဒီလူယုတ်မာက သိပ်ဓါးရေးကျွမ်းလိမ့်မယ် . . .အသေခံနင်ဂျာမျိုးနွယ်ဆက်ပဲ "

ဟု အော်ဟစ်သတိပေးပြီး ရှင်နီအားဝင်ရောက်လုံးထွေးသတ်ပုတ်လေ၏။ ထိုအချိန်တွင် အိုကဲ၏မန်နေဂျာဖြစ်သော မိဖွန်မှာ ဆရာဖြစ်သူထံ လူနာလာမေးရင်း အိမ်၏ညှော်ခန်းတွင်ဖြစ်ပွားနေပြီဖြစ်သော ပြဿနာရပ်အား တွေ့မြင်သိရှိလိုက်ရပြီး ခြံထဲမှ ခပ်သုတ်သုတ်ပြေးထွက်သွားလျက် နီးစပ်ရာသို့အကူအညီတောင်းခံနိုင်ရန် ပြေးခေါ်လေ၏။

နာမူတာမှာ အိုကဲ၏လက်တွင်းသို့ ဓါးမြှောင်ရောက်ရှိသွားပြီဖြစ်သဖြင့် ရမ်းမကာပ်ဝံ့တော့ပဲ ကင်ဒိုဓါးရှည်အား လက်နှစ်ဘက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ အကွက်ချောင်းရင်း တိုးကပ်လာလေ၏။ အိုကဲမှာ လက်ထဲ၌ဆုပ်ကိုင်ထားသော ဓါးအတိုအားဆရင်း နာမ္မတာအား အလစ်မပေးပဲ ပြန်လည်သတ်ဖြတ်နိုင်ရန် မျက်လုံးရှင်ရှင်ဖြင့် သတိထားရင်း နာမ္မတာ၏ဟာကွက်အား အသင့်စောင့်ဆိုင်းနေလေ၏။

ထိုအချိန်နှင့်တစ်ပြိုင်နက်တည်းအချိန်၌ အိမိုမှာ မိယာမအိမ်သို့ ပြန်လာရင်း အိမ်ကြီးနှင့်မလှမ်းမကမ်းနေရာအရောက်တွင် နောက်မှလိုက်လာသောရဲများ၏ ဖမ်းဆီးခြင်းခံလိုက်ရလေတော့၏။ အိမိုအား ရဲစခန်းသို့ခေါ်ဆောင်သွားရန်အပြင် မန်နေဂျာ မိဖွန်ရောက်ရှိလာ၍ အဖြစ်စုံရှင်းပြကာ ရဲအဖွဲ့ အိမိုတို့နှင့်အတူ မိယာမစ်အိမ်ကြီးသို့ ပြေးလွှားကာလာကြလေ၏။

နာမ္မတာခုတ်ပိုင်းလိုက်သော စလွယ်သိုင်းဓါးချက်ကို အိုကဲမှာ နောက်သို့ဆုတ်ရင်း တိမ်းရင်းငုံ့ကာရှောင်လိုက်ရင်း ခလုပ်တိုက်မိကာ ပက်လက်လန်ကျသွားလေ၏။ အခွင့်ကောင်းကိုစောင့်နေသော နာမ္မတာက အလွတ်မပေးပဲ အိုကဲ၏ရင်ဝပေါ်သို့ ဓါးရှည်ဖြင့်ထိုးသွင်းလိုက်လေ၏။

"အား"

အိုတာရီမှာ ရှင်နိုကိုယ်ပေါ်တွင်တက်ဖိထားလျက် အပေါ်စီးမှ စိတ်ရှိလက်ရှိလွဲကာ အားကုန် ရှင်နို၏မျက်နှာအား ရိုက်ချလိုက်လေ၏။

"ဖြန်း"

"အမယ်လေး"

နာမ္မတာက အိုကဲ၏ ဝိညာဉ်မဲ့သွားသည့် ခန္ဓာကိုယ်မှ ကင်းရှိ





ဓါးရှည်ကြီးအား ဆွဲနုတ်လိုက်ရင်း ရှင်နိုအားကူညီရန်အတွက် လှည့်ကြည့်လိုက်မိရာ ရဲများအိမ်အတွင်းသို့ ပြေးဝင်လာနေကြသည်ကို လှမ်းမြင်လိုက်သည့်အတွက် ပြတင်းပေါက်မှခုန်ချ၍ ခြံအပြင်သို့ထွက်ပြေးသွားလေ၏။

အိမိုမှာ ဖခင်ကြီး၏အဖြစ်ဆိုးအား မြင်ရသဖြင့် သည်းအူပြတ်မျှ ပူဆွေးကာ ငိုကြွေးရှာလေတော့၏။ ရှင်နိုမှာကား ရဲများ၏လက်သို့ကျရောက်ရ၍ ဖမ်းဆီးခေါ်ဆောင်သွားရာနောက်သို့ လိုက်ပါသွားရပြီဖြစ်၏။

အိုတာရီမှာ ဖြေမဆည်နိုင်ပဲ ငိုကြွေးနေသော အိမို၏ပခုံးလေးအား အားပေးဆုတ်ကိုင်လိုက်ပြီး . . .

"မငိုပါနဲ့တော့သားရယ် မင်းမျက်လုံးတွေကို မျက်ရည်တွေဖုံးနေရင် မင်းဘာဆက်လုပ်ရမလဲဆိုတာကို မမြင်နိုင်ပဲဝေဝါးနေလိမ့်မယ်၊ မင်းရဲ့မျက်လုံးတွေကို ကြည်လင်လာဖို့ မျက်ရည်ဆိုတဲ့ရှုံးနိမ့်မှုကို တစ်ခါထဲထုတ်ပစ်လိုက်စမ်းပါ . . . မင်းအဖေက မင်းငိုနေတာကို ကျေနပ်မှာမဟုတ်ဘူး။ တမလွန်က အဲဒီအတွက်ကိုရှက်တောင်နေမှာ . . . သားကတာကာမိဖုရဲ့ သွေးအစစ်ပါကွယ် ဆာမူရိုင်းသွေးရှိတဲ့လူမှန်ရင် ဘယ်တော့မှ မငိုတော့ကြဘူး . . . ကဲ ထိတ်ပါလူလေးရယ်၊ မင်းအဖေအတွက် မင်းဦးလေးနဲ့ မင်းညီမလေးတို့အတွက်လုပ်သင့်တာ လုပ်ပေးကြရအောင် . . . လာပါ လူလေးရယ်။"

ဟူ၍ ပြောဆိုနှစ်သိမ့်လိုက်ကာ အိမိုအား ဆွဲထူလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အိုက်ဲ၊ အိမိဒ၊ ယူမိကိုတို့၏ ကျောက်စာကမ္ပည်းတိုင်လေးများအား မိယာမစံအိမ်ကြီး၏ ဧည့်ခန်းဆောင်၏အတွင်းဝယ် အစီအစဉ်လိုက် ပန်းများအမွှေးတိုင်များဖြင့် ထွန်းညှိဆင်ယင်ထားသည်မှာ မြင်တွေ့ရသူတိုင်း စိတ်ထိခိုက်ကြရပြီး ဂရုဏာသက်မိကြလေတော့၏။

အိမိုမှာ ဖခင်ကြီး၏ မျိုးနွယ်အစဉ်အဆက်ကိုင်ဆောင်ခဲ့သည့် ကင်ဒိုဓါးရှည်ကြီးအား စင်ထက်မှမယူလိုက်ပြီး ဓါးရိုးအား ညာလက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ရင်း ကျောက်စာကမ္ပည်းတိုင်(၃)ခု၏ ရှေ့သို့ တစ်လှမ်းခြင်းလှမ်းကာ တိုးကပ်သွားပြီးနောက် . . .

" အဖေ. . .ကျွန်တော် အဖေ့ရဲ့အပြစ်ဆိုးအတွက် အဖေ့ရှေ့မှာ သစ္စာဆိုခဲ့ပါမယ် အဖေ . . . အဖေ့လို ကြင်နာချစ်ခင်တတ်တဲ့ ဖခင် တစ်ယောက်ကို အပြစ်မရှိဘဲ ကိုယ့်အတွက်မတော်လောဘကြောင့် ရက်ရက်စက်စက်သတ်ခဲ့တဲ့သူကို မတွေ့တွေ့အောင် လိုက်ရှာပါ့မယ်၊ ကျွန်တော့်တဝရဲ့ နောက်ဆုံးထွက်သက်မတိုင်ခင်အထိ ရအောင်လက်စားချေပါ့မယ်၊ မျက်လုံးတစ်လုံးအတွက် တစ်လုံးချင်း၊ သွားတစ်ချောင်းအတွက် တစ်ချောင်းချင်းဆိုတဲ့ စကားအတိုင်း တူညီတဲ့အကျိုးကို ခံစားရပါစေမယ်. . .မကြာခင်မှာ သား. . .ဒီလူယုတ်မာကို မတွေ့တွေ့အောင်ရှာဖို့ ဒေါ်လေးအိုတာရီကိုပဲ အဖေ့ရှေ့မှာ ထားခဲ့ပါရစေတော့ "

ဟု ပြောဆိုသစ္စာဆိုလိုက်လေတော့၏။ များမကြာမီရက်၌ အိမိုမှာ နေရာအနှံ့ မြို့ရွာပါမကျန် နှံ့စပ်အောင် ဂျပန်နိုင်ငံအနှံ့သွား၍ ရှာဖွေရင်း အိဒိုမြို့လေးသို့ (၆)လကျော်ခန့်ကြာပြီးနောက် ရောက်ရှိလာ





လေ၏။ မြို့လေး၏စည်ကားလှသော နေရာလေးတစ်ခု၌ လူများသည် ကြော်ငြာတစ်ခုအား အုံခဲကာ ဝိုင်းဝန်းကြည့်ရှုနေသည်ကို တွေ့ရလေ၏။ အိမိုမှာကား ထိုလူအုပ်တွင်းရှိ လူများ၏မျက်နှာကိုသာ တစ်ဦးချင်းစီ လိုက်လံကြည့်ရှု၍သာ နေလေ၏။

ထို့နောက် ဝမ်းဖြည့်တင်းရန်အတွက် ထမင်းဆိုင်းလေးတစ်ခု အတွင်းသို့ဝင်ရောက်ကာ မှာယူစားသောက်ရင်း ဘေးဘီဝိုင်းမှ စားသောက်နေသူများအားလုံးအား အလွတ်တမ်းလိုက်လံကြည့်ရှုနေရာ အိမို၏စားပွဲသို့ ကောက်ရိုးခမောက်ဆောင်းထားသော လူတစ်ဦးရောက်ရှိလာကာ ဝင်ထိုင်လိုက်ရင်း . . .

" မင်းအိမို မဟုတ်လား. . .ငါ့ကိုမှတ်မိတယ်မဟုတ်လား"

ဟု မေးမြန်းလိုက်လေ၏။ အိမိုမှာ ဖြုန်းခနဲအမေးခံလိုက်ရသောကြောင့် ဘေးဘက်၌ချထားသော ကင်ဒိုဓါးအား ဆုတ်ကိုင်လိုက်မိလေ၏။

"ဟော့ . . . ဟော့ . . . မလုပ်ပါနဲ့ကွ . . . ငါမင်းရန်သူမဟုတ်ပါဘူး၊ မင်းမိတ်ဆွေပါ . . . ခုံအောက်က မင်းရဲ့ဓါးကြီးကို ဆွဲမထုတ်ပါနဲ့ကွာ"

ဟု၍ အိမိုအားတားဆီးပြောဆိုလိုက်တော့ရာ အိမိုကဓါးကို ပြန်ချလိုက်တော့ရင်း . . .

" ဟုတ်လား. . .ဘာမိတ်ဆွေလဲ "

" မိတ်ဆွေပေါ့ အိမိုရယ်. . .မင်းသိချင်နေတာကို ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လမ်းညွှန်ပေးနိုင်မဲ့ မိတ်ဆွေပဲ မင်းငါ့ကိုသေချာကြည့်ပါဦးကွ . . . ငါ့ကို မမှတ်မိဘူးလား ”

ဒီမို ခမောက်နှင့်လူအား သေချာစွာစိုက်ကြည့်လိုက်ရင်း . .

“ ခင်ဗျား ဘယ်သူလဲ ”

ဟု ခပ်ထန်ထန်မေးလိုက်လေ၏။

ဒီမို၏အမေးကြောင့် ခမောက်နှင့်လူက ကောက်ရိုးခမောက်ချွတ်၍ သေးသို့ချလိုက်ကာ . . .

“ ငါ ဟီရိုရှီးမားကစခန်းမှာ နေခဲ့ဘူးတဲ့ ရဲအရာရှိဆာတိုပဲ၊ မင်းအမေနဲ့ ဒီမိဒတို့သားအဖ အသတ်ခံရတုန်းက အဲဒီအမှုကိုင်ရသေးတယ်ကွ၊ ရာထူးတက်ပြီး ပြောင်းလာတာရက်ပိုင်းပဲရှိသေးတယ်၊ အခု မင်းကိုတွေ့ပြီးလာတာ . . .ဘယ်လိုလဲ မင်းနာမှုတာကို လိုက်ရှာနေတာ မဟုတ်လား ”

ဒီမိုမှာ ဆာတို၏စကားကြောင့် မတ်ကနဲဖြစ်သွားရပြီး ဆာတို၏ မျက်နှာအား စေ့စေ့စိုက်ကြည့်လိုက်လေ၏။ ဆာတိုက. . .

“ ငါ့ကို ဒီလိုတော့မကြည့်ပါနဲ့ကွာ၊ ငါကမင်းဆန္ဒကိုတားဆီးဖို့ လာတာမဟုတ်ပါဘူး။ အကျိုးမဲ့ပင်ပန်းပြီး အချိန်ကုန်မှာစိုးလို့ပြောတာပါ။ နာမှုတာကိုတွေ့ရင် ငါဖမ်းဘဲဘယ်နေပါ့မလဲကွာ . . . နာမှုတာက တို့နိုင်ငံမှာ မရှိတော့ဘူးကွ . . . မင်းလိုက်ရှာလည်းအပိုပဲ ”

ဟု ဆာတိုကပြောလိုက်၏။

“ ဒါဆို သူဘယ်ကိုရောက်သွားလို့လဲ ”





ဒီမို၏ စိတ်ဝင်စားစွာမေးလိုက်သော မေးခွန်းအား ဆာတိုက ပြုံးလိုက်ပြီး . . .

“ ဒီကောင်က လူလည်ကွ တို့ဂျပန်တပ်မတော်ထဲကို ပြေးဝင်ပြီး အာရှတိုက်ကစစ်မြေပြင်ကို လိုက်သွားပြီ၊ သူပါသွားတဲ့နေရာက နေပါဦးကွာ ဟို . . . ဘုရားအကြီးကြီးရှိတယ်ကွာ ပြီးတော့ရွှေရောင်တွေလည်း ဝင်းနေ တာပဲ တန်ဖိုးကြီးတဲ့ရတနာတွေ . . . ကျွန်းပင်တွေ အိုကွာ အားလုံးထွက်တဲ့ နေရာ နေ. . .နေပါဦး ငါဖါးစပ်ဖျားလေးတင် ဘာ . . .ဘာလဲ ဟာသိပြီ ဘား . . .ဘားမားမှာ ဟား. . .ဟား”

ဟု သူ့အဖြစ်သူတွေးကာ ရယ်မောလေ၏။ ဒီမိုမှာ လွန်စွာ ဝမ်းသာသွားရလေ၏။ ထို့နောက် ဆာတိုကနှုတ်ဆက်ကာ ထမင်းဆိုင်မှ ထွက်သွားလေ၏။ ဒီမိုမှာ ဆာတိုနှင့်တွေ့ဆုံခြင်းမှာ ကောင်းကင်ယံမှ မိုးနတ်မင်းကြီးနှင့် ဆုံတွေ့လိုက်ရသည့်အလား ထင်မှတ်လိုက်ရလေ၏။

ထို့နောက် ထမင်းဆိုင်တွင်းမှ ထွက်လာခဲ့ရင်း စောစောအချိန်က လှအုံနေသောလူအုပ်အတွင်း ရှုစမ်းလိုစိတ်ဖြင့် တိုးဝင်ကြည့်မိလေရာ

“နေမျိုးနွယ်သူရဲကောင်းသင့်အား နိုင်ငံမှကြိုဆိုနေပါသည်”

ဟူသော ခေါင်းစီးစာတန်းနှင့်အတူ အာရှသားများအား အင်္ဂလိပ်၊ အမေရိကန်အစရှိသော အနောက်နိုင်ငံသားများက မတရား သိမ်းပိုက်နှိပ်စက်နေကြပြီဖြစ်၍ နေမျိုးနွယ်တပ်မတော်က လွတ်မြောက်ရန် ကူညီကြမည့်အကြောင်း ဝေဝေဆာဆာဖြင့် ရေးသားထားပြီးနောက် ကြော်ငြာ၏အောက်ခြေ၌ . . .



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်အာရှတိုက်သားများအား သာတူညီမျှကောင်းစား စေရန်အတွက် အောက်ပါအာရှနိုင်ငံသို့ လိုက်ပါစစ်မှုထမ်းနိုင်ကြပါသည်။

(၁) တရုတ်နိုင်ငံ

(၂) မြန်မာနိုင်ငံ

မှတ်ချက်။ အထက်ပါနိုင်ငံများသို့ ရွေးချယ်ဝင်ရောက် စစ်မှုထမ်းနိုင် ပါသည်။

(၁) အလယ်တန်းအဆင့်နှင့်အောက် – တပ်သား

(၂) အထက်တန်းအဆင့် – အကြပ်

(၃) အထက်တန်းအောင်မြင်ပြီး – ဗိုလ်

ဟု ရေးသားရိုက်နှိပ်ကြော်ငြာထားလေရာ အိမိုမှာ မျက်ရည် လည်လာရသည်အထိ ဝမ်းသာရလျက်. . .ကြော်ငြာပါလိပ်စာအတိုင်း စာရင်းပေးသွင်းနိုင်ရန် ထွက်လာခဲ့တော့လေ၏။

" ဒီလိုနဲ့ ကျွန်တော်လည်းတပ်ထဲဝင်လိုက်ပြီး ဒီဆရာမတို့ တိုင်းပြည်ကို လိုက်လာခဲ့ရတာပါ။ ဒီရောက်တော့ ကျွန်တော်က မြစ်ကြီးနား တပ်ရင်းမှာ တာဝန်ကျတယ်၊ ဆရာမတို့တိုင်းပြည်ကလည်း အကျယ်ကြီး ကျွန်တော်တို့တပ်တွေကလည်း နေရာနဲ့အများကြီးပဲ၊ ဒီတော့ နာမူတာကို တွေ့ဖို့က မလွယ်လှပါဘူး ဆရာမရယ် "

ဟု အိမိုက လုဆန်းယဉ်အား အမှန်အတိုင်း သူ၏ဘဝဇာတ် ကြောင်းအား ပြန်လည်ပြောဆိုလေ၏။ လုဆန်းယဉ်မှာ စိတ်ခတ်ပြင်းထန် လှသော အိမို၏မျက်နှာအား ငေးစိုက်ကာကြည့်လိုက်ရင်း. . .





" ကျွန်မ တစ်ခုတော့ပြောပါရစေ အိမို လက်စားချေလက်တုံ့ ပြန်တယ်ဆိုတာ ဘယ်တော့မှ အမြတ်မထွက်နိုင်တဲ့ အရှုံးကိုနစ်မြုပ်ခံခြင်း တစ်မျိုးပါ၊ တတ်နိုင်ရင် ဒီအတွက်စိတ်လျှော့လိုက်ပါလားရှင် . . . စိတ်မဆိုးနဲ့နော်. . .ကျွန်မ ရှင့်အပေါ် သံယောဇဉ်ရှိလွန်းလို့ပြောတာပါ"

ဟူ၍ လုဆန်းယဉ်က ပြောလိုက်သဖြင့် အိမိုက လုဆန်းယဉ်၏ မျက်နှာလေးအား ရွှန်းရွှန်းစားစားဖြင့် စိုက်ကြည့်လေ၏။

ထို့နောက် အဝေးရှိ တောင်တန်းကြီးများဘက်သို့ လှည့်ငေး လိုက်ကာ. . .

"ဆရာမပြောတာကို ကျွန်တော်စိတ်မဆိုးပါဘူး ဆရာမ. . . အဲဒီလိုပဲ ကျွန်တော့်အပေါ်လည်း ပြောမရတဲ့လူရယ်လို့ ဆရာမ စိတ်မဆိုး ပါနဲ့၊ တာကာအိဖုမျိုးဆက်သွေးတွေက ကျွန်တော့်ကိုယ်ထဲမှာ အပြည့် စီးဆင်းနေတယ်၊ ပြီးတော့ အဖေ့ကို သူ့ကမ္ဘည်းတိုင်ရှေ့မှာရပ်ပြီးတော့ ကျွန်တော် ကတိပေးခဲ့ပြီးပြီ ဆရာမ. . .ကျွန်တော့်အဖေ တစ်ခါက ကျွန်တော့်ကို တစ်ခါမေးဖူးတယ်၊ မင်းဘိုးဘေးတွေလို ဆာမူရိုင်း တစ်ယောက်လို အခေါ်မခံချင်ဘူးလားတဲ့ ကျွန်တော်က ပြာပြာသလဲ ဖြေနိုင်ခဲ့တယ် အခေါ်ခံချင်တော့ပေါ့ အဖေရာလို့. . .အဲဒီမှာ အဖေက ကျွန်တော့်ကို သိပ်သဘောကျသွားပြီးပြောတာ အခုထက်ထိမှတ်မိသေး တယ် ဆရာမ. . .သူဘာပြောလဲသိလား၊ အေး. . .အခေါ်ခံချင်ရင် ကြိုးစားပါတဲ့ ဆာမူရိုင်းတစ်ယောက်ဟာ ဘယ်တော့မှ ကတိမဖျက်ရဘူး၊ သစ္စာမဖောက်တတ်ရဘူးတဲ့၊ ကျွန်တော့်ကိုနားလည်ပေးပါ ဆရာမရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှည်လျားစွာပြောဆိုရှ၍ လှဆန်းယဉ်အား တောင်းပန်စကား ပြောဆိုလေ၏။ ထို့နောက် အိမ်မိုက လှဆန်းယဉ်၏လက်ကလေးအား သတိပြု ကြည့်မိလေရာ...

" ဟင်...ဆရာမ...ဆရာမဝတ်ထားတဲ့ မှော်ဝင်ကျောက် လက်စွပ်က ဘယ်ကဘယ်လိုရတာလဲ ဆရာမ "

" ကျွန်မဇာတိမြို့မှာရှိနေတုန်း...အဘိုးကြီးတစ်ယောက် ပေးသွားတာပဲ၊ ကျွန်မကို မှာလည်းမှာထားခဲ့တယ်...ဒီလက်စွပ်ကို ဥစ္စာရှင်အစစ်ကိုတွေ့ရင် ပြန်ပေးလိုက်ပါလို့လေ...ဘာလဲ ဒီလက်စွပ် ပိုင်ရှင်ကို အိမ်မို့သိလို့လား "

" မလိမ်မညာပဲပြောတာပါ ဆရာမ ဒီလက်စွပ်ဟာ ကျွန်တော့် အဖေရဲ့ သူမြတ်နိုးတဲ့ အဆောင်လက်စွပ်လေးပါပဲ "

အိမ်မို၏စကားကြောင့် လှဆန်းယဉ်မှာ လွန်စွာအံ့သြသွားရကာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေ၏။

" ရှင်... "

အိမ်မိုက လှဆန်းယဉ်၏အဖြစ်အတွက် ရယ်မောလိုက်ရင်း...

" ဆရာမ သိပ်လန့်သွားလား တိုက်ဆိုင်လိုက်တာဆရာမရယ်၊ အဖေမဆုံးခင်လေးကပဲ သူ့မိန်းမရှင်နိုကို ပေးလိုက်ခဲ့တာ ခုဆရာမဆီ ရောက်နေတာတွေ့ရတော့ ကျွန်တော်လည်း ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးဗျာ၊ ဆရာမမယုံရင် ကျွန်တော်သက်သေပြမယ် ခဏနော်"

" ဟာ...မပြပါနဲ့ အိမ်မိုရယ် ကျွန်မယုံပါတယ် "





" မဟုတ်သေးပါဘူး ဆရာမရယ်...ကျွန်တော်အဖေကိုလည်း မြင်ဘူးရတာပေါ့ "

ဟု၍ ပြောကာ သူ၏ကျောပိုးအိတ်အား မွှေနှောက်ရှာဖွေရင်း ဓာတ်ပုံလေးတစ်ပုံအား နှိုက်ယူလိုက်ကာ လှဆန်းယဉ်အား ပြသလိုက်လေ၏။ ထိုဓာတ်ပုံမှာ အိမ်မို သူ၏ဖခင်ဖြစ်ဟန်တူသော ဂျပန်အမျိုးသားကြီး တစ်ဦးနှင့် ဘေးတစ်ဘက်၌ ရင်းထက်ငယ်ရွယ်နုပျိုသော မိန်းမတစ်ဦး။ ထို့နောက် နှုတ်ခမ်းမွှေးစစနှင့် အမျိုးသားတစ်ဦးတို့ (၄)ယောက်စုလျက် ရိုက်ထားသောပုံဖြစ်၍ အိမ်မိုဖခင်ကြီး၏လက်တွင် လှဆန်းယဉ်၏လက်ဝယ် ရောက်ရှိနေသော လက်စွပ်အား အံ့သြဖွယ်ရာတွေ့ရှိလိုက်ရလေ၏။

" ယုံပြီမဟုတ်လား ဆရာမ ဒီပုံက အဖေမဆုံးခင် (၂)လ လောက်က ကျွန်တော့်ကိုအတင်းခေါ်လို့ ဝင်ရိုက်ခဲ့မိတဲ့ဓာတ်ပုံပါ၊ သူ့ဘေး ကသူ့မိန်းမ ကျွန်တော်မိထွေးမှုရှိနိုပါ၊ အဲ...သူ့ကပ်လျက်ကလူက ကျွန်တော်တွေ့ချင်လွန်းလို့ လိုက်ရှာနေတဲ့ နာမူတာပါပဲ "

ဟု အိမ်မိုက လက်ညှိုးဖြင့်ဓာတ်ပုံအားထောက်ပြရင်း ပြောဆို လိုက်လေရာ နာမူတာဓာတ်ပုံကို လှဆန်းယဉ် သေချာကြည့်ရှုမိသော အခါ၌

" ဟင်...စိန်...စိန်ပေဒါ "

လှဆန်းယဉ်နှုတ်မှ အံ့သြလွန်းလှ၍ ယောင်ရမ်းကာရွတ် မိသံက ခုန်ထွက်သွားလေတော့၏။ အိမ်မိုမှာ လှဆန်းယဉ်၏နှုတ်မှ အမည်အား ကြားလိုက်ရသဖြင့် ဟန်မဆောင်နိုင်အောင် လှုပ်လှုပ်ရှားရှား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလျက် လှဆန်းယဉ်၏ပခုံးနှစ်ဘက်ကို ဆုတ်ကိုင်လိုက်ပြီး...

" နာ...နာမှုတာကို ဆရာမသိတယ်...ဆရာမပြောပြောနေ တဲ့ စိန့်ဗေဒါဆိုတာ သူဟုတ်လား ဆရာမ "

လှဆန်းယဉ်က သူ၏ပုခုံးအား အတင်းလှုပ်ကာ အငမ်းမရမေးလိုက်သော အိမိုအား တစ်ချက်စိုက်ကြည့်လိုက်ရင်း ဦးခေါင်းကိုညိတ်ပြလိုက်မိလေ၏။

" ဟုတ်ပြီ ကျေးဇူးတင်လိုက်တာ ဆရာမရယ်...ဆရာမကြောင့် သူ့ကိုကျွန်တော်ရှာတွေ့ပြီ...ဆရာမ...ဆရာမတို့မြို့က ဘယ်နေရာမှာလဲ ကျွန်တော့်ကိုပြစမ်းပါ "

ဟူ၍ အိမိုပြောရင်း သူ၏ကျောပိုးအိတ်အတွင်းမှ စစ်သုံးမြေပုံကြီးအားထုတ်ကာ လှဆန်းယဉ်၏ရှေ့၌ခင်းပြရင်း မေးလေတော့၏။

လှဆန်းယဉ် မငြင်းသာတော့ပဲ မြေပုံအားကျနစွာကြည့်ရင်း ဖာတိမြို့လေးတည်နေရာကို ထောက်ပြလိုက်လေ၏။ အိမို၏မျက်နှာမှာ ဝင်းပလင်းလက်သွားပြီး မြေပုံတည်ရှိရာနေရာအား လက်ဖြင့်ထောက်ကာ အရစ်ကွက်များကိုရေတွက်ရင်း အတန်ကြာမျှ နှုတ်မှအသံမထွက်ဘဲ တစ်တွတ်တွတ်ဖြင့် တွက်ချက်၍...

"မိုင်(၁၀၀)ကျော်လောက် ရှိတယ်နော်...ဟုတ်လား ဆရာမ"

လှဆန်းယဉ်မည်သို့မှမပြောပဲ ထပ်မံခေါင်းညိတ်ပြလိုက်၏။ ထို့နောက် အိမိုကပြုံးရွှင်စွာဖြင့် မြေပုံအားအလျင်အမြန်ခေါက်၍ ကျောပိုး





အိတ်တွင် ထည့်လိုက်ကာ...

"မနက်ဖြန်မနက်ကျရင် ဆရာမ ရွာကိုသွားမယ်...ဆရာမ ပြန်မယ်ဆိုရင် ကျွန်တော်နဲ့တစ်ခါတည်းလိုက်ခဲ့ပါ...ကျွန်တော့်ကို ခွင့်ပြုပါ ဆရာမ ကျွန်တော်အိပ်မှဖြစ်တော့မယ် "

ဟု အိမို ပြောဆိုနှုတ်ဆက်ကာ အိပ်ယာဝင်သွားလေတော့သည်။ လှဆန်းယဉ်မှာ အိမိုအိပ်ယာဝင်သွားပြီး အတန်ကြာသည်အထိ မအိပ်နိုင်ဘဲ စဉ်းစားနေမိလေ၏။ အိမိုအား လှဆန်းယဉ်ကြိုတင်မြင်မိသော မနောအာရုံထဲမှအဖြစ်အား ဖွင့်ဟပြောဆို၍ တားဆီးပါကကောင်းမည်လား၊ စဉ်းစားမိပြီး အိမိုတစ်ဦးတည်းအား စေလွှတ်လိုက်ပါက ရွာစဉ်တစ်လျောက်လုံး ဒုက္ခရောက်နိုင်တော့မည်ဟု တွက်ဆတွေးတောမိတော့သဖြင့် မိမိပါဖာတိမြို့သို့ ပြန်လည်လိုက်ပါသွားရင်း အိမိုအားကူညီကယ်တင်ပေးရန် ဆုံးဖြတ်ချက်ချလိုက်ကာ လှဆန်းယဉ်လည်း နေရာမှ ထ၍ အိပ်စက်ရန် အိပ်ခန်းသို့ဝင်သွားလေတော့၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



# " ဂဲကြမ္မာ၏သားတော်များ "

နောက်တစ်နေ့စောစောအချိန်၌ လှဆန်းယဉ်နှင့်အိမိုတို့နှစ်ဦး ကိုရှည်နှင့်မပုတို့အား နှုတ်ဆက်ကြလေ၏။ ကိုရှည်က . . .

" အင်း . . . အနေကြာသံယောဇဉ်လည်း တွယ်ပြီးကာမှ ပြန်တော့မယ်ဆိုတော့လည်း မတားရက်တော့ပါဘူး ညီမရယ် . . . ဘယ်သူ မှိုး ကိုယ့်နေရာကို တစ်ချိန်ချိန်တော့ ပြန်ကြရာမှာပေါ့လေ . . . ဟိုရောက် ရင်လည်း ကျုပ်တို့လင်မယားကို သတိရပါနော် "

" အဟင့် . . . အဟင့် ကျုပ်ကညီမလေးတစ်ယောက်တော့ ကောက်ရပြီထင်ထားတာ အခုတော့ ကျုပ်ရင်ခွဲပြီး ထားခဲ့တော့မှာပေါ့ ညီမရယ် "

သူရဲကောင်းစာပေတိုက်



ဟု မပုကလည်း အငိုလေးမြှင့် မျက်ရည်လည်ရွဲပြောဆိုလေ၏။ လှဆန်းယဉ်မှာ မိမိအားပြုစုကျွေးမွေးလျက် အရိပ်မိုးအကာအကွယ်ပေးခဲ့သော လင်မယားနှစ်ယောက်အား လက်အုပ်ချီကန်တော့ရင်း မိမိအား ဒေါ်ဆွဲမိပေးခဲ့သော စိန်ပွင့်တစ်ချို့မှ စိန်ပွင့်နှစ်ပွင့်အား ပေးအပ်လိုက်ရာ

" ဟာ . . . ဒါစိန်အစစ်လား ပြန်ယူသွားပါ ညီမရယ် . . . တို့လင်မယားကို ဒီပစ္စည်းပေးပြီး သေဆေးမဖော်ခဲ့ပါနဲ့ ဘာမှမရှိတော့ ဘယ်သူကမှ ဘာမှလာမလုပ်ဖူး . . . ခုဒီစိန်ပေးခဲ့လို့ရှိရင် သိုသိုသိပ်သိပ် သိမ်းမထားဘဲ မပုက သိပ်ကြွားမယ် ဒါကို သိပ်အာရုံစိုက်မိသွားတော့ သိပ်ပြဿနာဖြစ်လာနိုင်တယ် မယူပါရစေနဲ့ ညီမရယ် "

ဟူ၍ ကိုရှည်က ငြင်းဆန်လေ၏။ လှဆန်းယဉ်မှာ ပြန်မယူပဲ အတင်းပေးအပ်ခဲ့ပြီးနောက် လက်ပြနှုတ်ဆက်ရင်း မျက်ရည်များဝဲကာ ကျန်ရစ်ခဲ့ရှာသော ကိုရှည်နှင့်မပုတို့လင်မယားအား စိတ်ထိခိုက်စွာ ကျောခိုင်းထွက်လာမိလေ၏။

လှဆန်းယဉ်နှင့်အိမိုတို့မှာ တောအထပ်ထပ် တောင်အသွယ်သွယ်ကြားမှ ခရီးနှင်ခဲ့ကြလေရာ နန်းကြိုင်ရွာလေးမရောက်မီ မိုင် (၅၀)ခန့်ကွာလှမ်းသော ရွာစုလေးတစ်စုသို့ရောက်ရှိကာ ညအိပ်ဝင်နားကြရလေ၏။

နောက်တစ်နေ့နံနက်စောစော၌ ရွာစုလေးမှထွက်လာကြရင်း ရွာစုလေးနှင့်အတန်ပင်ဝေးသော တောင်ကုန်းလေးတစ်ခုအနီးသို့ ရောက်ရှိခဲ့ကြပြီး တောင်ကုန်းလေးပေါ်၌ မေးတင်ဆောက်ထားသော ဇရပ်လေး တစ်လုံးအား တွေ့ရှိရလေရာ အမောဖြေရင်း ခေတ္တမျှနားနိုင်ကြလေ၏။

သူရဲကောင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ တောင်ကုန်းလေးအနီးသို့ မျက်နှာမူရာအရပ်တက်မှ လူ(၃)ဦး အထုတ်အပိုးများ နွားလှည်းဖြင့်တင်ဆောင်လျက် မောင်းနှင်လာကြလေ၏။ လှည်းပေါ်မှ လှည်းမောင်းသူက လှဆန်းယဉ်အား လှမ်းမြင်သွားပြီး လှည်းပေါ်ရှိကျန်နှစ်ဦးအား ညွှန်ပြပြောဆိုလိုက်ကာ လှည်းပေါ်မှ ဆင်း၍ လှဆန်းယဉ်ထံလျှောက်လာလျက်. . .

" ဟာ. . .တူပါတယ်ဆိုပြီးလာကြည့်တာ အစ်မလှဆန်းယဉ် ဖြစ်နေတာကိုး ဟား. . .ဟား ဘယ်သွားမလို့လဲဗျ "

ဟု နှုတ်ဆက်ရင်း မေးမြန်းလိုက်သဖြင့် လှဆန်းယဉ်က သေသေချာချာကြည့်မိလိုက်ရာ တစ်မြို့တည်းသား အရက်သမားစံရွှေ ဖြစ်နေသည်ကို ဝမ်းသာစွာဖြင့်တွေ့ရှိရလေ၏။

" ဟာ . . . စံရွှေပါလား . . . ဝမ်းသာလိုက်တာဟယ် အချမြို့က လာကြတာလား . . . ဟဲ့ ဒါနဲ့မေးရဦးမယ် တို့မြို့က ဂျပန်တွေရော ရှိသေး လား "

ဟု၍ လှဆန်းယဉ်ကမေးမြန်းလိုက်လေ၏ စံရွှေက လှဆန်းယဉ် ၏မေးခွန်းကို ပါးစပ်မှမဖြေသေးပဲ ခေါင်းခါခါ ခြေခါခါဖြင့်လုပ်ပြလေ၏။

" ဟဲ့. . .စံရွှေ ငါမေးတာဖြေဦးလေ ဘာဖြစ်နေတာလဲ "

ဟု လှဆန်းယဉ်က စိတ်ပေါက်ပေါက်ဖြင့် ငေါက်ငမ်းကာ မေးလိုက်တော့မှ. . .

" ဟဲ. . .ဟဲ အစ်မမေးတာ ကျုပ်သိတာပေါ့ ဒါကြောင့်တစ်မင် လုပ်ပြနေတာ ဘာလဲ အစ်မအချစ်တော်ဘိုကြီးလား ဂျပန်တွေသတ်လို့





သေပြီ ဟဲ. . .ဟဲ ဂျပန်တွေလည်း ကျုပ်တို့မြို့ကဆုတ်လာတာ၊ ဟော ဟောဟိုတောင်ကုန်းကျော်လိုက်တာနဲ့ တွေ့ပါလိမ့်မယ်ဗျာ စခန်းချပြီး အင်္ဂလိပ်လေယာဉ်ပျံကို စောင့်ကြည့်နေတာ . . . ကျုပ်တို့လှည်းကို ချောဆွဲ မှာစိုးလို့ ဒီဘက်လမ်းက သူတို့စစ်ကြောင်းကို ကွေ့ပက် မောင်းလာရတာ၊ "

" ဒါဆို စိန်ပေဒါကော ပါတယ်မဟုတ်လား "

လှဆန်းယဉ်က အိမိုသိလိုသောကိစ္စအား အဓိကထား၍မေး လိုက်သဖြင့် စံရွှေက . . .

" ဘယ်နေပ့ါမလည်းဗျာ . . .သူကထိပ်ဆုံးကပေါ . . .ကဲ အစ်မ မြို့ပြန်မှာမဟုတ်လား၊ ဒီငပုတွေရှိတဲ့ လမ်းကတော့မသွားလေနဲ့ ကွေ့ပြီး ဟောဟိုလမ်းလေးအတိုင်းသာသွား နို့မဟုတ်ရင် စိန်ပေဒါနဲ့တိုးလို့ ဒုက္ခရောက်နေဦးမယ် ကဲကျုပ်တို့ လုံးခန်းဘက်တက်မလို့ သွားမယ် အစ်မ "

ဟုစံရွှေက ပြောဆိုနှုတ်ဆက်၍ ထွက်ခွာသွားတော့၏။ အိမိုမှာ ဗမာပြည်သို့ရောက်ရှိခဲ့ပြီးနောက် မြစ်ကြီးနားတပ်သို့မကျမီ လိုဗိုလမ်းမကြီး တစ်လျှောက် လှုပ်ရှားရင်း ဗမာစကားပြန်တစ်ဦးထံမှ ဗမာစကားအား နေ့မအားညမအား သင်ယူခဲ့သည့်အတွက် ယခုကဲ့သို့ ဗမာစကားကို ရည်လည်စွာ ပြောဆိုနိုင်ခဲ့ခြင်းဖြစ်၍ စံရွှေ၏ ပြောဆိုသွားသောစကား အား ကြားသိလိုက်ရလေတော့၏။ စံရွှေတို့လာသောအချိန်၌ ပေးအကွယ် သို့ဝင်ကွယ်ရင်း ပုန်းအောင်းနေခဲ့သဖြင့် စံရွှေတို့အိမိုအား တွေ့ရှိမသွား

www.burmeseclassic.com



ခြင်းဖြစ်လေ၏။

" ကျွန်တော်ထင်တာမှန်သွားပြီ ဆရာမ . . .အင်္ဂလိပ်တွေ ပြန်ဝင်လာကြပြီလေ၊ ဂျပန်တပ်မတော်တွေဟာ ရောက်တဲ့နေရာအရပ်က အမြန်ဆုံးဆုတ်ပြီး ဒီလိုလမ်းမကြီးနဲ့ ဆက်နေတဲ့လမ်းကပဲ တက်လာကြမယ်လို့ ကျွန်တော် သွားတော့မယ် ဆရာမ တပ်ပျက်လာတယ်လို့ အကြောင်းပြမယ် ပြီးမှသူတို့ကိုဝင်ရောပြီး စိန်ပေဒါနဲ့စာရင်းရှင်းလိုက်မယ် "

ဟု အီမိုက သူတွေးထားသောအကြံအစည်အား လှဆန်းယဉ်အား ပြောဆိုလိုက်လေ၏။ လှဆန်းယဉ်မှာ အီမို၏စွန့်စားလွန်းလှသော မိုက်ရူးရဲစိတ်ကို စိုးရိမ်မိလေ၏ အီမိုကြံစည်သကဲ့သို့ စိန်ပေဒါ၏အဖွဲ့အတွင်းသို့ ရောက်ရှိသွားပြီး စိန်ပေဒါအား လုပ်ကြံနိုင်ပါလျှင်လည်း ကျွန်ဂျပန်စစ်သားတို့၏ ဝိုင်းဝန်းဖမ်းဆီးသတ်ဖြတ်မှုကို မုချမလွဲမသွေခံရနိုင်သည်ဖြစ်သဖြင့် . . .

" အီမိုနေပါဦး ကျားခံတွင်းထဲကို ဝင်သွားမယ့်အစား ကျားခံတွင်းအပြင်ကရှိနေရင် အဆင်ပိုမပြေဘူးလား နေပါဦး . . .တစ်ခုခုသင့်တော်တာကို ကြည့်ပြီးဆက်ကြံကြတာပေါ့ "

ဟု လှဆန်းယဉ်က အကြံပေးရင်းတားဆီးလိုက်လေ၏။ အီမိုလည်း လှဆန်းယဉ်၏အကြံပေးမှုမှာ မှန်ကန်သင့်မြတ်လှသဖြင့် သဘောတူကာ ထိုနေရာလေး၌ပင်နေရင်း အခြေအနေကို စောင့်ကြည့်လေ၏။

ထိုသို့ အနီးကပ်လေ့လာချောင်းမြောင်းကျရင်း စိန်ပေဒါအား





တောင်ကုန်းလေးဘေးဘက်ရှိ စမ်းချောင်းသို့ စစ်သား(၃)ဦးနှင့်အတူ ရေချိုးရန်ထွက်လာသည်ကို တွေ့ရလေတော့ရာ အီမိုကလှဆန်းယဉ်အား

" ဆရာမ ဒါကျွန်တော့အဖို့တော့ အကောင်းဆုံးအခွင့်အရေးပေးတာပဲ ဆရာမ ဒီမှာပဲစောင့်နေပါ. . .ကျွန်တော်(၂)နာရီလောက်ကြာလို့ ပြန်မလာနိုင်တော့ရင် စိန်ပေဒါရဲ့လက်သံအောက်မှာ ကျွန်တော်ရှုံးနိမ့်သွားပြီလို့ သိလိုက်ပါတော့. . .ဆရာမလည်း ဒီကနေ ဟိုလူတွေပြထားတဲ့လမ်းအတိုင်း အမြန်ပြေးပေတော့ ကျွန်တော်ပြောတာ ရှင်းတယ်မဟုတ်လား "

ဟုပြောဆိုသတိပေးပြီး စမ်းချောင်းရှိရာသို့ ထွက်သွားလေတော့၏။ လှဆန်းယဉ်မှာ အီမိုအတွက်လွန်စွာရတက်မအေးနိုင်ပဲ နောက်မှခွာရင်း အီမိုနောက်သို့ အသာလိုက်ခဲ့မိပေ၏။

အီမိုမှာ တောင်ကုန်းလေး၏ အပေါ်ဘက်စီးထိပ်မှ နေရာယူကာ မိကျောင်းသွားသွားရင်း အောက်ဘက်ရှိ စမ်းချောင်းလေးအား ပုန်းကွယ်ရင်း ငုံ့ကြည့်လိုက်လေ၏။

ထိုအချိန်တွင်း စိန်ပေဒါမှာ သူ၏ခြေထောက်၌ စီးထားသော စစ်ဖိနပ်အား စမ်းချောင်းအစပ်ရှိ ကျောက်တုံးပေါ်တွင် ချွတ်နေလေ၏။ ကျန်ဂျပန်စစ်သားများမှာ ဘေးဘက်တောအုပ်အတွင်းသို့ ကင်းအဖြစ်လုံခြုံလုပ်ရန် ဝင်သွားလေ၏။ ခေတ္တမျှ အီမိုမှာစောင့်ဆိုင်းလိုက်ပြီး ဂျပန်စစ်သား(၃)ဦးတို့၏ အခြေအနေကို အကဲခတ်လိုက်ပြန်ရာ အရိပ်အယောက်ပင်မတွေ့ရသည့်အတွက် အီမိုမှာ အလျင်အမြန် တောင်ကုန်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှပြေးဝင်းရင်း စိန့်ပေဒါ၏အနီးသို့ ရောက်ရှိသွားလေတော့၏။

စိန့်ပေဒါမှာ အကျီကြယ်သီးအားဖြုတ်နေခိုက် အီမိုအား တွေ့မြင်လိုက်ရပြီး ကျောက်တုံးဘေး၌ ထောင်ထားသော ဓါးရှည်အား လှမ်းယူလိုက်ရင်း ''

'' ဟေ့ကောင် . . . မင်းဘယ်သူလဲ ဘယ်တပ်ကလဲ ''

ဟူ၍ မေးလိုက်ရင်း သတိဖြင့် ဓါးရှည်အားညာလက်ဖြင့် အသင့်ပြင်လိုက်၏။

အီမိုလည်း အနားသို့နီးသထက်နီးအောင် တိုးကပ်ရင်း တစ်လံ သာသာ အကွာသို့ရောက်တော့မှ . . .

'' နာမူတာ ရှာလိုက်ရတာကွာ . . .ဂျပန်မှာရော ဒီဗမာပြည်မှာ ရော နှံနေကာပဲ တွေ့မယ်တွေ့တော့လည်း တိုက်တိုက်ဆိုင်ဆိုင်ပါပဲလား ကဲ . . .မင်းဓါးရှည်ကိုထုတ်လိုက် ''

နာမူတာမှာ မမျှော်လင့်သော အီမို၏စကားကြောင့် ကြောင် တက်တက်ဖြစ်သွားရပြီး . . .

'' ဘာပြောတာလဲ . . .မင်းကဘယ်သူလဲ ''

'' ငါ ဘယ်သူဆိုတာကို မမှတ်မိတာလား မသိချင်ယောင် ဆောင်နေတာလား ငါ . . .အီမိုပဲ ''

'' ဟာ ''

နာမူတာက ထိတ်လန့်တစ်ကြားဖြင့် အားမေဋ္ဌိတ်သံထွက်ပေါ် သွားရလေ၏။ ထို့နောက် . . .





'' မင်း ငါ့အဖေနဲ့ တို့စံအိမ်ကလူတွေကို သတ်ထားတဲ့အတွက် မင်းအသက်ကို ငါလာတောင်းတာပဲ . . .ကဲ ကြာပါတယ်ကွာ ကဲ ''

အီမိုက စိတ်မရှည်တော့ပဲ ရရှိထားသောအခွင့်အရေးအား လျင်မြန်စွာအသုံးချလိုက်လေ၏။ အီမို၏ လျှပ်ပြတ်သကဲ့သို့ သွက်လက် အားပါသောဓါးချက်က နာမူတာ၏ ဦးခေါင်းအလည်ကညီတည့်သို့ အရှိန်ပြင်းစွာဖြင့် ကျလာလေ၏။

'' ချွမ်း ''

နာမူတာကလည်း အီမို၏ဓါးချက်အား သူ၏ဓါးရှည်ဖြင့် ကန့်လန့်ဖြတ် ဆီးကာလိုက်လေတော့ရာ ဓါးခြင်းထိခက်မိသံနှင့်အတူ ဓါးရှက်မှ မီးပွါးများပွင့်၍သွားသည်ကို တွေ့ရလေ၏။

အီမို၏ဓါးအား ကာထားသောဓါးဖြင့် နောက်သို့အားဖြင့်ဆောင့် တွန်းလိုက်သဖြင့် အီမိုမှာ နောက်သို့အနည်းငယ် ဟန်ချက်ပျက်ကာ လန့်သွားရ၏ နာမူတာကလည်း အီမို၏အနည်းငယ်ယိုင်သွားသော အခွင့် အရေးအား အရယူရင်းဝမ်းဗိုက်ဆီသို့ ပိုက်ခုတ်ပိုင်းလိုက်လေတော့၏။ ရိပ်ကနဲဝင်လာသော နာမူတာ၏ဓါးချက်ကြောင့် အီမိုမှာ နောက်သို့ လွတ်သည်ဆိုရုံမျှချိန်ဆကာ ဆုတ်ရှောင်၍ အရှိန်လွန်သွားသောနာမူတာ ၏ လက်ပြင်နှင့်လည်ပင်းကြားသို့ အားကုန်ခုတ်ချလိုက်လေ၏။ နာမူတာ ကလည်း ခေသူမဟုတ်လေရကား အီမို၏ဓါးချက်အား ငုံ့၍ဘေးသို့ တိမ်းပေးလိုက်ရင်း ဓါးရှည်အား လွတ်ဟာနေသော အီမို၏ဝမ်းဗိုက်သို့ ထွက်ခုတ်လိုက်သဖြင့် . . .

www.burmeseclassic.com



" အား "

ဝမ်းဗိုက်ပေါ်မှ ပူကာနဲ့ခံစားလိုက်ရပြီး နောက်ဘက်သို့ခုန်ထွက်ရင်း အိမ်မှာ မိမိ၏ဒဏ်ရာအား ငုံ့ကြည့်မိလေ၏။ အိမ်မို၏ အပေါ်စစ်အင်္ကျီမှ ပြဲကျနေပြီး ဝမ်းဗိုက်ပေါ်၌ ကန့်လန့်ဖြတ် နာမူတာ၏ ဓါးချက်ကြီးက သွေးများယို စီးကျလာလေ၏။

လူဆန်းယဉ်မှာ တောင်ကုန်းလေးအပေါ်မှ အဖြစ်အပျက်အား အစမှအဆုံးတိုင်တွေ့လိုက်ရသည့်အတွက် ရွှန်းစွာမှ ပူပန်စိုးရိမ်မိတော့လေ၏။

အိမ်မှာ အပေါ်အင်္ကျီစကို ဆွဲဆုတ်လိုက်ပြီး ဒဏ်ရာ၏အပေါ်သို့ ပတ်စည်းလိုက်ရင်း အမြန်ဆုံးပွဲသိမ်းနိုင်ရန်အတွက် အမှတ်တမဲ့ဟန်ဖြင့် နာမူတာအား ကျောခိုင်းပြလိုက်လေတော့ရာ နာမူတာမှာအခွင့်အရေးသမားပီပီ အိမ်မို၏နောက်ကျောပြင်ကို ပြေးဝင်ကာ အရှိန်ဖြင့်ခုတ်ချလိုက်လေ၏။

လူဆန်းယဉ်မှာ မြင်ကွင်းကြောင့် ရုတ်တရက်မျက်စိမှိတ်ပြီး ဟစ်အော်မိလိုက်လေ၏။

" အမယ်လေး . . . သေပါပြီ "

" ရွှတ် "

" အား "

ရုတ်တရက်အော်သံနှင့်အတူ နာမူတာ၏ ကိုယ်ခန္ဓာကြီးမှာ တွန့်ကနဲရပ်သွားပြီး ခဏအကြာ၌ ပြိုလဲကျသွားလေ၏။





အိမ်မိုမှာ နာမူတာအား အမြန်ဆုံးပွဲသိမ်းနိုင်ရန်အတွက် လှည့်ကွက်ထွင်ကာ စွန့်စားပြလိုက်ခြင်းပင်ဖြစ်လေ၏။ ကျောခိုင်းပြလိုက်သော အိမ်မိုက ဘေးစောင်းအနေအထားမှ ခုတ်ချလိုက်သော နာမူတာ၏ဓါးချက်ကို တစ်လှမ်းဆုတ်ရှောင်လိုက်ရင်း ဟာသွားသော နာမူတာ၏ ဝမ်းဗိုက်အား ဖြတ်ပိုင်းချလိုက်ခြင်းဖြစ်သဖြင့် နာမူတာမှာ အံ့အားသင့်စွာ အသံနက်ကြီးဖြင့် အော်ဟစ်ပြီးလဲကျသေဆုံး သွားလေတော့၏။

ထို့နောက် အိမ်မိုမှာ တောင်ကုန်းလေးပေါ်သို့ ပြန်လည်ပြေးတက်လာတော့ရာ လူဆန်းယဉ်က ဆီးကြိုတွဲလိုက်ရင်း ထိုနေရာမှ ပတ်ရှောင်လမ်းလေးဆီသို့ ပြေးထွက်သွားကြလေ၏။

အချိန်တော်ကြာအောင် ဝေးရာသို့ပြေးခဲ့ကြပြီးနောက် အသက်ပင်မရှူနိုင်ဘဲ သစ်ပင်ကြီးတစ်ပင်အားမှီရင်း အမောဖြေကြလေ၏။ လူဆန်းယဉ်အား အိမ်မိုက ယဲ့ယဲ့လေးအားယူပြုံးပြလိုက်ပြီး . . .

" ဆရာမ . . . ကျွန်တော့ရဲ့ ဘဝတစ်သက်တာဆန္ဒကတော့ ပြည့်သွားခဲ့ပါပြီ ဆရာမရယ် . . . အဲဒီအတွက် ဆရာမကို ကျေးဇူးတင်ပါတယ် "

ဟူ၍ အိမ်မိုကပြောဆိုလေ၏။ လူဆန်းယဉ်က အိမ်မိုအားမည်သို့မျှမပြောတော့ဘဲ သွေးများဖြင့် မြင်မကောင်းအောင်ဖိုရွဲနေသော အိမ်မို၏ ဝမ်းဗိုက်ပေါ်မှ ဒဏ်ရာအား သေချာစွာကြည့်ရှုနေလေ၏။ ထို့နောက်

"ကဲ . . . ဝမ်းသာတာကနောက်ထား အခုဘယ်လိုဆက်လုပ်ကြမှာလဲ အိမ်မို "



www.burmeseclassic.com

www.burmeseclassic.com



" မပူပါနဲ့ ဆရာမရယ် ကျွန်တော်သွားရမယ့်လမ်းအတွက် ကျွန်တော်သိပါတယ်၊ ကျွန်တော့်ကိုထားရစ်ခဲ့ပါ ဆရာမမြို့ကို ဒီကနေ အမြန်ဆုံးပြန်သွားပါတော့ . . . ကျွန်တော် အကောင်းဆုံးဖြစ်အောင် စီစဉ်ထားပြီးသားပါ၊ ကဲ . . . ဆရာမ ကျွန်တော်စိတ်မဖြောင့်အောင် မလုပ်ပါနဲ့ဗျာ . . . ဒီကအမြန်ဆုံးထွက်သွားပါ "

ဟုပြောကာ လှဆန်းယဉ်အား အတင်းနှင်လွှတ်နေလေ၏။ လှဆန်းယဉ်မှာ အီမိုအား ယခုကဲ့သို့ ဒဏ်ရာနှင့်အထီးကျန် မထားရစ်ခဲ့လိုသောကြောင့် နေရာမှမရွေ့ပဲ ပေထိုင်နေလေ၏။

" ဆရာမ ကျွန်တော့်ကိုချစ်တယ်ဆိုရင် သွားပါတော့ဗျာ. . ကျွန်တော်တို့တပ်တွေ လာတော့မယ် သွားပါတော့ . . . ကျွန်တော်က သူတို့လူမျိုးမို့ ကိစ္စမရှိဘူး ကဲသွားပါဆရာမရယ် "

ဟူ၍ အထပ်ထပ်အခါခါပြောဆိုလှသဖြင့် လှဆန်းယဉ်မှာ လေးကန်စွာဖြင့် ထရပ်လိုက်ရင်း . . .

" ကဲ . . . ဒါဆိုလည်း ကျွန်မသွားပါတော့မယ် အီမို သူတို့ တွေ့သွားရင်လည်း အကောင်းဆုံးဆင်ခြေပြပြီး ကိုယ့်တိုင်းပြည်ရောက်အောင်သာ လိုက်သွားပါ ကျွန်မသွားတော့မယ် "

ဟုနှုတ်ဆက်ကာ သစ်ပင်ကြီးအား ကျောမှီလျက် မိမိအား ငေးကြည့်နေသော အီမိုအားစိတ်မဖြောင့်ဘဲ လှည့်ကြည့်လှည့်ကြည့်ဖြင့် ထွက်လာခဲ့လေတော့၏။

လှဆန်းယဉ် မြင်ကွင်းမှပျောက်ကွယ်သွားသည်နှင့်တစ်ပြိုင်နက်





အီမိုမှာ အားယူ၍အူထောက်လိုက်ပြီး ကင်းဒိုခါးကို လက်ဖြင့်နှစ်ဘက်ဆုပ်ကိုင်လိုက်ရင်း လေပေါ်သို့မြှောက်လိုက်၍ . . .

" နှုတ်ဆက်ခဲ့ပါတယ် ဆရာမရယ် ကျွန်တော့်ဘဝအတွက် ပြေးစရာမြေမှမရှိတော့တဲ့အတွက် . . . ဒီလိုသူရဲကောင်းမီသစွာပဲ အဆုံးသတ်ခဲ့ပါပြီ "

ဟုပြောဆိုရေရွတ်လျက် မြှောက်ထားသောဓါးရှည်အား ဝမ်းဗိုက်ပေါ်သို့ အားကုန်စိုက်ချလိုက်လေတော့၏။

လှဆန်းယဉ်မှာ အီမို၏အဖြစ်ကိုမသိရှိရှာပဲ ထွက်လာခဲ့ရင်း ရွာလေးတစ်ရွာအနီးသို့ ညမှောင်ရီပျိုးစအချိန်၌ ရောက်ရှိခဲ့လေရာ ဝင်ရောက်ပြောဆို တည်းခိုခဲ့ရလေ၏။

ထိုနေ့ညဘက်၌ လှဆန်းယဉ်မှာ လွန်စွာကြောက်မက်ဖွယ်ရာကောင်းလှသော အိပ်မက်အားမက်ခဲ့လေ၏။ ထိုအိပ်မက်မှာ မိမိအား ကားတစ်စီးကတင်ဆောင်ကာ ဖာတိမြို့လေးသို့ ပို့ဆောင်ပေးလေ၏။ လမ်းခရီး၌ လွန်စွာပြင်းထန်သော ပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာပြီး ကားတစ်စီးလုံး မီးလောင်ခြင်းခံရကာ မိမိမှာ မှန်ပိတ်ထားသော ကားခေါင်းပိုင်းအတွင်း၌ ထွက်မရဘဲ အပူဒဏ်ကိုလူးလှိမ့်ကာ ခံစားရင်း မိမိတစ်ကိုယ်လုံးအား မီးစွဲကာ လောင်မြိုက်ခြင်းခံရလေတော့၏။ မခံမရပ်နိုင်အောင် ပူလောင်ခြင်းကိုခံစားရ၍ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အသံကုန်ဟစ်အော်လိုက်လေ၏။

" အား . . . "



www.burmeseclassic.com

www.burmeseclassic.com



လှဆန်းယဉ်မှာ အိပ်မက်ဆိုးကြောင့် လန့်နိုးသွားပြီး တစ်ကိုယ်လုံး ချွေးဒီးဒီးကျကာ ရေချိုးထားသကဲ့သို့ ရှိလေတော့၏။

နံနက်လင်းသောအချိန်၌ လှဆန်းယဉ်မှာ ရှာလေးမှနှုတ်ဆက်ထွက်ခွာခဲ့ပြီး မကြာမီအချိန်၌ ကမ်းပါးသို့ရောက်ရှိသွားပြီးနောက် တစ်ဖက်ကမ်းသို့ ကူးတို့ပို့ပေးသော နှစ်စင်းတွဲလှေဖောင်တွဲကြီးပေါ်သို့ တက်လိုက်ကာ မြစ်တစ်ဖက်ကမ်းသို့ လိုက်ပါလာခဲ့လေ၏။ ဖောင်တွဲကြီးပေါ်တွင် ကုန်ကားကြီးတစ်စင်းပါ တင်ဆောင်ထားလေသဖြင့် လှဆန်းယဉ်မှာ ကားကြီး၏အနီး၌ရပ်နေရင်း ညကမြင်မက်မိသော အိပ်မက်အား သတိရကာ ပြုံးမိလိုက်၏။ တစ်ဖက်ကမ်းသို့ရောက်ရှိ၍ ကားကြီးပေါ်မှလိုက်ပါလာသူများက ခရီးကြုံမိမိအားဖိတ်ခေါ်ပါက အိပ်မက်နိမိတ်အတိုင်းလိုက်မသွားဘဲ ငြင်းဆန်ကာ ကုန်းကြောင်းပင်ခရီးဆက်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။ ထိုအခိုက်တွင် မြစ်လယ်ရှိ မိမိတို့လှေဖောင်ကူးတို့ကြီး အပေါ်တည့်တည့်သို့ အင်္ဂလိပ်လေယာဉ်များ ရုတ်တရက်ရောက်ရှိလာပြီး ဗုံးဆံများချခြင်းကို ခံရလေတော့၏။ လှေဖောင်ကြီးပေါ်မှ လူများသည် နီးရာရေပြင်ပေါ်သို့ ခုန်ချလိုက်ကာ ရေကူးသွားကြလေ၏။ လှဆန်းယဉ်မှာကား ရေမကူးတတ်သည်ဖြစ်သဖြင့် နီးရာကားကြီး၏အောက်သို့ ပြေးဝင်ကာပုန်းခိုလိုက်လေ၏။ ထိုအချိန်ဝယ် အင်္ဂလိပ်တို့၏ ဗုံးဆံကြီးတစ်လုံးမှာ လှဆန်းယဉ်ပုန်းခိုနေသော ကုန်တင်ကားကြီး၏ အပေါ်တည့်တည့်သို့ အရှိန်ပြင်းစွာ ထိုးကျလာပြီး . . .

" ဝုန်း . . . အုန်း "

သူရဲကောင်းစာပေတိုက်



ကုန်တင်ကားကြီးနှင့်အတူ လှဆန်းယဉ်ပါ ပေါက်ကွဲမီးတောက်ကြီးအတွင်းသို့ပါရှိ၍ မီးလောင်ကျွမ်းသွားရလေတော့၏။

♛ ♛ ♛

သူရဲကောင်းစာပေတိုက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ဘာယာလုပသော ဆည်းလည်းသံလေးများသည် အသံစေတီကာ ကြည်နူးဖွယ်လေ၏အကျော့၌ ထွက်ပေါ်နေ၏။ အောင်ချမ်းစေတီတော်၏ ရင်ပြင်တော်ပေါ်၌ ဦးစိန်ကာတုံး၊ ဒေါ်ဆွဲမိ၊ ဒေါ်ဘောက်၊ ဖိုးမောင် အစရှိသော လူစုတို့ လှဆန်းယဉ်အားရည်စူး၍ သံဃာတော်များအား ပင့်ဖိတ်ဆွမ်းဆက်ကပ်ကာ တရားနာယူကြပြီးနောက် ဒေါ်ဆွဲမိက မျက်ရည်များဝိုင်းနေသော မျက်လုံးမှိုမှိုကြီးဖြင့် အဝေးသို့လှမ်းမျှော်လျက် အမျှပေးဝေလိုက်လေ၏။

ယခုပြုရသော ကုသိုလ်တာဂ အလှူဒါနကောင်းမှုအဝဝတို့အား သုံးဆယ့်တစ်ဘုံကျင်လည်ကြကုန်သော သတ္တဝါများနှင့်တစ်ကွ တမလွန်ဘဝသစ်သို့ ရောက်ရှိသွားသော လှဆန်းယဉ်အားအမျှပေးဝေပါသည်။

သူ့ရဲ့တောင်းစာပေတိုက်



ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ကြပါစေ . . .

အားလုံး . . . အားလုံး . . . အားလုံး

အမျှ . . . အမျှ . . . အမျှ

ယူတော်မူကြပါရှင် သာဓု . . . သာဓု . . . သာဓု

ထိုအချိန်၌ အရှုးကြီးကဲ့သို့ ဖွေးဖြူသောငွေရောင်ဆံကေသာသျှောင်ထုံးနှင့် အဘိုးကြီးတစ်ဦး ကြိမ်းလုံးတစ်လုံးကိုင်ရင်း သတင်းစာစက္ကူဖြင့်ပတ်ထားသော အထုပ်ကြီးတစ်ထုပ်အားယူဆောင်လာ၍ ဒေါ်ဆွဲမိတို့ရှိရာသို့ ရောက်ရှိလာပြီး သတင်းစာစက္ကူထုပ်ကြီးအားပေးရင်း . . .

“ ရော့ . . . အဂါမ . . . ဒီသက်နှံနှစ်စုံကိုပါ ထည့်လှူပေးလိုက် တစ်စုံက ဗုဒ္ဓဟူးသမီးအတွက် . . . အော် ဒါလေးလည်း စေတီတော်မှာ ဌာပနာလိုက်ဖို့ လှူလိုက်ကြတော့ ”

ဟူ၍ ပြောဆိုကာ စေတီကုန်းတော်လေးပေါ်မှ ဆင်းသွားလေ၏။ ဒေါ်ဆွဲမိနှင့်လူစုမှာ အဘိုးကြီး နောက်ဆုံးပေးသွားသောအရာမှ လက်စွပ်လေးတစ်ကွင်းပင်ဖြစ်၍ ၎င်းလက်စွပ်လေးကို သေချာကြည့်ရှုကြလေရာ ပြာလဲ့လဲ့အရောင်ရှိသော ကျောက်အဖြူရောင် လက်စွပ်လေးတစ်ကွင်းဖြစ်၍ လှဆန်းယဉ်ဝတ်ဆင်ခဲ့ဘူးသော လက်စွပ်ကလေးဖြစ်နေသည်ကို အံ့သြဖွယ် တွေ့ရှိလိုက်ရလေတော့၏။

သူ့ရဲ့တောင်းစာပေတိုက်

www.burmeseclassic.com